www.burmeseclassic.com

# သေမည့်နေ့သိသူများ ၏ ဘဝအတွေ့အကြုံများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏တာဝန် ဖြစ်သည်။

# သေမည့်နေ့ သိသူများ၏

## ဘဝအတွေ့အကြုံများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်
သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**စာမူခွင့်ပြုချက်အမှတ်** – ၆၅၇/၂၀၀၄(၈)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၃၀၀၁၈၀၆၀၁
**အကြိမ်** – ပထမအကြိမ်
**အုပ်ရေ** – ၁၀၀၀အုပ်
**တန်ဖိုး** – ၃၀၀ ကျပ်
**ထုတ်ဝေသည့်ခုနှစ်** – ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ
**မျက်နှာဖုံးပန်းချီ** – ရွှေစိုးဟန်
**အတွင်းဖလင်** – ကိုမျိုးညွန့်
**ထုတ်ဝေသူ** – ဦးချစ်ညွန့်(၀၄၀၀၄)
ဇင်ရတနာစာပေ
၂၉၅၊က/၄လမ်း၊
မြို့သစ်(က+ခရပ်ကွက်)၊အင်းစိန်။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** – ဒေါ်အေးအေးခိုင်(စိန်ကြယ်–ပုံနှိပ်တိုက်)
၇၂၊ လမ်း–၃၀၊
ကျောက်တံတားမြို့နယ်။ ရန်ကုန်။
**စာအုပ်ချုပ်** – ကြူကြူမွေး

BURMESE CLASSIC .com

## အမှာစာ

စာရေးသူသည် ယခင်က-

- သေရွာပြန်တို့၏ဘဝအတွေ့အကြုံများ
- နတ်ပြည်ရောက်လူသားတို့၏ဘဝအတွေ့အကြုံ
- ဘဝနှင့်နေဝင်နည်းလမ်းပြင်
- အဆွေကောင်း၍အသေကောင်းရသည်

ဟူသော စာအုပ်(၄)အုပ်ကို လူသားတို့၏ဘဝကူးပုံနှင့်ပတ်သက်၍ သိရန်၊ ဆင်ခြင်ရန်၊ သတိထားရန်၊ မေတ္တာရည်၍ရေးသားပြီး မြတ်ပန်းရဂုံစာပေတိုက်မှ ထုတ်ဝေပေးခဲ့ပါသည်။

ထိုစာအုပ်များကို ဗုဒ္ဓဘာသာစာဖတ်ပရိသတ်ရော၊ အခြားဘာသာဝင်စာဖတ်ပရိသတ်များကပါ အလွန်ကြိုက်နှစ်သက်သဘောကျ၍ မြတ်ပန်းရဂုံမှလည်း အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေပေးခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ရွှေလှောင်မြို့နယ်၊ ညောင်ကျိုးကုန်းကျေးရွာရှိ ဆရာတော်၏မေတ္တာရပ်ခံချက်အရ စာရေးသူနှင့်မြေလတ်ဖုန်းလွင်၊ ဦးကျော်လှိုင်တို့ ဓမ္မစာပေဟောပြောပွဲသို့ သွားရောက်ဟောပြောရပါသည်။

ထိုဟောပြောပွဲတွင် စာရေးသူ၏စာအုပ်များကို မပြတ်ဖတ်ပါသည်ဟုပြောပြီး စာရေးသူတို့ကို ကြိုပို့ကအစ၊ ဝေယျာဝစ္စဆောင်ရွက်ပေးနေသော ကရင်အမျိုးသားကြီး ဦးစိန်ထွန်းက ရွာထဲသို့လှည်းလမ်းလျှောက်ရင်း မေးခွန်းတစ်ခုကိုမေးလာပါသည်-

"ဆရာကြီး. . . မိမိသေမည့်နေ့ကို ဘုရားရဟန္တာတွေသာကြိုသိတယ်လို့သိရပါတယ်၊ လူတွေကကော သေမည့်နေ့ကိုကြိုသိသူမရှိနိုင်ဘူးလား" ဟုမေးပါသည်။

စာရေးသူက အလွယ်တကူပင်-

"ရှိတာပေါ့ဗျ၊ သေဒဏ်ကျခံရမည့်လူတွေဟာ သူတို့ကိုဘယ်နေ့သတ်မယ်ဆိုတာ အမိန့်ချထားတော့ သေမည့်နေ့ကိုကြိုသိကြတာပေါ့ဗျ " ဟုအဖြေပေးခဲ့ပါသည်။

ဦးစိန်ထွန်းက စာရေးသူအဖြေပေးသည်ကို ပြုံးသည်။

"ဆရာကြီး. . . ကျွန်တော်က ဒီလိုလူတွေသေမည့်နေ့သိတာကိုပြောတာမဟုတ်ပါဘူး၊ သာမန်လူတွေထဲက သေနေ့ကိုကြိုတင်သိနိုင်-မသိနိုင်မေးတာပါဆရာကြီး" ဟုဆက်မေးသည်။

"သာမန်လူတွေကတော့ သေနေ့ကိုကြိုသိဖို့ဆိုတာကတော့ ခဲယဉ်းပါတယ်၊ ဗုဒ္ဓကလည်း သေနေ့-သေချိန်-သေမည့်နေရာ-ရောက်မည့်လားရာကတိကို ကြိုတင်သိနိုင်ခဲ့ပါတယ် လို့ဟောထားပါတယ်၊ ဒါပေမယ့် ဝိပဿနာတရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေကတော့ ကြိုတင်သိနိုင်တယ်လို့ဆိုပါတယ်"

"ဒါဆိုရင် ဆရာကြီးအနေနှင့် အကုသိုလ်ဒုစရိုက်လုပ်လို့မင်းတွေကအပြစ်ပေးလို့ သေနေ့ကိုကြိုတင်သိသူတွေ၊ ဝိပဿနာတရားအားထုတ်လို့သေနေ့ကိုကြိုတင်သိသူတွေအကြောင်းကိုစာအုပ်တစ်အုပ်ရေးပါဦး၊ ပြီးတော့ သေကာနီးအတွက် သေခြင်းတရားကိုဘယ်လိုဆင်ခြင်ရမလဲဆိုတာကိုပါသိအောင်ရေးပေးပါဆရာကြီး" ဟု အကြံပြုပါသည်။

စာရေးသူသည် ထိုရွှေလှောင်၊ ညောင်ကျိုးကုန်းရွာ ဓမ္မစာပေဟောပြောပွဲမှအပြန်ကတည်းက ဦးစိန်ထွန်းအကြံပြုချက်ကို အကောင်အထည်ဖော်ရေးသားရန် စိတ်ကူးခဲ့ပါသည်၊ သို့သော် အချက်အလက်စုနေရတာနှင့် မအားမလပ်သည်နှင့် အတော်ကြာသည်အထိ မရေးဖြစ်ခဲ့ပါ။

ယခုတော့ရေးဖြစ်၍ရေးသားပေးလိုက်ရပါသည်၊ ဤစာအုပ်ကိုရေးရခြင်း၏အဓိကရည်ရွယ်ချက်မှာ မိုးကုတ်ဆရာတော်ဘုရားကြီး၏-

www.burmeseclassic.com

www.burmeseclassic.com

- ငါသည်မုချသေရမည်၊ အချိန်ပိုင်းသာလိုတော့သည်၊ အသေမဦးခင်၊ ဉာဏ်ဦးအောင်၊ အားထုတ်ပါတော့မည်။
- လက်ရှိခန္ဓာမတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင့်တဘဲ၊ ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှု၊ ထိုသည်သူတား၊ အယူမလွှဲ၊ ဂတိမြဲ၏။
- မီးစွဲလောင်မှု၊ ရေကိုတ,သော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေစေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်။
- ချွေးပေါက်ယိုစီး၊ သေကာနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့် ၊ ကိစ္စအလျှော်၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မင်္ဂမရအုံး၊ ဘဝအစွန်း၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ဧကန်ဖြစ်မည်၊ မလစ်ဝိပဿနာအကျိုးပေတည်း။

တူသောဩဝါဒအတိုင်း မသေခင်ပြင်ဆင်တတ်ရန် စိတ်ရည်သန်ပြီး အနည်းဆုံးသောတာပန်ဘဝရောက်ပြီး သေဆုံးပြီး နတ်ပြည်ရောက်ကြရန် စိတ်ရည်သန်ပြီး ဤစာအုပ်ကိုရေးသားပြုစုရပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အကြံပြုခဲ့သော ရွှေဘိုကျောင်းမြို့နယ်၊ ညောင်ကျိုးကုန်းကျေးရွာမှ ဦးစိန်ထွန်းနှင့် အချက်အလက်ရရှိရေးအတွက် ကူညီရှာပေးပြောပြပေးကြသော ပုဂ္ဂိုလ်များ၊ ဝိုင်းဝန်းကူညီရေးပေးကြသော သမီးငယ် မစန္ဒာမြင့် ( B.Com, ACCA Part-I, II (2.1, 2.2, 2.3) )နှင့် ထုတ်ဝေသူ "ဆွေသဟာ" စာပေမှ ဒေါ်ခင်သူဇာတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ
(ဓမ္မာစရိယ ဘီ-အေ)

ဦးကိုကိုမြင့်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

www.burmeseclassic.com

www.burmeseclassic.com

## တရားလက်မလွှတ်စေလင့်

ရုပ်နာမ်ဓမ္မသင်္ခါရတို့ ကိုယ်ကဏ္ဍပုံ၊ ဖြစ်လိုတုံလည်း။
တစ်ဖုံဆင်ကွဲ သူထနဲဖြင့် ဖောက်လွဲတတ်စွာ
ဓမ္မတာကို ပညာစက္ခု မျှော်ထောက်ရှု၍။
ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှု
ကြိုးစားပြုလော့။
ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှု
ကြိုးစားပြုလော့။
ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှု
ကြိုးစားပြုလော့။
ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျက်ခန္ဓာ
သေအံ့ဌာဟု
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်သင်းဖွဲ့လျက်၊
ချိန်းအချက်လျှင်၊ တစ်စက်ကမှမရှိကြဘူး။
"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"
"ဘုရားစကားလိုက်နာပွားသည် တရားလက်
မလွှတ်စေလင့် "

မင်းကွန်းတိပိဋကဓရအရှင်ဝိစိတ္တသာရဆရာတော်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ -------------- | |
| | **အခန်း (၁)** | |
| ၂။ | သတ္တဝါတစ်ဦး၏မွေးဖွားဖြစ်ပေါ်မှုနှင့်သေမှုဟူသည် | |
| | - သတ္တဝါတစ်ဦး၏ဘဝအစနှင့် ကံအစွမ်းသတ္တိ | ၁ |
| | - အတိတ်ဘဝကိုသိနိုင်ပုံ | ၄ |
| | - ဘဝသံသရာ | ၉ |
| | - တိုတောင်းလှသောလူ့ဘဝခန္ဓာ | ၂၄ |
| | - သေခြင်းသဘောတရားများ | ၃၇ |
| | - သေခြင်းသဘောကိုဆင်ခြင်ရန် | ၄၃ |
| | - သေဘေးကြောက်သူနှင့်မကြောက်သူ | ၅၅ |
| | - သေကာနီးနှလုံးသွင်းနည်းများ | ၆၆ |
| | - နောက်ဘဝရှိ-မရှိယုံကြည်မှု၏ခြားနားချက် | ၆၇ |


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

၃။ သေခြင်းကိုအသင့်ရင်ဆိုင်လိုသော်

- မီးပုံထဲကလူသား ဥစ္စာအနှစ်ကို ထုတ်ယူနိုင်အောင်ကြိုးစားပါ ၇၃
- သံသရာဝဲဂယက်မှအဆိုးတရားများ ၇၉
- တစ်ကမ္ဘာလုံးအာရုံနှင့်စိတ်သာရှိသည် ၈၄
- အသေမြှတ်ရန်စိတ်ကို အပြစ်ကင်းအောင်နေပါ ၉၁
- သေပြီးနောက်သုဂတိရောက်လိုသော် ၉၈
- မီးဆယ်တစ်ဖြာလောင်မှု မဂ္ဂင်ရေနှင့်ဆေးကြောပြုပါ ၁၀၂

## အခန်း (၃)

၄။ မတွေဝေဘဲ သေရန်နှလုံးသွင်းနည်းများ

- မတွေဝေဘဲသေရန် ၁၁၁
- သေကာနီးနှလုံးသွင်းရမည့်အာရုံတရား ၁၁၃
- ဝိပဿနာဘာဝနာပွားများရန် တရားထိုင်နည်းနှင့်ခန္ဓာ ၁၁၈
- ဆရာတုတ်(၆)ပါး ၁၂၇
- ဝိပဿနာရှုပါ ၁၃၂
- ဝိပဿနာဉာဏ်ဘေးရန် ၁၄၃

## အခန်း (၄)

၅။ သေမည့်နေ့ကိုကြိုတင်သိသူများ၏ဘဝအတွေ့အကြုံများ

(က) မိမိကိုယ်ကိုသေနေ့ကိုကြိုသိသူများ၏ဘဝ

- အရှင်ကောဏ္ဍညမထေရ် ၁၄၇
- အရှင်သာရိပုတ္တရာမထေရ် ၁၅၃
- အရှင်အာနန္ဒာမထေရ် ၁၇၃
- မိထွေးတော်ဂေါတမီ ၁၇၇
- သုပြဟ္မာနတ်သားနှင့်နတ်သမီးငါးရာ ၁၈၄
- ယောမင်းကြီးဦးဘိုးလှိုင် ၁၈၈
- တပ်မှူးဟောင်းဖိုးသာချမ်း ၁၉၁
- ဒွေးလေးသင် ၁၉၈
- ဦးမောင်မောင်ကြီး (ခ) ဦးနု ၂၀၅

www.burmeseclassic.com

www.burmeseclassic.com

(ခ) သူတစ်ပါးပယောဂဖြင့်သေနေ့ကိုကြိုသိသူများ၏ဘဝ

- သုပ္ပဗုဒ္ဓဘုရင် ၂၁၂
- သုဇာတမင်းသား ၂၁၈
- မိဖုရားစောလုံ ၂၂၄
- ဇေတုရန်ဇေသီရိမွန် ၂၂၈

မိးတုံးကြီးမိးတောင်ကြီးတို့သည်
လိမ့်ကာလိမ့်ကာလာနေကြသကဲ့သို့
အိုခြင်းသဘောသည်လည်းကောင်း
နာခြင်းသဘောသည်လည်းကောင်း
သေခြင်းသဘောသည်လည်းကောင်း
ဤသဘောတရားသုံးပါးတို့သည် တအိအိနှင့်
လိမ့်၍- လိမ့်၍လာနေကြကုန်လေပြီ။

တအိအိနှင့်လိမ့်၍လာနေကြကုန်သော မိးတုံးမိးတောင်ကြီးနှင့် တူကုန်သော ထိုဇရာ၊ ဗျာဒိ၊ မရဏ တရားသုံးပါးတို့ကို တွန်းလှန်ဖယ်ရှားခြင်းငှာ ခွန်အားဗလသည် အဘယ်လူ-အဘယ် နတ်-အဘယ်သတ္တဝါမှမရှိ၊ ထိုဘေးမှလွတ်အောင်ပြေးရှောင်ခြင်းငှာ လျင်မြန်သော အဟုန်သည် အဘယ်လူ-အဘယ်နတ်-အဘယ်သတ္တဝါမှာမှမရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မဒေသနာတရားလေးပါး

(အနှစ်ချုပ်တရားလေးပါး)

၁။ ဥပနိယျတိလောကော အဒ္ဓုဝေါ
အိုနာသေသို့မောင်းနှင်ပို့-လူတို့မမြဲပါတကား။

၂။ အတာနောလောကော အနဘိဿရော
စောင့်ရှောက်သူမဲ့-ကိုးရာမဲ့ အားနွဲ့လှပါချေ
တကား

၃။ အဿကောလောကော သဗ္ဗံမဟာယဂမိယံ
ကိုယ်ပိုင်ဥစ္စာမရှိပါ စွန့်ကာသွားကြရမည်တကား

၄။ ဦနောလောကော အတိတ္တော တဏှာဒါသော
လိုမပြည့်ဝ အားမရ တဏှာကျွန်ကြီးပါတကား

(ရဋ္ဌပါလသုတ်-မဇ္ဈိမပဏ္ဏာသ)

# အခန်း ( ၁ )

## သတ္တဝါတစ်ဦး၏မွေးဖွားဖြစ်ပေါ်မှုနှင့်သေမှုဟူသည်

### သတ္တဝါတစ်ဦး၏ဘဝအစနှင့်အတိတ်ထဲအစွမ်းသတ္တိ

သတ္တဝါတစ်ဦး၏ဘဝအစကား အဘယ်နည်း။

"ရဟန်းတို့ . . . ဤသံသရာသည် မသိအပ်သောအစရှိ၏၊ အဝိဇ္ဇာဖုံးအုပ်သည်ဖြစ်၍ တဏှာ၏နှောင်ဖွဲ့ခြင်းကိုခံနေကြရသောသတ္တဝါတို့၏ရှေးဦးအစကို မသိမြင်အပ်ပါချေ" ဟူ၍ ဗုဒ္ဓဂေါတမက ဟောကြားခဲ့ပါသည်။

ဤသတ္တဝါတစ်ဦး၏ဘဝရေစီးကြောင်းသည် အဝိဇ္ဇာ (မသိမှု)တဏှာ(လိုချင်မှု)၊ ရွံ့စေးရေများရှိနေသရွေ့ကာလပတ်လုံး အဆုံးမရှိစီးသွားနေမည်သာဖြစ်သည်၊ အဝိဇ္ဇာ-တဏှာ (၂)ပါးလုံးကုန်ခန်းခြောက်မြတ်တောက်သွားသောအခါကျမှသာ ဘဝရေစီးကြောင်းသည် ရပ်တန့်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



(ဗုဒ္ဓနှင့်ရဟန္တာပုဂ္ဂိုလ်တို့ကဲ့သို့ ဘဝကုန်ဆုံးသွားပါမည်)

ဤဘဝရေစီးကြောင်း၏ကနဦးအစကိုမူ ပိုင်းခြားသတ်မှတ်ခြင်းမပြုနိုင်ပါ၊ အကြောင်းမှာ အဝိဇ္ဇာ-တဏှာတို့၏လွှမ်းမိုးမှုမှကင်းလွတ်သောအချိန်ကာလကိုမသိမြင်နိုင်သောကြောင့်ဖြစ်ပါသည်။

ဤပြဿနာကိုဖြေရှင်းရာတွင် ဗုဒ္ဓက ဘဝတစ်ခုဖြစ်ပေါ်မှုသည် အဝိဇ္ဇာ-တဏှာမသိမှုဟူသောအကြောင်းကြောင့် အကျိုးဘဝသစ်ရနေရသည်၊ တစ်ဖန် အကျိုးကြောင့်-အကြောင်းဖြစ်ရပြန်သည်၊ အကြောင်းနှင့်အကျိုးသည် ပဋိစ္စသမုပ္ပါဒ်နည်းအရလည်ပတ်နေပါသည်။

အချို့ဘာသာများက စွမ်းအားရှင်(သို့မဟုတ်)အနန္တတန်ခိုးရှင်ဖြစ်သောဘုရားသခင်ကဖန်ဆင်း၍ ပုဂ္ဂိုလ်သတ္တဝါများဖြစ်လာသည်၊ ထိုပုဂ္ဂိုလ်၏ဖန်ဆင်းမှုသည် သတ္တဝါ၏အစဖြစ်သည် ဟု ဆိုပါသည်။

သိပ္ပံပညာကမူ ဖခင်သုတ်သွေးနှင့် မိခင်၏ သားအိမ်မျိုးစေ့မှပေါက်ဖွားလာသူများဖြစ်ကြသည် ဟု ဆိုသည်။

ဤသို့အားဖြင့် ဘဝသည် တစ်ခုပြီးတစ်ခုဖြစ်နေ၏၊ ဘဝ၏ကနဦးအစဖြစ်သောမျိုးဗီဇကိုမူ သိပ္ပံပညာရှင်များမဖော်ထုတ်နိုင်သေးပါ။



ဗုဒ္ဓကမူ သံသရာဘဝအဆက်ဆက်ကပြုလုပ်ခဲ့သော အတိတ်ကုသိုလ်ကံ-အကုသိုလ်ကံဟူသောမိခင်ဝမ်းမှပေါက်ဖွားလာကြသည် ဟုဆိုပါသည်။

လောကသဘာဝမိဘဟူသည် အလွန်သေးငယ်သော ရုပ်ကလာပ်စည်းတစ်ခုကိုသာပေးခဲ့ကြသည်၊ ထိုရုပ်ကလာပ်စည်းလေးများမှ သတ္တဝါများတစ်ဦးပြီးတစ်ဦးဖြစ်ပေါ်လာသည်။

ပဋိသန္ဓေတည်သောအချိန်၌ သန္ဓေသားကိုအသက်ဝင်စေသော ပထမဦးစိတ်ဝိညာဉ်ကိုဖန်တီးပေးလိုက်သောအရာမှာ အတိတ်ကုသိုလ်ကံ-အကုသိုလ်ကံပင်ဖြစ်ပါသည်။

အတိတ်ဘဝက မိမိပြုလုပ်ခဲ့သောမမြင်နိုင်သော ကုသိုလ်ကံ-အကုသိုလ်ကံ၏အစွမ်းသတ္တိသည် ရုပ်ခန္ဓာ၌ အသိစိတ်နှင့်အသက်ဇီဝကိုဖြစ်ပေါ်လာစေပါသည်။

ဤအတိတ်ကုသိုလ်-အကုသိုလ်ကံ၊ အသက်ဇီဝနှင့်ရုပ်ကလာပ်တို့သည် သတ္တဝါတစ်ဦးကိုဖွဲ့စည်းဖြစ်ပေါ်စေသောတရား (၃)ပါးဖြစ်ပါသည်။

(ဤ၌ ရုပ်ကလာပ်ဆိုသည်မှာ ဗုဒ္ဓ၏အဘိဓမ္မာနည်းအရ ကလလရေကြည်ကို ဆိုလိုပါသည်)

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ဘဝကိုသိနိုင်ပုံ

အတိတ်ဘဝရှိခြင်းနှင့်ပတ်သက်၍ အခိုင်မာဆုံးတင်ပြသူမှာ ဗုဒ္ဓ ဖြစ်ပါသည်။

ဗုဒ္ဓသည် ကိုယ်တော်တိုင်-

- အတိတ်ဘဝများစွာကိုမြင်စွမ်းနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
- နတ်နားကဲ့သို့ကြားနိုင်သော ဒိဗ္ဗသောတဉာဏ်
- နတ်မျက်စိကဲ့သို့မြင်နိုင်သော ဒိဗ္ဗစက္ခုဉာဏ်
- သူတစ်ပါးတို့၏စိတ်အကြံကိုသိနိုင်သော ပရစိတ္တဝိဇာနနဉာဏ်
- အလိုအလျောက်အတိတ်ဘဝကိုအောက်မေ့နိုင်သော ဇာတိဿရဉာဏ်

စသောဉာဏ်ထူးများကို ရထားပြီးဖြစ်သောကြောင့် အတိတ်ဘဝ အနာဂါတ်ဘဝတို့ကို သိမြင်နိုင်ပါသည်။

အလားတူ ဗုဒ္ဓလမ်းညွှန်သောတရားတော်အတိုင်း ကျင့်ကြံအားထုတ်ကြသော တပည့်သာဝကများသည်လည်း ထိုဉာဏ်အထူးများကိုရရှိကြ၍ မိမိတို့၏အတိတ်၊ အနာဂါတ်ဘဝများကို သိမြင်နိုင်ခဲ့ကြသည်။



(ဗုဒ္ဓစာပေ၌ အပါဒါန်ပါဠိတော်သည် ထိုအရိယာသာဝကတို့၏အတိတ်ဘဝကပြုခဲ့သောကုသိုလ်များဆုတောင်းများကို ဖော်ပြထားသောကျမ်းဖြစ်ပါသည်)

ဗုဒ္ဓမပွင့်မီရှေးခေတ်က အချို့သောရသေ့များသည် ထိုဉာဏ်ထူးများရရှိသည်ကို တွေ့ရပါသည်။

ယနေ့ လူလောကတွင် အတိတ်မိမိ၏ဘဝကိုပြောပြနိုင်သောလူဝင်စားများက အတိတ်ဘဝက မိမိ၏အတွေ့အကြုံများကို ပြောပြခြင်းသည် ဇာတိဿရဉာဏ်ရသောကြောင့် ဖြစ်ပါသည်။ (ထိုအရေအတွက်သည် အလွန်နည်းပါးသည်)

လူသားတို့သည် တစ်ခါတစ်ရံတွင် အတိတ်ဘဝရှိခဲ့ခြင်းမှတစ်ပါး အခြားသောနည်းဖြင့် ရှင်းမပြနိုင်သောထူးဆန်းသော အတွေ့အကြုံများကို ခံစားကြရသည်များရှိပါသည်။

ဉပမာ-တစ်ခါတစ်ရံတွင် တစ်ကြိမ်တင်ခါမျှမတွေ့ဖူးပါလျက် အလွန်ရင်းနှီးသကဲ့သို့ခံစားရသည်ကိုတွေ့ရတတ်ပါသည်။

တစ်ခါတစ်ရံတွင် မရောက်ဖူးသေးသော အရပ်ဒေသတစ်ခုသို့ရောက်သွားရာ၌ ထိုအရပ်ဒေသပတ်ဝန်းကျင်မှာ မိမိနှင့် လွန်စွာရင်းနှီးနေသကဲ့သို့ခံစားရ၏၊ ဤသည်ကိုဗုဒ္ဓက-

"အတိတ်ဘဝ၌ အတူတကွနေခဲ့ဖူးသောကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌အကျိုးစီးပွားကိုဆောင်ရွက်ပေးခဲ့ခြင်းကြောင့်လည်းကောင်း၊ ရေကန်ထဲ၌ ကြာပင်ပေါက်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးပေါ်တစ်ဦး ချစ်ခြင်းမေတ္တာဖြစ်ပေါ်လာရ၏" ဟူ၍ ဟောကြားခဲ့ပါသည်။

- ယုံကြည်အပ်သော ခေတ်သစ်စိတ်ဝိညာဉ်ပညာရှင်အချို့၏အတွေ့အကြုံများ
- တစ္ဆေ၊ သရဲစသည်တို့ကိုတွေ့မြင်ရခြင်းများ
- ဝိညာဉ်ပူးဝင်ခြင်းများ
- ထူးဆန်းသောရုပ်ပြောင်းရုပ်ပွားပြုလုပ်မှုများ

စသည်တို့သည် တမလွန်ဘဝကိုမီးမောင်းထိုးပြမှုပင် ဖြစ်ပါသည်။

ဗုဒ္ဓကဲ့သို့ကြီးကျယ်မြင့်မြတ်သောပုဂ္ဂိုလ်များ၊ အရိယာ [illegible]ကာများသည် ချက်ချင်းလက်ငင်းဖြစ်ပေါ်လာကြသည် မဟုတ်ပါ။ အတိတ်ဘဝများစွာက ပါရမီကုသိုလ်တွေပြုလုပ်လာခဲ့ကြ၍ ပါရမီတွေပြည့်စုံမှဖြစ်လာကြသူများဖြစ်ကြသည်။

အရှင်ဗုဒ္ဓဃောသ၊ တိပိဋကဆရာတော်အရှင်ဝိစိတ္တသာရ ပါဏိနီ၊ ကာလိဒါသ၊ ဟိုးမား၊ ပလေတို၊ ရှိတ်စပီးယား စသောကြီးကျယ်သောပညာရှင်များ၊

ကလေးဘဝကပင် အသိဉာဏ်ထူးချွန်ကြသော ပိဋကတ် မောင်ထွန်းကြိုင်၊ ပါစကာယ်၊ မိုဇက်၊ ဘီသိုဗင်၊ ရာဖယ်လ်၊ ရာမနုဇန်၊ အယ်ဒီဆင်စသော ထူးခြားသောပါရမီရှင်များ၊

ဤပုဂ္ဂိုလ်များကို မျိုးရိုးဗီဇတစ်ခုတည်းဖြင့်ဖြေရှင်း၍ မရနိုင်ပါ။ ထိုပုဂ္ဂိုလ်များသည် အတိတ်ဘဝများစွာ၌ မြင့်မြတ်စွာ



ကျင့်ကြံနေထိုင်ခဲ့ကြခြင်းကြောင့်သာ ဤမြင့်မြတ်သောအခြေအနေသို့ရောက်ရှိနေကြခြင်းဖြစ်ပါသည်။

ဤပစ္စုပ္ပန်နှင့်အနာဂါတ်ကို ယုံကြည်သူတစ်ဦးအနေဖြင့် အတိတ်ကိုယုံကြည်ခြင်းသည် လျော်ကန်သင့်မြတ်ပါသည်။

ပစ္စုပ္ပန်သည် အတိတ်၏သားသမီးဖြစ်ပြီး အလှည့်ကျသောအခါ အနာဂါတ်၏မိဘဖြစ်လာပါသည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးသည် အတိတ်ကာလ၌တည်ရှိခဲ့သည် ဟုယုံကြည်ရန်အကြောင်းရှိခဲ့သော် ယခုပစ္စုပ္ပန်ဘဝကုန်ဆုံးပြီးနောက်၌လည်း ဆက်လက်တည်ရှိကြလိမ့်မည် ဟု မယုံကြည်ရန်အကြောင်းမရှိတော့ပါ။

တစ်ဖန် ဤလောက၌ ကိုယ်ကျင့်တရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်အချို့က ကံမကောင်းအကြောင်းမလှဖြစ်နေပြီး၊ ယုတ်မာဆိုးသွမ်းသောပုဂ္ဂိုလ်အချို့ကမူ ကြီးပွားချမ်းသာနေကြခြင်းမှာ အတိတ်ဘဝနှင့်အနာဂါတ်ဘဝရှိနေကြောင်းဖော်ပြသော၊ ခိုင်မာသောအထောက်အထားဖြစ်ပါသည်။

မိမိတို့၏အတွေ့အကြုံထက်ကျော်လွန်သော ပါရမီရှင်တို့၏ရေးသားဟောပြောချက်များ၊ အသက်အရွယ်နှင့်မလိုက်အောင် တတ်သိနားလည်သောကလေးသူငယ်များရှိနေခြင်းသည်လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာပေါ်တွင်တွေ့ရှိရသော စိတ်ဓာတ်နှင့်ကိုယ်ကျင့်တရားကွဲပြားမှု၊ ဦးနှောက်နှင့်ကိုယ်လုံးကိုယ်ထည်ကွဲပြားမှု၊ အခြေအနေနှင့်ပတ်ဝန်းကျင်ကွဲပြားမှုတို့ကိုလည်းကောင်း၊

အတိတ်ဘဝနှင့်ကံတရားကို ယုံကြည်မှုတစ်ခုတည်းကသာလျှင် ဖြေရှင်းပေးနိုင်မည်ဖြစ်ပါသည်။

တမလွန်ဘဝရှိသည်ဟူသောအယူအဆကို လက်တွေ့စမ်းသပ်ခြင်းအားဖြင့် ထောက်ခံခြင်းမပြုနိုင်သလို ကန့်ကွက်ခြင်းလည်းမပြုနိုင်ပါသော်လည်း မှန်ကန်မှုရှိကြောင်းကမူ ပေါ်လွင်ထင်ရှားစွာသက်သေပြနိုင်နေပါသည်။

ပစ္စုပ္ပန်-အတိတ်-အနာဂါတ်ကာလတို့၌ ဘဝအဆက်ဆက်ရှိနေခြင်းသည် မိမိတို့ပြုသောကုသိုလ်ကံ-အကုသိုလ်ကံကြောင့်ဖြစ်ပါသည်၊ ကံအစွမ်းသတ္တိရှိနေသမျှကာလပတ်လုံး ဘဝအဆက်ဆက်ရှိနေပါမည်။

ဘဝ၌သေခြင်းဟူသည် အခြားမဟုတ်ပါ၊ ယာယီသဘောရှိသောတရားတို့၏ အခိုက်အတန့်မျှရပ်ဆိုင်းသွားခြင်းဖြစ်ပါသည်၊ သတ္တဝါတို့ လုံးဝပျက်သုဉ်းသွားခြင်းမဟုတ်ပါ။

ကိုယ်ခန္ဓာနှင့်စပ်သောဘဝသည် ရပ်ဆိုင်းသွားသော်လည်း ဘဝသစ်ကိုဖြစ်ပေါ်စေသောကံ၏စွမ်းရည်သတ္တိကား လုံးဝပျက်သုဉ်းမသွားပါ၊ တစ်စုံတစ်ရာအပျက်အစီးမရှိဘဲ ကျန်ရှိနေပါသည်။



ထို့ကြောင့် ပစ္စုပ္ပန်ဘဝ၏နောက်ဆုံးဖြစ်သော စုတိစိတ်ချုပ်ပျောက်သွားခြင်းသည် အခြားမဲ့ဖြစ်သောဘဝတစ်ခု၌ စိတ်ဝိညာဏ်အသစ်ဖြစ်ပေါ်လာစေရန် ဖန်တီးပေးလိုက်ခြင်းဖြစ်ပါသည်။

ထိုကံတရား၏အခြေခံအကြောင်းကား အမှန်တရားလေးပါးကိုမသိခြင်းအဝိဇ္ဇာပင်ဖြစ်ပါသည်၊ ထိုအဝိဇ္ဇာကို မွေးခြင်းနှင့်သေခြင်း(ဝါ) ဘဝအဆက်ဆက်ဖြစ်နေခြင်း၏ အရင်းခံအကြောင်း ဟုဆိုရပါမည်။

မသိခြင်း(အဝိဇ္ဇာ)ပျောက်သွားပြီး သိခြင်း(ဝိဇ္ဇာဉာဏ်)ဖြစ်ပေါ်လာသောအခါ ဘဝသည်ရပ်တန့်သွားပါမည်။

## ဘဝသံသရာ

ဘဝဆိုသည်မှာ သတ္တဝါတစ်ဦးတစ်ယောက်၏ဖြစ်စဉ်(သို့မဟုတ်)ဖြစ်မှု-ပျက်မှု-ပြောင်းလဲမှုဖြစ်စဉ်တစ်ရပ်ကို ဘဝ ဟုခေါ်သည်။

မွေးစဘဝ၊ ကလေးဘဝ၊ ကျောင်းသားဘဝ၊ အိမ်ထောင်သည်ဘဝ၊ အဘိုးအိုဘဝစသည်ဖြင့် အမျိုးမျိုးဆက်ကာ-ဆက်ကာပြောင်းလဲနေသောဖြစ်စဉ်တစ်ရပ်ဖြစ်သည်။

ထိုထက်ပို၍အနုစိပ်ပါက မိမိ၏ဘဝဖြစ်ပျက်နေပုံကို စက္ကန့်တိုင်း-စက္ကန့်တိုင်းအာရုံစူးစိုက်လေ့လာသုံးသပ်ကြည့်ပါက ဘဝအဓိပ္ပာယ်ကို အသေးစိတ်တိကျစွာသိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်အဆင်းနှင့်ပုံသဏ္ဌာန်များ လှုပ်ရှားငြိမ်သက်မှုများ ကိုမြင်နေရသည်၊ အသံမျိုးစုံကိုကြားနေရသည်။ အနံ့မျိုးစုံကို နံနေရသည်၊ အရသာမျိုးစုံကိုစားနေရသည်၊ လျှက်နေရသည်၊ အတွေ့အထိမျိုးစုံကို ထိသိမှုဖြစ်နေရသည်၊ ကြံစည်တွေးတောမှုများအဆက်မပြတ်ဖြစ်ပေါ်နေသည်။

ဤအခြေအနေအဖြစ်အပျက်များကိုစုပေါင်း၍ သတ္တဝါတစ်ယောက်အတွက် ဘဝတစ်ခု ဟုသတ်မှတ်ခဲ့ရသည်။

သတ္တဝါတစ်ဦး နိဗ္ဗာန်မရောက်မချင်း ၃၁-ဘုံအတွင်း၌ ကုသိုလ်ကံ-အကုသိုလ်ကံအရ ကျင်လည်ကျက်စားသွားလာနေရခြင်းကို ဘဝသံသရာ ဟု ခေါ်ပါသည်။

သတ္တဝါတစ်ဦးအဖို့ အတိတ်ဘဝဟောင်းများစွာဖြစ်ခဲ့ဖူး၍ ယခု ပစ္စုပ္ပန်ဘဝရှိနေသည်၊ နောင်အနာဂါတ်တွင်လည်း နိဗ္ဗာန်မရမချင်း ဘဝပေါင်းများစွာဆက်လက်ဖြစ်နေဦးမည်ဖြစ်သည်။

သတ္တဝါတစ်ဦးအတွက် မည်သည့်အချိန်က စတင်ဖြစ်ပေါ်ခဲ့သည်ကိုမသိနိုင်၊ မသိအပ်၊ အစမထင်သော(အနမတဂ္ဂ) သံသရာ ဟုခေါ်ဆိုကြသည်။

ထို့ကြောင့် သတ္တဝါတစ်ဦးအတွက် သံသရာသည်အစမရှိ၊ သို့ရာတွင် အဆုံးရှိပါသည်၊ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သည့်အခါ ပရိနိဗ္ဗာန်စံဝင်၍ ထိုပုဂ္ဂိုလ်အတွက် သံသရာအဆုံးသတ်တော့သည်။



ထို့ကြောင့် အစမရှိသော်လည်း အဆုံးရှိသောသံသရာ၌ မိမိအတွက် သံသရာဝဋ်ဒုက္ခကို တိုသွားအောင်ကြိုးစားအားထုတ်ကြရမည်သာဖြစ်သည်။

**တစ်ဘဝ၏ အပိုင်း (၃)ပိုင်း**

သတ္တဝါတစ်ဦး၏ဘဝတစ်သက်တာကို အခါအားဖြင့် အပိုင်း(၃)ပိုင်း ပိုင်းနိုင်ပါသည်-

(က) ပဋိသန္ဓေအခါ

(ခ) ပဝတ္တိအခါ

(ဂ) စုတိအခါ ဟူ၍ (၃)ပိုင်း ပိုင်းနိုင်ပါသည်။

**(က) ပဋိသန္ဓေအခါ**

ပဋိသန္ဓေအခါဆိုသည်မှာ ဘဝတစ်ခု၏အစကနဦးဖြစ်ချိန်ကာလကို ဆိုလိုပါသည်။

သတ္တဝါတို့၏မျိုးရိုးဗီဇိုလိုက်၍ ပဋိသန္ဓေ(၄)မျိုးကွဲပြားပါသည်-

(၁) ဇလာဗုဇပဋိသန္ဓေ -လူ၊ ကျွဲ၊ နွား၊ မြင်းစသော နို့တိုက်သတ္တဝါများ

(၂) အဏ္ဍဇပဋိသန္ဓေ -ကြက်၊ ငှက်၊ ဖားစသောဥမှပေါက်သောသတ္တဝါများ

www.burmeseclassic.com

www.burmeseclassic.com



(ယင်းပဋိသန္ဓေနှစ်မျိုးလုံးကို အမိဝမ်း၌ကိန်းရခြင်းဖြစ်၍ ဂဗ္ဘသေယျက ဟုခေါ်သည်)

(၃) သံသေဒဇပဋိသန္ဓေ -ဘက်တီးရီးယား၊ အမီးဘားစသော ပိုးမွှားများ အညှီအဟောက်ကိုစွဲ၍ ဖြစ်သော သတ္တဝါများ

(၄) ဩပပါတိကပဋိသန္ဓေ-မိုးပေါ်ကပြုတ်ကျလာသကဲ့သို့ ဖြစ်သောနတ်၊ ဗြဟ္မာ၊ ငရဲစသော သတ္တဝါများ

### (ခ) ပဝတ္တိအခါ

ပဋိသန္ဓေသဘောနှင့်စုတိစကားတို့၏အကြား သတ္တဝါ၏တစ်ဘဝတာအသက်ရှင်နေသည့်ကာလကို ပဝတ္တိအခါ ဟုဆိုပါသည်။

### (ဂ) စုတိအခါ

သတ္တဝါတို့ဘဝတစ်ခု၏ နိဂုံးအဆုံးသတ် ကွယ်လွန်ခြင်း၊ သေဆုံးခြင်းကို စုတိ ဟုခေါ်သည်။

ဂဗ္ဘသေယျကသတ္တဝါ (လူနှင့်တိရစ္ဆာန်)များသည် အာဟာရကြောင့်ဖြစ်သောရုပ် (အာဟာရဇရုပ်)၊ ဥတုကြောင့်ဖြစ်သောရုပ်(ဥတုဇရုပ်)များသည် စုတိစိတ်ကျပြီး နာမ်တရားများချုပ်ငြိမ်းသွားပြီးနောက် ပျောက်ကွယ်မသွားဘဲကျန်ရှိနေရစ်ခဲ့သည်၊



ထို့ကြောင့် အလောင်းကောင်ကိုသင်္ဂြိုဟ်မှုကိစ္စပြုကြရသည်။

ဩဒပါတိကသတ္တဝါများဖြစ်ကြသော ဗြဟ္မာ၊ အသူရကာယ်၊ ငရဲသားများနှင့်နတ်ဗြဟ္မာတို့၏ရုပ်ခန္ဓာများသည်အလွန်နူးညံ့သိမ်မွေ့လှသဖြင့် သေဆုံးသည်နှင့်တစ်ပြိုင်နက်တည်း ခန္ဓာကိုယ်အကြွင်းအကျန်မရှိဘဲ ချုပ်ငြိမ်းသွားရပါသည်။

## ဘဝကူးပုံ

ဤဘဝနှင့်နောက်ဘဝ ဘဝနှစ်ခုကိုကြောင်းကျိုးဆက်ဂပ်ပေးခြင်းကို ပဋိသန္ဓေ ဟုခေါ်ပါသည်။

ဤဘဝ၌ရှိသော စိတ်၊ စေတသိက်နာမ်ရုပ်တရားများသည် ဤဘဝ၌ပင် ချုပ်ပျက်ပျောက်ကွယ်ခဲ့ကြသည်၊ နောက်ဘဝတွင်ဖြစ်မည့် စိတ်၊ စေတသိက်နာမ်တရားများသည် အသစ်ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးသေကာနီးတွင် ထင်မြင်လာသော အာရုံသည် သုံးမျိုးရှိပါသည်-

(၁) ကံအာရုံထင်လာပုံ

ရှေးယခင်ကပြုလုပ်ခဲ့သော ကုသိုလ်ကံအမှုများကျူးလွန်ခဲ့သောအကုသိုလ်ကံအမှုများကို သေကာနီးဆဲဆဲအခါ၌ ယခုပင်ပြုလုပ်နေရဘိသကဲ့သို့ ထင်လာမြင်လာခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အရာ၌ဆွမ်းတပ်မှုရေစက်ချနေရဟန်၊ သင်္ကန်းလှူရေစက်ချနေရဟန်၊ သားရှင်ပြုရှင်လောင်းလှည့်နေရဟန်၊ ဆွမ်းကျွေး-ဆွမ်းလောင်းလှူနေရဟန်၊ ပန်း၊ ဆီမီးလှူနေရဟန် စသည့် မိမိပြုလုပ်ခဲ့သောကုသိုလ်အမှုအရာများ ယခုလောလော ဆယ်ဆယ်ပြုနေရသကဲ့သို့ ထင်ပေါ်လာတတ်ပါသည်။

အကုသိုလ်အရာ၌ သားသတ်ဟန်၊ အမဲလိုက်ခွေးများနှင့် အမဲလိုက်နေဟန်၊ လုယက်တိုက်ခိုက်ဟန်၊ သတ်ဖြတ်ဟန်စသည့် အကုသိုလ်ပြုလုပ်ခဲ့သောအမှုအရာများသည် ယခုပြုလုပ်နေသကဲ့သို့ ထင်ပေါ်လာသည်။

ဤကံအာရုံကိုကြည့်၍ ကုသိုလ်အမှုပြုလုပ်နေဘိသကဲ့သို့ ထင်မြင်လာသူမှာ လူ့ပြည်၊ နတ်ပြည်(သုဂတိ)ဘုံသို့ရောက်ရန် သေချာပေသည်။

အကုသိုလ်အမှုကိုပြုနေရဘိသကဲ့သို့ ထင်မြင်လာသူများ၊ အပါယ်လေးဘုံ(ဒုဂ္ဂတိဘုံ)သို့ရောက်ရန် သေချာပေသည်။

(၂) ကမ္မနိမိတ်အာရုံထင်လာပုံ

ရှေးယခင်ကုသိုလ်မှု-အကုသိုလ်မှုပြုရာတွင်ပါဝင်သော အဆောက်အအုံပစ္စည်း လက်နက်ကိရိယာများကိုထင်မြင်လာလျှင် ထိုအာရုံများကို ကမ္မနိမိတ် ဟုခေါ် ပါသည်။



ဥပမာ-အလှူပေးလှူရာ၌ အလှူမဏ္ဍာပ်၊ အလှူဝတ္ထုပစ္စည်းများဖြစ်သော သင်္ကန်း၊ ပဒေသာပင်လှူဖွယ်ဝတ္ထုပစ္စည်းများ ဇရပ်၊ တန်ဆောင်း၊ ကျောင်းကန်ဘုရားစေတီ၊ ရေတွင်းရေကန်၊ တံတားစသည်ဆောက်လုပ်လှူဒါန်းမှုများသည် စိတ်ထဲ၌လတ်တလောမြသကဲ့သို့ ထင်မြင်လာသည်။

အကုသိုလ်ပြုခဲ့ဖူးသူသည် လေး၊ မြှား၊ သေနတ်၊ တုတ်၊ ဓားစသောလက်နက်ကိရိယာ၊ အမဲလိုက်ခွေးအသတ်ခံရသော သားကောင်တစ်ခုခု ယခုပြုနေသကဲ့သို့ထင်လာသည်။

ကုသိုလ်ကမ္မနိမိတ်အာရုံထင်လာလျှင် သုဂတိဘုံရောက်မည်၊ အကုသိုလ်ကမ္မနိမိတ်ထင်လာလျှင် ဒုဂ္ဂတိအပါယ်ဘုံသို့ ရောက်ပါမည်။

(၃) ဂတိနိမိတ်အာရုံထင်လာပုံ

ကုသိုလ်-အကုသိုလ်ကံကြောင့် မိမိလားရောက်ရမည့်ဘုံကိုထင်မြင်လာခြင်းကို ဂတိနိမိတ်ထင်သည် ဟုဆိုပါသည်။

ငရဲဘုံရောက်မည့်သူသည် ငရဲမီးတောက်မီးလျှံများ၊ ငရဲထိန်းများ၊ ငရဲခွေးများစသည်ထင်လာတတ်သည်။

အသူရကာယ်ပြိတ္တာဘုံရောက်မည့်သူသည် တောတောင်ချောက်ကမ်းပါးများ ပယ်လယ်ကမ်းရိုးတန်းများ မိမိနှင့်အပေါင်းအသင်းဖြစ်မည့်အသူရကာယ်ပြိတ္တာများအပုပ်နံ့များ စသည်ထင်မြင်လာတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ဖြစ်မည့်သူသည် တိရစ္ဆာန်အဆင်းပုံသဏ္ဌာန် အသံ၊ အနံ့စသည်တို့ထင်မြင်လာသည်။

နတ်ပြည်ရောက်မည့်သူသည် နတ်ဘုံဗိမာန်များ နတ်သား၊ နတ်သမီး၊ ဥယျာဉ်ပန်းများ၊ အမွှေးနံ့သာများ အာရုံထင်လာသည်။

ဗြဟ္မာပြည်သို့ရောက်မည့်သူသည် ဗြဟ္မာတို့၏ဘုံဗိမာန်နှင့်အပေါင်းအဖော်ဗြဟ္မာများအာရုံထင်လာပါသည်။

လူ့ပြည်သို့ရောက်မည့်သူသည် အမိဝမ်းရေး အမိ၏ အဆင်းသဏ္ဌာန်များ ထင်မြင်လာသည်။

**ဘဝကူးပုံကူးနည်း**

ဘဝတစ်ခု အသစ်ကူးရာတွင် နိဗ္ဗာန်ရောက်မှ ရုပ်-နာမ် ပြတ်ပါသည်၊ နိဗ္ဗာန်မရောက်သေးသမျှကာလပတ်လုံး သတ္တဝါတို့၏ ရုပ်-နာမ်သည် (၃၁)ဘုံတွင် သံသရာလည်၍ကူးနေကြမည် ဖြစ်ပါသည်။

ထိုသို့ကူးရာတွင် ဤဘဝမှနာမ်တရားနှင့်နောက်ဘဝရှိ နာမ်တရားများသည် လုံးဝအဆက်အသွယ်မရှိသည်မဟုတ်၊ အကြောင်းအကျိုးအားဖြင့်ကား ဆက်စပ်မှုရှိနေပါသည်။



ဤဘဝက နာမ်တရားကိုအကြောင်းရင်းခံပြီးနောက် နောက်ဘဝတွင် အကျိုးတရားအဖြစ် နာမ်တရားများဖြစ်ပေါ်လာ ရခြင်းဖြစ်သည်။

ဥပမာ-ဆီမီးခွက်တစ်ခုမှ မီးကိုအခြားဆီမီးခွက်တစ်ခုသို့ ကူးပြောင်းထွန်းညှိသည့်အခါ ပထမဆီမီးခွက်တစ်ခုမှ မီးတောက် သည် ဒုတိယဆီမီးခွက်သို့ ကူးပြောင်းလိုက်ပါသွားသည် ဟု မဆိုနိုင်။

ပထမဆီမီးခွက်နှင့် ဒုတိယဆီမီးခွက်တွင်ရှိသော မီး တောက်မီးလျှံနှစ်ခုသည် တစ်ခုတည်းဟုဆိုလျှင်လည်းမမှန်နိုင်ပါ၊ ထိုမီးတောက်နှစ်ခုသည် အချင်းချင်းမည်သို့မျှဆက်စပ်မှုမရှိ၊ မပတ်သက်ဟုဆိုလျှင်လည်းမမှန်နိုင်ပါ။

အမှန်စင်စစ်အားဖြင့် မီးတောက်နှစ်ခုသည် သီးခြားတစ် ခုစီဖြစ်နေသော်လည်း အချင်းချင်းအကြောင်းအကျိုးဆက်စပ်မှု ရှိသည် ဟုဆိုရပါမည်။

ဤဥပမာအတိုင်း ဘဝဟောင်းသည် မူလဆီမီးတောက် နှင့်တူပြီး ဘဝသစ်သည် ဒုတိယဆီမီးတောက်နှင့်တူသည်။

ဒုတိယဥပမာဆိုရသော် ပုံတင်သံဥပမာကိုကြည့်က သိ သာနိုင်ပါသည်၊ မူလအသံနှင့်ပုံတင်သံတစ်ခုတည်းဟုဆိုလျှင် မှားပါမည်၊ ဘာမျှဆက်စပ်မှုမရှိ တစ်ခြားစီဟုဆိုလျှင်လည်းမမှန် နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်အားဖြင့် မူလအသံနှင့်ပဲ့တင်သံသည် အကြောင်းအကျိုးဆက်စပ်မှုရှိနေသည်၊ မူလအသံကိုအကြောင်းခံပြီး ပဲ့တင်သံဖြစ်ပေါ်လာရသည်။

ဤဥပမာအတိုင်း ဘဝဟောင်းသည် မူလအသံနှင့်တူပြီး ဘဝသစ်သည် ပဲ့တင်သံနှင့်တူပေသည်။

တတိယဥပမာ၌လည်း လိုအပ်သည့်စာလုံးများကို တံဆိပ်တုံးအပေါ်၌ပြောင်းပြန်ထွင်းထားသည်၊ တံဆိပ်ရိုက်နှိပ်လိုက်သည့်အခါ စာရွက်ပေါ်တွင်ထင်ကျန်နေရစ်ခဲ့သည်။

စာရွက်ပေါ်က စာလုံးများသည် တံဆိပ်တုံးမှစာလုံးများကဲ့သို့ ပြောင်းပြန်မဟုတ်ဘဲ အတည့်အတိုင်းထင်ရစ်သည်။

ထို့ကြောင့် မူလတံဆိပ်တုံးနှင့်စက္ကူပေါ်တွင် ထင်နေသောတံဆိပ်တုံးသည် တစ်ခုတည်းလည်းမဟုတ်၊ လုံးဝဆက်စပ်မှုမရှိသည့် အရာဝတ္ထုများလည်းမဟုတ်၊ တစ်ခုနှင့်တစ်ခု အကြောင်းအကျိုးဆက်နွယ်မှုရှိနေကြသည်၊ တံဆိပ်တုံးကို အကြောင်းခံပြီး စက္ကူပေါ်၌တံဆိပ်တုံးရာထင်ကျန်ရစ်ခြင်းဖြစ်သည်။

ဤဥပမာ၌ တံဆိပ်တုံးသည် ဤဘက်ဘဝဟောင်းနှင့်တူ၍ စက္ကူပေါ်တင်ကျန်ရစ်သောတံဆိပ်အရာသည် ဟိုဘက်ဘဝနှင့်တူသည်။

ဘဝကူးပြောင်းမှုနှင့်ပတ်သက်၍ ဥပမာစကားဆိုထားသည်မှာ "လောက်လမ်းသဖွယ် ဝိညာဉ်တွယ်" ဟူ၍ဖြစ်ပါသည်။



ပိုးလောက်လမ်းသည် အမြီးပိုင်းဖြင့် တစ်နေရာကိုတွယ်ကပ်ထားပြီး ခေါင်းပိုင်းဖြင့်အခြားတစ်နေရာသို့ရှာဖွေသည်၊ နေရာသစ်ကိုမတွယ်တာနိုင်သေးပါက အမြီးပိုင်းသည်လက်ရှိနေရာကိုမလွှတ်သေးဘဲ တွယ်ကပ်ထားသည်။

နေရာတစ်ခုကိုခေါင်းပိုင်းဖြင့် အသေအချာတွယ်ကပ်ပြီးပါက ခန္ဓာကိုယ်နောက်ပိုင်းသည် လက်ရှိနေရာကိုစွန့်လွှတ်၍ ဤနေရာသစ်သို့ပြောင်းရွှေ့လိုက်သည်။

ဤနည်းတူပင် သတ္တဝါတစ်ယောက်သည် သေကာနီးအချိန်တွင် အသက်ဝိညာဉ်သည် ဘဝသစ်တစ်ခုခုကို လိုက်လံရှာဖွေသည်၊ ဘဝသစ်ကိုမတွယ်တာရသေးသမျှ ဘဝဟောင်းကိုစွန့်လွှတ်ခြင်းမရှိ၊ ဘဝသစ်တစ်ခုကိုတွယ်ကပ်မိသောအခါမှ ဘဝဟောင်းကိုစွန့်ခွာသွားတော့သည်။

ဥပမာအားဖြင့် သေကာနီးလူမမာတစ်ဦးသည် မကြာခဏသတိလစ်မေ့မြောလိုက်၊ ပြန်လည်သတိရလိုက်ဖြစ်တတ်သည်၊ ထိုသတိလစ်မေ့မြောနေသောအချိန်ကို အသက်ဝိညာဉ်သည် နောက်ဘဝသစ်တစ်ခုကိုမှီတွယ်ရန်အတွက် လိုက်လံရှာဖွေနေခြင်းဖြစ်သည်၊ သေချာသောမှီတွယ်ရာဘဝသစ်မတွေ့ရှိရသေးသဖြင့် အသက်ဝိညာဉ်သည် လူမမာထံပြန်လာသောအခါ သတိပြန်လည်လာခြင်းဖြစ်သည် ဟုဆိုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ထိုကဲ့သို့သတိမေ့မြောနေခြင်းသည် နှလုံးသွေးခေါ် ဟဒယရုပ်ဝတ္ထုအားနည်းနေသဖြင့် စိတ်ဝိညာဏ်မနောဓာတ်အားနည်းနေခြင်းဖြစ်သည်။

ထိုသို့အားနည်းနေချိန်၌ မျက်စိအသိ၊ နားအသိ၊ ကိုယ်ကာယအသိ(ပဉ္စဝိညာဏ်စိတ်)များဖြစ်ပေါ်နိုင်စွမ်းမရှိဘဲ မနောဓာတ်အတွင်းမှာသာလျှင် အသိသဘောဖြစ်ပေါ်နေပါသည်။

ထိုသို့အမြင်အာရုံ၊ အကြားအာရုံအစရှိသော ပြင်ပပတ်ဝန်းကျင်နှင့်အဆက်အသွယ်ပြတ်နေသည်ကို သတိမေ့မြောနေသည် ဟုဆိုရပါသည်။

မနောဓာတ်အတွင်း၌ အတိတ်ကာလကဖြစ်ခဲ့ဖူး၊ သိခဲ့ဖူးသောအာရုံများကိုပြန်လည်သိရှိနေခြင်းဖြစ်သည်၊ ဤသို့ မနောဓာတ်အတွင်း၌ရှိသောအာရုံကိုပြန်လည်သိရှိနေခြင်းကို နားမလည်နိုင်သဖြင့် အသက်ဝိညာဉ်သည် အပြင်သို့ထွက်ခွာလျှောက်သွားနေသည် ဟု ယူဆကြခြင်းဖြစ်ပါသည်။

အသက်(သို့မဟုတ်)ဝိညာဉ်သည် ခန္ဓာကိုယ်ပြင်ပသို့ထွက်ခွာသွားခြင်းမရှိပါ။ ထိုသို့သွားနိုင်ရန် အကောင်အထည်လည်းမဟုတ်ပါချေ။

ထို့ကြောင့် ပိုးလောက်လန်းအကောင်ကဲ့သို့ ဝိညာဉ်သည် ဘဝနှစ်ခုကိုခွလျက် တွယ်ကပ်နိုင်ခြင်းမရှိပါချေ။



အဘိဓမ္မာသဘောအရ ရှေ့စိတ်တစ်ခုချုပ်ငြိမ်းပြီးသောအခါမှ နောက်စိတ်တစ်ခုအသစ်ဖြစ်ပေါ်လေ့ရှိသည်။

ဤသို့အဆက်မပြတ်ဆက်ကာ-ဆက်ကာဖြစ်ပျက်နေသောစိတ်အစဉ်အတန်းဖြစ်စဉ်တစ်ခုမျှသာရှိသည်၊ စိတ်ဝိညာဉ်သက်တမ်းကာလမှာ တစ်စက္ကန့်၏အပုံကုဋေတစ်သိန်းပုံလျှင်တစ်ပုံမျှသာရှိကြောင်း ဘုရားရှင်ကဟောကြားထားပါသည်။

ဤမျှသက်တမ်းတိုသောစိတ်ဝိညာဉ်သည် ဘဝနှစ်ခုကိုခွထားရန်၊ တစ်ခုမှတစ်ခုလှမ်းကူးရန်အချိန်မရှိ၊ ဖြစ်ပြီးနောက်ကာလမဆိုင်းဘဲ ချုပ်ပျက်သွားလေသည်။

ဘဝသစ်ကိုလှမ်းတွယ်ပြီးမှ ဘဝဟောင်းကို စွန့်လွှတ်သည် ဟုဆိုလျှင် သတ္တဝါတစ်ဦးသည် ဘဝနှစ်ခု၌တပြိုင်နက်ပူးတွဲရပ်တန့်နိုင်သည်ဟုဆိုရာရောက်နေပါသည်၊ ထိုသို့မဖြစ်ကောင်းချေ။

ထို့ကြောင့် လောက်လန်းသဖွယ်-ဝိညာဉ်တွယ် ဟူသောစကားကိုအနှစ်သာရအားဖြင့် မမှတ်ယူဘဲ၊ ဘဝဟောင်းဝိညာဉ်ချုပ်ပျက်ပြီးမှသာလျှင် ဘဝသစ်၌ စိတ်ဝိညာဏ်အသစ်ဖြစ်ပေါ်ခွင့်ရှိသည်။

ဘဝသစ်ဝိညာဉ်ဖြစ်ပြီးမှ ဘဝဟောင်းဝိညာဉ်ချုပ်သည်ဟု ယူဆပါက သဿတဒိဋ္ဌိသက်ဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်-အကုသိုလ် အာစိဏ္ဏကံ(အမြဲပြုလုပ်နေသောကံ)အစွမ်းကြောင့် သေကာနီးပုဂ္ဂိုလ်အား နေဝင်ကာနီးအချိန်တွင် အနောက်အရပ်မှ တောရိပ်၊ တောင်ရိပ်အမဲကြီးသည် လွှမ်းမိုးလာ၍ တစ်လောကလုံးအမှောင်ထုက ဝါးမျိုသွားသကဲ့သို့ အကုသိုလ်အာစိဏ္ဏကံရှိသူအား အကုသိုလ်အာရုံနိမိတ်အမှောင်ထုကြီးကလည်းကောင်း၊ ကုသိုလ်အာစိဏ္ဏကံရှိသူအား ကုသိုလ်အာရုံနိမိတ်အမှောင်ထုကြီးက လွှမ်းခြုံဖိစီးသွားပါတော့သည်။

သေကာနီးလူမမာသည် စက္ခုအကြည် (စက္ခုပသာဒ)ရုပ်စသော ရုပ်အကြည်ဓာတ်များ အားနည်းလာသည်၊ လျှာမှာအရသာမတွေ့တော့၊ နှာခေါင်းမှလည်း အနံ့မရတော့၊ နှာခေါင်းလန်နေပြီး အချို့မှာခေါ်မကြား၊ အော်မကြား နား(သောတ) ရုပ်ချုပ်နေလေပြီ၊ နားရွက်လန်နေပြီ။

အသက်ရှင်သေးသည်ဟုဆိုရုံမျှ နှလုံးသွေးခုန်နေသည် အသက်ဝိညာဏ်သည် အလွန်အားနည်းနေပြီးဖြစ်သော နှလုံးသား(ဟဒယဝတ္ထုရုပ်)ကိုအမှီပြုနေရ၍ ဝိညာဉ်၏အစွမ်းအားလည်း လွန်စွာအားနည်းနေပြီ။

ထို့ကြောင့် သေကာနီးသူ၏ဝိညာဉ်သည် ကိုယ်သိချင်ရာကိုသိနိုင်စွမ်းမရှိချေ၊ လိုချင်သောအာရုံကို ကိုယ်ပိုင်ရွေးချယ်နိုင်ခွင့်မရှိချေ။



အတိတ်ကာလကပြုခဲ့သော ကံအရှိန်အဟုန်ကချမှတ်ပေးသောအာရုံကိုသာ သိစွမ်းနိုင်တော့သည်။

ဥပမာ-သေနတ်ပြောင်းဝမှထွက်သွားသော ကျည်ဆံသည် ပစ်မှတ်မရောက်မီအကြား၌ တစ်စုံတစ်ရာအနှောက်အယှက်အတားအဆီးမရှိပါက မူလချိန်ရွယ်ထားသည့်အတိုင်းသာသွားပေမည်၊ လမ်းကြောင်းပြောင်းစေရန်လိုက်၍ပြုပြင်မရတော့ချေ၊ ကြားခံတစ်ခုခုထိခိုက်ပွတ်တိုက်ပါမှ လမ်းကြောင်းပြောင်းနိုင်ပေလိမ့်မည်။

ထို့ကြောင့် သေကာနီးသူ၏စိတ်ဝိညာဉ်သည် ကိုယ်အစွမ်းအားနည်းပါလာပြီးဖြစ်၍ လွန်ခဲ့သောအခါက ပြုခဲ့သော ကုသိုလ်-အကုသိုလ်ကံအရှိန်အဟုန်တိုင်းဖြစ်ရန်သာ ရှိတော့သည်။

ထို့ကြောင့် သေကာနီးမှကံကိုပြုပြင်ရန်ခဲယဉ်းလှသဖြင့် အစကကြိုတင်၍ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်အာစိဏ္ဏကံများကြိုတင်ပြုလုပ်ထားရန် ဆည်းပူးထားရန်လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိုတောင်းလှသောလူ့ဘဝအသက်ခန္ဓာ

တစ်နေကွယ်၊ သေနယ်သို့တစ်ခါကူး

မေ့လျော့ကာသေဘူးမထင်ပါနဲ့

နေ့ကွယ်တာအချိန်များလျှင်ဖြင့်

သေနယ်ရွာတစ်ကြိမ်သွားရပါလိမ့်

တားမရဘူး

လယ်တီဆရာတော်

ဤလောက၌ သတ္တဝါတို့၏အသက်သည် မှတ်သား လောက်အောင်နှိုင်းယှဉ်ပြစရာအကောင်အထည်မရှိပါ၊ သိစရာ အကြောင်းကင်းမဲ့၍ တိုတောင်းငြိုငြင်လှသည်။

ဗုဒ္ဓက ကွေးသောလက်မဆန့်မီ-ဆန့်သောလက်မကွေးမီ သေဆုံးနိုင်သည် ဟုဟောကြားထားရာ လူတို့၏သက်တမ်းသည် နတ်၊ ဗြဟ္မာတို့ကဲ့သို့မတည်အပိုင်းအခြားမရှိသလို သက်တမ်းက လည်း(၁၀၀)မျှသာရှိသည်၊ ထိုသက်တမ်းကိုသည်နှင့်ပတ်သက်၍ အင်္ဂုတ္တိုရ် မဟာဝဂ်အရကသုတ်၌ ဗုဒ္ဓဟောကြားထားသည်မှာ မှတ်သားဖွယ်ကောင်းလှပါသည်။

"ရဟန်းတို့ . . ရှေးကအယူဝါဒကိုတီထွင်သော ကာမ ဂုဏ်တို့၌ ဝိတက္ကမှနှပဟန်၏စွဲမက်မှုကင်းသောအရကမည်သော ဆရာသည် တပည့်တို့ကို ဤသို့တရားဟောဆုံးမသည်။



"သူတော်ကောင်းတို့ လူတို့၏အသက်သည် နည်းပါးလှ ၏၊ တိုတောင်းလှ၏၊ လျင်မြန်လှ၏၊ များစွာဆင်းရဲခြင်းနှင့် များစွာပင်ပန်းခြင်းရှိ၏၊ ပညာဖြင့်သိအပ်၏၊ ကုသိုလ်ကိုပြုအပ်၏၊ မြတ်သောအကျင့်ကိုကျင့်အပ်၏၊ ပဋိသန္ဓေနေရသောပုဂ္ဂိုလ်အား မသေရမှုမည်သည်မရှိ။

ဥပမာသော်ကား မြက်ပင်ဖျား၌ကျရောက်သောဆီးနှင်း ပေါက်သည် နေထွက်လတ်သော် လျင်မြန်စွာပျောက်ကွယ်၏၊ ကြာမြင့်စွာမတည်သကဲ့သို့လူ၏အသက်သည်လည်း မြက်ပင်ဖျား၌ကျရောက်သောဆီးနှင်းပေါက်နှင့်တူ၏။

မိုးကြီးသည်းထန်စွာ ရွာသွန်းလတ်သော် ရေအပြင်၌ ရေ ပွက်သည်လျင်မြန်စွာပျောက်ကွယ်သကဲ့သို့ လူ့အသက်သည် ရေ ပွက်နှင့်ဥပမာတူ၏။

ရေပြင်၌ လှင်ကန်ဖြင့်ရိုက်ခတ်အပ်သော အရေးအ ကြောင်းသည် လျင်မြန်စွာပျောက်ကွယ်သကဲ့သို့လူ့အသက်သည် ရေအပြင်၌ရေးအပ်သောအရေးအကြောင်းနှင့်ဥပမာတူ၏။

တောင်ထိပ်မှစီးဆင်းသော ရေသည် လျင်မြန်သော အယဉ်ရှိသကဲ့သို့ လူ၏အသက်သည်လည်း တောင်ထိပ်မှစီးဆင်း သောရေနှင့်ဥပမာတူ၏။

ခွန်အားရှိသောယောကျ်ားသည် လျှာဖျား၌ တံတွေး ပေါက်ကိုစုရုံး၍ မပင်ပန်းသဖြင့် ထွေးရာသကဲ့သို့လူ၏အသက် သည်လည်း တံတွေးပေါက်နှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



လောလောပူသောသံအိုးကင်း၌ အသားတုံးကို ထည့်သည်ရှိသော် လျှင်မြန်စွာပျောက်ဖျက်သကဲ့သို့လူ၏အသက်သည်လည်း သံပူအိုးထဲ၌ထည့်သော အသားတုံးနှင့်ဥပမာတူ၏။

နွားသတ်ရုံသို့ဆွဲငင်အပ်သော နွား၏ခြေလှမ်းတိုင်းသည် သေခြင်းအနီးသို့သာဖြစ်သကဲ့သို့ လူ၏အသက်သည်လည်း အသတ်ခံရမည့်နွားနှင့်ဥပမာတူ၏”

ဟူ၍ ဟောကြားဆုံးမခဲ့၏။

ရဟန်းတို့ ထိုစဉ်အခါက လူတို့၏အသက်အတိုင်းအရှည်သည် အနှစ်(၆၀၀၀၀)ရှိ၏၊ အနှစ်(၅၀၀)ရှိသောအမျိုးသမီးသည် လက်ထပ်ထိမ်းမြားလိုက်၏။

ထိုစဉ်က လူတို့တွင် ချမ်းအေးမှု၊ ပူအိုက်မှု၊ ဆာလောင်မွတ်သိပ်မှု၊ ကျင်ကြီးကျင်ငယ်စွန့်လိုမှုဟူသော အနာရောဂါ(၆)မျိုးသာလျှင်ရှိ၏။

“ရဟန်းတို့ . . . ထိုအချိန်ကာလ၌ပင် အရကရသေ့ကာ လူတို့၏အသက်သည်နည်းပါးလှ၏၊ တိုတောင်းလှ၏၊ လျင်မြန်၏၊ များစွာဆင်းရဲခြင်းရှိ၏၊ များစွာပင်ပန်းခြင်းရှိ၏၊ ပညာဖြင့်သိအပ်၏၊ ကုသိုလ်ပြုအပ်၏၊ မြတ်သောအကျင့်ကိုကျင့်အပ်၏၊ ပဋိသန္ဓေနေရသောပုဂ္ဂိုလ်အား မသေရမှုသည်မရှိ”

ဟူ၍ ဟောတုံဘိသေး၏။



“ရဟန်းတို့ . . . ထိုစကားများသည် ယခုအခါ၌ ကောင်းစွာပြောဆိုသည်မည်ပါ၏၊ ရဟန်းတို့ . . . ယခုအခါ၌ ကြာမြင့်စွာအသက်ရှည်သူသည် အနှစ်တစ်ရာသော်လည်းကောင်း၊ တစ်ရာအောက်လည်းကောင်း၊ တစ်ရာထက်အနည်းငယ်ပိုလွန်၍သော်လည်းကောင်း အသက်ရှည်၏။

အနှစ်တစ်ရာအသက်ရှည်သူသည် ဆောင်း၊ နွေ၊ မိုး တစ်ရာစီအားဖြင့် ဥတု(၃၀၀)အသက်ရှည်၏။

ဥတု(၃၀၀)အသက်ရှည်သောသူသည် ဆောင်း၊ နွေ၊ မိုး (၄၀၀)လစီအားဖြင့် လပေါင်း(၁၂၀၀)အသက်ရှည်၏။

လပေါင်း(၁၂၀၀)အသက်ရှည်သောသူသည် ဆောင်း၊ နွေ၊ မိုးညဉ့်ပေါင်း(၁၂၀၀၀)စီအားဖြင့် ညဉ့်(၄၆၀၀၀)အသက်ရှည်၏။

ညဉ့်(၃၆၀၀၀)အသက်ရှည်သောသူသည် အမိနို့ကိုစို့ခြင်းနှင့်တကွ ထမင်းစားခြင်း၏အန္တရာယ်နှင့်တကွ ဆောင်း၊ နွေ၊ မိုး(၂၄၀၀၀)စီအားဖြင့် ထမင်းကို(၇၂၀၀၀)အကြိမ်စား၏။

ရဟန်းတို့ ထမင်းစားမှု၏အန္တရာယ်တို့သည်ရှိပါ၏။

-မျောက်မျဉ်းအိပ်သူသည်လည်း ထမင်းကိုမစား

-ဆင်းရဲမှုကိုနှိပ်စက်ခံရသူသည်လည်း ထမင်းကိုမစား

-အနာရောဂါနှိပ်စက်သူသည်လည်း ထမင်းကိုမစား

-ဥပုသ်စောင့်သူသည်လည်း ထမင်းကိုမစား

www.burmeseclassic.com

www.burmeseclassic.com



-လာဘ်မရသဖြင့် ထမင်းကိုမစား

ဤသည်တို့ကား ထမင်းစားမှု၏အန္တရာယ်တို့ပင်ဖြစ်၏။

ရဟန်းတို့. . . ဤသို့လျှင် ငါသည် အနှစ်(၁၀၀) အသက်ရှည်သောသူ၏-

-အသက်ကိုလည်းရေတွက်အပ်၏

-အသက်အတိုင်းအရှည်ကိုလည်းရေတွက်အပ်၏

-ဥတုကိုလည်းရေတွက်အပ်၏

-နှစ်ကိုလည်းရေတွက်အပ်၏

-လတို့ကိုလည်းရေတွက်အပ်၏

-လခွဲတို့ကိုလည်းရေတွက်အပ်၏

-ညဥ့်-နေ့တို့ကိုလည်းရေတွက်အပ်၏

-ထမင်းစားမှုတို့ကိုလည်းရေတွက်အပ်၏

-ထမင်း၏အန္တရာယ်တို့ကိုလည်းရေတွက်အပ်၏

ရဟန်းတို့. . . တပည့်သာဝကတို့၏အစီးအပွားကိုရှာသော သနားစောင့်ရှောက်တတ်သော ငါဘုရားသည် ပြုဖွယ်ကိစ္စတို့ကိုပြုအပ်ပြီ၊ သင်တို့သည် ဆိတ်ငြိမ်ရာအရပ်တို့၌ချဉ်းကပ်၍ မမေ့မလျော့တရားကို ရှုကြကုန်လော့၊ နောက်မှ နှလုံးမသာမယာမဖြစ်ကြကုန်လင့်"

ဟူ၍ အဆုံးအမပေးတော်မူပါသည်။



ဓမ္မပဒ ပတိပူဇိတာနတ်သမီးဝတ္ထုတွင် ပတိပူဇိတာအမျိုးသမီးသည် မာလာဘာရီနတ်သားထံမှ နတ်သက်ကြွေပြီး လူ့ပြည်၌ မိန်းမပြန်ဖြစ်သည်၊ အိမ်ထောင်ပြုပြီး သား(၂)ယောက်မွေးခဲ့သည်၊ ဇာတိဿရဉာဏ်ရ၍ တာဝတိံသာနတ်ပြည်ရှိ မာလာဘာရီနတ်သားထံပြန်လို၍ ဆွမ်းဒါနပြုသည်၊ ဝေယျာဝစ္စပြုသည်၊ ဆုတောင်းသည်၊ သေဆုံးသောအခါ မာလာဘာရီနတ်သားထံ ပြန်ရောက်သည်၊ သူနတ်သက်ကြွေစဉ်ကပန်းခူးပြီး မာလာဘာရီနတ်သားကိုပန်းများခြွေချပေးနေစဉ် ပန်း-ပန်ဆင်ပေးနေစဉ် အချိန်ကြာခဲ့သည်၊ သူမ နတ်ပြည်ပြန်ရောက်သော် ထိုနတ်သား ပန်းဆင်လျက် ပန်းများခြွေချလျက်ပင် ရှိသေးသည်။

နတ်သားက သင်-ဘယ်ပျောက်နေသလဲ ဟုမေးရာ နတ်သမီးက လူ့ပြည်ရောက်သွားပုံ၊ ကုသိုလ်ပြုပုံ၊ ဆုတောင်းပုံ အကြောင်းစုံပြောပြသည်၊ ထိုအခါ နတ်သားက-

"အနှစ်တစ်ရာမျှလောက်သော အသက်ရှည်ကြသောလူတို့သည် အိပ်ပျော်ခြင်း မေ့လျော့ခြင်းရှိသည်ဖြစ်၍ ကာလကို လွန်စေဘိသလော၊ သို့တည်းမဟုတ် ဒါနစသောကောင်းမှုတို့ကိုသာ ပြုစုအားထုတ်ကာ ကာလကို လွန်စေသလား ဟုမေးခဲ့သည်။

ထိုအခါ နတ်သမီးက လူများသည် မိမိတို့၏အသက်အသေချာတည်းသကဲ့သို့ မအို-မနာ-မသေရဘိသကဲ့သို့ အမြဲမပြတ် မေ့လျော့နေကြပါသည် " ဟုအဖြေပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုအခါ မာလာဘာရီနတ်သားသည်-

"အနှစ်တစ်ရာမျှလောက်သောအသက်ကို လူတို့သည် မေ့လျော့ပေါ့တန်ကုန်သည်ဖြစ်၍ အိပ်ပျော်၍သာနေကြကုန်သည်ဖြစ်ပါက အဘယ်ရောကာလ၌ဆင်းရဲအပေါင်းမှ လွတ်မြောက်နိုင်ပါ ကုန်အံ့နည်း"

ဟူသော သံဝေဂဉာဏ်ဖြစ်ပေါ်သည်။

ထိုပတိပူဇိတနတ်အမျိုးသမီးသေဆုံးမှုနှင့်ပတ်သက်၍ ရဟန်းတို့က မိမိတို့၏ဆွမ်းအမဖြစ်၍ဝမ်းနည်းကြသည်၊ ထိုကိစ္စအတွက် ဘုရားရှင်ကိုသွားရောက်လျှောက်ထားကြသည်၊ ဘုရားရှင်က 'တာဝတိံသာနတ်ပြည်ရှိ သူ၏လင်သားနတ်သားထံပြန်ရောက်သွားကြောင်း မိန့်ကြားသည်။

"မြတ်စွာဘုရား. . . သတ္တဝါတို့၏အသက်သည်ကားမျှ အလွန်နည်းလေစွတကား၊ နံနက်စောစောပင် တပည့်တော်တို့ကို လုပ်ကျွေးပြုစုပြီး၍ ညချမ်းသောအခါဖြစ်ပေါ်လာသောရောဂါဖြင့်သေလွန်ရသည် ဟု သိရပါသည်ဘုရား"

"ရဟန်းတို့. . . ဟုတ်မှန်လှ၏၊ သတ္တဝါတို့၏အသက်မည်သည်ကား အလွန်နည်းလှပေ၏၊ ယင်းသို့နည်းလှသောအသက်ရှိခြင်းကြောင့် ဤသတ္တဝါတို့သည် ဝတ္ထုအာရုံကာမဂုဏ်တို့ဖြင့်လည်းကောင်း၊ ကိလေသာအာရုံကာမဂုဏ်တို့ဖြင့်လည်းကောင်း၊ မရောင့်ရဲမတင်းတိမ်နိုင်ဘဲသာလျှင် ကိုးဆယ်ရှစ်ဖြာ



များစွာသောစစ်သည်ဗိုလ်ပါရှိသော သေမင်းမိုက်သည် မိမိအလိုနိုင်ငံကို့လိုက်ပါစေလျက် ငိုယိုမြည်တမ်းပင်ပန်းအော်ဟစ်နေစဉ်အလျှင်ဖမ်းယူ၍သွားလေတော့သည်။

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ယူသကဲ့သို့ကာမဂုဏ်ငါးပါးကောင်းနိုးရာရာ ရွေးချယ်ထသောမရှိတောင့်တ-ရှိကြောင့်ကြလျက် ကပ်ငြိသောစိတ်ရှိကြသောဝတ္ထုကိလေသာနှစ်ဖြာကာမတို့၌ တင်းတိမ်ရောင့်ရဲခြင်းမရှိသောသတ္တဝါကို သေမင်းမိုက်သည် မိမိအလိုသို့ပြုလေသည်" ဟု ဟောတော်မူလေသည်။

## သေခြင်းတရားကိုဆင်ခြင်မှု

သေခြင်းတရားသည် သတ္တဝါတို့အားရှောင်လွှဲ၍မရသောသဘောတရားဖြစ်နေပါသည်၊ ပဋိသန္ဓေတည်ပြီးသောသတ္တဝါတိုင်း သေကြေပျက်စီးကြရမည်မှာ ဓမ္မတာဖြစ်သည်သို့သော် သေခြင်းတရားကို ကြောက်လန့်သူတွေကများနေပါသည်။

တက်ကပ်ကာလခေတ်တွင် သေမှုဝေးသည့်အတွက်သေခြင်းကိုမဆင်ခြင်နိုင်စေကာမူ ယခုခေတ်ကဲ့သို့သက်တမ်းတိုသောခေတ်၊ သေလွယ်ပျောက်လွယ်သောခေတ်၌မူ သေခြင်းတရားကိုဆင်ခြင်ရန်အလွန်သင့်လျော်ပါသည်၊ သဘောာလည်း

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လွှယ်ကြသည်၊ ခဏ-ခဏလည်းအသုဘပို့နေကြ၍ ထိတ်လန့်သံဝေဂရဖို့၊ ဆင်ခြင်သုံးသပ်ဖို့သတိပေးနေသကဲ့သို့ဖြစ်နေပါသည်။

သေခြင်းကိုဆင်ခြင်မှုသည် ပစ္စက္ခဘဝမှာလည်း အကျိုးဖြစ်ထွန်း၍ သံသရာတစ်ခွင်မှာလည်း ကောင်းကျိုးပေးပြီး နိဗ္ဗာန်မျက်မှောက်ပြုနိုင်သည်အထိ အကျိုးသက်ရောက်နိုင်ပါသည်။

ဗုဒ္ဓသည် နာလန္ဒာ အုတ်တိုက်ပြသဒ်ကျောင်း၌ သီတင်းသုံးနေစဉ် ရဟန်းတို့အားသေခြင်းတရားကို ဆင်ခြင်သုံးသပ်ရန် အမြဲတိုက်တွန်းနှိုးဆော်တော်မူပါသည်။

"ရဟန်းတို့. . . သေခြင်းတရားကိုပွားများနေလျှင် အကျိုးကြီးသည်၊ အာနိသင်ကြီးမားသည်၊ အမြိုက်နိဗ္ဗာန်သို့ သက်ဝင်သည်၊ အမြိုက်နိဗ္ဗာန်လျှင်အဆုံးရှိသည်၊ သို့အတွက် သေခြင်းတရားကိုဆင်ခြင်ပွားများကြလော့"

ထိုအခါ ရဟန်းတော်အသီးသီးက မိမိတို့၏ သေခြင်းတရားပွားများပုံအသီးသီးလျှောက်ထားကြသည်-

"အရှင်ဘုရား. . . တပည့်တော်သည် ဤကဲ့သို့ အကြံအစည်ဖြစ်ပါသည်၊ ငါသည် တစ်နေ့တစ်ညဥ့်တာမျှ အသက်ရှင်ပါမူကောင်းလေစွ၊ ဘုရားရှင်၏အဆုံးအမကိုနှလုံးသွင်းလေရာ၏ စင်စစ် ငါ့အား ရဟန်းကိစ္စများစွာပြုအပ်သည်ဖြစ်ရာ၏၊ ဤကဲ့သို့ အကြံဖြစ်ပါသည်ဘုရား"



အခြားရဟန်းတစ်ပါးက -ငါသည် တစ်နေ့တာမျှအသက်ရှင်ရပါမူ ကောင်းလေစွ။

အခြားရဟန်းတစ်ပါးက -ငါသည် ဆွမ်းတစ်ထပ်စားချိန်တွင်း အသက်ရှင်ရပါမူ ကောင်းလေစွ။

အခြားရဟန်းတစ်ပါးက -ငါသည် လေး၊ ငါးလုပ်သောဆွမ်းကို ဝါးမျိုနေချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ။

အခြားရဟန်းတစ်ပါးက -ငါသည် ဆွမ်းတစ်လုပ်ကိုဝါးမျိုနေချိန်အသက်ရှင်ရပါမူ ကောင်းလေစွ။

အခြားရဟန်းတစ်ပါးက -ငါသည် ဝင်လေ-ထွက်လေရှူထုတ်ချိန်အတွင်း အသက်ရှင်ရပါမူ ကောင်းလေစွ။

ထိုအခါ ဘုရားရှင်က တစ်နေ့တစ်ညဥ့်မျှအသက်ရှင်ရပါမူ ကောင်းလေစွ ဟုဆင်ခြင်သောရဟန်းမှသည် ဆွမ်းလေး၊ ငါးလုပ်စာအတွင်းအသက်ရှင်ရမူကောင်းလေစွ ဟုဆင်ခြင်သော ရဟန်းအထိကို-

"မေ့လျော့စွာနေသောရဟန်းဟူ၍လည်းကောင်း၊ အာသဝေါတရားကုန်ခမ်းရန်နှောင့်နှေးစွာသေခြင်းတရားကို ပွားများအောက်မေ့သောရဟန်းဟူ၍ဆိုအပ်၏"

ဟူ၍ မိန့်ကြားပါသည်၊ ဆက်လက်၍ ဘုရားရှင်က-

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် ဆွမ်းတစ်လုပ်တည်းကိုဝါးမျိုနေစဉ်အတွင်း အသက်ရှင်ပါမူ ကောင်းလေစွ ဟုဆင်ခြင်သောရဟန်း၊ ဝင်သက် ထွက်သက်အတွင်း အသက်ရှင်ပါမူကောင်းလေစွ ဟုဆင်ခြင်သော ရဟန်းတို့ကို မမေ့မလျော့စွာနေသောရဟန်း၊ အာသဝေါကုန် ခမ်းရန် ထက်သန်စွာသေခြင်းတရားကို ပွားများအောက်မေ့သော ရဟန်းဟူ၍ဆိုအပ်၏"

ဟူ၍ ချီးမွမ်းတော်မူသည်။

"ချစ်သားတို့. . . သို့အတွက် မမေ့မလျော့နေကုန်အံ့၊ အာသဝေါတရားတို့ကုန်ခမ်းရန် ထက်သန်စွာ သေခြင်းတရား ဘာဝနာကိုပွားကုန်အံ့ဟူ၍ ကျင့်သင့်ကျင့်ထိုက်သည်"

ဟု မိန့်ကြားတော်မူပါသည်။

(အံ-ပါ-၂-၂၆၈-၂၆၉-၂၇၀)

ဤတရားတော်အရ သတ္တဝါတို့၏အသက်ရှည်မှုသည် မည်မျှတိုတောင်းလှသည်ကို သိသာနိုင်ပါသည်။

နတ္ထိမစ္စုသနာဂမော -သေခြင်းတရားမရောက်လာသော နေရာမည်သည်မရှိ၊ သေမင်းသည် အချိန်မရွေးနေရာတိုင်းမှာ ရောက် လာမည်မှာဧကန်ဖြစ်သည်။

မရဏံ မေ ဓုဝံ -ငါ၏သေခြင်းသည်မြဲ၏။

ဇီဝိတံ မေ အဓုဝံ -ငါ၏အသက်မူကားမမြဲ။



မရဏံ မေ ဘာဝိဿတိ -ငါ့အတွက် သေခြင်းတရားသည် အခါမရွေး၊ နေရာမရွေးဖြစ်လတ့်

သေခြင်းတရားကိုဆင်ခြင်ရန် ဗုဒ္ဓက ဤသို့ထပ်ဆင့် မိန့်ကြားခဲ့သည်။

ပုဂ္ဂိုလ်သတ္တဝါတစ်ဦးသည် နေ့စဉ်သေခြင်း(၃)မျိုးဖြင့် အမြဲရင်ဆိုင်ကြုံတွေ့နေရသည်။

ခဏိကမရဏ - တစ်ခဏသေရခြင်း။

သမုတိမရဏ - ပညတ်အားဖြင့်သေခြင်း။

သမုစ္ဆေဒမရဏ - အဆုံးသတ်အဖြစ်သေခြင်း။

ဤ(၃)မျိုးတွင် သတ္တဝါတို့၏ခန္ဓာသည် ဖြစ်-တည်-ပျက် အားဖြင့် (၁၇)ချက်ဝိထိစိတ်ရှိမြဲ၍ ဖြစ်-ပျက်သေနေသည်၊ ထိုသို့ ဖြစ်-ပျက်-သေနေ၍လည်း ရုပ်တို့သည် ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ နားထိုင်းခြင်း၊ ခါးကိုင်းခြင်းများဖြစ်ကြကာ ရုပ်ခန္ဓာကြီးခဏ-ခဏ သေနေရမည်။

ပညတ်အားဖြင့် သမုတ်အပ်သော လူနတ်များစွာ သတ္တဝါတို့၏သေခြင်းမျိုးကား မျက်မြင်တွေ့နေရသည်။

အဆုံးသတ်သေခြင်းကား ဘုရား၊ ရဟန္တာတို့ နိဗ္ဗာန်စံဝင်ခြင်းဖြစ်ပါသည်၊ လူတိုင်းသည် ရှောင်လွှဲမရနိုင်သော အနိစ္စ မမြဲသောတရားကိုဆင်ခြင်လျှင် မရဏာနုဿတိဘာဝနာကို ပွားများခြင်းဖြင့် သတိသမ္ပဇဉ်ရှိရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



မအိုမိ-မနာမိကပင် ကြိုတင်၍ဒါန၊ သီလ၊ ဘာဝနာဟူသောသံသရာရိက္ခာထုပ်ကို ထုပ်ကြရပါမည်။

ထိုသို့အားထုတ်သဖြင့် သေခြင်းကို အသင့်ရဲဝံ့စွာရင်ဆိုင်ရဲသောသူဖြစ်ရပါမည်၊ အသက်ရှင်စဉ် ကျန်းမာစဉ်ကပင် ဓမ္မလက်နက်နှင့်ရိက္ခာထုပ်အပြည့်အစုံကို ကိုင်ထားသူသည် မရဏာသေမင်းနှင့်စစ်ခင်းသည့်အခါ အပြုံးမပျက် အောင်ပွဲခံနိုင်သူဖြစ်ပါမည်။

အကြင်သူတစ်ယောက်အား နေ့သေမလား-ညသေမလား ဟုမေးခဲ့သော် လူ့ဘဝတွင် ဒါန၊ သီလ၊ ဘာဝနာတို့ဖြင့် အကျိုးရှိစွာနေသောသူသည်လည်းကောင်း၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ကောင်းစွာနေထိုင်သောသူသည်လည်းကောင်း မြတ်သောနေခြင်းဖြင့်နေခဲ့၍ နေရဲသူဖြစ်သလို တမလွန်ဘဝအတွက်လည်း မြင့်မြတ်ကောင်းမွန်သောသေခြင်းဖြင့် သေရဲသူဖြစ်ပါမည်။

ထိုသို့သောသူသည် သေမှုအတွက် တစ်စိုးတစ်စိမျှကြောင့်ကြမှု၊ စိုးရိမ်မှုသောကဖြစ်မှုမရှိတော့ပါ။



## သေခြင်း၏သဘောတရားများ

(၃၁)ဘုံအတွင်းရှိ ပုထုဇဉ်သတ္တဝါဟူသမျှတို့သည် မိမိတို့ပိုင်ဆိုင်သောချစ်သော မယား၊ လင်၊ သားသမီး၊ ဥစ္စာပစ္စည်းရာထူးဂုဏ်သိရ်၊ ဆွေမျိုးမိတ်ဆွေစသည်တို့ကိုစွန့်ကာ သေမင်းခေါ်ရာသို့သေမြဲဓမ္မတာအရ သေပွဲသို့လိုက်ပါကြရပါသည်။

တန်ခိုးဂုဏ်သိရ် စည်းစိမ်အပေါင်းတို့၏တည်ရာ ပဋိသန္ဓေပါလာသောပညာမြတ်တို့ဖြင့် ပညာဂုဏ်ကြီးကြသောပုဂ္ဂိုလ်များ၊ လောကဝ္ဂအမြင့်မြတ်ဆုံး ဟုသမုတ်ထားအပ်သောဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာမှအစ ပုပုရွရွမြင်မြင်သမျှ သတ္တဝါအနန္တတို့ကိုသေမင်းက-

-မည်သူသည် မင်းယောကျ်ားရာထူးစည်းစိမ်ဂုဏ်ရှိန်ရှိသူများဖြစ်သည်။

-မည်သူသည် တန်ခိုးအာဏာကြီးသည်

-မည်သူသည် စကြဝဠာမင်းပြည့်ရှင်မင်းဖြစ်သည်။

ဟူ၍ မခွဲခြားဘဲ အချိန်တန်လျှင် သေမင်းနိုင်ငံသို့ခေါ်ကြလေ့ရှိကြပါသည်။

သေမင်းနိုင်ငံသို့ သေမင်းတရားကခေါ်ယူရာတွင်-

-အသက်တမ်းကုန်၍သေရခြင်းဖြင့်ခေါ်ယူပါသည်။

-ကံအစွမ်းကုန်၍သေရခြင်းဖြင့် ခေါ်ယူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



-အသက်-ကံနှစ်ပါးစုံကုန်၍သေရခြင်းဖြင့် ခေါ်ယူပါသည်။

-ဘေးဥပါဒ်၊ ဓား၊ လက်နက်၊ ရောဂါစသောကြားကံတစ်ပါးပါးက သတ်ဖြတ်ခံရ၍ သေခြင်းဖြင့်ခေါ်ယူပါသည်။

ပုဂ္ဂိုလ်သတ္တဝါများ ငယ်ရွယ်သူဖြစ်စေ၊ အိုမင်းသူဖြစ်စေ သေကာနီးကာလဝယ် ခန္ဓာ၏ဖောက်ပြန်သော ဝေဒနာဒုက္ခဒုက္ခချက်တို့ကို အနည်းနှင့်အများ ခံစားသွားကြရလေ့ရှိပါသည်။

သေသူအချို့မှာ သက်သက်သာသာညင်ညင်သာသာနှင့် အသက်ထွက်ပြီး သေခြင်းမျိုးရှိသလို တစ်ချို့ မသက်မသာ ခန္ဓာကိုယ်ကြီးကိုတွန့်လိမ်၍လည်းကောင်း၊ အော်ဟစ်ညည်းတွား၍လည်းကောင်း၊ အသက်ထွက်သည်များလည်း ရှိကြပါသည်၊ အချို့မှာ လေးငါးခြောက်ရက်၊ ရက်သတ္တပတ်မေ့မြောခြင်း ရောဂါခံစားခြင်းတို့ခံစားရပြီးမှ ဉာဏ်ဘဝမှထွက်ခွာသွားကြလေ့ရှိကြပါသည်။

သတ္တဝါတစ်ဦး သေကာနီးအချိန်ရောက်လေလေ ကံကြောင့်ဖြစ်ခဲ့ရသော မျက်စိပသာဒရုပ်များ တစ်ခုပြီးတစ်ခု ကုန်ခမ်းချုပ်ဆုံးလေဖြစ်သည်၊ ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ချုပ်ဆုံးသောအခါ ခန္ဓာကိုယ်ကြီးသည် ဘုန်းဘုန်းလဲကျပါတော့သည်။



လူစသောသတ္တဝါဟူသမျှ မွေးဖွားခြင်းရှိကြသလို သေခြင်းတရားကလည်း ရှိနေကြပါသည်။

ဗုဒ္ဓက-"သတ္တဝါတစ်ဦးတစ်ယောက်သည် ရှေးဦးစွာ ပဋိသန္ဓေနေခဲ့သည်ရှိသော် စုတေရန်အတွက် ရှေ့သို့သာဆက်လက်သွားနေပါသည်၊ မည်သည့်အခါမျှ ဆုတ်နစ်ရပ်တန့်၍မနေ ဟူ၍လည်းကောင်း၊

အလုံးစုံသောသတ္တဝါတို့သည် သေမင်းနှင့်မိတ်ဖွဲ့ကြ၍ သေခြင်းမှလွတ်ကင်းအောင် အင်းအိုင်မန္တရား၊ ဆေးဝါးပယောဂလှံ့လပညာတို့ဖြင့်ကြိုးစားကြသော်လည်း မလွတ်နိုင်ကြချေ၊ တံစိုးလက်ဆောင်မြောက်မြားစွာပေး၍သေခြင်းမှလွတ်ကင်းအောင်ရှိန်းကြသော်လည်း မလွတ်နိုင်ကြချေ၊ သေမင်းနှင့်စစ်ခင်း၍ မိမိတို့ကသာ အောင်နိုင်ခြင်းဟူသည်အဘယ်အခါမျှမရှိချေ၊ နောက်ဆုံး အို-နာပြီး သေခြင်းတရားကသာ လဲလျောင်းကြရသည် ဟူ၍လည်းကောင်း၊

နွားကျောင်းသားသည် တုတ်၊ နှင်တံဖြင့် နွားတို့ကို နွားစားကျက်သို့မောင်းနှင်သကဲ့သို့ ထိုအတူ အိုခြင်း၊ သေခြင်းတရားတို့သည်လည်း သတ္တဝါတို့၏အသက်ကို မရဏာနိုင်ငံသို့မောင်းနှင်ထုတ်၏ ဟူ၍လည်းကောင်း" ဇာတကနှင့်ဓမ္မပဒတို့တွင် ဟောကြားထားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါတို့၏သေခြင်းတရားနှင့်ပတ်သက်၍ ဗုဒ္ဓက–

"ဇီဝိတံ ဗျာဓိ ကာလောစ
ဒေဟနိက္ခေပနံဂတိ
ပဉ္စေတေ ဇီဝ လောကသ္မိံ
အနိမိတ္တာ န နာယရေ"

"ဘယ်အသက်အရွယ်မှာ သေရမည်ဆိုတာကိုမသိနိုင်
ဘယ်အနာရောဂါနှင့် သေရမည်ဆိုတာကိုမသိနိုင်
ဘယ်အချိန်မှာ သေရမည်ဆိုတာကိုမသိနိုင်
ဘယ်သုသာန်မှာမြှုပ်နှံမည်ဆိုတာကို မသိနိုင်
သေပြီးနောက် ဘယ်ရောက်မည်ကိုမသိနိုင် "

ဟူ၍ ဟောကြားထားခဲ့ပါသည်။

သတ္တဝါတို့သည် မိမိတို့၏ဘဝနိဂုံးချုပ်ရာတွင်(ဝါ)ပစ္စုပ္ပန်ဘဝရလာသောခန္ဓာကိုယ်ကြီး ပျက်သုဉ်းရောက်ချိန်နှင့်ပတ်သက်၍ မိမိတို့တွင် ကြိုးစားအားထုတ်ထားအပ်သော ဝိပဿနာဘာဝနာတရားမရှိပါက အထက်ပါဟောကြားထားသည့်အတိုင်း ဘယ်အသက်၊ ဘယ်အရွယ်၊ ဘယ်အချိန်၊ ဘယ်နေရာမှာ၊ ဘယ်ရောဂါဖြင့်သေကြရမည်ကို မသိနိုင်ကြပါ၊ သွားရင်း၊ လာရင်း၊ စားရင်း၊ လုပ်ရင်း၊ ရှေ့ရည်မှန်းချက်တွေစဉ်းစားတွေးတောရင်းနှင့်ပင် ဘဝတစ်ခုနိဂုံးချုပ်ကြရပါသည်။



သေခြင်းသဘောတရားနှင့်ပတ်သက်၍–

"ငယ်သောသူ၊ ကြီးသောသူ၊ မိုက်သောသူ၊ ပညာရှိသောသူ၊ ခပ်သိမ်းသောသူတို့သည် သေမင်း၏အလိုသို့ မငြင်းဆန်သာဘဲလိုက်ရသည်။

မှည့်ရှမ်းကုန်ပြီးသော သစ်သီးကြီးငယ်အသွယ်သွယ်တို့သည် နံနက်အခါဝယ် ကြောက်ဖွယ်လိလိ ကြွေကျရသောဘေးကြီးရှိသကဲ့သို့ မွေးဖွားလာသောသတ္တဝါမှန်သမျှတို့အား မချွတ်မယွင်းသေခြင်းဘေးသည် ခိုင်ခံ့စွာတည်ရှိနေပါသည်။

အိုးထိန်းသည်တို့ပြုပြင်ဆောင်ရွက်ထားသော အိုးခွက်မြေအိုးအမျိုးမျိုးတို့မှာ ကွဲခြင်းသဘောအဆုံးရှိသကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာတို့၏အသက်သည်လည်း သေဆုံးပျက်စီးခြင်းသဘောရှိကြပါသည်။

ဖြစ်လုံပြည့်လျှံလျှက်စီးဆင်းနေသောရေအလျဉ်သည် ကမ်းနားတွင်ပေါက်နေသောသစ်ပင်များကိုလဲပြိုကျိုးပဲ့အမြစ်ပါကျွတ်အောင် မျှောဆောင်သကဲ့သို့ အို–သေ–ဒုက္ခဘေးသည် သတ္တဝါအားလုံးကိုအကုန်ယူဆောင်လေသည်။

သေမင်းနှိပ်စက်မှုကြောင့် တမလွန်လောကသို့သွားရောက်ရသောသတ္တဝါတို့အား တောင်မင်းက မြောက်မင်းမကယ်နိုင်သလို မိဘသားသမီးဆွေမျိုးကလည်း မကယ်နိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်လှစွာသောမိဘ၊ သားသမီး၊ ဆွေမျိုးတို့ ပင်ပန်းကြီးစွာငိုကြွေးမြည်တမ်းကာကြည့်နေစဉ်မှာပင် သတ်မည့်နွားကို နွားသတ်ရုံသို့ဆွဲခေါ်သွားသကဲ့သို့ သတ္တဝါများကိုတစ်ယောက်ပြီးတစ်ယောက် သေမင်းက ယူဆောင်သွားလေ့ရှိပါသည်။

မိုးထိလုမတတ် အလွန်ကြီးကျယ်မြင့်မြတ်လှစွာသောကျောက်တောင်ကြီးတို့သည် အရပ်လေးမျက်နှာမြို့ရွာနိဂုံးတို့ကိုအကုန်ချေမှုန်းလျက် ထက်ဝန်းကျင်မှလိမ့်၍လာကုန်သကဲ့သို့ အို-သေခြင်းတို့သည် သတ္တဝါအားလုံးတို့ကိုချေမှုန်းနှိပ်စက်ကုန်၏

အင်္ဂုတ္တရပါဠိတော်၌-

တိဏိမာနိဘိက္ခဝေ အမာတာ ပုတ္တိကဘယာနိ

ကတမာနိ တိဏိ ဇရာဘယံ ဗျာဓိဘယံ မရဏဘယံ

"အို နာ သေဘေးဒုက္ခသုံးမျိုးတို့သည် မည်သည့်မိဘကမှမကယ်နိုင်"

ဥရာဇာတ်၌-

"ဘိဇ္ဇ နစမ္မံ နာမဘိဇ္ဇတိ နဿနဓမ္မံ နာမ နဿတိ

ဘဉ္စခေါ် န ဧကသ္မိံ ယေဝ ကုလေ နာပိဧကသ္မိံဥ‌ေ

ဂါမေ

အထခေါ် အပရိမာဏေသု စက္ကဝါဠေသု တိသုဘ

ဝေသု

အမရဏ ဓမ္မောနာမ နတ္ထိ



"ကွဲတတ်သောတရားသည် ကွဲမည်၊ ပျက်စီးတတ်သောတရားသည် ပျက်စီးမည်၊ ငါ့ဆွေမျိုးသာပျက်စီးမဟုတ်၊ သူ့ဆွေသူ့မျိုးများလည်းပျက်စီးသည်၊ တစ်ရွာတည်းသာပျက်စီးသည်မဟုတ်၊ ရွာဟူသမျှ၊ မြို့ဟူသမျှနှင့် စကြဝဠာအားလုံးပျက်စီးမြဲဖြစ်သည်၊ သေဘေးလွတ်ရာဟူ၍ ဘယ်မှာမျှမရှိ "

## သေခြင်းသဘောကို ဆင်ခြင်ရန်

တစ်နေ့၊ တစ်နေ့နှင့်

တရွေ့ရွေ့ယွင်းယို

နောက်ကိုဖြင့်ပြန်မပို့သည်

ရှေ့သာအိုမြဲ

- ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့သည် ခာတ်မည်ကုန်၏။
- ဘောဇဉ်တို့သည် အာဟာရမည်ကုန်သည်။
- အအေး-အပူသည် ဥတုမည်သည်။
- သည်းခြေ၊ သလိပ်၊ လေတို့သည် တြိဒေါသမည်သည်။

ထိုဓာတ်၊ အာဟာရ၊ ဥတု၊ တြိဒေါသတို့ အယုတ်အလွန်အနည်းအများကို ပကတိညီညွတ်မှုရှိမှသာ အသက်ရှည်စွာတည်နိုင်သည်၊ ဖောက်ပြန်ချွတ်ယွင်းအချင်းချင်းမညီမညွတ်ရှိက သူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးကိုမှီတွယ်ရာမှ တိုတောင်းလှစွာရှင်နေရရှာသော အသက်ကလေးသည် တစ်ခဏချင်းပြတ်စဲခဲ့ရာ၏။

ဘဝအဆက်ဆက်ဆည်းပူးခဲ့၍ လက်ရှိဖြစ်ခါ နောက်ကပါလာသော ဥပစ္ဆေဒကကံများသည် မိမိမှာရှိနေသည်၊ ထိုကံတို့သည် ယနေ့ချက်ချင်းအမီ အသက်ကိုဖြတ်ခွင်းနိုင်သည်ကို သတိပြုရမည်။

"ဆဋ္ဌေဝအာဗာဓာအဟေသုံ သီတံ၊ ဥဏှံ ဇိဃစ္ဆာ ပိပါသာ ဥစ္စာရော ပဿဝေါ"

"အအေး၊ အပူ၊ ထမင်းဆာ၊ ရေငတ်၊ ကျင်ကြီးစွန့်၊ ကျင်ငယ်စွန့်ဟူသော ခြောက်မျိုးသောအကြောင်းတို့ကြောင့် လူတို့မှာ ရောဂါရနေရသည်၊ ထိုရောဂါတို့ဖြင့် မိမိဘဝသည် နေ့ညမဟူ သေနိုင်သည်"

ကိုယ်တွင်း ကိုယ်ပ၌သေမင်းစစ်သည်နှင့်သေမင်းလက်နက်တို့သည် မရေမတွက်နိုင်အောင်များပြားကြသည်။

- ခွေးရူး၊ မြွေ၊ ကျား၊ ကျွဲ၊ နွားစသော သားရဲတိရစ္ဆာန်ရန်သူ
- ဓား၊ လက်နက်စသောလက်နက်ဘေး
- ဓားပြ၊ သူခိုးစသောရန်သူအမျိုးမျိုး
- အမြဲမပြတ်စုဝေးရောက်နေသော ၉၆-ပါးရောဂါ



- လူအပေါင်းအားကျွေးမွေးများသော ထမင်း၊ ရေစသော အာဟာရတို့သည် နှိပ်စက်ညှင်းဆဲသဖြင့် သတ္တဝါဟူသမျှတို့သည် ယနေ့-နက်ဖြန် ကေန်သေနိုင်ကြပါသည်။

ကာမ၊ ရူပ၊ အရူပဟူသောဘုံသုံးခွင်ကိုပိုင်ဆိုင်ထားသော ရှင်သေမင်းသည် သနားခြင်းကင်းမဲ့စွာ ဘုံသုံးပါး၌နေကြသော သတ္တဝါတို့ကို များစွာသောလက်နက်တို့ဖြင့်ပစ်ခတ်၍ သေမင်းနိုင်ငံသို့ပို့ပေးနေပါသည်"

- ဗလဒေဝ၊ ဝါသုဒေဝစသော ကာယဗလပြည့်ဝသူ
- အရှင်သာရိပုတ္တရာကဲ့သို့သော ဉာဏဗလပြည့်ဝသူ
- အရှင်မောဂ္ဂလာန်ကဲ့သို့ ဣဒ္ဓိဗလပြည့်ဝသူ
- ဇောတိက ဇဋိလကဲ့သို့ ဘောဂဗလပြည့်ဝသူ

ဤသို့ ဗလလေးတန်ပြည့်ဝသောသူများသည်လည်း သေမင်းလက်နက်ဘေးမှ တစ်ယောက်မျှမလွတ်နိုင်ပေ၊ သုံးဘုံလောကကိုစိုးမိုးနိုင်သော ဘုရားသခင်သော်မှ သေဘေးမှမလွတ်မြောက်နိုင်။

'ကံနိမ့်သောအခါ သတ္တဝါတို့ကို ကိုးကွယ်အားထားရာတို့ကလည်း ဘေးကြီးသင့်အောင်ပြုတတ်ပါသည်၊ ကံကောင်း-ကံဆိုး ဤနှစ်မျိုးကို မသိနိုင်ရိုးအမှန်ပင်ဖြစ်ပါသည်၊ သေဘေးကြီးနီးကပ်သည်ကိုလည်း မိမိမသိနိုင်ပါချေ၊ ကံဆိုး-ကံညံ့အဖိနှိပ်ခံရသော

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါအား တစ်ခဏချင်းဘေးဖြစ်နိုင်ပါသည်၊ ယနေ့ဖြစ်စေ၊ နက်ဖြန်ဖြစ်စေ ငါသေနိုင်၏ ဟုနှလုံးသွင်း၍ မေ့လျော့ပေါ့တန်စွာ မနေသင့်ပါ။

ကုသိုလ်ကံအဟုန် ကုန်လေပြီးသောသတ္တဝါသည် သေလောက်သောအကြောင်းစုံ ဘာတစ်ခုမျှမရှိဘဲလည်း ရုတ်တရက်လဲကျကာ လျင်မြန်စွာပျက်စီးနိုင်ပါသည်၊ စင်ကြယ်သန့်ရှင်းအပြစ်ကင်းရှင်းသောစိတ်ဖြင့် ငါသေအံ့၊ ညစ်ညူးနောက်ကျူးသောမကောင်းသောစိတ်ဖြင့် ငါမသေအံ့ ဟုနှလုံးသွင်းထားပါ။

အမြော်အမြင်ပညာရှိသောသူသည် မချွတ်ဧကန်အမှန်ရောက်လာမည့် သေခြင်းသဘောကိုစောစောစီးစီးရှေးမဆွကြိုးတပင် ကြိုတင်ကြံစည်ရာ၏၊ ဧကန်ပြုထိုက်သောဒါန၊ သီလ၊ ဘာဝနာစသောကိစ္စမျိုးကိုလည်း ရက်မရွှေ့ဘဲ ယနေ့ပင်ပြုရာ၏။

ဤသို့သတိရခိုက် ပြုလိုက်သောသူသည် နောင်အခါ၌ မိုက်ခဲ့လေခြင်း၊ မှားခဲ့လေခြင်း ဟု ပူပန်စိုးရိမ်မှုမဖြစ်ရတော့ချေ။

နံနက်တွေ့သူအချို့မှာ ညပိုင်းမတွေ့ရတော့၊ ညမှာတွေ့သူအချို့ နံနက်မှာမတွေ့ရတော့၊ နေ့မြင်-ညပျောက် သေဘေးရောက်တတ်သောသဘောကို သုံးသပ်ဆင်ခြင်ရမည်။

သေမင်းကိုမိတ်ဆွေဖွဲ့၍မရ၊ လာဘ်ထိုး၍မရ၊ စစ်ထိုး၍လည်းမရ၊ သေမင်းကိုပြိုင်၍နိုင်သူလည်းမရှိ၊ သို့အတွက် ပြုဖွယ်ကိစ္စဟူသမျှ အချိန်မဆွဲဘဲ ယနေ့ပြုလုပ်ပါ၊ နက်ဖြန်သေဆုံးရ



မည်ကို အဘယ်သူသိနိုင်ပါအံ့နည်း၊ စစ်သည်ဗိုလ်ပါများစွာသောရှင်သေမင်းကို ငါတို့တွင်ချိန်းချက်မရှိ၊ ချိန်းထား၍မရသည်ကိုသတိပြုကြရပါမည်။

ထို့ကြောင့် ဗုဒ္ဓက သတ္တဝါဟူသမျှတို့သည် သေဘေးကမလွတ်နိုင်၍ မိမိတို့ဘဝ မပြတ်ဆင့်ခြင်သင့်သောတရားငါးပါးကို လမ်းညွှန်ဟောကြားထားပါသည်-

အိုခြင်းတစ်ဖြာ၊ နာခြင်းတစ်ထွေ၊ သေခြင်းတစ်ခြား၊ ကွဲပြားဘင်တန်၊ ကံလျှင်ဥစ္စာ၊ ဤငါးဖြာကို၊ မကွာနေ့ည၊ ဉာဏ်သက်ဝင်၍ ဆင်ခြင်ကြ။

၁။ ငါ့မှာအိုရ၊ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်

၂။ ငါ့မှာနာရ၊ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်

၃။ ငါ့မှာသေရ ဘေးဒုက္ခ၊ လုံးဝမလွတ်နိုင်

၄။ ငါ့ချစ်သမျှ၊ ကွဲကွာရ၊ လုံးဝမလွတ်နိုင်

၅။ ကံပြုသမျှ၊ လိုက်နာရ၊ လုံးဝသူကြီးကိုင်

၅။(က) ကမ္မဿကာ-ကံလျှင်ဥစ္စာ၊ သတ္တဝါ၊ သူငါရှိကြသည်။

(ခ) ကမ္မဒါယာဒါ -ကံလျှင်အမွေ၊ ခံစံပေ၊ ခွဲဝေယူကြသည်။

(ဂ) ကမ္မယောနိ -ကံလျှင်အကြောင်း၊ ဆိုးအကောင်း၊ အပေါင်းမှန်လှသည်။

(ဃ) ကမ္မဗန္ဓု -ကံလျှင်ဆွေမျိုး၊ ကောင်းအဆိုး၊ ကြောင်းကျိုးမှန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



(င) ကမ္မပဋိဿရကာ-ကောင်းဆိုးကံသာ၊ကိုးကွယ်ရာ၊ သေချာ
မှန်လှသည်။

(အံ-၂-၆၃)

ထွဋ်ခေါင်ဆရာတော်ဘုရားကြီးက–

-နုနယ်ရုပ်ဆင်း၊ ပို့မြစ်ခြင်းကား
အိုမင်းနောက်ဆုံးရှိချေ၏။
-ဥစ္စာ၊ ဆင်၊ မြင်းပေါများခြင်းကား
ယိုယွင်းနောက်ဆုံးရှိချေ၏။
-ချစ်ခင်၊ပေါင်းသင်းဆက်ဆံခြင်းကား
ကွေကွင်းနောက်ဆုံးရှိချေ၏။
-ဝိညာဉ်ထင်လင်း၊ သက်ရှည်ခြင်းကား
သေခြင်းနောက်ဆုံးရှိချေ၏။
-တက်ကြွားကြွကြွ၊ ပြင်းလွန်ကလျှင်
လျှော့ကျနောက်ဆုံးရှိချေ၏။
-ခံ့မင်ခယ၊ ချစ်လွန်းကလည်း
သောကနောက်ဆုံးရှိချေ၏။
-ပွဲလယ်ပြင်ပ၊ ချီးမွမ်းကြလည်း
ရှုတ်ချနောက်ဆုံးရှိချေ၏။
-ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း
ဒုက္ခနောက်ဆုံးရှိချေ၏။

www.burmeseclassic.com



မင်းကွန်းတိပိဋကအရှင်ဝိစိတ္တသာရဆရာတော်ဘုရားကြီးက–

-ရုပ် နာမ်ဓမ္မ၊ သင်္ခါရကို၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံ့ငြားသော်
တစ်ဖုံဆင်ကွဲ၊ သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု၊ မျှော်ထောက်ရှု၍-

-ယခုပင်လျှင် မအိုခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။
-ယခုပင်လျှင် မနာခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။
-ယခုပင်လျှင် မသေခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့။

-ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊
သေလိမ့်ငှာဟု၊ သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်၊ မိတ်
သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊ တစ်စက်ကမျှ၊ မရှိကြ
ဘူး။

မဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသက–

-အမိဝမ်းခေါင်း၊ ဆယ်လညောင်းမျှ
အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်
လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း
အို-နာ-သေရေး၊ ဒုက္ခဘေးကြောင့်
စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့

www.burmeseclassic.com



ဆိုင်ဆိုင်ဒုက္ခ၊ ခံပြီးမှလည်း
များလှမယ်ရွာ၊ ရောက်ကြရှာ၏
အတိကာရှေး၊ ဤဝဋ်ဘေးနှင့်
နှောင်ရေးနာဂါတ်၊ ဒုက္ခထပ်လိမ့်
မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း
အစာရှာရ၊ ထိုဒုက္ခကြောင့်
နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍
သူသူငါငါ၊ မသက်သာသည်
ရှစ်ဖြာသံဝေရကြောင်းတည်း။ ။

**သံဝေဂဝတ္ထု (၈) ပါး**

၁။ ဇာတိ - ပဋိသန္ဓေနေရခြင်း
၂။ ဇရာ - အိုမင်းရခြင်း
၃။ ဗျာဓိ - ဖျားနာရခြင်း
၄။ မရဏ - သေကြေပျက်စီးရခြင်း
၅။ အပါယဒုက္ခ - အပါယ်ဆင်းရဲ
၆။ အတီတဝဋ္ဋမူလကဒုက္ခ- အတိတ်၌ဝဋ်လျှင်အကြောင်းရင်းရှိသောဆင်းရဲ
၇။ အနာဂတဝဋ္ဋမူလကဒုက္ခ- အနာဂတ်၌ဝဋ်လျှင်အကြောင်းရင်းရှိသောဆင်းရဲ



၈။ အာဟာရပရိယေသနဒုက္ခ-အာဟာရကိုရှာမှီးရသောဆင်းရဲ
(ဝိသုဒ္ဓိမဂ်-၁၃၁)

**ရှေးဆရာတော်ကြီးတစ်ပါးက—**

မှတ်ခါစွဲယူ၊ များဗိုလ်လူတို့
ကြည်ဖြူမရ၊ ဆင်းရဲကြလိမ့်
လောကသုံးခွင်၊ ဘုံအပြင်ဝယ်
ဖြစ်လျှင်ပျက်မြဲ၊ မှန်မလွဲတည်း
သုံးစွဲဖို့ရာ၊ မြတ်ဥစ္စာကို
ကံကြမ္မာပေး၊ ရပြန်သေးက
ပျက်ရေးတစ်ဖန်၊ တွေ့ကြုံပြန်၏
ချစ်လှုံ့ဝေဝေ၊ ချစ်သူတွေနှင့်
ချစ်လေသမျှ၊ နောက်ဆုံးကျက
ကွဲရမည်မှာ၊ မလွဲသာတည်း
ရှည်စွာအသက်၊ တည်ရှိလျက်လည်း
ပုခက်နှင့်ပေ၊ ဝေးလေလေ၍
နီးလေဖျည်ခေါင်း၊ အမှန်အောင်းလိမ့်
အကြောင်းမလျော်၊ သုံးရက်ကျော်က
ဟုတ်စော်ညှီနံ့၊ ရန်တွေ့ပြန်၏
အမှန်ချစ်သူ၊ မကပ်မူဘဲ
လှစ်လျူရှုသုံး၊ တကာယ်မုန်းပြ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးရောက်ခါ၊ မြို့ပြည်ရွာနှင့်
ဆွေညာအများ၊ စွန့်ပယ်ရှား၍
သွားရအပြီး၊ လူမနီးသည့်
တောကြီးမြိုင်ယံ၊ မြေသုသာန်၌
ရောက်ပြန်မရှိ၊ မြုပ်နှံဘိခြင်း
ခြောက်ပေတွင်းဝယ်၊ စင်းစင်းအိပ်ကာ
မလှဲသာဘဲ၊ နေရနဲ့ကို
စွဲမြဲမှတ်ကာ၊ ဆင်ခြင်ပါတော့
သခင်္ချိုင်း၊ လောကီမြဲ၌
ခိုလှုံဝင်စံ၊ ပုထုဇဉ်တို့
လောကစံလွတ်ကြောင်း၊ ဆုပန်တောင်း၍
လမ်းကောင်းမဂ္ဂင်၊ ရှစ်အင်ဓမ္မ
အဝဝကို၊ နေ့ညမကွာ
ကြိုးစားရာသည်
ခေမာရောက်မှအေးမည်တည်း။

ရွှေထီးက္ကန္ဒရာဆရာတော်က သတ္တဝါတို့၏လောဘ၊ ဒေါသ၊ မာနများနှင့်ပတ်သက်၍ သေမင်းကရယ်နေသည် ဟုတင်စားကာ ဤသို့ဆိုဆုံးမထားပါသည်-

-သူနိုင်၊ ငါနိုင်၊ အပြိုင်တိုက်ခွင်း၊ အောင်မြေနင်းစဉ်၊ သေမင်းဘေးကရယ်သတည်း။



-သူပိုင်၊ ငါပိုင်၊ အနိုင်ခုသွင်း၊ လုယက်ငြင်းစဉ်၊ သေမင်းဘေးကရယ်သတည်း။
-သူဟာငါဟာ၊ တဏှာမကင်း၊ ရမ္မက်ပြင်းစဉ်၊ သေမင်းဘေးကရယ်သတည်း။
-သူချောငါလှ၊ တသသနှင့်၊ ရုပရုပ်ဆင်၊ ပြုပြင်ခြင်းကို၊ သေမင်းဘေးကရယ်သတည်း။
-လွှမ်းခြုံအာဏာ၊ ရာဇာသေဋ္ဌ်နင်း၊ တန်ခိုးပြင်လည်း၊ သေမင်းဘေးကရယ်သတည်း။
-ရွှေ၊ ငွေ၊ မြ၊ ဖန်၊ ပိုလျှံဖြည့်တင်း၊ ဒွေးကြွယ်ခြင်းကို၊ သေမင်းဘေးကရယ်သတည်း။
-ဆယ်စီးဆင်ပြောင်၊ အားမာန်ဆောင်၍၊ မာန်ထောင်ကြီးလှ၊ ကိုဟာလအား၊ သေမင်းဘေးကရယ်သတည်း။
-ခြွေရံပေါမျှား၊ ငါ့ဟာကား ဟုထောင်လွှားတက်ကြွ၊ ကိုယ်ကာယအား၊ သေမင်းဘေးကရယ်သတည်း။
-လက်နက်ပိုင်ရှင်၊ ငါ့သခင်ဟု၊ ငါ့ပြိုင်မရှိ၊ ကြီးဘိမာန၊ ကိုဟာလအား၊ သေမင်းဘေးကရယ်သတည်း။

ရှင်သေမင်းအား၊ အလျှင်မလတ်၊ မခတ်ချက်တောင်ကြောင်ကြောင်တည့်တည့်၊ ကြည့်ကာကြည့်ကာ၊ နေချေပါပေ၏၊ မရဏာမင်းမြတ်၊ အရပ်ရပ်ဖို့၊ စိတ်ကတက်ကြွ၊ မာန်မထဘဲ၊ လောဘ၊ ဒေါသ၊ မောဟသုံးဟိတ်၊ ကိုယ်မှာဆိတ်အောင်း၊ ကွပ်နှိပ်ဆုံးမရာသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)ရှိနေသော်လည်း သတိတရား မရှိက ထိုတရားများသည် သင့်အားအကျိုးမများပါချေ။

အရာရာ၌ သတိသမ္ပဇဉ်ဆင်ခြင်ဉာဏ်ရှိသောသူသည် သေခြင်းသဘောနီးကပ်နေသောအဖြစ်ကိုသာလျှင် ကြံစည်ရာ၏။

ဤသို့ကြံစည်သည်ရှိသော် သေရမည်ကိုကြောက်ရွံ့၍ ရာဂအစရှိသော ကိလေသာငြိမ်းပျောက်ကာ အပါယ်ရောက်ကြောင်းဖြစ်သော မကောင်းမှုကိုမပြုဝံ့တော့ပါ။

မသူတော်အလေ့ဒုစရိုက်တို့ကိုဝယ်စွန့်ကာ သူတော်ကောင်းဖက်မှာသာ စိတ်ပါဝင်စားသဖြင့် ဘယ်သောအခါမျှ ထောင်လွှား–က်ကြွမာန်မာနမရှိတော့ပါ။

နက်ဖြန်ခါလည်း မသက်မသာကျင်နာခံခက် ...်စက် ကြမ်းကြုတ်သောအနာရောဂါတို့သည် ဖြစ်နိုင်ကုန်၏၊ ထိုရောဂါများရောက်မလာမီ၊ အသိသမ္ပဇဉ်သတိယှဉ်ပြီး ကုသိုလ်ကိုပြုလုပ်ကြရမည်။

ငါနှင့်ရွယ်တူ ငါ့အောင်လူ ငါ့ထက်ကြီးသူတို့သည်လည်း ပြင်းထန်သောသေမင်းလက်နက်ဖြင့် သေကုန်ခဲ့ကြရပြီ၊ ငါသည်လည်း ထို့အတူသေရမည်သာတည်း၊ မိမိပြုခဲ့သောကုသိုလ်ကောင်းမှုအစုစုသာလျှင် ငါ၏မှီခိုပုန်းအောင်းလဲလျောင်းရာအစစ်ရှိသေးသည် ဟုနှလုံးသွင်း၍ အချိန်ရတိုင်း ဒါန၊ သီလ၊ ဘာဝနာတို့ကို ပြုလုပ်ကြရမည်။



## သေဘေးကြောက်သူနှင့်မကြောက်သူ

ဤလောကတွင် သခ်ီရလောက သဘောတရားအရ မုချသေကြရမည်သာဖြစ်သော်လည်း တစ်ချို့က သေရမည်ကို ကြောက်ကြ၍မသေအောင် ဆေးအမျိုးမျိုးဖြင့် ကုသနေကြသည်။ အသက်ရှည်အောင်လုပ်နေကြသည်။

တစ်ချို့ကတော့ သေရမည်ကိုသိသည်၊ သေရမည်ကို မကြောက်ကြ၊ ထိုပုဂ္ဂိုလ်မျိုးနှစ်ယောက်နှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်လက်ထက်က ဇာဏုသောဏိပုဏ္ဏားကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်၍–

"အရှင်ဂေါတမ. . သေခြင်းသဘောရှိသည်ဖြစ်ပါလျက် သေခြင်းမှမကြောက်သော ထိတ်လန့်ခြင်းသို့မရောက်သောသူမည်သည်မရှိနိုင် ဟု ကျွန်ုပ် ဤသို့ဝါဒရှိပါသည်"
ဟု လျှောက်ထားလေသည်။

"ပုဏ္ဏား. . . ဤလောက၌ သေခြင်းသဘောရှိလျက် သေခြင်းမှကြောက်သောထိတ်လန့်ခြင်းသို့ရောက်သောသူလည်း ရှိ၏၊ သေခြင်းမှမကြောက်သူ၊ မထိတ်လန့်သူလည်း ရှိပေ၏"

ဤလောက၌ အချို့သောသူတို့သည် ကာမဂုဏ်တို့၌ မကင်းသောရာဂ၊ ဆန္ဒ၊ ချစ်မြတ်နိုးခြင်း၊ မွတ်သိပ်ခြင်း၊ ပူပန်ခြင်း တဏှာများရှိ၏၊ ထိုသူသို့ ပြင်းပြသောရောဂါအနာတစ်မျိုးမျိုး ကျရောက်သောအခါ–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကိုစေကန်စွန့်ကြလိမ့်မည်၊ ငါသည်လည်း ထိုကာမဂုဏ်တို့ကိုစွန့်ရတော့မည်" ဟု အကြံဖြစ်သည်။

ထိုသူသည် စိုးရိမ်ပူပန်ငိုကြွေးရင်ပတ်စည်တီးမြည်တမ်းခြင်းစွာတွေ့ဝေခြင်းသို့ရောက်၏။

ဤသူသည် သေခြင်းမှကြောက်ရွံ့ထိတ်လန့်သူဖြစ်၏။

နောက်တစ်မျိုးကား ဤလောက၌ အချို့သောသူသည် ကိုယ်၌မကောင်းသောရောဂါ၊ ဆန္ဒ၊ ချစ်မြတ်နိုးခြင်း၊ မွတ်သိပ်ခြင်း၊ ပူပန်ခြင်းတဏှာရှိ၏၊ ထိုသူသို့ ပြင်းပြသောအနာရောဂါတစ်မျိုးမျိုးကျရောက်သောအခါ ချစ်ခင်ဖွယ်ရာကိုယ်သည် ငါ့ကို စေကန်စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာတို့ကိုစွန့်ရတော့မည် ဟုအကြံဖြစ်၏၊ ထိုသူသည် စိုးရိမ်၊ ပင်ပန်း၊ ငိုကြွေး၊ ရင်ပတ်စည်တီးမြည်တမ်းပြင်းစွာ တွေ့ဝေခြင်းသို့ရောက်၏။

ထိုသူသည် သေခြင်းမှကြောက်ရွံ့ထိတ်လန့်သူဖြစ်၏။

နောက်တစ်မျိုးကား ဤလောက၌အချို့သောသူသည် ကောင်းမှုကိုမပြုရသေး၊ ကုသိုလ်ကိုမပြုရသေး၊ ကြောက်မက်ဖွယ်မှတားမြစ်ရေးကိုမပြုရသေး၊ မကောင်းမှုကိုပြုပြီးဖြစ်နေ၏၊ ကြမ်းကြုတ်မှုကိုပြုပြီးဖြစ်နေ၏၊ ညစ်နွမ်းမှု(အကုသိုလ်)ကို ပြုပြီးဖြစ်နေ၏။



ထိုသူသို့ ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျရောက်သောအခါ "ငါသည် ကောင်းမှုကိုမပြုမိစွလေတကား၊ ကုသိုလ်ကိုမပြုမိလေစွတကား၊ ကြောက်မက်ဖွယ်မှတားမြစ်ရေးကိုမပြုမိလေစွတကား၊ မကောင်းမှုကိုပြုခဲ့မိပြီတကား၊ ကြမ်းကြုတ်မှုကိုပြုခဲ့မိပြီတကား၊ ညစ်နွမ်းမှုကိုပြုခဲ့မိပြီတကား၊ အချင်းတို့ ထိုသို့သောမကောင်းမှုတို့ကို ပြုပြီးဖြစ်နေသောပုဂ္ဂိုလ်တို့၏ လားရာမကောင်းဂတိဟူသမျှသို့ ဘဝနောင်ခါ ငါသွားရ-လားရတော့အံ့တကား" ဟု အကြံဖြစ်ပြီး ပူဆွေးပင်ပန်းငိုကြွေးပြင်းစွာတွေ့ဝေခြင်းဖြစ်ရ၏။

ထိုသူသည် သေခြင်းမှကြောက်ရွံ့ထိတ်လန့်သူဖြစ်ပါသည်၊ နောက်တစ်မျိုးကား ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ယုံမှားခြင်းမဝေခွဲနိုင်၊ ဆုံးဖြတ်ခြင်းသို့မရောက်နိုင်။

ထိုသူသို့ ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျရောက်သောအခါ "ငါသည် သူတော်ကောင်းတရား၌ယုံမှားခဲ့စွတကား၊ မဝေခွဲနိုင်၊ မဆုံးဖြတ်နိုင်ခဲ့စွတကား"
ဟု အကြံဖြစ်ပြီး ပူဆွေးပင်ပန်းငိုကြွေးပြင်းစွာ တွေ့ဝေခြင်းဖြစ်ရ၏၊ ထိုသူသည် သေခြင်းမှကြောက်ရွံ့ထိတ်လန့်သူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤလောကတွင်လည်း ဤလေးယောက်သောသူတို့သည် သေခြင်းမှကြောက်ရွံ့ ထိတ်လန့်သူဖြစ်သလို သေခြင်းမှမကြောက်ရွံ့ မထိတ်လန့်သူ လည်း(၄)မျိုးရှိပါသည်။

ဤလောက၌ အချို့သောသူတို့သည် ကာမဂုဏ်တို့၌ ရာဂ၊ ဆန္ဒ၊ ချစ်မြတ်နိုးခြင်း၊ မွတ်သိပ်ခြင်း၊ ပူပန်ခြင်း၊ တဏှာ ဖြစ်မှုကင်း၏။

ထိုသူအား ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျ ရောက်သောအခါ "ချစ်ခင်ဖွယ်ရာကာမဂုဏ်တို့သည် ငါ့ကိုကောန် စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာကာမဂုဏ်တို့ကို စွန့်ရတော့မည်" ဟုအကြံမဖြစ်။

ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည် တီးမမြည်တမ်းပြင်းစွာတွေဝေခြင်းသို့မရောက်ပေ။

ဤသူသည် သေခြင်းမှမကြောက်ရွံ့မထိတ်လန့်သူ ဖြစ် သည်။

နောက်တစ်မျိုးကား အချို့သောသူသည် ကိုယ်၌ရာဂ၊ ဆန္ဒ၊ ချစ်မြတ်နိုးခြင်း၊ မွတ်သိပ်ခြင်း၊ ပူပန်ခြင်းတဏှာကင်း၏။

ထိုသူအား ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျ ရောက်သောအခါ "ချစ်ခင်ဖွယ်ရာကာမဂုဏ်တို့သည် ငါ့ကိုကောန် စွန့်လိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာကာမဂုဏ်တို့ကို စွန့်ရ တော့မည်" ဟုအကြံမဖြစ်။



ထိုသူအား စိုးရိမ်ခြင်း၊ ပင်ပန်းခြင်း၊ ငိုကြွေးခြင်း၊ ရင်ပတ် စည်တီးမြည်တမ်းခြင်း ပြင်းစွာတွေဝေခြင်းတို့မရောက်ပေ။

ဤသူသည် သေခြင်းမှမကြောက်ရွံ့မထိတ်လန့်သူ ဖြစ် သည်။

နောက်တစ်မျိုးကား အချို့သောသူသည် မကောင်းမှုကို မပြု၊ ကြမ်းကြုတ်မှုကိုမပြု၊ ညစ်နွမ်းမှုအကုသိုလ်ကိုမပြု၊ ကောင်းမှု ကုသိုလ်ပြုပြီးဖြစ်၏၊ ကြောက်မက်ဖွယ်မှတားမြစ်ရေးကိုပြုပြီး ဖြစ်၏။

ထိုသူအား ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျ ရောက်သောအခါ "ငါသည် မကောင်းမှုကိုမပြု၊ ကြမ်းကြုတ်မှုကို မပြု၊ ညစ်နွမ်းမှုအကုသိုလ်ကိုမပြု၊ ကောင်းမှုကုသိုလ်ကိုပြုပြီးပြီ၊ ကြောက်မက်ဖွယ်ရာတားမြစ်ရေးကိုပြုပြီးပြီ၊ အချင်းတို့ မကောင်း မှုကိုမပြု၊ ကောင်းမှုကိုပြုပြီးသောသူတို့၏လားရာသုဂတိဟူသမျှ တို့ နောင်ခါဘဝ ငါလားရတော့ပါအံ့တကား"ဟုအကြံဖြစ်သည်။

ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ပတ်စည် တီးမမြည်တမ်းပြင်းစွာတွေဝေခြင်းသို့မရောက်ပေ။

ဤသူသည် သေခြင်းမှမကြောက်ရွံ့မထိတ်လန့်သူ ဖြစ် သည်။

နောက်တစ်မျိုးကား ဤလောက၌အချို့သောသူသည် သူတော်ကောင်းတရား၌ မယုံမှား၊ ဝေခွဲဆုံးဖြတ်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူအား ပြင်းထန်သောအနာရောဂါတစ်မျိုးမျိုး ကျရောက်သောအခါ "ငါသည် စင်စစ် သူတော်ကောင်းတရား၌ မယုံမှားဝေခွဲနိုင်၏၊ ဆုံးဖြတ်နိုင်၏" ဟုအကြံဖြစ်၏။

ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး ရင်ပတ်စည်တီးမမြည်တမ်းပြင်းစွာတွေဝေခြင်းသို့မရောက်ပေ။

ထိုသူသည် သေခြင်းမှမကြောက်ရွံ့မထိတ်လန့်သူ ဖြစ်သည်။

ဗုဒ္ဓက ဤသို့လျှင် သေဘေးမှကြောက်သူနှင့် သေဘေးမကြောက်သူတို့ကိုခွဲခြားဟောကြားပေးခဲ့ပါသည်။

ဤလောကတွင် မိမိတို့သည် မုချသေမည်ကိုသိထားကြသည်၊ သိထားကြသည့်အတိုင်း သေခြင်းကိုကြောက်ရွံ့တုန်လှုပ်မှုကောင်းစွာနှင့်ရင်ဆိုင်ရန် ဒါန၊ သီလ၊ ဘာဝနာ အထူးသဖြင့် မဂ္ဂင် (၈)ပါးကျင့်စဉ်တရားတို့ကိုကျင့်ထားပြီးသူဖြစ်အောင် ကြိုးစားကြရပါမည်။



## သေကာနီး နှလုံးသွင်းနည်း

### ( က ) မဟာနာမ်ဥပါသကာကို ဘုရားရှင်ကပေးသော သေကာနီးနှလုံးသွင်းအာရုံထားနည်းများ

ဤလောက၌ သာမန်ပုထုဇဉ်လူသားတို့မည်သည် သေကာနီး သေငယ်ဇောအာရုံမျောနေစဉ်အချိန်ကာလဝယ် ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ရွှေ၊ ငွေဥစ္စာ အိမ်ယာစည်းစိမ်တို့ကိုစွဲလမ်းတွယ်တာသံယောဇဉ်တွယ်တတ်သောသဘောရှိတတ်ပါသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မဟာနာမ်အမည်ရှိသော ဥပါသကာသည် ဘုရားရှင်ထံသို့သွား၍ မိမိ၏သေကာနီးဆဲဆဲဖြစ်နေသော မိတ်ဆွေပညာရှိဥပါသကာအတွက် မည်သို့အားပေးစကားပြောသင့်ပါသနည်း ဟု မေးလျှောက်ခဲ့ပါသည်။

ဗုဒ္ဓက သံယောဇဉ်ဖြတ်နည်းအဆင့်ဆင့်ကို အောက်ပါအတိုင်းသင်ကြားလမ်းညွှန်ပေးခဲ့ပါသည်-

"မဟာနာမ် ပညာရှိဥပါသကာအား သက်သာရာရစေနိုင်သောလေးပါးသောတရားတို့ဖြင့်နှစ်သိမ့်ပါ။

အသင်သည် ဘုရား၊ တရား၊ သံဃာ၌ကြည်ညိုခြင်းရှိ၏၊ အရိယာတို့နှစ်သက်သောသီလရှိသူဖြစ်၏" ဟူ၍ နှစ်သိမ့်ပါ။

"အသင့်အား မိဘနှစ်ပါးအပေါ်၌ငဲ့ကွက်ခြင်းရှိသေးသလော ဟုမေးပါ၊ ရှိသေးသည် ဟုဖြေက-

www.burmeseclassic.com

www.burmeseclassic.com



"အသင်သည် သေခြင်းသဘောရှိသူဖြစ်၏၊ မိဘများအပေါ်၌ ငဲ့ကွက်ခြင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သေရမည်သာအမှန်ဖြစ်နေပါ၏၊ သို့အတွက် မိဘအပေါ်ငဲ့ကွက်ခြင်းကိုစွန့်ပယ်ပါ" ဟုတိုက်တွန်းပါ။

မိဘအပေါ်၌ငဲ့ကွက်ခြင်းမရှိ၊ ပယ်ပြီးပါပြီဟုဆိုက သား၊ မယားအပေါ်၌ ငဲ့ကွက်ခြင်းရှိသေးသလား ဟုဆက်မေးပါ၊ ရှိသေးသည်ဟုဖြေက စွန့်ပယ်ရန် တိုက်တွန်းပါ။

သားမယား၌စွန့်ပယ်နိုင်ပြီဆိုက ကာမဂုဏ်အာရုံငါးပါး၌ ငဲ့ကွက်ခြင်းရှိသေးသလား ဟုဆက်မေးပါ၊ ရှိသေးသည်ဆိုက-

"နတ်၌ဖြစ်သော ကာမဂုဏ်တို့သည် လူ့ပြည်၌ဖြစ်သောကာမဂုဏ်တို့ထက်သာလွန်မွန်မြတ်ပါ၏၊ သင်သည် လူ့ပြည်၌ဖြစ်သောကာမဂုဏ်တို့ကိုပယ်စွန့်ပါ၊ စတုမဟာရာဇ်နတ်တို့၌စိတ်ကိုသက်ဝင်စေပါလော ဟုတိုက်တွန်းပါ"

စတုမဟာရာဇ်နတ်၌သက်ဝင်ပြီးဆိုသော် တာဝတိံသာနတ်တို့က စတုမဟာရာဇ်နတ်တို့ထက် သာလွန်ပုံကိုပြောပြီး စတုမဟာရာဇ်နတ်တို့၏စိတ်ကိုပယ်စွန့်စေပြီး တာဝတိံသာနတ်တို့၌ စိတ်ကိုသက်ဝင်စေရန်တိုက်တွန်းပါ။

ဤနည်းဖြင့် ယာမာ၊ တုသိတာ၊ နိမ္မာရတိ၊ ပရနိမ္မိတာဝသဝတ္တိနတ်ပြည်များ ဗြဟ္မာပြည်များတို့ကို တစ်ဘုံပြီးတစ်ဘုံသက်ဝင်သွားစေရန်တိုက်တွန်းပါ။



နောက်ဆုံး ဗြဟ္မလောကသည် မတည်မြဲသောသက္ကာယ၌အကျုံးဝင်သောတရားဖြစ်သည်၊ အသင်သည် ဗြဟ္မာလောကမှစိတ်ကိုပယ်စွန့်ပြီး သက္ကာယချုပ်ရာနိဗ္ဗာန်၌ စိတ်ကိုရှေးရှုဆောင်ပါ ဟုတိုက်တွန်းပါ။

ဤသို့နိဗ္ဗာန်သို့ရှေးရှုသောစိတ်ဆောင်ပြီးပြီဆိုသော် ဤသို့လွတ်မြောက်သောစိတ်ရှိသော ဥပါသကာ၏လွတ်မြောက်မှုကိုနှစ်ပေါင်းတစ်ရာပတ်လုံးလွတ်မြောက်သောစိတ်ရှိသောရဟန်း၏လွတ်မြောက်မှုနှင့်တစ်စုံတစ်ရာခြားနားမှုမရှိပါ" ဟု ဘုရားရှင်က လမ်းညွှန်ဟောကြားခဲ့ပါသည်။

ဤလမ်းညွှန်မှုကိုလမ်းညွှန်ပြီး သေကာနီးသူသည် လိုက်နာစိတ်ကိုထားနိုင်သော် ထိုသူသည် မုချဆက်ဆက် ဤသံသရာခရီးဇာတ်မှကင်းပြတ်သူဖြစ်ပါတော့မည်။

(မဟာဝဂ္ဂဂိလာနသုတ်)

## သေခြင်းဆိုင်ရာအဘိဓမ္မာကိုနှလုံးသွင်းကြည့်ပါ

-ပစ္စုပ္ပန်လက်ရှိဘဝခန္ဓာကိုယ်ကို မခင်တွယ်ပါနှင့်၊ အနာဂါတ်လက်မဲ့ခန္ဓာကိုယ်ကိုမတောင့်တဘဲ သေခြင်းဟာအကောင်းဆုံးသေခြင်းဖြစ်သည်ကိုနှလုံးသွင်းပါ။

-နောင်ခန္ဓာရလျှင် ဆင်းရဲ(ဒုက္ခ)၊ နောက်တစ်ဖန် ပဋိသန္ဓေမနေရလျှင် သုခ၊ နောင်ဘဝခန္ဓာဆုမတောင်းရ၊

www.burmeseclassic.com

www.burmeseclassic.com



နောင်ဘဝလူ၊ နတ်၊ ပြိတ္တာကိုဆုတောင်းလျှင် ရှာမှီခြင်းလွဲသောဆုတောင်းဖြစ်သည်ကိုသတိပြုပါ။

-အို-နာ-သေဘေးလွတ်ကင်းလိုပါ၏လို့သာ ဆုတောင်းပါ၊ လှူလှူျင်နိဗ္ဗာန်ကိုရည်မှန်းလှူပါ၊ လှူချင်သလိုလှူပါ၊ ဆုတောင်းမလွဲပါနှင့်။

-သစ္စာကိုမသိခဲ့သောကြောင့် အနမတဂ္ဂသံသရာ၌ ဆင်းရဲစွာကျင်လည်နေရသည်ကို နှလုံးသွင်းပါ။

"ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ် နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင်မင်ရကြောင်း "

ဆိုသည်ကို အစဉ်သတိပြုနှလုံးသွင်းပါ။

## (၁) အရှင်သာရိပုတ္တရာက အနာထပိဏ်သူဌေးအားပေးသော သေကာနီးနှလုံးသွင်းနည်းလမ်းညွှန်

ဇေတဝန်ကျောင်းဒါယကာကြီး သေအံ့ဆဲဆဲအနာရောဂါနှိပ်စက်သောအခါဝယ် ဘုရားရှင်ထံသို့မိမိ၏တပည့်တစ်ဦးကို စေလွှတ်ပြီး အကျိုးအကြောင်းလျှောက်ထားစေကာ အရှင်သာရိပုတ္တရာကို အိမ်သို့ကြွလာစေရန် ပင့်ဖိတ်ခိုင်းခဲ့သည်။

အရှင်သာရိပုတ္တရာသည် ရှင်အာနန္ဒာနှင့်အတူ အနာထပိဏ်သူဌေးထံကြွလာပြီးလျှင် ရောဂါဝေဒနာကိုမေးသည်။



ထို့နောက် အရှင်သာရိပုတ္တရာက အနာထပိဏ်သူဌေးကို သေကာနီးနှလုံးသွင်းနည်းကို လမ်းညွှန်မိန့်ကြားပေးပါသည်-

"သူဌေးကြီး မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ကိုမက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ၊ ထိုမျက်စိစသည်တို့ကိုမှီ၍ သိမှုတို့သည်မဖြစ်တော့ပါ ဟု ဤသို့ သင်ကျင့်ဖို့ကောင်းသည်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံတို့ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ၊ ထိုအာရုံတို့ကိုမှီ၍ သိမှုတို့သည်မဖြစ်တော့ပါ "

"သူဌေးကြီး. . . မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်၊ ကောင်းကင်ဓာတ်၊ အာကာသဓာတ်၊ အသိဉာဏ်တို့ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်မှားမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ၊ ယင်းဓာတ်တို့ကိုမှီ၍ သိမှုသည်မဖြစ်တော့ပါ၊ ဤသို့ သင်ကျင့်ဖို့ကောင်းပါသည်"

"သူဌေးကြီး. . . ကောင်းကင်ပညတ်အာရုံရှိသော အာကာသာနဉ္စာယတနဈာန်၊ ပထမာရုပ္ပါဝိညာဏ်အာရုံရှိသော ဝိညာဏဉ္စာယတနဈာန်၊ နတ္ထိဘာဝပညတ်အာရုံရှိသော အာကိဉ္စညာယတနဈာန်၊ တတိယရုပ္ပါဝိညာဏ်အာရုံရှိသော နေဝသညာနာသညာယတနဈာန်ကို မက်မောမှု၊ တက်ကြွမှု၊ အမြင်

www.burmeseclassic.com

www.burmeseclassic.com



များမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ။ ယင်းတို့ကိုမှီ၍ သိမှုသည်လည်း မဖြစ်တော့ပါ။ ဤသို့ သင်ကျင့်ဖို့ ကောင်းပါသည်"

"သူဌေးကြီး. . . ဤလောကကိုလည်းကောင်း၊ တမလွန်လောကကိုလည်းကောင်း တက်ကြွမှု၊ အမြင်များမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ၊ ယင်းတို့ကိုမှီ၍ သိမှုသည်မဖြစ်တော့ပါ။ ဤသို့ သင်ကျင့်ဖို့ ကောင်းပါသည်"

"သူဌေးကြီး. . . အကြင်ဝတ္ထုပစ္စည်းကို ငါမြင်အပ်သည်၊ ကြားအပ်သည်၊ တွေ့အပ်သည်၊ ထိအပ်သည်၊ ရောက်အပ်သည်၊ ရှာမှီးအပ်သည်၊ ထပ်ခါထပ်ခါ ရှာမှီးအပ်သည်၊ စိတ်ဖြင့်စေစားအပ်သည်၊ ထိုဝတ္ထုပစ္စည်းကို မက်မောမှု၊ တက်ကြွမှု၊ အမြင်များမှုတို့ဖြင့် ငါမစွဲလမ်းတော့ပါ၊ ယင်းတို့ကိုမှီ၍ သိမှုသည်လည်း မဖြစ်တော့ပါ။ ဤသို့ သင်ကျင့်ဖို့ ကောင်းပါသည်"

အရှင်သာရိပုတ္တရာက ဤသို့ဟောကြားပြီးသောအခါ အနာထပိဏ်သူဌေးသည် ရှိုက်၍ငိုမိလေသည်၊ ထိုအခါ အရှင်အာနန္ဒာက သူဌေးကြီးကိုပစ္စည်းဥစ္စာတွယ်တာနေသည်၊ ကုသိုလ်ကောင်းမှုမှတွန့်ဆုတ်နေသည် ဟုထင်၍မေးသည်၊ သူဌေးကြီးက ဥစ္စာပစ္စည်းကိုတွယ်တာသည်မဟုတ်၊ ကုသိုလ်ကောင်းမှု၌ တွန့်ဆုတ်သည့်မဟုတ်၊ အစဉ်ထာဝရ ဘုရားကိုဆည်းကပ်ခဲ့သော်လည်း ဤကဲ့သို့သောတရားမျိုးကိုမကြား၊ မနာရဘူး၊ ယခုမှ ကြားနာရ၍ ဝမ်းနည်းငိုကြွေးမိကြောင်း လျှောက်ထားခဲ့သည်။



ထိုအခါ အရှင်သာရိပုတ္တရာက ဤတရားမျိုးသည် လူဝတ်ကြောင်များ ထင်မြင်သဘောမပေါက်နိုင်၊ မသိနိုင်၊ ရဟန်းတော်များသာ ထင်မြင်သဘောပေါက်နိုင်သောတရားမျိုးဖြစ်၍ လူတို့အားမဟောကြားခဲ့ပုံကိုမိန့်ကြားသည်။

ထိုအခါ သူဌေးကြီးက ပညာမျက်စိ၌ ကိလေသာဖုတ်ထူကုန်သောအမျိုးသားတို့သည် တရားတော်ကိုမနာရသောကြောင့် အကျိုးယုတ်ရပါသည်၊ ထိုတရားမျိုးကို ထင်မြင်သဘောပေါက်အောင် ဟောပြောပေးပါ ဟု တောင်းပန်လျှောက်ထားသွားသည်။

ထို့နောက် မကြာခင် အနာထပိဏ်သူဌေးကြီးသည် ကွယ်လွန်ပြီး တုသိတာနတ်ပြည်၌ဖြစ်ရလေသည်။

*(ဥပရိပဏ္ဏာသ သဠာယတနဝဂ္ဂ၊*
*အနာထပိဏ္ဍိကောဝါဒသုတ်)*

## နောက်ဘဝ ရှိ – မရှိ ယုံကြည်မှု၏ခြားနားချက်

ဤကမ္ဘာလောကတွင် လူသားသည် စဉ်းစားတွေးခေါ်မြော်မြင်တတ်သောအလေ့အထရှိသဖြင့်-

-နောက်ဘဝရှိ-မရှိပြဿနာနှင့်ပတ်သက်၍လည်းကောင်း

-ငရဲဘုံ၊ နတ်ဘုံရှိ-မရှိပြဿနာနှင့်ပတ်သက်၍ လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



-ကုသိုလ်-အကုသိုလ်ရှိ-မရှိ ပြဿနာနှင့်ပတ်သက်၍ လည်းကောင်း အမျိုးမျိုးတွေးခေါ် ယူဆကြသည်။

ဆရာသမားအမျိုးမျိုးရှာကြံကြပြီး ထိုဆရာများ၏ အယူအဆကိုလက်ခံယုံကြည်ပြီး လိုက်နာဆောင်ရွက်ကြလေ့ရှိကြပါသည်။

ဗုဒ္ဓဘာသာကမူ မှန်ကန်စွာသိမြင်သောဉာဏ်အမြင်ကို သမ္မာဒိဋ္ဌိ ဟုခေါ်ဆိုပါသည်။

နောက်ဘဝရှိ-မရှိ ပြဿနာ၌ နောက်ဘဝအမှန်ရှိသည် ဟု သိမြင်ခြင်းသည် သမ္မာဒိဋ္ဌိ

ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ ကောင်းကျိုး၊ ဆိုးပြစ်ကို နောက်ဘဝအဆက်ဆက်တွင် ခံစား-စံစားရမည် ဟုသိမြင်ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိ

ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ ကောင်းကျိုး၊ ဆိုးပြစ်ကို ခံစားစံစားရန်အတွက် နတ်ပြည်၊ ဗြဟ္မာပြည်နှင့်အပါယ်ဘုံများ ရှိသည် ဟု ယုံကြည်ခြင်းသည် သမ္မာဒိဋ္ဌိ

ကုသိုလ်ကံ-အကုသိုလ်ကံကိုလည်းကောင်း၊ ထိုကံတို့၏ ကောင်းကျိုး-ဆိုးကျိုးကိုလည်းကောင်း သိမြင်မှု ကမ္မဿကတာဉာဏ်နှင့်ပြည့်စုံလျှင် သမ္မာဒိဋ္ဌိ ဖြစ်ပါသည်။

မည်သူမဆို ပုထုဇဉ်အဆင့်တွင် နောင်ဘဝရှိ-မရှိ ဆုံးဖြတ်ယူဆချက်သည် ကိုယ်တိုင်သိမြင်ခြင်းမဟုတ်၊ မိမိတို့၏



ဘာသာတရားအဆုံးအမနှင့်အစွဲအလမ်းကို အခြေခံထားပြီး လက်ခံယုံကြည်ထားခြင်းသာ ဖြစ်ပါသည်။

ဗုဒ္ဓက နောက်ဘဝရှိမှု-မရှိမှု၊ ပေးလှူခြင်း ကုသိုလ်ရှိမှု-မရှိမှုနှင့်ပတ်သက်၍ မဇ္ဈိမပဏ္ဏာသ-ဂဟပတိဝဂ်၊ အပဏ္ဏကသုတ်၌ ကောသလတိုင်း သာလရွာ၌နေသော ပုဏ္ဏားတို့က လျှောက်ထား၍ အကျယ်ဟော၍အဖြေထုတ်ပေးခဲ့ပါသည်။

ပုဂ္ဂိုလ်နှစ်ဦးတွင် တစ်ဦးက နောက်ဘဝရှိသည် ဟု ယုံကြည်သည်၊ ပေးလှူခြင်းကုသိုလ်နှင့် မကောင်းမှုအကုသိုလ်၏ အကျိုးကိုယုံကြည်သည်၊ တစ်ဦးက မယုံကြည်။

နောက်ဘဝမရှိဟုယုံကြည်သူသည် နောက်ဘဝ၌ ကုသိုလ်ကံ-အကုသိုလ်ကံတို့၏အကျိုးခံစားရမည်မဟုတ်ဟု လက်ခံယုံကြည်ပြီးဖြစ်သွားသည်၊ ကာယကံ၊ ဝစီကံ၊ မနောကံအလုပ်များသည် ဤဘဝမှာပင် ကုန်ဆုံးပြီးဖြစ်သည် ဟု ယုံကြည်ပြီး ဖြစ်သွားသည်။

ထို့ကြောင့် သူသည် ဤဘဝ၌ ရာဇဝတ်ပြစ်ဒဏ်လွတ်လျှင်ပြီးသည်၊ မကောင်းမှုအကုသိုလ်များကို လူမသိအောင် ပိပိရိရိလွန်လွန်ကျူးရန် ဝန်မလေးတော့ချေ။

အကယ်၍သာ သူသည် ဥပဒေအာဏာစက်မသက်ရောက်သောအရပ်ဒေသ၌ဖြစ်နေ ရောက်နေလျှင် မကောင်းမှုအကုသိုလ်များကိုဖြောင်ကျကျပြုလုပ်ကျူးလွန်တော့မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူအတွက် နောက်ဘဝကံ-ကံ၏အကျိုးဆိုသော အထိန်းအကွပ်ကမရှိသည့်အပြင် ဤဘဝတွင် လူ့ပတ်ဝန်းကျင်ကို ဂရုစိုက်စရာမလိုတော့သောအခြေအနေသို့ရောက်နေမည်ဆိုလျှင် သူသည် မကောင်းမှုအကုသိုလ်ဟူသမျှ ပြောင်ပြောင်တင်းတင်း ကျူးလွန်လုပ်မည်ဖြစ်သလို ဘာကိုမျှမေတ္တာ စေတနာ အနစ်နာခံ မထားဘဲ သူကချည်းသာအသာယူပေမည်။

လှူဒါန်းမှု၊ ပေးကမ်းစွန့်ကြဲမှု၊ ကိုယ်ကျင့်တရားထိန်းသိမ်းမှု၊ ကိုယ်ချင်းစာတရားလက်ကိုင်ထားမှု၊ သည်းခံခွင့်လွှတ်မှုစသောမြင့်မြတ်သောအမှုမျိုးကို လုပ်တော့မည်မဟုတ်တော့ပေ။

နောက်ဘဝနှင့်ကုသိုလ်-အကုသိုလ်ကံ ယုံကြည်သောသူသည်ကား မကောင်းမှုပြုရမည်ကိုရှက်မည်၊ ကြောက်မည်၊ နောင်ဘဝကောင်းကျိုးချမ်းသာရလိုသည့်အတွက် ပေးကမ်းမျှဝေခြင်း၊ ကူညီဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးစွန့်ပြီးအနစ်နာခံဆောင်ရွက်ခြင်း၊ မေတ္တာကရုဏာရှေ့ထားခြင်းစသော ကောင်းမြတ်သောအလုပ်များကို အနည်းနှင့်အများတတ်နိုင်သရွေ့ပြုလုပ်ဆောင်ရွက်သွားပေမည်။

လောကဥပမာအားဖြင့် တောလမ်းခရီးသွားသူသည် လမ်းဘေးရေအိုင်ကရေကို ဖက်ရွက်ကန်တော့ဖြင့်သယ်ယူ၍ သောက်ပြီးနောက် ထိုဖက်ရွက်ကိုရှိသေစွာမသိမ်းတော့ဘဲ လွှင့်ပစ်သည်။



မိမိအိမ်ရှိသောက်ရေခွက်ကိုမူ နေ့စဉ်ဆေးကြော၍ ရိုသေစွာထားလေ့ရှိသည်၊ တောထဲမှဖက်ရွက်သည် သူ၏နက်ဖြန်ခါနှင့်မသက်ဆိုင်၊ အိမ်ကသောက်ရေခွက်သည် သူ့အတွက်နက်ဖြန်ပေါင်းများစွာ ကျန်ရှိနေသေးသည့်အတွက် ရိုသေစွာယုယထားနေခြင်းဖြစ်ပါသည်။

ဤဥပမာနည်းအရ နောင်ဘဝမရှိဟုယုံကြည်သူသည် သစ်ရွက်ကဲ့သို့ နက်ဖြန်ခါဆိုသော နောင်ဘဝအတွက် ဘာမျှအရေးစိုက်စရာမလိုတော့ပါ။

နောင်ဘဝရှိသည် ဟုယုံကြည်သူအတွက် နက်ဖြန်ခါအတွက်သောက်ရေခွက်ကလေးကို တရိုတသေသိမ်းသကဲ့သို့ နောင်ဘဝအတွက် မကောင်းမှုကိုရှောင်ပြီး ကောင်းမှုကို ပြုလုပ်နေရသည်၊ နောင်ဘဝရှိသည်ဟုယုံကြည်သူအတွက် နောင်ဘဝတကယ်မရှိ ဟုဆိုပါက နောင်ဘဝမရှိသည့်အတွက် သူ၏မျှော်မှန်းခဲ့သောကောင်းကျိုးများ မခံစားရတော့ပေ၊ နောင်တမလွန်အကျိုးကား ဆုံးရှုံးသွားရလေပြီ။

သို့ရာတွင် ဤပစ္စုပ္ပန်ဘဝတွင် နောင်ဘဝရှိသည် ဟုယုံကြည်သူ၏ကိုယ်ကျိုးအနစ်နာခံပြီး သူတစ်ပါးကောင်းကျိုးပြုခဲ့သည့်အတွက် လူအပေါင်း၏ချီးမွမ်းခြင်းကိုခံရမည်၊ သူပြုလုပ်ဆောက်တည်ခဲ့သောရေတွင်းရေကန်၊ ကျောင်းကန်ဇရပ်၊ လမ်းတံတား၊ ဘုရားစေတီဆောက်လုပ်လှူဒါန်းခဲ့မှု ဂုဏ်သတင်းတို့အတွက် လူအများကဝိုင်းဝန်းချစ်ခင်လေးစားကြမည်၊ ဂုဏ်ယူကြ

www.burmeseclassic.com

www.burmeseclassic.com



မည်၊ သူ၏ကောင်းမှုကြောင့် လူ့လောက လူ့ဘောင်အဖွဲ့အစည်းကြီးသည်လည်း ကောင်းကျိုးချမ်းသာကိုခံစားကြရသည်။

နောင်ဘဝမယုံကြည်သူအတွက်မူ နောင်ဘဝမရှိပါက နောင်ဘဝအတွက် ဘာအကျိုးမျှမမျှော်မှန်းခဲ့သည့်အတွက် နောင်တမလွန်အကျိုးဆုံးရှုံးခြင်းကမူ မရှိသော်လည်း ပစ္စုပ္ပန်သက်တမ်းဘဝတွင် မကောင်းယုတ်မာသောအကုသိုလ်များကိုပြုလုပ်မှု-လူ့အများအကျိုးပြုလုပ်ငန်းကိုမလုပ်ခဲ့သောကြောင့် လူ့ပတ်ဝန်းကျင်၏ကဲ့ရဲ့ရှုတ်ချမှုကိုသာခံစားရလေမည်၊ လူမုန်းခံရပေမည်။

နောင်ဘဝသာအကယ်၍ရှိခဲ့သော် နောင်ဘဝရှိသည်ဟုယုံကြည်သောသူ၏ ကောင်းမှု-ကောင်းကျိုးများသည် ဤပစ္စုပ္ပန်ဘဝတွင်ချီးကျူးဂုဏ်ပြုခဲ့ရသလို တမလွန်ဘဝတွင်လည်း ကောင်းကျိုးများခံစားရပြီး ဘဝသာယာချမ်းမြေ့မည်ဖြစ်ပါသည်။

နောင်ဘဝမယုံကြည်သူအဖို့မှာမူ တစ်သက်လုံးမကောင်းမှုများပြုလုပ်ခဲ့သူဖြစ်၍ ပစ္စုပ္ပန်ဘဝမှာရှုတ်ချကဲ့ရဲ့ခြင်းခံရသလို တမလွန်ဘဝမှာလည်း အပါယ်ငရဲစသောဘုံတို့၌ ဆင်းရဲအမျိုးမျိုးတို့ကို မုချခံစားရမည်ဖြစ်ပါသည်၊ သူ့အတွက် ပစ္စုပ္ပန်-တမလွန်နှစ်ဘဝလုံးဆုံးရှုံးရတော့သည်။

ထို့ကြောင့် နောင်ဘဝရှိသည်ဟုယုံကြည်ပြီး ကုသိုလ်ကောင်းမှုအစုစုတို့ကိုပြုလုပ်သောသူသည် ပစ္စုပ္ပန်-တမလွန်နှစ်တန်သောဘဝ၌ ကောင်းကျိုးခံစားရသည်။

# အခန်း ( ၂ )

## သေခြင်းကို အသင့်ရင်ဆိုင်လိုသော်

### မီးပုံထဲကလူသားများ ဥစ္စာအနှစ်ကိုထုပ်ယူနိုင်အောင်ကြိုးစားပါ

ဇဝံ အာဒိတ္တတော လောကော
ဇရာယ မရဏေနစ

"သတ္တဝါအပေါင်း၏ခန္ဓာအိမ်ကြီးကို အိုခြင်းဟူသောမီး၊ သေခြင်းဟူသောမီး(၁၁)တန်တို့သည် နေ့ရောညဥ့်ပါ ဘယ်ခါမပြတ် တောက်လောင်နေပါ၏"

(သံ-၁-၂၉)

ရာဂါဒေါသ မောဟတစ်ဖြာ
ဖြစ်၊ အို၊ သေရေး ပူဆွေးငိုတာ
ကိုယ်စိတ်ဒုက္ခ၊ ပူရပြင်းစွာ
ကိုယ်တွင်းမီး ထိန်ညီးဆယ့်တစ်ဖြာ

(မဟာစည်ဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com



ဤလောကတွင် အိမ်ကြီးတစ်လုံးကိုမီးလောင်နေသကဲ့သို့ မိမိတို့၏ခန္ဓာကိုယ်ကြီးဟူသောအိမ်တွင်-

၁။ ရာဂမီး
၂။ ဒေါသမီး
၃။ မောဟမီး
၄။ ဇာတိမီး
၅။ ဇရာမီး
၆။ မရဏမီး
၇။ သောကမီး
၈။ ပရိဒေဝမီး
၉။ ဒုက္ခမီး
၁၀။ ဒေါမနဿမီး
၁၁။ ဥပါယာသမီး

ဟူသောမီး(၁၁)ပါးတို့သည် အမြဲမပြတ်တောက်လောင်နေပါသည်။

မျက်စိမှ အဆင်းလှလှကလေးကိုမြင်၍နှစ်သက်သာယာမှုဖြစ်ပါက မျက်စိကနေပြီး ရာဂမီးလောင်နေပါသည်။

ကိုယ်နှင့်မသင့်တင့်သူ၊ မသင့်တင့်သောအာရုံတွေ့ပါက ဒေါသမီးလောင်နေပါသည်။



ထိုသည်များကိုမသိပါက မောဟမီးလောင်နေပါသည်။

ဘဝတစ်ခုမှာ ရုပ်ခန္ဓာအသစ်ဖြစ်လာပြီးဆိုပါက ဇာတိမီးလောင်နေပါသည်။

မွေးဖွားလာသောအချိန်မှစ၍ တဖြည်းဖြည်းဆံပင်ဖြူ၊ မျက်စိမွဲ၊ ခါးကိုင်း၊ နားထိုင်း၊ အသားရေတွန့်လာပြီးဆိုပါက ဇရာမီးလောင်နေပါသည်။

တစ်နေ့နေ့သေရမှုသည် မရဏမီးလောင်နေပါသည်။

မသေခင်ကာလတွင် အမေ့အတွက်၊ အဖေ့အတွက် သားသမီးအတွက်၊ ရာထူးအာဏာအတွက်၊ ဥစ္စာပစ္စည်းအတွက်၊ ဆွေမျိုးအတွက်၊ စိုးရိမ်လာရပြီဆိုက သောကမီးလောင်နေပါသည်။

မိဘသေလို့၊ သားသမီးသေလို့၊ ချစ်သူသေလို့ငိုကြွေးနေပြီဆိုက ပရိဒေဝမီးလောင်နေပါသည်။

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲများခံစားနေရပြီဆိုပါက ဒေါမနဿမီးများလောင်နေပါသည်။

ထိုမီးများပြင်းပြင်းထန်ထန်ခံစားနေရပြီဆိုပါက ဥပါယာသမီးများလောင်နေပါသည်။

အာဒိတ္တသို့ အဂ္ဂိရသို့မ
ယံနိဟရတိဘာဇနံ
တံတဿ ဟောတိအတ္ထာယ
နောစယံ တတ္ထဍယှတိ

www.burmeseclassic.com

www.burmeseclassic.com



"လူတို့နေရာအိမ်ကို မီးလောင်သည်ရှိသော် အိုးခွက်၊ အဝတ်အထည်၊ ရွှေ၊ ငွေပစ္စည်းများကို မီးလောင်ကျင်းမှအတင်း ဝင်၍ဆွဲထုတ်ရာ၏။

ထိုမီးလောင်အိမ်မှဆွဲထုတ်ရသော ပစ္စည်းသည်သာလျှင် ထိုအိမ်ရှင်၏အကျိုးငှာ အိမ်ရှင်ပြန်လည်သုံးစွဲနိုင်သောပစ္စည်းများ ဖြစ်ရ၏။

မီးလောင်ခံသွားရသောပစ္စည်းများသည် အိမ်ရှင်အတွက် ကိုယ်ပိုင်ပစ္စည်းမဖြစ်တော့ပါချေ"

(သံ-၁-၂၉)

အိမ်တစ်အိမ်မီးလောင်နေပါက အိမ်ရှင်သည် ရနိုင်သမျှသောပစ္စည်းတို့ကိုအတင်းဝင်ရောက်ဆွဲယူလျှင် ရသမျှသောပစ္စည်းသည် မိမိအတွက်နောင်တွင်အသုံးချ၍ရနိုင်သေးသည်၊ အတင်းဆွဲမယူ၍ မီးလောင်ခံသွားရပါက မိမိအတွက် မည်သို့မျှအသုံးမဝင်တော့ချေ၊ အားလုံးပြာအတိသာဖြစ်သွားပါမည်။

နိဟရေထေ ဒါနေန
ဒိန္နံ ဟောတိ သုနိဟတံ
"အလှူပေးခြင်းစေတနာဖြင့် ထုတ်ဆောင်ရာ၏
ပေးလှူခြင်းသည် ကောင်းစွာထုတ်ဆောင်သည်
မည်ပါ၏

(သံ-၁-၂၉)



လူ့လောကလူသားများသည် စေတနာဆိုသောလက်ကလေးဖြင့် ဒါန၊ သီလ၊ ဘာဝနာဟူသောကုသိုလ်ဟူသော အထုပ်ကိုမီးလောင်နေသောခန္ဓာအိမ်မှဆွဲထုတ်ယူရပါမည် ဟုဗုဒ္ဓက ဟောကြားလမ်းညွှန်ထားခဲ့ပါသည်။

စေတနာသည် လက်နှင့်တူပါသည်၊ လက်မရှိပါက ဆွဲထုတ်၍မရနိုင်ပါ၊ ဒါန၊ သီလ၊ ဘာဝနာဟူသော အထုပ်ကိုလည်း ထုပ်၍မရနိုင်ပါ။

အိမ်မီးလောင်နေသောအခါ အိမ်သုံးပစ္စည်းများကို ဆွဲထုတ်နေရုံနှင့်မပြီးပါ၊ လောင်နေသောမီးကိုလည်းငြိမ်းသတ်ရပါမည်၊ ထိုသို့မငြိမ်းသတ်က အခြားအိမ်တွေပါကူးပြီးလောင်ပါမည်။

အလားတူပင် ခန္ဓာအိမ်မှာလောင်နေသော လောဘ၊ ဒေါသ၊ မောဟမီးများကို မဂ္ဂင်ရေဖြင့်ငြိမ်းသတ်ရပါမည်၊ထိုသို့မငြိမ်းသတ်နိုင်ပါက နတ်ပြည်ရောက်လျှင်လည်းနတ်ဘဝ၊ နတ်ခန္ဓာအိမ်ကူးပြီးလောင်ပါဦးမည်၊ ဗြဟ္မာပြည်၌လည်း ဗြဟ္မာဘဝ၊ ဗြဟ္မာခန္ဓာအိမ်ကူးပြီး လောင်ဦးမည်ဖြစ်သည်။

လောကလူသားများသည် သတိတရားလက်ကိုင်မထား၍ မိမိခန္ဓာအိမ်ထဲတွင် ရာဂ၊ ဒေါသမီးတွေလောင်နေသည်ကို လောင်မှန်းမသိဖြစ်နေကြရပါသည်၊ လောင်နေသောခန္ဓာအိမ်ထဲမှ ဒါနအထုပ်၊ သီလအထုပ်တွေကို ဆွဲထုတ်ရမှန်းမသိ၊ ငြိမ်းသတ်ရမှန်းလည်းမသိဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် မီးလောင်နေသောခန္ဓာအိမ်ထဲမှ ဒါန၊ သီလ၊ ဘာဝနာအထုပ်ကိုရအောင်ထုတ်ယူပါ။ ထိုအထုပ်ရှိက သံသရာတွင် အထက်တန်းကျကျဖြင့် နေထိုင်စားသောက်သွားရမည်ဖြစ်ပြီး တရားလည်းကျင့်နိုင်ပါမည်။

လောင်နေသောမီးကို အသိ-သတိရှိပြီး မဂ္ဂင်ရေနှင့်ငြိမ်းသတ်နိုင်မည်ဆိုပါက ဤဘဝမှာပင် ငြိမ်းအေးချမ်းသာမှုကို ရသွားပါမည်။

- ဒါနဆောင်မှ နောင်ဘဝ ခေါင်ကနေရမည်
- သီလဆောင်မှ နောင်ဘဝ ရုပ်စင်ကြယ်လှပမည်
- ရာဂပူလောင်၊ တဏှာမှောင်၊ ခွာရှောင်နိုင်မှ အေးလိမ့်မည်
- စိတ်ကိုဆုံးမလျှင်နိဗ္ဗာန်၊ စိတ်ကိုလွှတ်ထားလျှင်အပါယ်
- အမှားစွဲတော့အမှောင်ထဲကျ၊ မတရားတွဲတော့ နောင်ငရဲခံရ
- စိတ်ကိုမြင့်မိုရ်တောင်နှင့်ကြိတ်မရ၊ သမထဝိပဿနာမှနိုင်သည်
- အားထားကိုးကွယ်ရာက ဗုဒ္ဓံ ဓမ္မံ သံဃံ
- မိတ်ဆွေအစစ်က ကံ၊ ဉာဏ်၊ ဝီရိယ
- ရန်သူအစစ်က လောဘ၊ ဒေါသ၊ မောဟ
- နေ့စဉ်အလုပ်က ဒါန၊ သီလ၊ ဘာဝနာ



- အမြဲနှလုံးသွင်းရမှာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ
- နေ့စဉ် သီလ၊ သမာဓိ၊ ပညာပြည့်စုံပါစေ။

## သံသရာဝဲဂယက်မှအဆိုးတရားများ

သတ္တဝါတို့၏ ခြေ၊ လက်၊ မျက်နှာ၊ ကိုယ်ပေါ်၌ရှိသော အညစ်အကြေးများကို ရေဖြင့်နေ့စဉ်မပြတ် ဆေးကြောသုတ်သင်နေမှသာလျှင် စင်ကြယ်သဖြင့် တင့်တယ်ဖွယ်ရာရှိသကဲ့သို့ သတ္တဝါတို့၏အဇ္ဈတ္တသန္တာန်၌ရှိသော ယုတ်မာသောအညစ်အကြေးတို့ကိုလည်း သီလ၊ သမာဓိ၊ ပညာဟူသော မဂ္ဂင်ရေစင်ဖြင့် မပြတ်သုတ်သင်ရှင်းလင်းမှသာလျှင် စင်ကြယ်ပြီးတင့်တယ်နိုင်ပါမည်။

ပုထုဇဉ်လူသားတို့တွင်ရှိနေသော ယုတ်မာသောအညစ်အကြေးတရားများသည်ကား-

- လိုချင်တပ်မက်၊ နှစ်သက်ခြင်းလောဘ၊ တဏှာ၊ ရာဂသည်ယုတ်မာ၏။
- ပြစ်မှား၊ ကြမ်းတမ်းခြင်း ဒေါသသည် ယုတ်မာ၏။
- အမျက်ထွက်ခြင်း ကောဓသည် ယုတ်မာ၏။
- ရန်ငြိုးဖွဲ့ခြင်း ဥပနာဟသည် ယုတ်မာ၏။
- သူတစ်ပါးကျေးဇူးကိုချေဖျက်ခြင်း မက္ခသည် ယုတ်မာ၏။

www.burmeseclassic.com

www.burmeseclassic.com



-ဘက်ပြိုင်ခြင်း၊ အံတုပြုခြင်း ပလာသသည် ယုတ်မာ၏။

-စောင်းမြောင်းငြူစူခြင်း ဣဿာသည် ယုတ်မာ၏။

-ဝန်တိုခြင်း မစ္ဆရိယသည် ယုတ်မာ၏။

-သူတစ်ပါးစည်းစိမ်ကို မိမိစည်းစိမ်ဖြစ်ရန် ကြံစည်ခြင်း အဘိဇ္ဈာသည် ယုတ်မာ၏။

-ပြုမိသောအပြစ်ကိုမမြင်စေခြင်းငှာ ဖုံးလွှမ်းခြင်းမာယာသည် ယုတ်မာ၏။

-စဉ်းလဲခြင်း၊ ကောက်ကျစ်ခြင်း သာဌေယျသည် ယုတ်မာ၏။

-ခက်ထန်ခြင်း ထမ္ဘသည် ယုတ်မာ၏။

-ထောင်လွှားခြင်း မာနသည် ယုတ်မာ၏။

-ငါသာလျှင် မြတ်၏၊ ငါသာလျှင်ကုသိုလ်ပြုနိုင်သည်ဟူသော အတိမာနသည် ယုတ်မာ၏။

-စည်းစိမ်ဥစ္စာ၊ အမျိုးအနွယ်၊ အဆင်းသဏ္ဌာန်အစရှိသည်တို့ကိုအမှီပြု၍ တကျာဖြင့်ယစ်မူခြင်း မဒသည် ယုတ်မာ၏။

-သူတော်ကောင်းတရား၌မေ့လျော့နေခြင်း ပမာဒသည် ယုတ်မာ၏။

ဤကဲ့သို့သောယုတ်မာမှုမျိုးသည် အဘယ်ကပြုလုပ်နေပါသနည်း၊ ရုပ်သဘော၊ နာမ်သဘော၊ ခန္ဓာသဘော၊ ဓာတ်သဘော၊ ပရမတ်သဘောတို့ကို လူဘဲ၊ နတ်ဘဲ၊ ဗြဟ္မာဘဲဟူ၍ အယူလွဲနေကြသောသူတို့က ပြုလုပ်နေကြခြင်းဖြစ်ပါသည်။



ထိုသူတို့သည် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကိုတောင့်တကြောင့်ကြမှုပြုလုပ်ကာနေကြသောကြောင့် လူဒုက္ခ၊ နတ်ဒုက္ခ၊ အပါယ်လေးဘုံဒုက္ခတွေကြုံတွေ့နေကြရပြီ၊ အို၍မဆုံး၊ နာ၍မဆုံး၊ သေ၍မဆုံး အရိုးတောင်လိုပုံကာ သံသရာဝဲဂယက်ထဲလည်နေကြရသည်။

ထို့ကြောင့် ကျေးဇူးရှင်စွန်းလွန်းဂူဆရာတော်က-

"မသိလို့-လိုချင်၊ လိုချင်လို့ စွဲကပ်၊ စွဲကပ်လို့ ပြုလုပ်၊ ပြုလုပ်လို့ရရှိ၊ ရရှိတော့ ခံကြပေတော့"

ဟူ၍ ဟောကြားသတိပေးခဲ့သလို မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း-

"တိုင်မကျိုး၊ ကြိုးမပြတ်၊ လည်ပတ်မပြတ်တဲ့ခွေးအဖြစ်မျိုးဘဲ၊ ဒီအဖြစ်ဆိုးကမလွတ်သမျှ၊ ဆက်ကပ်ပွဲရုံပြောင်းနေရသလို၊ တပြောင်းတဲပြောင်းနေရမှာဘဲ၊ ဒီဆက်ကပ်ရုံကနေ ဟိုဆက်ကပ်ရုံပြောင်း၊ ဟိုဘက်ကပြန်ပြီးတော့ တစ်ခြားရုံပြောင်းကြဦး၊ ဆက်ကပ်ပြပွဲဝင်တိရစ္ဆာန်တွေကတော့ အကောင်အမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြစ်ပေမယ့် လက်ရင်းမှာတော့ ဒီအကောင်ပါ အကောင်ပါဘဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီဒုကာတွေ ဒီတိုင်၊ ဒီကြိုး၊ ဒီလည်ပတ်တန်းလန်းကြီးနှင့် ဘယ်ရုံများပြောင်းပြချင်ကြသေးသတုံး၊ အရုပ်တကာ၊ ရုံးတကာ လှည့်ပြီး ကိုယ့်ကိုယ်ကိုအရှက်ခွဲကြဦးမလို့လား၊ ပြောင်းချင်ရင် အရှက်မရှိလို့ဘဲမှတ်၊ မရောက်ဘူးတဲ့နေရာ၊ မနေဘူးတဲ့အရုပ်၊ ဆက်ကပ်မပြဘူး၊ မကဘူးတဲ့ဘဝရယ်လို့မရှိတော့ဘူး၊ အရှက်တကွဲအကျိုးနဲ့နဲ့လည်းစုံခဲ့ပြီ၊ အရုပ်တကာဖြင့်စုံခဲ့ပေါ့၊ ရုံတကာဖြင့် နှံ့ခဲ့ပေါ့၊ မရောက်ဘူးတဲ့နေရာမရှိဘူး၊ ရောက်ရာဌာနဘုံဘဝ အသချေ်မှာ ဒီတိုင်၊ ဒီကြိုး၊ ဒီလည်ပတ်ချည်းဘဲ"

ဟူ၍ ဟောကြားဆုံးမခဲ့ပါသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက-

"ဘဝသံသရာတစ်လျှောက်လုံး မိမိဖြစ်စဉ်ကိုပြန်ကြည့် လိုက်တော့မဖြစ်ဘူးသောဘဝမျိုး၊ မရဘူးသောစည်းစိမ်ရယ်လို့ မရှိဘူး၊ ဖြစ်ဘူးတဲ့ဘဝ၊ ရဘူးတဲ့စည်းစိမ်ချည်းပါဘဲ"

ဟူ၍ ဟောကြားခဲ့ပါသည်။

သမုဒယကြောင့်သာလျှင် (၃၁)ဘုံမှာ သတ္တဝါအနန္တတို့ သည် ဆုံလည်နွားပမာ အစမသတ်နိုင်ဘဲ သံသရာလည်နေကြ ရသည်၊ ယနေ့ခေတ်ဘုရားသာသနာတော်နှင့်ကြုံကြိုက်နေခိုက် ဘယ် သံသရာကလွတ်မြောက်ပြီး မဂ်ဖိုလ်နိဗ္ဗာန်ဆိုက်ရောက်နိုင် ရန် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ကြိုးစားအားထုတ်ကြရန် သိုအပ်နေပါသည်။



နိဗ္ဗာန်ကိုလိုချင်ကြ၍ ဆုတောင်းနေကြသည်၊ မိမိတို့၏ သန္တာန်တွင်ကိန်းအောင်းနေသော လောဘစသော အယုတ်မာတ ရားတို့ကိုမပယ်သတ်နိုင်ကြ၊ နိဗ္ဗာန်သည်အဝေးမှာမရှိ၊ မိမိပတ် ဝန်းကျင်အနီးအနားတွင်ရှိနေပါသည်၊ သို့ဖြစ်ပါလျက် အဘယ် ကြောင့် နိဗ္ဗာန်သို့မရောက်ကြပါသနည်းဆိုသော်-

- အနုသယဟူသောကိလေသာတောင်
- ပရိယုဋ္ဌာနဟူသောကိလေသာတောင်
- ဝီတိက္ကမဟူသောကိလေသာတောင်

၍ကိလေသာတောင် (၃) လုံးက ကာဆီးထားသော ကြောင့် နီးလျက်နှင့်ဝေးနေကြရပါသည်။

ထိုကိလေသာတောင်(၃)လုံးကိုဖြိုဖျက်ချရပါမည်။

-သီလဟူသောလက်နက်ဖြင့် အနုသယကိလေသာတောင်
-သမာဓိဟူသောလက်နက်ဖြင့် ပရိယုဋ္ဌာနကိလေသာတောင်
-ပညာဟူသောလက်နက်ဖြင့် ဝီတိက္ကမကိလေသာတောင်

တို့ကို ဖြိုဖျက်နိုင်ပါလျှင် နိဗ္ဗာန်သို့ ပစ္စက္ခဘဝတွင် ရောက်နိုင်-ခံစားနိုင်ပါမည်။

နွားကျောင်းသားသည် မိမိထိန်းကျောင်းရမည့်နွားတို့ကို မသိလျှင် ထိုနွားများမပျောက်အောင် စောင့်ထိန်းခြင်းငှာမစွမ်းနိုင် သကဲ့သို့ သီလကျင့်ဝတ်ကိုစောင့်ရှောက်လိုသောပုဂ္ဂိုလ်သည် မိမိ စောင့်ရှောက်လိုသည့်သိက္ခာပုဒ်ပျက်ကြောင်း အင်္ဂါ၊ သို့း-ပျက်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြားမှုကိုမသိလျှင် သီလကိုစောင့်ရှောက်ရန်ခက်ခဲပါမည်။

သီလသည် နိဗ္ဗာန်ရောက်ကြောင်း၏အခြေခံဖြစ်သည်၊ သမာဓိသည် အလယ်ဖြစ်သည်၊ ပညာသည် အဆုံးဖြစ်သည်။

နိဗ္ဗာန်ချမ်းသာကိုအလိုရှိကြသောပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်မဂ်-ဖိုလ်ဆိုက်ရောက်ရာသီလမှစ၍ ဖြည့်ကျင့်ရသည်၊ သီလမပြည့်စုံပါဘဲလျက် သမာဓိ၊ ပညာစခန်းသို့မရောက်နိုင်ပါ။ သီလ၊ သမာဓိ၊ ပညာသုံးပါးမပြည့်စုံလျှင်လည်း နိဗ္ဗာန်မရောက်နိုင်ပါ။

ထို့ကြောင့် သံသရာဝဲဂယက်မှခွဲထွက်လိုကြသောပုဂ္ဂိုလ်တို့သည် လူ့ဘဝရခိုက်၊ သာသနာတော်နှင့်ကြုံခိုက်ဝယ် ယုတ်မာမှုအညစ်အကြေးတရားတို့ကိုပယ်စွန့်နိုင်ပြီး သီလ၊ သမာဓိ၊ ပညာတို့ကိုညီမျှစွာရရှိအောင်ကြိုးစားကြရပါမည်။

**တစ်ကမ္ဘာလုံး အာရုံနှင့်စိတ်သာရှိသည်**

- မပူနဲ့ အေးအေးထား၊ အေးအေးထားမှ မေတ္တာပြည့်ဝမယ်
- လောကဓံမကြောက်နဲ့ ရဲရဲထား၊ ရဲရဲထားမှ သီလပြည့်ဝမယ်
- မလွန်နဲ့ တည့်တည့်ထား၊ တည့်တည့်ထားမှအကျင့်ကောင်းမယ်



- မနုနဲ့ ရင့်ရင့်ထား၊ ရင့်ရင့်ထားမှ ကိလေသာမှလွတ်မယ်
- မယုတ်နဲ့ မြတ်မြတ်ထား၊ မြတ်မြတ်ထားမှ နိဗ္ဗာန်သို့ရောက်မယ်
- မကောက်နဲ့ ဖြောင့်ဖြောင့်ထား၊ ဖြောင့်ဖြောင့်ထားမှ အရိယာဖြစ်မယ်

အရိယာနွယ်ဝင်၊ ဝိပဿနာကျင့်စဉ်က-

- ရှေ့ဖြစ်-နောက်ဖြစ်ကိုမစွဲရဘူး။
- ကြည့်နိုင်တိုင်းလည်းမကြည့်ရဘူး။
- နားထောင်နိုင်တိုင်းလည်း နားမထောင်ရဘူး။
- ရှူရှိုက်နိုင်တိုင်းလည်း မရှူရှိုက်ရဘူး။
- ပြောနိုင်တိုင်းလည်း မပြောရဘူး
- စားနိုင်တိုင်းလည်း မစားရဘူး။
- လုပ်နိုင်တိုင်းလည်း မလုပ်ရဘူး။
- ထိနိုင်တိုင်းလည်း မထိရဘူး။
- ကြံနိုင်တိုင်းလည်း မကြံရဘူး။

(အာရုံနောက်ကိုမလိုက်ရဘူး)

- အရင့်ကိုသာကပ်ရှုပါ

www.burmeseclassic.com

www.burmeseclassic.com



- အာရုံငါးပါး၊ အာရုံခြောက်ပါးခန္ဓာကိုယ်မှာရှိပြီးသား ဖြစ်တယ်
- တစ်ခြားအာရုံများ၊ အပြင်အာရုံများကိုရှာစရာမလိုပါ
- အာရုံဒွါရ တရစပ်တိုက်တွေ့နေတဲ့သဘောကိုရှုရ ပါမယ်
- (စိတ်မှာပေါ်တာသည် အာရုံ၊ အာရုံကိုသိတာသည် စိတ်)
- အာရုံလောက၊ သဘောလောက၊ အဖျက်လောက မြင်အောင်ရှုပါ
- အစွဲမထားနဲ့၊ အနတ္တတရားသာဖြစ်တယ်
- ရှေ့ကိုမရောက်၊ နောက်ကိုမငြိ၊ ခုမြင် ခုသိ၊ ခုကြား၊ ခုသိ၊ ခုနံ ခုသိ၊ ခုကြံ့ ခုသိ

သတိအလုပ်ဖြင့် နိရောဓသစ္စာဆိုက်သည်အထိ ပြီး ပြည့်စုံအောင် ခိုင်ခိုင်ခံ့ခံ့လေးလေးနက်နက် မြင့်မြင့်မြတ်မြတ် အေးအေးငြိမ်းငြိမ်း ကျောက်ထီးတန္ဘ သာသနာပြုနိုင်စေ. . .။

(နဝမတင်ဂီတာရမဟာထေရ်)



## ဝန်းဝင်အရေးကြီးပါသည်

မရဏာသန္နဝီထိဇောအရေးကြီးတယ်
မိဿကလျှော်ထုပ်ကြီးကို ထမ်းမဝင်နဲ့၊ ရွက်မဝင်နဲ့
လောဘကျင်ကြီးထုပ်ကို ထမ်းမဝင်နဲ့
ဒေါသမီးတုတ်ကြီး၊ မောဟအိုးမဲကြီးကိုထမ်းမဝင်နဲ့
သေကာနီး အလောဘဒါနထုပ် အဒေါသမေတ္တာထုပ်
အမောဟ ပညာထုပ်၊ ရတနာထုပ်ကြီးတွေကိုထမ်းဝင်
ရွက်နိုင်အောင်လုပ်
သေတာလက်ချည်းဘဲ၊ ကုသိုလ်ဆွေမျိုးပဲ အားကိုးရမယ်
လူဆွေမျိုးကကျန်ရစ်ခဲ့မယ်၊ ဘာမျှမဆိုင်တော့ဘူး
ဖုတ်လိုက်ဖုတ်လိုက်နဲ့ ပြဿနာတွေချည်းဘဲ
အာရုံနှင့်စိတ်ကိုသိမ်းဆည်း
တစ်အာရုံ တစ်စိတ်ဖြစ်အောင်မြင်အောင်ရှု
အဲဒါမှ အာရုံသုည စိတ်သုညရမယ်
တစ်စိပ်ကို တစ်အိတ်မလုပ်နဲ့
အပ်နဲ့ထွင်းရမှာ ပေါက်ဆိန်နဲ့မပေါက်နဲ့
အနာရောက်ရာ ဆေးကုရာဘဲ
အစွဲမထားနဲ့ ပေါ်ဆဲတရားကိုသာရှုပါ
ဝင်လေထွက်လေနှင့်မကင်းနိုင်သောကာယ

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်နှင့်မကင်းနိုင်သောဝေဒနာ

အာရုံနှင့်မကင်းနိုင်သောစိတ်

သဘောနှင့်မကင်းနိုင်သောမမွှသတိပဋ္ဌာန်

မှန်အောင်ရှု

(ဆင်းရဲတာစွဲလို့ ချမ်းသာချင်မစွဲနဲ့)

ဆင်းရဲတာက ဒုက္ခသစ္စာ

စွဲတာက သမုဒယသစ္စာ

ချမ်းသာတာက နိရောဓသစ္စာ

ပွားတာက မဂ္ဂသစ္စာ

ပယ်-သိ-ပွား-ဆိုက် သစ္စာလေးချက်

[illegible]ခက် မဂ်ကိုစွပြီးကြပါစေ . . .

## အေးတရားအချုပ်

| အလောဘ | အဒေါသ | အမောဟ |
|---|---|---|
| ဆင်းရဲတာစွဲလို့ | ဆင်းရဲတာကြွမ်းလို့ | ဆင်းရဲတာမိုက်လို့ |
| ချမ်းသာချင်မစွဲနှင့် | ချမ်းသာချင်မကြွမ်းနှင့် | ချမ်းသာချင်မမိုက်နှင့် |
| လောဘရှောင် | ဒေါသရှောင် | မောဟရှောင် |
| ရေဘေးလွတ် | မီးဘေးလွတ် | လေဘေးလွတ် |
| ဒုဗ္ဘိက္ခန္တရကပ်လွတ် | သတ္ထန္တရကပ်လွတ် | ရောဂန္တရကပ်လွတ် |



### သဒ္ဓါ

သဒ္ဓါစိမ်းရှင်၊ မျက်နှာရွှင်၏

သဒ္ဓါမြေသား လောဘတိုက်စား၏

သဒ္ဓါခြောက်ခန်း၊ မျက်နှာန္တမ်း၏

သဒ္ဓါကိန်းမှ ချမ်းသာရ၏

လောဘမှုလေ သံသရာရှည်၏

လောဘငြိမ်းမှ မင်္ဂရေရ၏

လောဘစိမ်းစို ခန္ဓာပို၏

လောဘခြောက်ခမ်း၊ ခန္ဓာကျွမ်း၏

လောဘမြေသား ဥာဏ်တိုက်စား၏

လောဘစေစား၊ အပါယ်လား၏

လောဘပယ်ထား၊ နိဗ္ဗာန်သွား၏

### မေတ္တာ

မေတ္တာစိမ်းစို မျက်နှာချို၏

မေတ္တာမြေသား ဒေါတိုက်စား၏

မေတ္တာခြောက်ခမ်း မျက်နှာကြမ်း၏

မေတ္တာကိန်းမှ လွှန်အေးမြ၏

ဒေါသအကျိုး သံသရာဆိုး၏

www.burmeseclassic.com

www.burmeseclassic.com



ဒေါသငြိမ်းမှ မင်္ဂလာရေရ၏
ဒေါသစိမ်းစို ခန္ဓာပို၏
ဒေါသခြောက်ခမ်း ခန္ဓာကျွမ်း၏
ဒေါသမြေသား ဉာဏ်တိုက်စား၏
ဒေါသစေစား အပါယ်လား၏
ဒေါသပယ်ထား နိဗ္ဗာန်သွား၏

<u>ပညာ</u>

ပညာစိမ့်စမ်း မျက်နှာလန်း၏
ပညာမြေသား မောဟတိုက်စား၏
ပညာခြောက်ခမ်း မျက်နှာအမ်း၏
ပညာကိန်းမှ နိဗ္ဗာန်ရ၏
မောဟမှုသည် သံသရာလည်၏
မောဟငြိမ်းမှ မင်္ဂလာရေရ၏
မောဟစိမ်းစို ခန္ဓာပို၏
မောဟခြောက်ခမ်း ခန္ဓာကျွမ်း၏
မောဟမြေသား ဉာဏ်တိုက်စား၏
မောဟစေစား အပါယ်လား၏
မောဟပယ်ထား နိဗ္ဗာန်သွား၏

ကမ္မဋ္ဌာန်းစိတ် နာနာနှိပ် ဟိတ်ကောင်းမှန်စေသော် . . ။



## အသေမြတ်ရန် စိတ်ကိုအပြစ်ကင်းအောင်နေပါ

သေမည်ကိုမုချသိသည်၊ သေသောအခါ အသေမြတ်ရန်လိုပါသည်၊ အသေမြတ်ဖို့အတွက် အပြစ်ကင်းအောင်နေရန် လိုအပ်ပါသည်။

ဗုဒ္ဓက အသေမြတ်ရန်-

- မကောင်းမှုမှန်သမျှမလုပ်နှင့်
- ကုသိုလ်မှန်သမျှပြုလုပ်ပါ
- စိတ်ကိုဖြူစင်အောင်ထားပါ

ဟူ၍ ဆုံးမလမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ထိုသို့ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထားနိုင်ရန်အတွက်-

- ကာမဂုဏ်ခေါ် အာရုံငါးမျိုးတွင် တစ်မျိုးမျိုးနှင့်တွေ့ကြုံမိသောအခါ လိုချင်တပ်မက်လာသောသဘောမျိုးကင်း၍ ကုသိုလ်ရရန်အခြေခံသဘောအလောဘစိတ်ထားမျိုး
- ပျက်စီးစေလိုသောသဘောမျိုးကင်း၍ ကုသိုလ်ဖြစ်ဖို့ အခြေခံသောအဒေါသစိတ်ထားမျိုး
- ဓမ္မသဘာဝကိုအမှန်အတိုင်းသိမြင်၍ ကုသိုလ်ဖြစ်ကြောင်း အသိပညာဖြစ်သော အမောဟစိတ်ထားမျိုး

www.burmeseclassic.com

www.burmeseclassic.com



- မကောင်းမှုဒုစရိုက်တရားများပြုရမည်ကို ရှက်ကြောက်သော အဟိရိကအနေဩတ္တပ္ပစိတ်ထားမျိုး
- သူတစ်ပါးအပေါ်၌ မနာလိုဝန်တိုမှုရှိသော ဣဿာတရားကင်းသောစိတ်ထားမျိုး
- ဝန်တိုသောမစ္ဆရိယစိတ်ကင်းသောစိတ်မျိုး
- ငါတည်းဟူသော မာန်မာနကင်းသောစိတ်မျိုး
- နောင်တတစ်ဖန် ပူပန်မှုမရှိသောစိတ်မျိုး

ဤစိတ်ထားသဘောမျိုးများနှင့်ပြည့်စုံအောင်နေခြင်းသည် အပြစ်ကင်းသောနေခြင်းမျိုးဖြစ်သည်။

အချုပ်ဆိုရသော် မိမိ၏စိတ်နေစိတ်ထားကို အချိန်ရှိခိုက် သမ္မအကဲခတ်၍ အကုသိုလ်ဖြစ်အောင်မနေဘဲ ကုသိုလ်ဖြစ်အောင် ပြုပြင်၍နေခြင်းသည် အပြစ်ကင်းလွတ်သောနေခြင်းမျိုးဖြစ်ပါသည်။

ထိုကဲ့သို့ စိတ်ဓာတ်ကောင်းများမွေးထားသူအဖို့ သေဆုံးရာတွင် အသေမြတ်ဖို့များပါသည်။

အသေမြတ်ဖို့ဆိုသည်မှာ မိမိသေရတော့မည့်အချိန်မှာ မိမိအပြစ်ကင်းအောင်နေခဲ့ပုံကိုသတိရ၍ ဇောစိတ်အစဉ်ကြည်လင်သန့်ရှင်းစွာသေရသည်ကိုဆိုလိုပါသည်၊ စိတ်ကြည်လင်စွာဖြင့်သေရသူ၏ရောက်ရမည့်သူ၏ဘဝသည် သုဂတိဘဝသာဖြစ်



ပါမည်၊ ထိုသုဂတိဘုံဘဝသို့ရောက်ရှိပြီး ချမ်းသာစွာနေရသည်ကိုပင် အသေမြတ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

အမှန်သေခြင်းသည် ရထားပြီးသောဘဝတစ်ခုဆုံးရှုံးသွားခြင်းဖြစ်၍မြတ်သည်၊ ကောင်းသည်ဟုမဆိုထိုက်ပါ၊ ဗုဒ္ဓကမ္မစကြာတရားတော်၌ မရဏမ္ပိဒုက္ခံ=သေခြင်းသည် ဆင်းရဲဖြစ်သည် ဟုဟောထားခဲ့ပါသည်။

လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အားလုံး ဘဝတစ်ခုနိဂုံးချုပ်ကာနီးအချိန်ဝယ် စိတ်အစဉ်ကြည်လင်နေဖို့ အထူးလိုအပ်လှပါသည်။

သတ္တဝါတို့၏စိတ်အစဉ်သည် မိမိပြုလုပ်ခဲ့သောအလုပ်ကိုစွဲ၊ အလုပ်ကိုစွဲနှင့်ပတ်သက်သောအာရုံတစ်မျိုးမျိုး၌ အာရုံရောက်နေလေ့ရှိပါသည်၊ ယင်းကို အာရုံပြုနေသည်၊ စွဲလမ်းနေသည် ဟုဆိုပါသည်။

စိတ်စွဲနေရာအာရုံသည် အပြစ်ကင်းသောအာရုံမျိုးဖြစ်မှ စိတ်အစဉ်ကြည်လင်၍ အပြစ်မကင်းသောအာရုံမျိုးဖြစ်နေပါက စိတ်အစဉ်နောက်ကျနေတတ်ပါသည်။

စိတ်ကြည်လင်ခိုက်နှင့် နောက်ကျနေခိုက်မှာ ခံစားချက်အားဖြင့်လည်းကောင်း၊ ရုန်းကန်လှုပ်ရှားမှုအားဖြင့်လည်းကောင်း၊ နေထိုင်ရတာအားဖြင့်လည်းကောင်း၊ ကွာခြားချက်နှိုင်းယှဉ်ကြည့်ပါက အလွယ်တကူသိသာနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြည်လင်မှုသည် အပြစ်ကင်းအောင်နေတတ်မှု၏ ရလာဒ်ဖြစ်သည်။

ထို့ကြောင့် ကောင်းသောခံစားချက် ကောင်းသောလုပ်ရှားမှုကောင်းစွာနေရမှုတို့ကို ရယူလိုလျှင် အပြစ်ကင်းအောင် နေတတ်ဖို့အထူးလေ့ကျင့်ရပါမည်။

အလေ့အကျင့်ဟူသော မြန်မာစကားကို ပါဠိဘာသာက သီလ+ဝတ ဟု ဆိုပါသည်၊ ထိုအလေ့အကျင့်သည် ကောင်း-မကောင်းနှစ်မျိုးရှိပါသည်၊ မကောင်းသောအကျင့်ကိုဖျောက်ရမည်၊ ပျောက်အောင် ဖျောက်ခြင်းသည်ပင် ပယ်စွန့်ခြင်းဖြစ်သည်၊ ပယ်စွန့်ခြင်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်သောစွမ်းအားကို သမ္မပ္ပဓာန်ဝီရိယ ဟုခေါ်ပါသည်။

သမ္မပ္ပဓာန်ဝီရိယသည် ကျင့်စဉ်မှန်သော အားထုတ်မှုဖြစ်သဖြင့် မဂ်-ဖိုလ်ဆိုက်ရောက်သည်အထိ ပို့ဆောင်နိုင်သော အကျင့်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် အကျင့်ဆိုး-အကျင့်ယုတ် အထုံဝါသနာနေရာ၌ အလေ့အကျင့်ကောင်းကိုအစားထိုးပြီး စုဆောင်းပျိုးထောင်ရန် လိုအပ်လှပါသည်။

အကျင့်ကောင်းများစုဆောင်းမှုတိုးပွားလာအောင် ပြုပြင်ခြင်း၊ ကျင့်သုံးခြင်းကို ဘာဝနာကုသိုလ် ဟုဆိုပါသည်။



အကျင့်ကောင်းကိုကျင့်ဖို့ စိတ်ရောက်နေခြင်းသည်ပင် ကုသိုလ်ဖြစ်၍နေပါပြီ၊ ထိုအချိန်၌ လောဘ၊ ဒေါသ၊ မောဟ တရားတွေ ကင်းပျောက်နေပါပြီ။

ကုသိုလ်နှင့်အကုသိုလ်ဟူသည် တပြိုင်နက်တည်းဒွန်တွဲ၍ ဖြစ်လေ့ဖြစ်ထမရှိကြပါ၊ ပေးလှူမှ၊ သီလဆောက်တည်နေမှ၊ တရားရှုမှတ်နေမှ ကုသိုလ်ရနေသည်မဟုတ်ပါ၊ မလှူမီကတည်းက လှူမည်၊ သီလယူမည်၊ ဘာဝနာဆောက်တည်မည် ဟု စိတ်ကူးရုံကတည်းက အပြစ်ကင်းသောစိတ်အစဉ် ထပ်တလဲလဲဖြစ်နေသဖြင့် ကုသိုလ်တွေပွားနေပါသည်။

ကုသိုလ်ရအောင် အလေ့အကျင့်ကောင်းနှင့်နေတတ်ဖို့ ဆိုသည်မှာ အလွန်ခက်ခဲသောအလုပ်မျိုးမဟုတ်ပါ၊ ကြောက်ရွံ့စရာ၊ နောက်တွန့်စရာအလုပ်မျိုးလည်းမဟုတ်ပါ၊ စိတ်ထားဖြောင့်မှန်ဖို့ နှလုံးသွင်းမှန်ဖို့သာအရေးကြီးလှပါသည်။

ဂေါတမဗုဒ္ဓပွင့်စဉ်အချိန်ကာလက လူတို့၏သက်တမ်းသည် နှစ်(၁၀၀)တန်းဖြစ်ပါသည်၊ ထိုခေတ်ကလူတို့သည် ရာပြည့်အောင်လည်း အသက်ရှည်စွာနေနိုင်ကြသည်၊ နှစ်အနည်းငယ်ကျော်၍လည်းနေနိုင်ကြသည်၊ နှစ်(၂၀၀)အထိမူ အသက်ရှည်ရှိုးထုံးစံမရှိပါ။

လူ့သက်တမ်းသဘာဝသည် အနှစ်(၁၀၀)ပြည့်လျှင် (၁) နှစ်ဆုတ်ယုတ်သောသဘောရှိနေ၍ ယခု ဂေါတမဘုရား ပရိ

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်စံဝင်သည်မှာ နှစ်(၂၅၄၈)ခုရှိနေပြီဖြစ်၍ လူ့သက်တမ်း(၂၅)နှစ်ဆုတ်ယုတ်သွား၍(၇၅)နှစ်သက်တမ်းမျှပင်ရှိတော့သည်။

အသက်(၅၀)ရှိသူအဖို့ နေနိုင်ရန်အသက်သည်(၂၅)နှစ်သာရှိတော့ပါမည်၊ အသက်(၆၀)ရှိသူမှာ (၁၅)နှစ်သာကျန်မည်။

ဤသို့လျှင် ရောက်နေသာအသက်နှင့်ကျန်နေရမည့်အသက်ကိုနှိုင်းယှဉ်ကြည့်၍ မိမိဘဝကိုစိတ်ကောင်းရရန် ဆင်ခြင်သင့်ပါသည်။

ထိုအခါ အမြင်မှန်ရသူအတွက် ငါတော့ ဘဝပြောင်းဖို့နီးနေပြီ၊ နောင်ဘဝအတွက် ဘာတွေယူသွားနိုင်သလဲ၊ ဆွေမျိုးဉစ္စာပစ္စည်းတွေခေါ်သွားနိုင်သလား-ယူသွားနိုင်သလား ငါ့နောက်အရိပ်အမာလိုက်မည့်အရာတွေက ဘာလဲ၊ ငါနှင့်အတူပါမည့်အကျင့်ကောင်း ဒါန၊ သီလ၊ ဘာဝနာတွေစုထားတာ ဘာရှိသလဲ။

ဤသို့ စသည်ဖြင့် အသိမှန်ဉာဏ်မှန်ပေါ်လာနိုင်ပါမည်၊ ဤဉာဏ်မျိုးပေါ်လာလျှင် အကျင့်ကောင်း၌ စိတ်ကောင်းရောက်ရှိလာပါလိမ့်မည်၊ ဤစိတ်သည်ကား အဖိုးတန်လှပါသည်။

ဤအဖိုးတန်သောစိတ်က အကျင့်ကောင်းကိုပြုကျင့်ရန်နှိုးဆော်တိုက်တွန်းပါလိမ့်မည်။

အသက်အရွယ်အလိုက် လူ့ဘဝမှာနေရန်ကျန်နေသောအချိန်၌ အလေ့အကျင့်ကောင်းများပြုရန် ပိတ်ထားသောတံခါးများပွင့်လာပါမည်၊ ထိုတံခါးဝမှဝင်သွားလျှင် ရှေ့တွင် မိမိရောက်



ရမည့်နေရာကောင်းကိုတွေ့ရန် သေချာနေပါသည်၊ အလေ့အကျင့်ကောင်းများဖြင့်သာ ထိုနေရာဆီသို့ရောက်နိုင်ပါသည်။

-ငွေကြေးပိုက်ဆံပေး၍လည်းမရောက်နိုင်ပါ။

-ဆွေမျိုးဉာတကာမိတ်ဆွေ၊ သားသမီးကလည်းလိုက်ပို့ပေး၍မရပါ။

-သိပ္ပံပညာစွမ်းအားဖြင့်ပြုထားသောယာဉ်ဖြင့်လည်းပို့ရန်မဖြစ်နိုင်ပါ။

အကျင့်ကောင်းဖြင့်သာရောက်နိုင်ပါသည်၊ ထိုနေရာသည်ကား နတ်ရွာသုဂတိနှင့်နိဗ္ဗာန်သာ ဖြစ်ပါသည်။

သုဂတိဟူသည် မင်္ဂိုသန္ဓေမျိုးစေ့မကုန်ကြသေးသောပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များ၏ရောက်ရာဘဝကောင်းဖြစ်ပါသည်။

ပဋိသန္ဓေမျိုးစေ့ကုံ အကြွင်းမဲ့ပယ်သတ်ပြီးသော **ရဟန္တာ**များသည်ကား ငြိမ်းအေးခြင်းနိဗ္ဗာန်သို့ဆိုက်ရောက်ရရှိ**တော့မည်**သာဖြစ်သည်။

လက်ရှိဘဝကိုမျက်စိမှိတ်ရတော့မည့်အချိန်ကား မဝေးတော့ပြီ၊ သေမင်းကအလေ့အကျင့်ကောင်း စုဆောင်းဖို့ပေး**ထား**သောအချိန်ကို တိရစ္ဆာန်များကဲ့သို့ မေ့မေ့လျော့လျော့နေ**သင့်ပါ**သလော၊ မိမိဘဝအဆက်ကောင်းအောင် အလေ့**အကျင့်ကောင်း**များဖြစ်ကြသော ဒါန၊ သီလ၊ ဘာဝနာတို့ကိုစုဆောင်းရမည့်**အချိန်ရောက်နေပေပြီ**။

www.burmeseclassic.com

www.burmeseclassic.com



" အလေ့အကျင့်ကောင်း၊ ပြုပြင်ပြောင်း၊ စုဆောင်းရမည်သာ
ကုသိုလ်ရှိမှ သုခ ၊ ဘဝသံသရာ၊ လွန်ချမ်းသာ
တိရစ္ဆာန်အသွင် သေခဲ့လျှင် အစ်ဥ်ဆင်းရဲမှာ "

## သေပြီးနောက် သုဂတိရောက်လိုသော်

ပဋိသန္ဓေနေပြီးနောက် ခန္ဓာအသစ်ရရှိလာသောသတ္တဝါသည် နေ့ရက်အချိန်စေ့သောအခါ မိခင်ဝမ်းမှမွေးဖွားလာရသည်၊ ထိုသတ္တဝါတို့သည် မွေးဖွားပြီးနောက် တစ်နေ့နေ့သေရဦးမည် အမှန်ဖြစ်သည်၊ သေရမည့်ရက်၊ အချိန်၊ ရောဂါ၊ နေရာတို့ကို မသိကြ၍သာ ပျော်နေကြသည်။

သတ္တဝါမှန်သမျှ ရရှိထားသောဘဝတွင် ကိုယ့်အတိုင်း အတာနှင့်ကိုယ်ပျော်နေကြသည်၊ စွဲလမ်းနေကြသည်၊ မိမိတို့၏ အသက်အိုးအိမ်၊ စည်းစိမ်ချမ်းသာအန္တရာယ်မကျရောက်ရလေအောင် ကာကွယ်စောင့်ရှောက်ကြသည်၊ ထိန်းသိမ်းကြသည်၊ အသက်ခန္ဓာရရှိလာသူမှန်သမျှ မိမိအသက်သေမှာကို လွန်စွာစိုးရိမ်ကြသည်။

သို့ဖြစ်၍ ဘဝမှာပျော်ကြသည်၊ စွဲလမ်းကြသည်၊ ဘဝသံသရာသည်ရှည်လျားသည်၊ ဆုံလည်များကဲ့သို့ ထပ်ပြန်တလဲလဲ သေလိုက်မွေးလိုက်ဖြစ်နေသည်။



ထိုသို့တစ်ဘဝမှ တစ်ဘဝသို့ကူးပြောင်းပြီး သံသရာလည်နေရာ၌ ဘဝကူးကောင်းရန်အရေးကြီးဆုံးအချက်မှာ သေကာနီးတွင် ဘဝကူးကောင်းပြီး သုဂတိဘုံဘဝသို့ရောက်ကြရန်သာ လူသားတိုင်း ဘာသာဝင်တိုင်းလိုလားကြသောဆန္ဒဖြစ်ပါသည်။

ထိုသို့ သံသရာတစ်လျှောက် ကျင်လည်ရာဝယ် သေပြီးနောက်တိုင်း သုဂတိဘဝသို့ရောက်ကြစေရန်အတွက် အသိသမ္ပဇဉ်သတိယှဉ်ပြီး ကျန်းကျန်းမာမာရှိစဉ်ကပင် အချိန်ယူ၍-

၁။ ဒါန -ပေးကမ်းစွန့်ကြလှူဒါန်းခြင်း
၂။ သီလ -ငါးပါးသီလ၊ ရှစ်ပါးသီလဆောက်တည်ခြင်း
၃။ ဘာဝနာ -သမထဝိပဿနာတို့ကိုအချိန်ရသရွေ့ပွားများခြင်း
၄။ အပစာယန -ကြီးသူတို့ကို ဂါရဝနိဝါတတရားဖြင့်ရှိသေခြင်း
၅။ ဝေယျာဝစ္စ -ကုသိုလ်ဝေယျာဝစ္စအလှူတို့ကိုဆောင်ရွက်ပေးခြင်း
၆။ ပတ္တိဒါန -မိမိကအလှူပြုသောအခါ အမျှပေးဝေခြင်း
၇။ ပတ္တာနုမောဒန-သူတစ်ပါးအလှူပြု၍အမျှဝေသည်ကို သာဓုခေါ်ခြင်း
၈။ ဓမ္မသဝန -အချိန်ရသရွေ့တရားနာခြင်း
၉။ ဓမ္မဒေသနာ -မိမိသိသမျှတရားကိုပြောပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဒိဋ္ဌိဇုကမ္မ -မှန်ကန်သောယုံကြည်ချက်ရှိခြင်း ဟူသော ပုညကြိယာဝတ္ထုကောင်းမှုတို့ကို အာစိဏ္ဏကံ (ဆည်းပူး စုဆောင်းခြင်း)ကို ပြုလုပ်ကြရပါမည်။

ဤလောကရှိ သတ္တဝါမှန်သမျှတို့သည် အကုသိုလ်အရာ ၌ အလွန်အမြတ်ကြီးလေးသော အမိသတ်၊ အဖသတ်ဟူသော ပဉ္စာနန္တရိယကံ၊ ကုသိုလ်အရာ၌ ရူပ-အရူပဈာန်ဟူသော **ကုသိုလ် ကံ**ဟူသောကြီးလေးသော(ဂရုကံ)များ ရှိနေပါက **သေလွန်သော်** ထိုကံများအရ မုချဆတ်ဆတ်-

- ပဉ္စာနန္တရိယကံသည် အဝီစိငရဲသို့သွားပါမည်
- ရူပ-အရူပဈာန်သည် ဗြဟ္မာပြည်များသို့သွားပါမည်

ထို**ကြီးလေးသော** (ဂရုကံ)မရှိပါက သာမန်လူများအဖို့ အမြဲဆည်းပူးထားသော **အာစိဏ္ဏကံ**နှင့်သေကာနီးမှအရေးပေါ် ပြုလိုက်ရသော အာသန္နကံကုသိုလ်ဇောများက အကျိုးပေးပါ လိမ့်မည်။

ပုဂ္ဂိုလ်သတ္တဝါတို့သည် အာစိဏ္ဏကံကို အမြဲတစေဆည်း ပူးရမည်၊ လောကဥပမာကြည့်လျှင် အရှေ့ဘက်သို့ကိုင်းညွှတ်နေ သောသစ်ပင်ကိုခုတ်လှဲလိုက်ပါက ထိုသစ်ပင်သည် အရှေ့ဘက် သို့သာ သေချာပေါက်လဲကျမည်သာဖြစ်သည်။

အလားတူ ကုသိုလ်**အာစိဏ္ဏကံအမြဲထုံမွှမ်းနေသူမှာ** သေကာနီးအချိန်တွင်လည်း **ကုသိုလ်စိတ်ဇော**များကဖြစ်ဖို့များပါ



သည်၊ သေကာနီးအချိန်ကာလတွင် ကြားဖြတ်အကုသိုလ်ကံများ ဝင်မလာနိုင်စေရန် မိသားစုက ကြိုတင်ပြင်ဆင်၍ သေခြင်းတရား ကိုရင်ဆိုင်ကြရမည်ဖြစ်ပါသည်။

သေကာနီးကာလဝယ် သားစွဲ၊ မယားစွဲ၊ လင်စွဲ၊ ဥစ္စာစွဲ မဖြစ်စေရန်နှင့် မိသားစုတွေငိုသံ၊ ကလေးငိုသံ၊ ဝက်အော်သံ၊ ခွေးအော်သံ စသည့်အာရုံနိမိတ်အစွဲများမကြားစေရဘဲ ဘုရား ရှိခိုးသံ၊ မေတ္တာဘာဝနာပွားသံ၊ တရားသံများကြားပြီး သေသွား နိုင်ရန် စီမံထားရပါမည်။

ထို့ကြောင့် သေပြီးနောက် သုဂတိဘဝသို့ရောက်လိုသော သူတိုင်းသည် ကုသိုလ်အာစိဏ္ဏကံကိုဆည်းပူးထားကြ၍ သေကာ နီးတွင် လွဲမှားသောစွဲလမ်းမှုနှင့်စိတ်အနှောင့်အယှက်ဖြစ်စေသော အပြောအဆို အပြုအမူများ အသံများမဖြစ်ပေါ်စေရန် မိတ်ဆွေ သားချင်းများက ပြုစုစီမံပေးသင့်ပါသည်။

ထိုကဲ့သို့ပြုလုပ်ပါက သေသော် သုဂတိဘုံဘဝသို့ သံသ ရာအဆက်ဆက်ကျင်လည်ကြရပြီး နောက်ဆုံး မဂ်ပေါက်ဖိုလ် ဝင်ဖြစ်ပြီး ဆွမ်းစားသောနိဗ္ဗာနဓာတ်ကိုရရှိခံစားကြရမည်သာ ဖြစ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## မီး(၁၁)ဖြာလောင်မှု မဂ္ဂင်ရေနှင့်သေးကြောမြူပါ

အမာတွင်စိန်ကျောက်
အမောက်တွင် မြင့်မိုရ်
အပျို့တွင် ကုမ္မာရီ
အဆီတွင် ခြသေ့်
အကွေ့တွင် ဝင်္ဂဘာ
အသာတွင် လဝန်း
အထွန်းတွင် နေသူရိန်
အလိန်တွင် နဂါးပတ်
အမြွတ်တွင် ဘုရား
အမှားတွင် ဒိဋ္ဌိ
အငြိတွင် သံယောဇဉ်
အပူတွင် ကိလေမီး။

ဟူသောဆိုရိုးစကားရှိရာတွင် အပူတစ်ကာ့အပူထဲတွင် သတ္တဝါတို့အတွက် ကိလေသာအပူမီးသည် ကမ္ဘာမီးလောင်တာထက်ပင် ပြင်းထန်ပါသည်၊ သတ္တဝါများကို ကိလေသာမီးက အမြဲလောင်နေပါသည်။

ထိုမီးများသည် မျက်စိမြင်ရာမှာလည်းကောင်း၊ နားကြားရာမှာလည်းကောင်း၊ နှာခေါင်းနံနေရာမှာလည်းကောင်း၊ လျှာ



အရသာခံစားရမှာလည်းကောင်း၊ ခန္ဓာကိုယ်အတွေ့မှာလည်းကောင်း၊ စိတ်ကူးအကြံအစည်မှာလည်းကောင်း လောင်နေပါသည်။

မျက်စိက ရုပ်ပါရုံအဆင်းကိုမြင်သော် လောဘကိလေသာမီးတွေလောင်ပါသည်။

ကိုယ်မနှစ်သက်သောအာရုံများကိုတွေ့သော် မျက်စိကနေ ဒေါသမီးတွေလောင်ပါသည်။

ရုပ်နာမ်အသိတရားမသိလျှင် မောဟမီးလောင်ပါသည်။

ထိုမီးများကိုရေဖြင့်ငြိမ်း၍မရပါ၊ မဂ္ဂင်ရေဖြင့်ငြိမ်းမှသာ ရနိုင်ပါသည်၊ မဂ္ဂင်ရေနှင့် မည်သို့ငြိမ်းမည်နည်း။

-မျက်စိကမြင်သောအခါ မြင်သည်ဟု ရှုမှတ်ရမည်
-နားကကြားသောအခါ ကြားသည်ဟု ရှုမှတ်ရမည်
-နှာခေါင်းကနံသောအခါ နံသည်ဟု ရှုမှတ်ရမည်
-လျှာကစားသောအခါ စားသည်ဟု ရှုမှတ်ရမည်
-ကိုယ်ကတွေ့ထိသောအခါ တွေ့ထိသည်ဟု ရှုမှတ်ရမည်
-စိတ်ကကြံစည်သောအခါ ကြံစည်သည်ဟု ရှုမှတ်ရမည်

ဤသို့ရှုမှတ်ခြင်းသည် ခန္ဓာကိုယ်မှာလောင်နေသောမီးကို မဂ္ဂင်ရေနှင့်ငြိမ်းစေခြင်းမည်ပါသည်။

ဤသို့ရှုမှတ်မှုသည်ပင် မဂ္ဂင်ငါးပါးကိုအလိုလို အေးထုတ်ပြီးဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



-မျက်စိကအဆင်းကိုမြင်၍ မြင်သည် ဟုရှုမှတ်တိုင်း ရှုမှတ်တိုင်း ကြောင့်ကြစိုက်မှု-အားထုတ်မှု လုံ့လဝီရိယ ပါနေ၍ သမ္မာဝါယမမဂ္ဂင်ဖြစ်နေပါသည်။

-မှတ်တိုင်း မှတ်တိုင်း ရှုမှတ်နေရသော အမှတ်သတိက သမ္မာသတိမဂ္ဂင်ဖြစ်နေပါသည်။

-အမြင်အာရုံပေါ်မှာ မှတ်စိတ်ကလေးတည်နေမှုသည် သမ္မာသမာဓိမဂ္ဂင်ဖြစ်နေပါသည်။

-အမြင်အာရုံပေါ်မှာ မှတ်စိတ်ကလေးရောက်အောင် ဆွဲတောင်တွန်းပို့ပေးတဲ့သဘောသည် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြစ်နေပါသည်။

ဥပမာ-ရွှေတိဂုံဘုရားမမြင်ဘူး၊ မဖူးဘူးသော တောသားတစ်ယောက်ကို မြို့သားသူငယ်ချင်းက ဟောဒါ ရွှေတိဂုံဘုရားဘဲ၊ အလွန်ကြည်ညိုစရာကောင်းတယ် လို့ပြောပြသဖြင့် တောသားစိတ်ကို ရွှေတိဂုံဘုရား အပေါ်၌စိတ်အာရုံရောက်အောင် ဆွဲဆောင်ပို့ပေး လိုက်သောသဘောမျိုးဖြစ်ပါသည်။

-သမ္မာသင်္ကပ္ပက မှတ်စရာအမြင်အာရုံလေးပေါ်ရောက် အောင်ဆွဲဆောင်ပို့ပေးလိုက်သောအခါ တောသား ရွှေတိဂုံဘုရားအစစ်အမှန်ကို ဖူးတွေ့မြင်တွေ့ရသကဲ့သို့ အမှန်အတိုင်းသိသွားမှုသည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပါသည်။



မျက်စိကလည်းရုပ်တရား၊ မြင်ရသော ရွှေတိဂုံဘုရား ကလည်း ရုပ်တရားဘဲလို့ သိနေမှုသည် သမ္မာဒိဋ္ဌိ မဂ္ဂင်ဖြစ်ပါသည်။

မျက်စိနှင့်အဆင်းအာရုံဆုံမိသောအခါ မြင်သိစိတ် (စက္ခုဝိညာဏ်စိတ်)ဖြစ်ပေါ်လာရပါသည်၊ ထိုမြင်သိစိတ်ကို ဘုရားသခင်က သိကြားမင်းကဖန်ဆင်း၍ ပေါ်လာသည်မဟုတ်ပါ။

-မျက်စိနှင့်အဆင်းအာရုံက - ရုပ်တရား

-မြင်သိစိတ်က - နာမ်တရား

-ရုပ်တရားနာမ်တရားကိုပိုင်းခြား၍- သမ္မာဒိဋ္ဌိမဂ္ဂင် သိသည်က

မျက်စိနှင့်အဆင်း ဆုံမိ၍သာ မြင်သိစိတ်ဖြစ်ပေါ်လာရပါသည်။

-မျက်စိနှင့်အဆင်းဆုံဆည်းမှုသည် -အကြောင်းတရား

-မြင်သိစိတ်ဖြစ်ပေါ်လာသည်က -အကျိုးတရား

-အကြောင်းအကျိုးဆက်စပ်၍ဖြစ် သည် ဟုသိမှုသည်က -သမ္မာဒိဋ္ဌိ

ကြောင်းကျိုးဆက်စပ်၍ဖြစ်ပေါ်လာရသော ရုပ်တရား နာမ်တရားများသည် ဘယ်ရုပ် ဘယ်နာမ်မှကြာရှည်စွာ မြဲမြဲ မနေကြပါ၊ ဤနေရာမှာဖြစ်၊ ဤနေရာမှာပျက်၊ ဟိုနေရာမှာဖြစ်၊ ဟိုနေရာမှာပျက်၊ ဖြစ်လိုက်-ပျက်လိုက်၊ ပေါ်လိုက်-ပျောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အနိစ္စသဘောဖြစ်မှု-ပျက်မှုက မပြတ်နှိပ်စက်နေ၍ ဒုက္ခသဘော၊ ဤရုပ်တရား နာမ်တရားများသည် ဖြစ်တော့လည်း သူ့သဘောအတိုင်းဖြစ်၊ ပျက်တော့လည်း သူ့သဘောအတိုင်း ပျက်နေကြသည်၊ မိမိအလိုကျမပါ မဖြစ်၊ မိမိမပိုင်၊ မိမိအစိုးမရ၊ အနတ္တသဘော ဤကဲ့သို့သော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမှန်ကို သမ္မာဒိဋ္ဌိကသိပါသည်။

ထို့ကြောင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးကို ပညာမဂ္ဂင်ဟူ၍ဆိုရပါသည်။

မြင်သည်-မြင်သည် ဟုရှုမှတ်လိုက်သောအခါတွင် သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော သမာဓိမဂ္ဂင်က(၃)မျိုး၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပဟူသော ပညာမဂ္ဂင်က(၂)မျိုး၊ စုစုပေါင်း မဂ္ဂင်(၅)မျိုးရနေပါသည်။

တရားရှုမှတ်မည့်ပုဂ္ဂိုလ်သည် ဦးစွာပထမ ငါးပါး၊ ရှစ်ပါး သီလဆောက်တည်ထားသဖြင့်-

"ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ၊ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ"

"ကိုယ်အမှု၊ နှုတ်အမှု၊ အသက်မွေးမှုတို့သည် မရှုမှတ်မီရှေ့အဖို့ကပင်လျှင် ကောင်းစွာစင်ကြယ်သည်ဖြစ်၏"

ဟုဟောထားသည့်အတိုင်း သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဟူသောသီလမဂ္ဂင်(၃)ပါးသည်ပါပြီးဖြစ်၍ တရားရှုမှတ်သဖြင့်



ထိုသီလမဂ္ဂင်သည်ပင်လျှင် ပို၍သန့်ရှင်းစင်ကြယ်သွားရပါသည်။

တရားရှုမှတ်လိုက်တိုင်း (ဝါ)မြင်သည်ဟု ရှုမှတ်လိုက်တိုင်း မဂ္ဂင်(၈)ပါး ပါဝင်နေပါသည်။

ထိုကဲ့သို့ မဂ္ဂင်ရှစ်ပါးအကျင့်တရားများကို ရှုမှတ်နေသည့်အတွက် အမြင်အာရုံနှင့်ပတ်သက်ပြီး လောဘ ဒေါသတရားများမဖြစ်တော့ပါ။

ထိုသို့ လောဘ၊ ဒေါသတရားတွေမဖြစ်အောင်-

-မြင်တိုင်း-မြင်တိုင်း မြင်သည်-မြင်သည် ဟုရှုမှတ်ပါ

-ကြားတိုင်း-ကြားတိုင်း ကြားသည်-ကြားသည်ဟု ရှုမှတ်ပါ

-နံတိုင်း-နံတိုင်း နံသည်-နံသည်ဟုရှုမှတ်ပါ

-စားတိုင်း-စားတိုင်း စားသည်-စားသည် ဟုရှုမှတ်ပါ

-တွေ့ထိတိုင်း-တွေ့ထိတိုင်း တွေ့ထိသည်-တွေ့ထိသည် ဟုရှုမှတ်ပါ

-ကြံစည်တိုင်း-ကြံစည်တိုင်း ကြံစည်သည်-ကြံစည်သည် ဟုရှုမှတ်ပါ

ထိုကဲ့သို့ရှုမှတ်နေပါလျှင် ရာဂမီး၊ ဒေါသမီးများငြိမ်းအေးပြီး မိမိတို့ဘဝသည်လည်း ပစ္စုပ္ပန်ဘဝတွင် အေးငြိမ်းမှုနိဗ္ဗာန်ကို ရပြီး ဘဝသံသရာလည်းပြတ်နိုင်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဤခန္ဓာကိုယ်ကြီးသည် မီး(၁၁)ပါးလောင်နေသည်၊ ထိုမီးများကိုငြိမ်းသတ်နိုင်ရန် မိမိတို့၏အလိုဆန္ဒများကို ချွေတာရပါမည်၊ ထိန်းသိမ်းရပါမည်။

- အဝတ်ကိုချွေချွေတာတာ
- အစားကိုချွေချွေတာတာ
- အသုံးကိုချွေချွေတာတာ
- အဖြုန်းကိုချွေချွေတာတာ
- အပျင်းကိုချွေချွေတာတာ
- အဖျင်းကိုချွေချွေတာတာ
- မတော်တရား အမော်အကြွားကိုချွေချွေတာတာ
- အပျော်အပါးကိုချွေချွေတာတာ
- အချစ်ကိုချွေချွေတာတာ
- အမုန်းကိုချွေချွေတာတာ
- အငေါက်ကိုချွေချွေတာတာ
- အခြောက်ကိုချွေချွေတာတာ
- အစောင်း အချိတ်ကိုချွေချွေတာတာ

ဤကဲ့သို့သောလောဘလွန်ကဲသူတွေ၊ ဒေါသလွန်ကဲမှုတွေမဖြစ်အောင် ချွေတာရမည်၊ ထိုသို့ချွေတာနိုင်အောင် သတိပဋ္ဌာန်ရှုမှတ်မှုရှိနေရပါမည်။



လောကသဘာဝတွင်-

- ချစ်လွန်းက နစ်မွန်းရမည်
- သိပ်ချစ်က စိတ်ညစ်ရမည်
- စွဲလမ်းက အသဲကျွမ်းတတ်ရသည်
- အမုန်းကြီးက အရှုံးကြီးရသည်
- အရှုံးကြီးက နှလုံးအသည်းကြွေရသည်

ထိုကဲ့သို့သော နစ်မွန်းမှု၊ စိတ်ညစ်မှု၊ အသဲကျွမ်းမှု၊ အရှုံးကြီးမှု၊ နှလုံးအသည်းကွဲမှုတွေမဖြစ်ရလေအောင် ရာဂ၊ ဒေါသ၊ မောဟစသောကိလေသာမီးလွန်ကဲမှုတွေကို ချွေတာထိန်းသိမ်းရပါမည်၊ ထိုသို့ထိန်းသိမ်းနိုင်အောင် မြင်၊ ကြားကိုရှုမှတ်ကာ သတိပဋ္ဌာန်တရားသည်သာလျှင် အားကိုးရာအစစ်ဖြစ်ပါမည်။

ဤကိုယ်ကာယ၊ တစ်လံမျှ၌
နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏
နာမ်ရုပ်နှစ်ပါး၊ အလွှတ်ထား၍
ဤကားလိပ်ပြာ၊ ဤကား ငါတည်း
ဤမာဇီဝ၊ ဤအတ္တဟု
ညွှန်းပြဖွယ်ရာ၊ မရှိပါတည်း
နှစ်ဖြာနာမ်ရုပ်မျှသာတည်း

www.burmeseclassic.com

www.burmeseclassic.com



နာမ်ရုပ်တရား ဤနှစ်ပါးကား
ရှည်ဝွာကာလ၊ မတည်ကြဘဲ
ခဏာဖြစ်လျက်၊ ခဏာပျက်၏
နှိပ်စက်ခြင်းရာ၊ လိုမပါဘူး
သဘာဝအား၊ ဤသုံးပါးကြောင့်
ဖြစ်ပြား အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်း။

"ယောဟိ ဗုဒ္ဓေသု ဓရန္တေသုပိ
စတ္တာရော သတိပဋ္ဌာနေ နဘာဝေတိ
တဿ သဒ္ဓမ္မော အန္တရဟိတော နာမဟောတိ "

"အကြင်သူသည် ဘုရားရှင်တို့ထင်ထင်ရှားရှားရှိနေသော်လည်း သတိပဋ္ဌာန်လေးပါးတရားကိုမပွားများ၊ ထိုသူအားသူတော်ကောင်းတရားသည် ကွယ်သည်မည်၏"

(သံ-၄-၃-၂၀၆)

BURMESE CLASSIC .com

# အခန်း ( ၃ )

## မတွေဝေဘဲသေရန် နှလုံးသွင်းနည်းများ

### မတွေဝေဘဲသေရန်

ပုဂ္ဂိုလ်သတ္တဝါ သက်ရှိဟူသမျှတို့သည် တစ်ဖန်ဖြစ်ခြင်း (ပဋိသန္ဓေ)ရှိလာပါက မုချပရမတ်သေခြင်း(စုတေ)သို့သက်ဆင်းကြရပါမည်၊ ထိုသို့သေခြင်းတရားသို့သက်ဆင်းလာသောအခါ မတွေဝေဘဲသေရပါမှ ကောင်းသောဘုံဘဝသို့ရောက်နိုင်ကြပါမည်။

မတွေဝေဘဲသေရမှုနှင့်ပတ်သက်၍ အကျိုးတရားများကို ဘုရားရှင်က -

- သီလအကျိုးတရားများကိုဖော်ပြရာ၌လည်းကောင်း
- မရဏာနုဿတိဘာဝနာ၏အကျိုးတရားများကို ဖော်ပြရာ၌လည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



- မေတ္တာဘာဝနာအကျိုးတရားများကိုဖော်ပြရာ၌ လည်းကောင်း

ရရှိနိုင်မည့်အကျိုးတရားတစ်ခုအဖြစ် ဟောကြားထားသည်ကို တွေ့ရပါမည်။

ထို့ကြောင့် မတွေဝေဘဲသေရခြင်းဟူသောအကျိုးတရားကို ယခုရရှိထားသောလူ့ဘဝတွင်ရရှိခံစားနိုင်ရန် သက်ရှိပုဂ္ဂိုလ်တိုင်းသည် အသိဉာဏ်တရား သတိတရားတို့ကိုလက်ကိုင်ထားပြီး-

- ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလတို့ကိုစောင့်ထိန်းရမည်။
- အခါအားလျော်စွာ မရဏာနုဿတိကိုပွားများနေရပါမည်။
- မေတ္တာတရားကိုလက်ကိုင်ထားရပါမည်။

ဤတရားများကို ကျင့်သုံးဆောက်တည်နေလေ့ရှိသော **သူတို့သည်** ဘဝကူးပြောင်းရာတွင် တွေဝေမှုမရှိဘဲ၊ ထိတ်လန့်**ကြောက်ရွံ့**မှုမရှိဘဲ ငြိမ်သက်တည်ငြိမ်အေးဆေးစွာ ဘဝသစ်သို့**ကူးပြောင်းနိုင်**သလို သုဂတိဘုံအဆင့်ဆင့်သို့လည်း ရောက်ရှိ**ခံစားကြ**ရပါမည်။

**တစ်ဖန်** မတွေဝေဘဲသေရန်နည်းမှာ သေကာနီးဖြစ်ပြီး **သေတော့မည်**ဟုမှတ်ထင်၍ မမေ့မလျော့မပေါ့မတန် စဉ်းစားဉာဏ်ရှိသောသူသည် **သေကာနီးရာချိန်အခါသို့ရောက်သော်**



ညည်းတွားအော်ဟစ်စိုးရိမ်ပူဆွေးခြင်းမဖြစ်ဘဲ အမြဲသတိရှိပါက မတွေမဝေဘဲသေရပါမည်။

**သေကာနီးနှလုံးသွင်းရမည့်အာရုံတရား**

လူတို့၏သဘာဝသည် သေကာနီးအချိန်သို့ရောက်သောအခါ ရောဂါဝေဒနာခံစားမှုဆုတ်ယုတ်လျော့ပါးသွားပြီး စိတ်နှလုံးရောဂါဝေဒနာခံစားရမှုထက် သေရမည့်ဘေးကို တွေးတောကြောက်ရွံ့စိတ်များ ပေါ်ပေါက်လာတတ်ပါသည်။

ထိုသို့ပေါ်ပေါက်လာပါက မြတ်စွာဘုရားရှင်က အနတ္တလက္ခဏာသုတ်၌ဟောကြားတော်မူထားသည့်အတိုင်း-

"ငါမဟုတ်၊ ငါ၏ဥစ္စာမဟုတ်၊ ငါ၏ကိုယ်မဟုတ်" ဟူ၍ ဟုတ်တိုင်းမှန်စွာသိရှိပြီး ခပ်သိမ်းသောသင်္ခါရတရားတို့သည်ဖြစ်ပြီးလျှင် မုချကေန်အမှန်ပင်ပျက်စီးခြင်းသဘောရှိသည် ဟုနှလုံးသွင်းသင့်ပါသည်။

သေကာနီးနှလုံးသွင်းတတ်ရန်နှင့်ပတ်သက်၍ ဗုဒ္ဓက အနာရောဂါပြင်းထန်စွာနှိပ်စက်ခံစားနေရပြီး စိတ်ဆင်းရဲခြင်းသို့ရောက်နေရပြီး ဤအနာရောဂါဖြင့်ပင် မုချသေရတော့မည်ကို သိထားသော ဒီဃာဝုဥပါသကာကို လမ်းညွှန်ဟောကြားထားသော သေကာနီးနှလုံးသွင်းမှုပေးသောနည်းတရားသည် အလွန်မှတ်သားဖွယ်ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဃာဝုဥပါသကာသည် အနာနှိပ်စက်ဆင်းရဲမှုရောက်နေ၍ ဘုရားရှင်ကိုဖူးတွေ့တရားနာလိုကြောင်း ဖခင်ဇောတိကသူကြွယ်ကိုပြောပြသည်၊ ဖခင်ကလည်း ဘုရားရှင်ကိုသွားရောက်ပင့်ပေးခဲ့သည်၊ ဘုရားရှင်သည်လည်း ကြွလာပေးပြီး ဒီဃာဝုဥပါသကာကို သောတာပန်းအာရုံထားနည်းတရားကို ဟောကြားပေးခဲ့ပါသည်။

"ဒီဃာဝု. . . သင်သည် ဘုရားရှင်၌လည်းကောင်း၊ တရားတော်၌လည်းကောင်း၊ သံဃာတော်၌လည်းကောင်း မတုန်မလှုပ်ယုံကြည်ခြင်းနှင့်ပြည့်စုံသောသူဖြစ်ရမည်၊ အရိယာတို့နှစ်သက်သောသီလနှင့်ပြည့်စုံသူဖြစ်ရပါမည်"

ဟု ဗုဒ္ဓက လမ်းညွှန်ဟောကြားသည်။

ထိုအခါ ဒီဃာဝုက "အရှင်ဘုရားဟောကြားသော သောတာပန်အင်္ဂါလေးပါးသည် တပည့်တော်၌တည်ရှိပါသည်၊ တရားထူး၌လည်း ထင်မြင်ပါသည်"ဟု လျှောက်ထားသည်။

"ဒီဃာဝု. . . သင်သည် သောတာပန်အင်္ဂါလေးပါးရှိလျှင် ဝိဇ္ဇာမဂ်ဉာဏ်လျှင်အဖို့ရှိသော-

- အလုံးစုံသောသင်္ခါရတို့၌ မမြဲဟု အဖန်တလဲလဲရှု၍လည်းကောင်း
- မမြဲသောသင်္ခါရတရား၌ ဆင်းရဲမှုမှတ်ရှိသည်ဖြစ်၍လည်းကောင်း



- ပယ်စွန့်အံ့ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း
- ချုပ်ငြိမ်းစေအံ့ ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း

နေပါလော့၊ သင်သည် ဤသို့သာကျင့်ရပါမည်"

ဟု ဆက်လက်လမ်းညွှန်ဟောကြားခဲ့ပါသည်။

ထိုအခါ ဒီဃာဝုဥပါသကာက-"ထိုဝိဇ္ဇာမဂ်ဉာဏ်ခြောက်ပါးတရားသည် မိမိ၌တည်ရှိပြီး ထင်လည်းထင်မြင်ပါသည်၊ မိမိစိုးရိမ်နေသည်မှာ မိမိသေသွားပါက ဖခင်ဇောတိကသူဌေးမှာဆင်းရဲခြင်းသို့ရောက်နေမည်ကိုသာစိုးရိမ်ပါသည်"

ဟု လျှောက်ထားသည်။

ထိုအခါ ဖခင်ဇောတိကသူဌေးက "သူ့အတွက် မစိုးရိမ်ရန်၊ ဘုရားရှင်ဟောကြားသောတရားကိုသာနှလုံးသွင်းနေပါ"

ဟု ပြောကြားသည်။

ထိုအခါ ဒီဃာဝုသည် ဘုရားရှင်ဟောကြားသောတရားကိုနှလုံးသွင်းပြီး မကြာခင်ကွယ်လွန်ခဲ့ရာ အနာဂါမ်ဖြစ်ပြီး ဗြဟ္မာဘုံသို့ရောက်ရလေသည်။

ထိုဒီဃာဝုဥပါသကာကွယ်လွန်မှုနှင့်ပတ်သက်၍ ရဟန်းများက ဘုရားရှင်အားလျှောက်ထားမေးမြန်းကြရာ ဘုရားရှင်က-

"ရဟန်းတို့. . . ပညာရှိသောဒီဃာဝုသည် နိဗ္ဗာန်အားလျော်သောမဂ်-ဖိုလ်တရားကိုရရောက်ခဲ့သည်၊ တရားသော ပုဂ္ဂိုလ်ဖြစ်သော ငါဘုရားကိုမပင်ပန်းစေ၊ ဒီဃာဝုသည် အောက်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းသံယောဇဉ်ငါးပါးကုန်ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံမှပြန်လာခြင်းမရှိတော့ဘဲ ထိုဘုံမှာပင် ပရိနိဗ္ဗာန်ပြုမည့်အနာဂါမ်ဖြစ်သည်" ဟု မိန့်ကြားခဲ့ပါသည်။

(မဟာဝဂ္ဂသံယုတ်၊ ဒီဃာဝုဥပါသကာသုတ်)

ဗုဒ္ဓက တမလွန်ပြောင်းသူတို့အတွက် အားထားမှီခိုရာတရားများကိုဟောကြားရာတွင် အင်္ဂုတ္တိုရ် ဒုတိယပဏ္ဏာသက၊ ဗြဟ္မဏဝဂ္ဂ ပထမ ဒုတိယဒွေဗြဟ္မသုတ်၌-

အသက်(၁၂၀)နှစ်အရွယ်တွင် အိုမင်းရင့်ရော်နေသော ပုဏ္ဏားကြီး(၂)ယောက်တို့သည် ဘုရားရှင်ထံသို့ရောက်လာကြသည်။

"မိမိတို့သည် အသက်(၁၂၀)ရှိပါပြီ၊ ဒုဂ္ဂတိဘေးမှတားမြစ်ကြောင်းကုသိုလ်ကောင်းမှုများမပြုရသေးပါ၊ အရှင်ဘုရားမှ ရှည်ကြာမြင့်စွာ အကျိုးစီးပွားဖြစ်ခြင်း၊ ချမ်းသာခြင်းအကျိုးငှာ ဆုံးမလမ်းညွှန်ပေးပါ "

ဟူ၍ တောင်းပန်လျှောက်ထားကြသည်။

"ပုဏ္ဏားတို့ . . . အို-နာ-သေခြင်းသည် ဤသတ္တလောကကို အဆင့်ဆင့်ပို့ဆောင်နေပါ၏၊ ဤမျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ကူးပြောင်းသူအတွက် မှီခိုအားထားရာဖြစ်ပါ၏။



အို-နာ-သေဆင်းရဲဘေးသည် ဇီဝိတိန္ဒြေကိုအဆင့်ဆင့်ပို့ဆောင်ပါသည်၊ သတ္တဝါတို့၏အသက်သည်တိုတောင်းလှသည်၊ အိုခြင်းတရားကအဆင့်ဆင့်ပို့ဆောင်ခံနေရသောသတ္တဝါတို့အား ကိုးကွယ်ရာမရှိပါ၊ သေခြင်းတရား၌ ဤမည်သောဘေးကိုပညာမျက်စိဖြင့်မြင်အောင်ရှုပြီး ချမ်းသာကိုဆောင်နိုင်သောကုသိုလ်ကောင်းမှုကိုပြုပါ။

ဤမျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်စောင့်စည်းခြင်း အသက်ရှင်နေစဉ် ကောင်းမှုပြုခြင်းသည် တမလွန်လောကသို့ ပြောင်းသွားသူအား ချမ်းသာခြင်းငှာဖြစ်စေပါသည်။

ပုဏ္ဏားတို့ ဤသတ္တလောကကို အို-နာ-သေမီးတို့သည် လောင်မြိုက်နေပါသည်၊ ဤမျက်မှောက်ဘဝ၌ ကိုယ်၊ နှုတ်၊ စိတ်စောင့်စည်းခြင်းသည် တမလွန်ဘဝသို့ပြောင်းသွားသူအတွက် အားထားမှီခိုကိုးကွယ်ရာဖြစ်ပါ၏။

အိမ်ကိုမီးစွဲလောင်သည်ရှိသော် အကြင်အိုးခွက်စသော ပစ္စည်းတို့ကိုထုတ်ယူအပ်၏၊ ထိုမီးမလောင်ခံရသောပစ္စည်းများသည် အိမ်ရှင်အတွက်အကျိုးရှိပါ၏။

ဤအတူ ဤသတ္တလောကကို အို-နာ-သေ-မီးတို့သည် စွဲလောင်ကုန်၏၊ ချမ်းသာကိုဆောင်နိုင်သော ကုသိုလ်ကောင်းမှုကိုပေးလှူခြင်းဖြင့် ထုတ်ယူအပ်ပါသည်၊ ပေးလှူအပ်ပြီးသော အလှူဒါနသည် ကောင်းစွာထုတ်ယူထားပြီးသည်နှင့်တူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝိပဿနာဘာဝနာပွားများရန် တရားထိုင်နည်းနှင့်ခန္ဓာ

ခန္ဓာငါးပါးတို့၏အဖြစ်-အပျက်ကိုမရှု မဆင်ခြင်မမြင်မူ၍ အနှစ်တစ်ရာပတ်လုံးအသက်ရှင်ခြင်းထက် ယင်းခန္ဓာငါးပါးတို့၏အဖြစ်အပျက်ကိုကောင်းစွာဆင်ခြင်ရှုမြင်သောသူ၏ တစ်ရက်မျှအသက်ရှင်ခြင်းသည်သာ သာ၍မြတ်ပေ၏။

(ဓမ္မပဒ-၁၁၃)

ညည်းသူမရှိ
ချိန်နေ့သိပြန်
မျက်လှန်ကြောဆွဲ
မရှိဘဲနှင့်
သေလည်းမတောင့်တင်း
ပုတ်နံ့ကင်းသည်
ကျိုးရင်း ဝိပဿနာတန်ခိုးတည်း။

ဟုဆိုထားသည့်အတိုင်း ဝိပဿနာတရားကိုကြိုးစားအားထုတ်ထားခြင်းရှိသောသူသည် သေကာနီးအချိန်ဝယ်-

- ညည်းညူအော်ဟစ်မှုမရှိခြင်း
- သေမည့်နေ့ရက်ချိန်ခါကိုကြိုသိခြင်း
- မျက်ဖြူလှန်မှု၊ အကြောဆွဲမှုမရှိခြင်း
- သေပြီးသော် ရုပ်အလောင်းတောင့်တင်းမှုမရှိခြင်း



- ရက်ကြာကြာထားသော်လည်း အပုပ်နံ့မထွက်ခြင်း

ဟူသောအကျိုးများကို ရရှိခံစားရပါသည်။

ထိုဝိပဿနာအားထုတ်ခြင်းဟူသည်-

အသေမဦးခင် ငါသည် ရခဲသောလူ့ဘဝ၊ ကြုံကြိုက်ခဲလှသောဘုရားသာသနာတော်ကြီးနှင့်တွေ့ကြုံနေချိန်ဝယ် အို-နာ-သေကွဲဆိုသော သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရန် ဝိပဿနာအကျင့်မြတ်ကိုကျင့်တော့မည် ဟုဆုံးဖြတ်ရန်ဖြစ်ပါသည်။

ဝိပဿနာကိုအားထုတ်နိုင်ရန်အတွက် အဓိပတိသုံးပါးတစ်ရပ် လိုအပ်ပါသည်-

၁။ အတ္တာဓိပတိ

မိမိကိုယ်ကိုအားထားပြီး တရားအားထုတ်ရပါမည်၊ စားစရာနေစရာမရှိ၍ တရားအားထုတ်သည်မျိုးမဟုတ်၊ အို-နာ-သေဘေးဟူသော သံသရာဝဋ်ဆင်းရဲကိုကြောက်၍ လွတ်မြောက်နိုင်အောင် တရားအားထုတ်ခြင်းဖြစ်သည်။

၂။ လောကာဓိပတိ

လောကကြီးကိုအဓိပတိထားပြီး အားထုတ်ရပါမည်၊ တရားအားထုတ်သည်ဟုအမည်ခံပြီး လောဘ၊ ဒေါသ၊ မောဟတရားများဖုံးလွှမ်းပြီး အရောင်းအဝယ်ကိစ္စများ၊ ရုံးလုပ်ငန်းကိစ္စများတွေးတောမနေရပါ၊ ထိနမိဒ္ဓလည်းမဖြစ်ရပါ၊ ပျင်းလည်းမပျင်းရ၊ အိပ်လည်းမအိပ်ရ၊ စိတ်ကလေလွင့်မနေရ၊ မဟုတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အရာများကိုလုပ်နေမယ်၊ တွေးနေမယ်ဆိုပါက ကိုယ်စောင့်နတ်နှင့်သမ္မာဒေဝနတ်ကောင်းနတ်မြတ်များသိသည်၊ အဘိညာဉ်ရသောပုဂ္ဂိုလ်များကင်းသည်၊ သို့အတွက် လောကကြီးကို ရှက်ကြောက်ပြီး အားထုတ်ရမည်။

**၃။ ဓမ္မာဓိပတိ**

တရားတော်ကို အဓိပတိထားပြီး ရိုသေလေးစားကာ အားထုတ်ရပါမည်၊ တရားတော်ကို ဝိပဿနာဉာဏ်နှင့်မြင်အောင်ကြည့်တတ်ရပါမည်၊ တရားမမြင် တရားမပေါက်သည်မှာ တရားမရှိ၍မဟုတ်၊ တရားတော်ကိုမလေးစား၍ မမြင်တာဟူ၍ ဆုံးဖြတ်ချက်ချပြီး တရားတော်ကိုအဓိပတိထားပြီး အားထုတ်ရပါမည်။

တရားအားထုတ်မည့်ပုဂ္ဂိုလ်သည် သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာနှင့်ကြိုးစားအားထုတ်ရန်လိုအပ်ပါသည်၊ သီလကို အမြဲရှေးဦးစွာဆောက်တည်ထားရပါမည်၊ မိုးကုတ်ဆရာတော်ဘုရားကြီးက တရားအားထုတ်တော့မည်ဆိုလျှင်-

"ယုံကြည်ကျုန်းမာ၊ စိတ်ဖြောင့်စွာဖြင့်
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်
မှန်ပင်မဂ်ရကြောင်း"



ဟူသောဆောင်ပုဒ်ကိုအမြဲလက်ကိုင်ထားပြီး အားထုတ်ရန်တိုက်တွန်းလေ့ရှိပါသည်။

မိမိသည် ဝိပဿနာတရားတော်ကိုအားထုတ်တော့မည်ဆိုလျှင်-

- တင်ပလ္လင်ခွေထိုင်ပါ
- ခါးကိုဖြောင့်ဖြောင့်မတ်မတ်ထားပါ
- ရှေ့လည်းမငိုက်နဲ့၊ ဘေးလည်းမစောင်းနဲ့
- ခေါင်းလည်းဘယ်ဘက်ကိုမှမစောင်းပါနဲ့

အထက်ပိုင်းကိုယ်ကြီးဟာ ရှေ့နောက်ဘေး ယိမ်းယိုင်နေရင်း အရိုးအဆစ်တွေအချင်းချင်း တည့်တည့်မနေတဲ့အတွက်ကြောင့် မကြာခင်နာလာမည်၊ ဝေဒနာကို တွေ့ဖို့ရာထားဦး၊ သမာဓိရအောင်ပင် မထိုင်နိုင်ဘဲရှိမည်၊ ခါးအောက်ဖိထားပါက သွေးလွှတ်ကြော၊ သွေးပြန်ကြောကိုက်ခဲလာမည်၊ ထိုင်နည်းမမှန်ပါက ဝေဒနာကိုတမင်လုပ်ယူရမှာကျမည်။

တရားအားထုတ်ရာ၌ ရပ်-ထိုင်-သွား-လဲလျောင်း ကြိုက်နှစ်သက်သောဣရိယာပုတ်နှင့်အားထုတ်နိုင်ပါသည်။

သို့သော် ထိုင်ခြင်းဣရိယာပုတ်ဖြင့် အားထုတ်ခြင်းသည် စိတ်တည်ငြိမ်မှု သမာဓိရလွယ်၍ ပိုကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝင်သက်၊ ထွက်သက်ကိုမှန်ရှုရပါမည်၊ သိပ်ပြီးပြင်းပြင်းထန်ထန် မြန်မြန်ဆန်ဆန်ရှူရှိုက်လို့ရှိရင် မိမိကိုယ်ကိုညှင်းဆဲရာကျမည်။

ဝင်သက်ကိုရှူသောအခါတွင် လေထဲမှာရှိသော တေဇောဓာတ်သည် အဆုတ်ထဲမှာရှိသောလေအိပ်ကလေးများစွာရှိသောနေရာသို့ရောက်သောအခါ ခန္ဓာကိုယ်အတွက် အပူခွန်အား (တေဇောဓာတ်)ကိုရရှိစေပါသည်။

သို့အတွက် အဆုတ်ရအောင် အသက်ရှူလိုက်သောအခါတိုင်း အဆုတ်သည်ကျယ်ပြန့်သွားနိုင်အောင် ခန္ဓာကိုယ်အထက်ပိုင်းကိုတရားထိုင်သောအခါ တည့်တည့်မတ်မတ်ထားရပါမည်။

ထိုသို့ထားလျှင် အဆုတ်လေအိပ်ကလေးများလေပြည့်နေပါမည်၊ လေပြည့်နေပါမှ မိမိခန္ဓာကိုယ်ကြီးကို နာရီများစွာတရားထိုင်နိုင်ပါမည်၊ အဆုပ်ကိုလေပြည့်အောင်မသွင်းနိုင်ပါကမောပန်းလာပါမည်၊ ဤအချက်သည် တရားထိုင်သူများအတွက်အရေးကြီးပါသည်။

ဝင်လေတစ်ခါပြင်းပြင်းရှူထုတ်လိုက်လျှင် နှလုံးဟာ ၄–ကြိမ် လှုပ်ရှားရသည်၊ ညှစ်ထုတ်ရသည်၊ တစ်မိနစ်မှာ(၁၆)ကြိမ်မှ (၁၈)ကြိမ်အထိ အသက်ရှူရှိုက်ရသည်၊ နှလုံးကမူ (၆၄)မှ(၇၂)အထိ လှုပ်ရှားညှစ်ထုတ်ရ၍ အသက်(လေ)ကိုမြန်မြန်ပြင်းပြင်း



ရှူလိုက်ပါက နှလုံးသည်အလွန်အလုပ်များပြီး ပင်ပန်းသွားမည်၊ တရားမရဘဲ ရောဂါရဖို့သေချာနေပါသည်။

အဆုတ်၏အင်အားနှင့်ယူဆောင်လာသော တေဇောဓာတ်သည် အစာအိမ်၊ အူသိမ်၊ အူငယ်များကို ပြုပြင်ပေးလိုက်၍ အစာအာဟာရကြေညက်ပြီး ခန္ဓာကိုယ်တစ်ခုလုံးထောက်ပံ့ပေးပါသည်။

ထို့ပြင် ဤသွေးသည် ခန္ဓာကိုယ်အစိတ်ပိုင်း အသီးသီးများ ဘေးဖြစ်စေသောအညစ်အကြေးများ၊ အဆိပ်အတောက်အပျက်အစီးများကို သက်ဆိုင်ရာအစိတ်အပိုင်းများမှတစ်ဆင့် ချွေး၊ အခိုး၊ အငွေ့၊ ကျင်ငယ်အဖြစ်ဖြင့် အပြင်သို့ထုတ်ပေးသည်။

အဆုပ်မှတစ်ဆင့် အဆိပ်အတောက်နှင့်မကောင်းသောအခိုးအငွေ့များပါလာသောလေကို ထွက်သက်လေဖြင့်ထုတ်ပစ်ပါသည်။

သွေးသည် နှလုံးခုန်ခြင်းအားဖြင့် သွေးကြောထဲမှာ ဖြစ်လိုက်–ပျက်လိုက်နှင့်လည်ပတ်ပြီး မကောင်းသော ညိုသွေးပုပ်များကို နှလုံးထဲကနေပြီး အဆုတ်ထဲသို့တွန်းထုတ်လိုက်သဖြင့် မကောင်းသောသွေးများ(တေဇောဓာတ်အသစ်)တစ်ဘက်နှလုံးထဲမှသွေးနီအကောင်းပြန်လည်ရရှိပါသည်။

ထိုမှတစ်ဖန် မကောင်းသောအညစ်အကြေးအဆိပ်အတောက်အပျက်အစီးများကို ချွေး၊ ကျင်ငယ်၊ အငွေ့အသက်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မြန်ထုတ်ပြီး တစ်ပါတ်လည်နေ၍ မိမိတို့အသက်ရှင်နေရခြင်း ဖြစ်ပါသည်။

လူသား၏နှလုံးသည် လက်သီးဆုပ်ပမာဏရှိပါသည်၊ အတွင်းမှာ အခေါင်းကြီးရှိသည်၊ အခေါင်းကြီးအတွင်းမှာ တစ်ဆုပ်စာလောက် (အသစ်-အသစ်ဖြစ်နေသော)နှလုံးသွေးနီ(တောဇော)သည်ရှိနေပါသည်။

ဤကောင်းသောသွေးကို အသက်တစ်ခါရှူပါက တစ်ကိုယ်လုံးနှံ့အောင် (၄)ကီမ်ညှစ်ပို့ရပါသည်၊ နှလုံးသားကို ဖြူချောပါးလှပ်သောအမြှေးလွှာနှင့်ဖုံးအုပ်ထားပါသည်၊ နှလုံးသား၏ညာဘက်အခန်းကမူ မကောင်းသောသွေးညိုများကို အဆုပ်ထဲသို့တွန်းပို့ပေးနေပါသည်။

ဤလက်တစ်ဆုပ်စာရှိသောသွေးများကို ဟဒယဝတ္ထုရုပ်ကမှီနေပါသည်၊ ဤဟဒယဝတ္ထုရုပ်ကို မနောဓာတ်၊ မနောဝိညာဏဓာတ်ဟုဆိုသော စိတ်၊ စေတသိက်တို့က မှီတည်နေပါသည်။

ဤမနောဝိညာဏဓာတ်စိတ်များက စေခိုင်းရာကို ရုပ်များကိုလိုက်၍လုပ်နေရခြင်းဖြစ်ပါသည်။

"အထည်ကိုယ်မရှိသောစိတ်သည် နှလုံးတည်းဟူသော လိုဏ်ဂူထဲမှာကိန်းနေသည်"

ဟု ဗုဒ္ဓက ဓမ္မပဒ၌ဟောကြားခဲ့ပါသည်။



စိတ်၊ စေတသိက်တို့၏အစွမ်းအာနုဘော်ကြောင့် နှလုံးဖူးအတွင်းရှိ တစ်ဆုပ်စာမျှရှိသောနှလုံးသွေးသည် အဆင်းအမျိုးမျိုးဖြစ်ပေါ်လာရပါသည်။

- ရာဂအားကြီးစွာဖြစ်ပေါ်လာသောအခါ ဟင်းသပြဒါးရေကဲ့သို့ နီနီရဲရဲဖြစ်ပေါ်လာသည်။
- ဒေါသအားကြီးစွာဖြစ်ပေါ်လာသောအခါ မဲပုပ်ပုပ်ဖြစ်ပေါ်လာသည်။
- မောဟအားကြီးစွာဖြစ်ပေါ်လာသောအခါ အမဲသားဆေးရေလို နီကျဲကျဲဖြစ်ပေါ်လာသည်။
- ဝိတက်အားကြီးစွာဖြစ်ပေါ်လာသောအခါ ပဲပိဇာတ်ပြုတ်ရေကဲ့သို့ နီနောက်နောက်ဖြစ်လာသည်။
- သဒ္ဓါအားကြီးစွာဖြစ်ပေါ်လာသောအခါ ဝါဖျော့ဖျော့နေရာမှ အဝါရင့်ရောင်ဖြစ်လာသည်။
- ပညာအားကြီးစွာဖြစ်ပေါ်လာသောအခါ ဆွတ်ဆွတ်ဖြူရာမှ မှန်ကဲ့သို့ကြည်လင်လာပြီး ပတ္တမြားလုံးလို အလင်းရောင်တွေ တောက်ပလာသည်။

ဤနှလုံးကညှစ်လိုက်သောအခါ ဇဟိုသွေးကြောက တစ်ကိုယ်လုံးပျံ့နှံ့သွားပါသည်၊ ဒေါသဖြစ်နေသောသူသည် မဲပုပ်ပုပ်သွေးများတစ်ကိုယ်လုံးပျံ့နှံ့သွားသည်၊ ဒေါသဖြစ်လွန်းသောအခါ အသားများနီပြီးတုန်လာပါသည်၊ နောက် ညိုပုပ်ပြီး မကောင်းသောပြစ်မှုမျိုးစုံကိုကျူးလွန်လာသည်အထိဖြစ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရဟန္တာများ၏နှလုံးသွေးသည် အထူးကြည်လင်ရာ ကိုယ်ရောင်ကိုယ်ဝါများတစ်ကိုယ်လုံးတောက်ပလာပြီး ရောင်ခြည်တော်လွှတ်သည်အထိဖြစ်လာပါသည်။

ရူးသွားခြင်းသည်လည်း နှလုံးသွေးဖြစ်ပါသည်၊ ကြောက်အားကြီးလျှင်လည်း နှလုံးသွေးကအေးပြီး ပြစ်ခွဲလာကာ တစ်ကိုယ်လုံးအေးစက်လာသည်၊ အအေးလွန်ပြစ်ခွဲလာသောအခါ နှလုံးသွေးရပ်ပြီး သေရပါသည်။

ဤနှလုံးသွေးထွက်ရာ-ဝင်ရာဘဝတွင် အဆို့ရှင်လိပ်ပြာတောင်ကလေးနှစ်ခုရှိပါသည်၊ စိတ်၊ စိတ္တဇ၊ ဥတုဇလေကြောင့် ဤလိပ်ပြာတောင်(၂)ခုဟာ အချက်ကျကျခပ်ပေး၍ ဒိတ်-ဒိတ်-ဒိတ်နှင့် အချက်ကျကျတစ်ကိုယ်လုံးပျံ့နှံ့နေပါသည်။

စိတ်သည် နှလုံးသွေးကိုမှီပါသည်၊ နှလုံးသွေးဖောက်လျှင် စိတ်လည်းဖောက်ပြန်ပါသည်၊ လည်ပင်းသွေးကြော(၂)ခုကိုဖိနှိပ်ထားပါက နှလုံးသွေးကြောနှင့်တစ်ဆက်တည်းဖြစ်နေ၍ သွေးဖောက်ပြန်ပြီး ဘဝင်မွေ့ကျသွားတတ်ပါသည်။

သို့အတွက် တရားထိုင်နေချိန်တွင် လည်ပင်းကိုရှေ့-နောက်-ဝဲ-ယာစောင်းငဲ့နေပါက အချိန်ကြာမြင့်လာသောအခါ ထိုင်းမှိုင်းတွေဝေမေ့လျော့နေတတ်ပါသည်။



## ဆဓာတု (ဓာတ် ၆-ပါး)

ဤခန္ဓာကိုယ်ကြီးဟာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသ၊ ဝိညာဏဆိုသောဓာတ်(၆)ပါးလည်းရှိနေပါသည်၊ ထိုဓာတ်(၆)ပါး၏သဘာဝနှင့်ဖြစ်ပျက်မှုကို ရှုတတ်ရပါမည်။

၁။ ပထဝီဓာတ်

-မြေဓာတ်၊ အတွင်း-အပြင်နှစ်မျိုးရှိသည်

-အပြင်ဓာတ်မှာ တော၊ တောင်၊ သစ်ပင်၊ ကျောင်း၊ အိမ်၊ တိုက်တာစသည်တို့ဖြစ်သည်

-အတွင်းဓာတ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်းသွား၊ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်ဆိုသော အခု(၂၀)ဖြစ်ပါသည်။ (ဤအရာများသည်သေလျှင် အားလုံးမြေကြီးဖြစ်သွားသည်၊ ငါပိုင်မဟုတ် ဟုရှုပါ)

၂။ အာပေါဓာတ်

-ရေဓာတ်-အတွင်း-အပြင် နှစ်မျိုးရှိသည်။

-အပြင်ဓာတ်မှာ သမုဒ္ဒရာ၊ ရေ၊ မြစ်၊ အင်းအိုင်၊ ချောင်းစသောရေများ

www.burmeseclassic.com

www.burmeseclassic.com



-အတွင်းဓာတ်မှာ သက်ရှိသတ္တဝါများ၏ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊နှပ်၊ အစေး၊ ကျင်ငယ် (၁၂)မျိုး ဖြစ်သည်။

(ဤရေဓာတ်သည် ငါမဟုတ် ငါ့ဟာမဟုတ် ဟူ၍ ရှုရမည်)

၃။ တေဇောဓာတ်

-အပူဓာတ်-မီးဓာတ်-အတွင်းမီး၊ အပြင်မီးနှစ်မျိုးရှိသည်။

-အပြင်မီးမှာ ကမ္ဘာပျက်မီး၊ ငရဲမီး၊ ထမင်းချက်သောမီး၊ ကမ္ဘာအစွန်းမှာ သတ္တဝါများနေမရအောင် အေးသော မီး စသည်တို့ဖြစ်သည်။

-အတွင်းမီးမှာ သက်ရှိသတ္တဝါများ၌ မီး(၅)မျိုးရှိသည်-

(က) ဥသ္မာမီး

တစ်ကိုယ်လုံး အတွင်းအပြင်မလပ်စမ်းသပ်လျှင် နွေးနွေးတွေ့ရသော ပကတိကိုယ်ငွေ့ဖြစ်သည်၊ အရေနှင့်တကွ အရေအတွင်းတစ်ကိုယ်လုံးအနှံ့စွဲပြီး နွေးရုံသာမက လောင်နေပါသည်၊ ထိုမီးလုံးဝချုပ်ငြိမ်းသွားလျှင် သတ္တဝါများသေပါသည်။



(ခ) ပါစကမီး

အစာအာဟာရအမျိုးမျိုးကို နူးနပ်ကြေစေသော ဝမ်းမီးဖြစ်သည်၊ ဤမီးသည် လျှာခင်အောက်လည်ချောင်းဝမှစပြီး ဘင်(ဖင်ဝ)ထိ တည်ပါသည်၊ အစာသစ်အိမ်မှာအားကြီးစွာ စွဲ၍တည်သည်။

(ဂ) သန္တာပနမီး

ဥသ္မာမီးခေါ် ပကတိကိုယ်ငွေ့ထက် လွန်ကဲဖြစ်ပေါ်လာသောမီး၊ သူငယ်နာပူ၊ မီးယပ်ပူ၊ ဒုလာပူ၊ ဖျားသောအပူနာမျိုးများ၊ ဣရိယာပုထ်မပြောင်းလဲ၍ဖြစ်ပေါ်လာသောအပူ၊ နေရှိန် မီးရှိန်သင့်ပြီးဖြစ်ပေါ်လာသောအပူ၊ သောကအားကြီး၍ဖြစ်ပေါ်လာသောအပူမျိုးများ ဖြစ်သည်။

(ဃ) ဒဟမီး

သန္တာပနမီးထက်လွန်ကဲပြီး လူးလိမ့်အော်ဟစ်နေရအောင် အပြင်းအထန်မခံနိုင်အောင်ပူပြီး လောင်သောမီး၊ လွန်ကဲစွာအေးပြီးလောင်သောမီး၊ သေခြင်းသို့ရောက်အောင်အေးပြီး လောင်သောမီး

www.burmeseclassic.com

www.burmeseclassic.com



(င) ဇီရဏာမီး

တစ်နေ့တစ်ခြား ရင့်ရော်ဆွေးမြေ့ဆုတ်ယုတ်မှုကိုဖြစ်စေသောမီး

(ဤအပူ အအေးများသည် ငါမဟုတ်-ငါ့ဟာမဟုတ် ဟူ၍ရှုမှတ်ရမည်)

၄။ ဝါယောဓာတ်

-လေဓာတ်-အတွင်း-အပြင် နှစ်မျိုးရှိသည်။

-အပြင်ဓာတ်မှာ အထက်-အောက်ကောင်းကင်တိုက်နေသောလေ၊ ကမ္ဘာဖျက်လေ၊ ယပ်ခတ်လေစသည်များ

-အတွင်းဓာတ်မှာ အတွင်းလေ(၆)မျိုးရှိသည်-

(က) အဿာသပဿာသလေ-ထွက်သက်ဝင်သက်လေ

(ခ) ဥဒ္ဒင်္ဂမလေ -ဝမ်းအထက်ဆန်တက်သောလေ

(ဂ) အဓောဂမလေ - ဝမ်းအောင်းစုန်သောလေ

(ဃ) ကောဋ္ဌာသယလေ - အတွင်းမှာအောင်းနေသောလေ

(င) ကုစ္ဆိသယလေ - ဝမ်းခေါင်းရင်ခေါင်းအောင်းနေသောလေ

(စ) အင်္ဂမင်္ဂါနုသာရီလေ-အင်္ဂါကြီးငယ်အသွယ်သွယ်ကိုလျှောက်သွားနေသောလေ



ဤလေ(၆)မျိုးတို့တွင် ကုစ္ဆိသယလေနှင့်အင်္ဂမင်္ဂါနုသာရီလေကိုသည် လှုပ်ကိုသေစေတတ်သည်၊ လေဖြတ်မှုသဘောကို ဖြစ်စေသောလေများဖြစ်၍ လေသင်းဓုန်းဟုခေါ်သည်။

(ထိုလေများသည်လည်း ငါမဟုတ်-ငါ့ဥစ္စာမဟုတ် ဟူ၍ရှုမှတ်ရမည်)

၅။ အာကာသဓာတ်

-အပေါက်-ဟောင်းလောင်းအတွင်း-အပြင် နှစ်မျိုးရှိသည်။

-အပြင်ဓာတ်မှာ ရေမြေအပေါ်မှာရှိသောအာကာသ၊ ရေမြေအောက်မှာရှိသောအာကာသ၊ ကျောင်းတိုက်တာအဆောက်အအုံတို့အတွင်း၌ရှိသောအာကာသ

-အတွင်းဓာတ်မှာ နှာပေါက်၊ နှာခေါင်းပေါက်၊ ပါးစပ်ပေါက်စသောအပေါက်များ

(ဤအပေါက်များသည်လည်း ငါမဟုတ်-ငါ့ဥစ္စာမဟုတ် ဟူ၍ ရှုမှတ်ရမည်)

၆။ ဝိညာဏဓာတ်

- အာရုံသို့ရှေ့ရှုပြေးသွားသွတ်ခြင်းသဘော

- ယခင်ဓာတ်လေးပါးတို့၏ဖြစ်မှု-ပျက်မှုကိုသိမှု

- ယောကျ်ား၊ မိန်းမဆိုသည်မှာ ဓာတ်(၆)ပါးရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



ပညာတ်အလိုသာယောက်ျား၊ မိန်းမခွဲထားသည်၊

အဟုတ်မရှိ၊ တကယ်မရှိ၊ အဟုတ်တကယ်ရှိသည်က-

| | |
|---|---|
| မာမှု၊ ပျော့မှု | - ပထဝီဓာတ် |
| ဖွဲ့စည်းယိုစီးမှု | - အာပေါဓာတ် |
| ပူမှု၊ အေးမှု | - တေဇောဓာတ် |
| တောင့်တင်းမှု၊ ဖောင်းပွမှု၊ | - ဝါယောဓာတ် |
| ထောက်ကန်လှုပ်ရှားမှု | |
| ရုပ်ကလာပ်အချင်းချင်းမပေါင်းစပ် | |
| အောင်ပိုင်းခြားထားသော | - အာကာသဓာတ် |
| သိမှုဝိညာဏဓာတ် | |

ရုပ်နာမ်ဆိုသည်မှာ ဤဓာတ်ကြီး(၆)ပါး ပေါင်းစပ်ထားခြင်းသာ ဖြစ်ပါသည်။

## ဝိပဿနာရှုပါ

ထိုသို့ ရုပ် နာမ်၏သဘောသဘာဝတွေကိုသိပြီး၍ တရားထိုင်တော့မည်ဆိုလျှင်-

- တရားအားထုတ်ချိန်တွင် မိမိ၏ခန္ဓာကိုယ်ကို ဘုရားမှာလှူထားပါ



- မိဘဆရာပုဂ္ဂိုလ်မြတ်တို့ကို ကံသုံးပါးဖြင့် ပြစ်မှားမိက ထိုအပြစ်များမှ ပျောက်စေခြင်းငှာ တောင်းပန်ဝန်ချကန်တော့ပါ၏ ဟုဆိုပါ
- ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော်စောင့်နတ်များနှင့်တကွ သတ္တဝါအားလုံးကို ဘေးရန်ကင်း၍ ကျန်းမာချမ်းသာပါစေ ဟူ၍ မေတ္တာစိတ်ကိုပွားများရပါမည်။
- ရှေးဘဝ၊ ယခုဘဝ ငါပြုသမျှသော ဒါနစသောကုသိုလ်တို့သည် ငါအလိုရှိသော မဂ်-ဖိုလ်နိဗ္ဗာန်ရောက်စေခြင်းငှာ လျင်မြန်စွာကျေးဇူးပြုပါစေသတည်းဟူ၍ ဆိုပါ
- မရဏာနုဿတိ ငါသည် ဘဝများစွာကသေခဲ့တာများလှပြီ၊ ယခုဘဝမသေခင်မှာ တရားအားထုတ်မှ ဖြစ်မယ်လို့ သေခြင်းတရားကိုပွားများပြီး အားထုတ်မှု အရှိန်ပြင်းထန်အောင် မိမိကိုယ်ကိုတိုက်တွန်းရမည်။

တရားအားထုတ်တော့မည်ဆိုလျှင် ဦးစွာရုပ်နှင့်နာမ်ကို ခွဲခြားသိရပါမည်-

- မြင်စရာအဆင်းနှင့်မြင်သောမျက်စိသည် - ရုပ်
- သိမှုသည် - နာမ်

www.burmeseclassic.com

www.burmeseclassic.com



အာရုံ (၆)ပါးမှာ ရုပ်နှင့်နာမ်သည် အမြဲဒွန်တွဲဖြစ်နေသည်၊ ယင်းကို ပရိညာ(၃)ပါးနှင့်သိ၍-သိ၍သွားရပါမည်။

၁။ ဉာတပရိညာ -ဖြစ်ဆဲရုပ်နာမ်ကို ဤဟာကရုပ်၊ ဤဟာက နာမ် ဟူ၍ခွဲခြား၍သိသွားရပါမည်။

၂။ တိရဏာပရိညာ -ဖြစ်ဆဲရုပ်နာမ်တို့၏ မမြဲ-ဆင်းရဲ-အစိုးမရ (အနိစ္စ-ဒုက္ခ-အနတ္တ)သဘောကို ပိုင်းခြား၍သိရပါမည်။

၃ ပဟာနပရိညာ -ရုပ်နာမ်များအပေါ်မှာ-

-ငါရုပ်ဆိုသော တဏှာစွဲ

-ရုပ်ဟာ ငါပဲဆိုသောမာနစွဲ

-ဤရုပ်ဟာ ငါ၏ကိုယ်ဆိုသောဒိဋ္ဌိစွဲ

အစွဲ(၃)ပါးကိုသိအောင်လုပ်ပြီး ပြုတ်အောင်ဖြုတ်ရပါမည်။

တစ်ဖန် သမာဓိရရုံမျှ သမထလမ်းကျင့်စဉ်ကိုကျင့်ပြီး သမာဓိရလာသောအခါ ဝိပဿနာသို့ပြောင်းပြီး အားထုတ်ရမည်။

သမထကနေ ဝိပဿနာပြောင်းသည်ဆိုသည်မှာ မီးရထားခေါင်းတွဲလမ်းလွှဲသလို သမထ(သမာဓိ)လမ်းကနေ ဝိပဿနာ(ပညာ)လမ်းသို့စိတ်လွှတ်ပြီး ရုပ်-နာမ်တို့၏ဖြင့်ပျက်နေသောလက္ခဏာကို ဆင်ခြင်ခြင်းဖြစ်ပါသည်၊ ယင်းကို ဉာဏ်ကဦးစီးသည်ဟူ၍ မှတ်ရပါမည်။



သမထ(သမာဓိ)ရအောင် အာနပါန (ဝင်လေထွက်လေ) ကိုအရင်ပြုလုပ်ရပါမည်။

ဝင်လေ-ထွက်လေကိုရှုရမှာ လေကိုဝအောင်ရှုပါ၊ လျှော့ပြီးလည်းမရှုရပါ၊ သိပ်ပြင်းပြင်းထန်ထန်လည်းမရှုရပါ၊ မှန်မှန်ရှုရပါမည်၊ ရှိုက်ရပါမည်။

ပြီးလျှင် စိတ်ကိုနှာသီးဖျား၊ အထက်နှုတ်ခမ်း၊ ရင်ညွန့်ဆိုသောသုံးနေရာတွင် ကြိုက်ရာတစ်နေရာမှာထားပါ၊ သတိနှင့်ကပ်ထားရပါမည်၊ မလစ်စေရပါ။

ဝင်လေ-ထွက်လေရှူရှိုက်သောအခါမှာ နှာသီးဖျားမှာထိတာကိုသိရမည်၊ သွားသဘောအတိုင်း မှန်မှန်ဝင်လေ-ထွက်လေကိုသိနေသော အာရုံမှတစ်ပါး အခြားဘယ်ကိုမှမရောက်ရ၊ အာရုံမပြုရပါ။

အာနပါန (ထွက်သက်-ဝင်သက်)လုပ်၍ သမာဓိအားကောင်းလာပါက ရုပ်-နာမ်နှစ်ပါးကိုပိုင်းခြားသိပြီး ခန္ဓာငါးပါးကိုလည်း ပိုင်းခြားသိရပါမည်။

၁။ ရုပ်ကြီးက - ရူပက္ခန္ဓာ

၂။ သိစိတ်က - ဝိညာဏက္ခန္ဓာ

၃။ ခံစားမှုက - ဝေဒနက္ခန္ဓာ

၄။ မှတ်သားမှုက - သညက္ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



၅။ တွေ့ထိမှုဖဿစေတနာ

စသည့်စေတသိက်(၅၀)က သင်္ခါရက္ခန္ဓာ

ခန္ဓာငါးပါးကိုသိပြီးနောက် ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် အကြောင်းအကျိုးခွဲပြီး ဒိဋ္ဌိကိုခွာရပါမည်။

-ရုပ် နာမ်ခန္ဓာကိုဖြစ်ပေါ်စေခဲ့သော ရှေးရှေးက အဝိဇ္ဇာ တဏှာ၊ သင်္ခါရတို့သည် အကြောင်းတရား

-ယခုဖြစ်ပေါ်နေသော ရုပ်-နာမ်ခန္ဓာတို့သည် အကျိုးတရား

ဤကဲ့သို့အကြမ်းဖျင်းသိထားရပါမည်။

ခန္ဓာကိုယ်ထဲမှာဖြစ်နေသော ပဋိစ္စသမုပ္ပါဒ်ကိုနားလည်ရပါမည်၊ အတိတ်ဘဝကလုပ်ခဲ့သော အဝိဇ္ဇာသင်္ခါရတွေကြောင့် (သင်္ခါရပစ္စယာဝိညာဏံ)ဤဘဝမှာ ဤခန္ဓာကြီးဖြစ်လာရသည်။

-အဝိဇ္ဇာသင်္ခါရကလွန်ပြီး အတိတ်၊ ပဋိစ္စသမုပ္ပါဒ်ဖြစ်၍ မိမိနှင့်မဆိုင်တော့ပါ။

-အနာဂါတ်ဖြစ်လာမည့် ပဋိစ္စသမုပ္ပါဒ်လည်းမရောက် သေး၍ မိမိနှင့်မဆိုင်ပါ။

-ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်နားလည်ရန်အရေးကြီးပါသည်။

-ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာက ဤခန္ဓာငါးပါးမှာကပ်နေပါသည်။

ဤဟာဘယ်သူ့ဆံပင်လဲ -ငါ့ဆံပင် ဆံပင်ဆိုတာ ရူပက္ခန္ဓာ-ငါ-သွားခိုသည်



ငါမုန့်စားရတာကောင်းသည်-ဝေဒနက္ခန္ဓာ ငါ- သွားခိုသည်

ငါမှတ်ထားသည် -သညက္ခန္ဓာ-ငါ-သွားခိုသည်

ငါ့လိုပညာတတ်ရှားမှရှား -သင်္ခါရက္ခန္ဓာ-ငါ-သွားခိုသည်

ငါ့စိတ်ကိုလာမစမ်းနဲ့ -ဝိညာဏက္ခန္ဓာ-ငါ- သွားခိုသည်

ဤသို့ဆိုက ခန္ဓာငါးပါးသည် ဒိဋ္ဌိခိုကပ်စရာ ဌာနကြီး ဖြစ်နေပါသည်၊ ခန္ဓာနှင့် ဒိဋ္ဌိ-ဝိစိကိစ္ဆာခွာရပါမည်၊ စာအနေနှင့် ပြောလျှင် ရုပ် နာမ်ကွဲရမည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ကြောင်းနားလည်ရမည်၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ကြောင်းကိုလည်းနားလည်မှ ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ ကွာပါမည်၊ မသိပါက ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကပ်နေပါမည်။

ယခုမြင်ခိုက် ကြားခိုက်မှာပေါ်သော ပဋိစ္စသမုပ္ပါဒ်ကို ယခုတရားထိုင်မည့်အချိန်မှာ ပစ္စုပ္ပန်တည့်တည့်ရှုရန် အရေးကြီး လှပါသည်။

မိမိဘဝ ယခုတတိယအရွယ်ရောက်လာပြီး-

-ငယ်ငယ်တုန်းကလည်း ငါ ဤရုပ်ရည်ဘဲ

-ယခုကြီးလာတော့လည်း ဤရုပ်ရည်ဘဲ

ဟု ထင်မှတ်နေပါက သဿတဒိဋ္ဌိ (မြဲသည်ဟုသေသောအယူ) ဖြစ်မည်။ ငါသည် ငွေဥစ္စာရမည်ဆိုလျှင် ဒီဘဝ ဘာမဆိုလုပ်ရဲ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သေရဲတယ်၊ သေရင်ပြီးတာဘဲ ဟုစွဲယူနေပါက ဥစ္ဆေဒဒိဋ္ဌိ (သေလျှင်ပြတ်တာဘဲအယူ)ဖြစ်ပါမည်။

တရားအားထုတ်တော့မည်ဆိုလျှင် သမာဓိရအောင် အာနပါန(ထွက်သက်-ဝင်သက်)ကိုရှုမှတ်ပါ၊ ရှုမှတ်သောအခါတွင် နှာခေါင်းကပင်ရှုပါ၊ ပါးစပ်ကမရှုပါနှင့်၊ နှာခေါင်းရှုရာတွင်လည်း ဘယ်ကရှုသည်၊ ညာကရှုသည် ဟူ၍လိုက်နေစရာမလိုပါ။

သမာဓိရဖို့သာအဓိကဖြစ်သည်၊ နှာခေါင်းကရှုလျှင် ရှုတာသိရမည်၊ ရှိုက်လျှင် ရှိုက်တာသိရမည်။

ပထမ-နှာသီးဖျားမှာ ဝင်လေ-ထွက်လေကိုသိအောင်ရှုပါ။ ဒုတိယ-နှာသီးဖျား ရင်ညွန့်ချက်ရောက်တိုင်းရောက်တိုင်း ဝင်လေရှုလိုက်သောအခါမှာ နှာသီးဖျားကအစ ရင်ညွန့်အလယ် ချက်စအဆုံးဝင်တာကိုသိရပါမည်။

လေထုတ်သောအခါမှာလည်း ချက်-အစ၊ ရင်ညွန့် - အလယ်၊ နှာသီးဖျား-အဆုံးထွက်တာကိုသိရပါမည်။

ဤကဲ့သို့အားထုတ်ပြီး အသိလိုက်သွားလျှင် အာရုံတစ်ခြားသို့ထွက်မသွားဘဲ သမာဓိကောင်းကောင်းရသွားနိုင်ပါသည်။

(နောက်အလေ့အကျင့်ကောင်းကောင်းရသွားလျှင် (၁၅) မိနစ်လောက်နှင့်သမာဓိရနိုင်ပါသည်)

- ရှုရှိုက်နေတာက ရုပ်
- ရှုရှိုက်နေတာကိုသိတာက နာမ်



ဤရုပ်-နာမ်နှစ်ပါးကိုပိုင်းခြားသိပါက နာမရူပပရိစ္ဆေဒဉာဏ် ရသည်ဟုဆိုပါသည်။

ဝိသုဒ္ဓိအရဆိုလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပါသည်။

ကမ္မဋ္ဌာန်းတရားအားထုတ်ရာတွင် သိထားဖို့မှာ-

- အာရုံနှင့်သိမှတ်သောစိတ်ဟူ၍နှစ်မျိုးမှတ်ထားရမည်
- အာရုံနှင့်သိမှတ်သောစိတ်သည် တည့်တည့်နေအောင် ရှုရပါမည်။
- အာရုံထဲကစိတ်ထွက်မသွားအောင် သတိပြုရပါမည်
- ကမ္မဋ္ဌာန်းအလုပ်ဝင်သောအခါ စိတ်က မည်သည့်အရာကိုမျှမစဉ်းစားရ၊ မည်သည့်အာရုံမျှဝင်မလာစေရပါ။
- စိတ်တစ်ခုလုံးကိုနိုင်အောင်ဆုံးမနိုင်လျှင် ကိလေသာနုနာအမြစ်ပြတ်နိုင်ပါသည်။
- စိတ်တစ်လုံးကိုမနိုင်ပါမူ လောကီအလိုချမ်းသာရာရမည်မဟုတ်သလို လောကုတ္တရာအလိုအရလည်း (၁၅၀၀)ကိလေသာမှအမြစ်ပြတ်မည်မဟုတ်ပါ။

စိတ်ကိုနိုင်အောင်ဆုံးမနည်းမှာ-

-နွားကျောင်းသားသည် နွားရိုင်းကိုဆုံးမလိုပါက ချည်တိုင်ကိုခိုင်ခိုင်စိုက်၍နွားရိုင်းကို နဖားကြိုးထိုးရမည်၊ ချည်တိုင်မှာကြိုးနှင့်မြဲမြဲချည်ပြီးဆုံးမသကဲ့သို့ ချည်

www.burmeseclassic.com

www.burmeseclassic.com



တိုင်နှင့်တူသော ကမ္မဋ္ဌာန်း-အာရုံ-မှာ
-နွားရိုင်းနှင့်တူသော-စိတ်-ကို
-ကြိုးနှင့်တူသော-သတိတရားဖြင့်
တင်းတင်းကြပ်ကြပ်ချည်ပြီး ဆုံးမရမည်။
နောက်စိတ်ဖမ်းနည်းမှာ-

အပေါက်(၆)ပေါက်ရှိသော တောင်ပို့ကြီးထဲမှာရှိသော ဖွတ်တစ်ကောင်ကို အမိဖမ်းလိုလျှင် အပေါက်(၅)ပေါက်ကို လုံအောင်ပိတ်ပြီး ကျန်သောအပေါက်ကစောင့်ဖမ်းလျှင် ဖွတ်ကို မိသကဲ့သို့-

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုသောအပေါက်(ဒွါရ) (၅)ပေါက်ကိုပိတ်ပြီး ကျန်သောမနော(စိတ်)ဆိုသော အပေါက်ကစောင့်ဖမ်းလျှင် ဖွတ်နှင့်တူသောစိတ်ကိုမိပါသည်။

ကမ္မဋ္ဌာန်းအားထုတ်၍ သမာဓိကျဲကျဲရက ဝီရိယလွန်၍ ဖြစ်တတ်သည်၊ ဝီရိယလွန်က ထိနမိဒ္ဓဝင်တတ်သည်။

ထိနမိဒ္ဓဝင်က ထိုင်သောဣရိယာပုတ်ကိုဖြုတ်ပြီး လမ်းလျှောက်အားထုတ်ရပါမည်၊ သတိဆိုသည်မှာ လွန်သည်မရှိပါ။ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယဆိုသည်ကိုညီတူတစ်ပြိုင်တည်း လွှတ်ရပါသည်၊ တစ်ပြိုင်တည်းတစ်ညီတည်းဖြစ်အောင် အားမထုတ်နိုင်လျှင် ဥဒ္ဓစ္စ(စိတ်ပျံ့လွင့်မှု)ဖြစ်ဖြစ် ထိနမိဒ္ဓ(စိတ်ထိုင်းမှိုင်းမှု)ဖြစ်ဖြစ် တစ်ခုခုဝင်မည်သာဖြစ်ပါသည်။



အာနပါနအားထုတ်၍ တစ်နာရီမျှသမာဓိရသည်ဟုဆိုလျှင် ဝီရိယရှိ၍ဖြစ်ပါသည်၊ ယင်းကို မဂ္ဂင်အားဖြင့် သမ္မာဝါယမ ဖြစ်ပါသည်။

လေကိုရှုတိုင်း-ရှုတိုင်း ရင်ညွန့်ကိုရောက်တိုင်း-ရောက်တိုင်း သိနေခြင်းသည် သမ္မာသတိမဂ္ဂင်၊

စိတ်သည် ရင်ညွန့်မှာရှိနေပြီး တစ်ခြားအာရုံသို့ရောက်မသွားခြင်းသည် သမ္မာသမာဓိမဂ္ဂင်

ရှေးဦးစွာ သမ္မာသမာဓိဖြစ်၍ သမာဓိကောင်းကောင်းထူထောင်နိုင်လာပြီဆိုသော် ဝိပဿနာဘက်သို့ပြောင်းရပါမည်။

ဝိပဿနာဆိုသည်မှာ ပညာလမ်းကိုစိတ်ညွှတ်ပြီး ရုပ်နာမ်လက္ခဏာဖြစ်ပေါ်လာမှုများကို သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတို့ကို အပိုအလိုမရှိ၊ မလျှော့မတင်းစောင်းကြိုးညှင်းသလို ပညာလမ်းကိုစိတ်ညွှတ်ပြီး ရုပ်-နာမ်လက္ခဏာဖြစ်ပေါ်လာသည်များကို ဆင်ခြင်ခြင်းဖြစ်ပါသည်။

ယခုလက်ရှိခန္ဓာကြီးသည် ပဋိသန္ဓေကစပြီး သေသည့်တိုင်အောင် မပြတ်မစဲထပ်တလဲလဲဖြစ်-ပျက်နေသည်။

- အနိစ္စ -အမြဲမရှိ
- ဒုက္ခ - ဆင်းရဲကြောင်းဖြစ်သည်
- အနတ္တ- အစိုးမရ

ဟူ၍ လက္ခဏာရေး(၃)ပါးကို ရှုမှတ်ဆင်ခြင်ရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်-နာမ်နှစ်ပါးတို့သည် မမြဲ-ဆင်းရဲ-ငါလည်းမဟုတ်၊ အနတ္တဟူ၍ဆင်ခြင်မှု သမ္မာသနဉာဏ်သုံးသပ်ဆင်ခြင်သည်၊ ထိုသို့သုံးသပ်ဆင်ခြင်၍ သင်္ခါရတို့၏ဖြစ်-ပျက်ကိုတွေ့မြင်ဖန်များလာသောအခါ **ဥဒယဗ္ဗယဉာဏ်** ဆိုက်ရောက်သည်။

ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၏အဖြစ်-အပျက်တို့က အလွန်လျင်မြန်ရကား အဖြစ်(ဥပါဒ်)ကိုမရှုတော့ဘဲ အပျက်ချည်းကိုသာ ရှုမှတ်လာသောအခါ **ဘင်္ဂဉာဏ်** ဖြစ်လာပါမည်။

ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၏အပျက်ချည်းကိုသာ တွေ့မြင်နေရ၍ ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့ကိုကြောက်လန့်လာပြီး ကြောက်မက်ဖွယ်ဘေးကြီးဟုမြင်လာ-ရှုမှတ်လာပါက **ဘယဉာဏ်** ဖြစ်လာပါမည်။

ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့ကို ကြောက်မက်ဖွယ်ဘေးကြီးအဖြစ် ထင်မြင်လာသောအခါ ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့၌ အပြစ်ဟူ၍မြင်လာပါက **အာဒီနဝဉာဏ်** ဖြစ်လာပါမည်။

အပြစ်မြင်ထားသော ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့အပေါ်၌ မတွယ်တာ၊ မပျော်ပိုက်တော့ဘဲ ငြီးငွေ့မှုဖြစ်လာက **နိဗ္ဗိဒါဉာဏ်** ဖြစ်လာပါမည်။

ငြီးငွေ့လာသဖြင့် ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့မှ လွတ်မြောက်လိုလာပါက **မုစ္စိတုကမျတာဉာဏ်** ဖြစ်လာပါမည်။



လွတ်မြောက်လို၍အပြစ်မြင်ထားသော ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ ဟုလက္ခဏာတင်၍ ထပ်မံရှုပါက **ပဋိသင်္ခါဉာဏ်** ဖြစ်လာပါမည်။

အပြစ်မြင်၍စွန့်လွှတ်ပြီးသော ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့ကိုနှစ်သက်ခြင်း၊ ကြောက်ခြင်း၊ အပြစ်မြင်ခြင်း စသည်ဖြင့်မရှုမှတ်တော့ဘဲ လျစ်လျူရှုကာ အနိစ္စ-ဒုက္ခ-အနတ္တ ဟူ၍သာ ရှုမှတ်နေပါက **သင်္ခါရုပေက္ခာဉာဏ်**ဖြစ်လာပါမည်။

အောက်အောက်ဝိပဿနာဉာဏ်များနှင့် အထက်မဂ်ခဏ၌ရလတ္တံ့သော ဗောဓိပက္ခိယတရားအားလျော်သော ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို အနိစ္စ-ဒုက္ခ-အနတ္တ ဟူ၍သာ ရှုမှတ်နေပါက **အနုလောမဉာဏ်**ဖြစ်လာပါမည်။

## ဝိပဿနာဉာဏ်ဘေးရန်

ခန္ဓာငါးပါး ရုပ်-နာမ်တရားတို့ကို အဖန်ဖန်ရှုမှတ်နေသော သူ၏စိတ်အစဉ်သည် အလွန်သန့်ရှင်းကြည်လင်လာသောအခါ ဝိပဿနာညစ်ညူးကြောင်း (ဝိပဿနူ ပက္ကိလေသ) တရား (၁၀)ပါးဖြစ်ပေါ်လာတတ်ပါသည်။

၁။ တရားအားထုတ်သောသူ၏ဉာဏ်နှုံး ထက်မြက်မှုအပေါ်မူတည်၍ ကိုယ်ရောင်ကိုယ်ဝါများထွက်ပေါ်လာတတ်သည်။ (ဩဘာသ)

www.burmeseclassic.com

www.burmeseclassic.com



၂။ ကြက်သီးမွေးညင်းထရုံမျှသောငယ်စွာဖြစ်သော နှစ်သက်မှု (ခုဒ္ဒိကာ ပီတိ)

-လျှပ်စစ်ပြက်သလို ခဏ-ခဏဖြစ်၍ ခဏ-ခဏပျက်သောနှစ်သက်မှု (ခဏိကပီတိ)

-လှိုင်းလုံးကြီးလို တစ်ကိုယ်လုံးဖုံးလွှမ်းလာသောနှစ်သက်မှု (ဩက္ကန္တိကာပီတိ)

-မိမိအဟုန်ဖြင့် ကိုယ်ကိုအထက်သို့မြှောက်တင်နိုင်သောနှစ်သက်မှု (ဥဗ္ဗေဂါပီတိ)

-တစ်ကိုယ်လုံးကြာရှည်စွာ ပျံ့နှံ့ယိုစီးသောနှစ်သက်မှု (ဖရဏာပီတိ) ဤနှစ်သက်မှုကို (ပီတိ) ဟုခေါ်ပါသည်။

၃။ ကိုယ်စိတ်နှစ်ပါးလုံး အေးမြငြိမ်းချမ်းမှုဖြစ်ပေါ်လာခြင်း (ပဿဒ္ဓိ)

၄။ ကမ္မဋ္ဌာန်းအာရုံ၌ စူးစူးစိုက်စိုက်သက်ဝင်ဆုံးဖြတ်ယုံကြည်တတ်သောသဒ္ဓါလည်းဖြစ်ပေါ်လာ၏။ (အဓိမောက္ခ)

၅။ ဝိပဿနာစိတ်ကိုနောက်မတွန့်ဆုတ်အောင် အားပေးချီးမြှောက်ထောက်ပံ့တတ်သော လုံ့လလည်းဖြစ်ပေါ်လာသည် (ပဂ္ဂဟ)

၆။ ဆီထိသောဝါဂွမ်းပမာ တရားအားထုတ်သူ၏တစ်ကိုယ်လုံး၌မွန်မြတ်သောစိတ္တဇရုပ်များ ပျံ့နှံ့ထုံမွှမ်းသော ချမ်းသာမှုဝေဒနာလည်းဖြစ်လာသည် (သုခ)



၇။ ဝရဇိန်လက်နက်မိုးကြိုးစက်ကဲ့သို့ သွက်လက်လျင်မြန်အမြင်သန်သောဝိပဿနာဉာဏ်ဖြစ်လာသည် (ဉာဏ)

၈။ မြင့်မိုရ်တောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌လွန်စွာတည်တံ့ခိုင်မြဲသောသတိသည်ဖြစ်လာသည် (ဥပဋ္ဌာန)

၉။ သင်္ခါရတရားတို့၏အဖြစ်အပျက်ကို ဗျာပါရမများတော့ဘဲ အလွယ်တကူအသင့်အားဖြင့်ရှုနိုင်သော ဝိပဿနာဥပေက္ခာပြုမှု (ဝိပဿနုပေက္ခာ)တို့ဖြစ်မှု-ပျက်မှုကိုဆင်ခြင်လိုသောအခါ အလွန်လျင်မြန်စွာ ဆင်ခြင်နိုင်သောစေတနာ(အာဝဇ္ဇနုပေက္ခာ)တို့လည်း ဖြစ်ပေါ်လာသည်။

၁၀။ ဝိပဿနာကိုသာယာနှစ်သက်သောတဏှာ ဖြစ်ပေါ်လာတတ်သည်။ (နိကန္တိ)

ရှေးယခင်က မိမိ၏စိတ်အစဉ်မှာ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးတဲ့ ယခုမှထူးကဲစွာဖြစ်ပေါ်လာကြသောအလင်းရောင် (ဩဘာသ)စသည်တို့ကို-

- ငါ့မှာဖြစ်၏ ဟုစွဲလမ်းသောဒိဋ္ဌိ
- အလွန်နှစ်သက်ဖွယ်ကောင်းပေသည်ဟုမှတ်ထင်ထားသော မာန
- ငါ၏အလင်းရောင်ဟုစသည်ဖြင့် တွယ်တာစွဲလမ်းတတ်သော တဏှာ

www.burmeseclassic.com

www.burmeseclassic.com



ဤတရား(၃)ပါးတို့၏တည်ရာ-မှီရာအာရုံဖြစ်၍ ဝိပဿနာကိုညှာ်နှမ်းစေတတ်သောတရား(၁၁)ပါး ဟုခေါ်ပါသည်။

ကိုယ်ရောင်ကိုယ်ဝါထွက်လာသောအခါ၌ ငါ့မှာရှေးက ဤကိုယ်ရောင်ကိုယ်ဝါများမဖြစ်ဘူးချေ၊ ဤကိုယ်ရောင်ကိုယ်ဝါများ ဖြာထွက်စေနိုင်သောစိတ်သည် မဂ်စိတ်၊ ဖိုလ်စိတ်ဖြစ်ရမည်၊ ငါ မဂ်-ဖိုလ်ရပြီဟု သတ်မှတ်ပြီးလျှင် အားထုတ်မြဲကမ္မဋ္ဌာန်းကို စွန့်လွှတ်၍ ကိုယ်ရောင်ကိုယ်ဝါကိုသာ သာယာနှစ်သက်နေတော့သဖြင့် ဝိပဿနာလမ်းလွဲရတော့သည်၊ ဤသို့ ဝိပဿနာလမ်းကြောင်းသွေဖည်တိမ်းစောင်းသွားနိုင်သောကြောင့် ဝိပဿနာ၏ ဘေးရန်ဟူ၍လည်းဆိုပါသည်။

သီလစင်ကြယ်ခြင်းကိုအခြေခံထား၍ တောဘူမကသခါ်ရ ရုပ်-နာမ်ခန္ဓာငါးပါးတို့ကို လက္ခဏာယာဉ်သုံးပါးသို့တင်ပြီး ဝိပဿနာဉာဏ်(၁၀)ပါးဖြင့်ရှုမှတ်ပွားများလိုက်ပါက မိမိတို့၏ ပါရမီကုသိုလ်အလျောက် သစ္စာလေးပါးအမှန်တရားကို သိတတ်တိုက်ရိုက်မြင်တတ်၍ ကိလေသာအညစ်အကြေးမှကင်းဝေးစင်ကြယ်သောမဂ်စခန်းသို့ရောက်ပြီး ကျွတ်တန်းဝင်သော အမတနိဗ္ဗာန်ချမ်းသာကို ရရှိခံစားရပါလိမ့်မည်။

# အခန်း ( ၄ )

## သေမည့်နေ့ကိုကြိုတင်သိသူများ၏ဘဝအတွေ့အကြုံ

### ( က ) မိမိကိုယ်ကိုသေနေ့ကိုကြိုသိသူများ၏ဘဝ

### အရှင်ကောဏ္ဍညမထေရ်၏ဘဝတွေ့အကြုံ

အရှင်ကောဏ္ဍညမထေရ်ကြီးသည် ပဉ္စဝဂ္ဂီငါးဦးတွင် ပါဝင်ခဲ့ပြီး ဓမ္မစကြာတရားဟောအပြီး ပထမဦးဆုံး ရဟန္တာဖြစ်ခဲ့သောအညာသိကောဏ္ဍညအမည်တွင်ခဲ့သော ရဟန္တာမထေရ်မြတ်ကြီးတစ်ပါးဖြစ်သည်။

အရှင်ကောဏ္ဍညရဟန္တာမထေရ်မြတ်ကြီးသည် ဘုရားရှင်ထံ၌ အဂ္ဂသာဝကနှစ်ပါးဖြစ်သော ရှင်မောဂ္ဂလာန်နှင့်ရှင်သာရိပုတ္တရာတို့ရောက်ရှိလာသောအခါ အဂ္ဂသာဝကနှစ်ပါးအနေခက်

www.burmeseclassic.com

www.burmeseclassic.com



မည်ကို မဖြစ်စိမ့်သောငှာ မိမိ၏တူတော်သော မန္တာဏီပုဏ္ဏေမ၏သား-ပုဏ္ဏလုလင်ကို ရဟန်းပြုပေးပြီး ဘုရားရှင်၏အလုပ်အကျွေးဖြစ်စေသည်။

ထို့နောက် ဘုရားရှင်ထံခွင့်ပန်၍ ဒွေးကရှင်ပစ္စေကဗုဒ္ဓါတို့သီတင်းသုံးရာလည်းဖြစ်သော ထိုပစ္စေကဗုဒ္ဓါတို့ကိုပြုစုလုပ်ကျွေးခြင်းဖြင့် အလေ့အကျက်ရရှိပြီး တန်ခိုးအာနုဘော်နှင့်လည်းပြည့်စုံ၊ နတ်တို့ကဲ့သို့အသက်ရှည်ကုန်သောဆင်ပေါင်း(၈၀၀၀)တို့နေသော ယူဇနာ(၅၀၀)ကျယ်ဝန်းသော မဏ္ဍာကိနီရေကန်သို့ကြွရောက်သီတင်းသုံးလေသည်၊ ဆင်တို့၏ပြုစုလုပ်ကျွေးမှုခံယူ၍သီတင်းသုံး၍နေလေသည်။

ထစ်ခါတစ်ရံ ဟိမဝန္တာတောင် ကေလာသတောင်ဝယ်နာဂဒတ္တမည်သော နတ်သားဗိမာန်သို့ကြွ၍ဆွမ်းခံသည်၊ ထိုနတ်သားသည် ကဿပဘုရားရှင်လက်ထက်က ဘုရားရှင်ကိုနှစ်ပေါင်းနှစ်သောင်းကြာအောင် ရန့်ကောင်းသော ထောပတ်နှင့်နွားနို့စာရေးတံကိုလှူဒါန်းခဲ့သောကောင်းမှုကြောင့် ထိုနတ်သားတွင်ထောပတ်၊ ကြာပျားမှုန့်တို့ဖြင့်ယှဉ်သော ရေမရောသောနို့ယနာသည် အမြဲရှိ၍ မထေရ်အား ထိုနို့ယနာဆွမ်းကိုလောင်းလှူလေ့ရှိပါသည်။

ဤသို့လျှင် အရှင်ကောဏ္ဍညမထေရ်ကြီးသည် (၁၂)နှစ်တို့ကာလပတ်လုံး ဆဒ္ဒန်အိုင်၊ မန္တာကိနီရေကန်အနီး၌ သီတင်းသုံး



နေထိုင်ခဲ့၍ တစ်နေ့တွင်မိမိ၏အာယုသင်္ခါရ အသက်အစဉ်ဖြစ်ပျက်မှုကို ရှုဆင်ခြင်ကြည့်သော် ဖိစီးတာသန္တာန်၌အစဉ်ကုန်နေပြီးကိုမြင်တော်မူသည်။

“ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံရမည်နည်း”
ဟု စဉ်းစားဆင်ခြင်သည်။

“ငါ့ကို (၁၂)နှစ်ကြာကာလပတ်လုံး ပြုစုလုပ်ကျွေးသော ဤဆင်ပေါင်း(၈၀၀၀)တို့သည် ပြုနိုင်ခဲသည်ကိုပြုအပ်ခဲ့ပေပြီ၊ ထိုဆင်တို့၏ကျေးဇူးကား အလွန်များလှစွာ၏၊ ငါသည် မြတ်စွာဘုရားထံမှောက်သို့သွားရောက်ပြီးလျှင် ပရိနိဗ္ဗာန်စံရန် ခွင့်ပန်လျှောက်ထားပြီးနောက် ဤဆင်တို့၏အနီးထံပါး ဤကမ္ဗဒ္ဒါန်းကျောင်း၌ပင် ပရိနိဗ္ဗာန်စံဝင်တော့မည်”
ဟု ဆုံးဖြတ်ချက်ချတော်မူသည်။

ထို့နောက် ကောင်းကင်ခရီးဖြင့် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌သီတင်းသုံးနေသောဘုရားရှင်ထံမှောက်သို့လာရောက်ဆည်းကပ်ပြီးလျှင် ဘုရားရှင်၏ခြေတော်ကိုဦးဖြင့်တိုက်၍ ဘုရားရှင်၏ခြေတော်ကိုခံတွင်းဖြင့်ခုတ်တော်မူ၏၊ လက်တို့ဖြင့် တအားဆုပ်နယ်လေသည်။

“ဘုန်းတော်ကြီးသောမြတ်စွာဘုရား . . တပည့်တော်ကား ကောဏ္ဍည ဖြစ်တော်မူပါသည်ဘုရား”
ဟူ၍ မိမိ၏အမည်ကိုထုတ်ဖော်လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုမြင်တွေ့ရသော အရှင်ဝင်္ဂီသမထေရ်သည်-"ငါသည် ဘုရားရှင်၏ရှေ့မှာပင် သင့်လျော်လျောက်ပတ်သောဂါထာဖြင့် ချီးမွမ်းလျှောက်ဆိုရမှု ကောင်းလေစွ" ဟု အကြံဖြစ်တော်မူလေသည်။

ထို့နောက် ဘုရားရှင်ထံခွင့်ပန်လျှောက်ထားပြီး အောက်ပါစကားတို့ဖြင့်လျှောက်ထားလေသည်-

"ကောဏ္ဍညအမည်တွင်သော မထေရ်ကြီးသည် ဘုရားရှင်နောက် သစ္စာလေးပါးကိုဦးစွာသိခဲ့သော ဗုဒ္ဓါနုဗုဒ္ဓဂုဏ်တော်ရတော်မူပါ၏၊ သူမတူသောပြင်းထန်သောလုံ့လလည်းရှိပါ၏၊ မျက်မှောက် ... အားချမ်းသာယာစွာနေထိုင်ရာဖြစ်သော ဆိတ်ငြိမ်တရားသုံးပါးတို့ကို အမြဲမပြတ်ချမ်းမြေ့ကြည်ဖြူစွာ ရတော်မူလေ့ရှိပါ၏။

ဘုရားရှင်၏အဆုံးအမကို လိုက်နာကျင့်သုံးသော အရိယာသာဝကသည် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါဉာဏ်အပြားစသည်ကို ဉာဏ်ဖြင့်ဆိုက်ရောက်အပ်၏၊ အရှင်ကောဏ္ဍညမထေရ်ကြီးသည်ကား ထိုဉာဏ်အလုံးစုံကို မမေ့မလျော့သောသတိတရားလက်ကိုင်ထားလျက် သိက္ခာသုံးပါးကိုကျင့်ကြံတော်မူသည်ဖြစ်၍ သာဝကများစွာတို့တွင် လက်ဦးဆိုက်ရောက်ခဲ့သူဖြစ်ခဲ့ပါပြီ။



ကြီးမြတ်သောအာနုဘော်ရှိတော်မူသော ဝိဇ္ဇာသုံးပါးရှိသော စိတ်ဖြစ်ပုံကိုအကုန်သိမြင်တော်မူသော မြတ်စွာဘုရားရှင်၏လောကုတ္တရာတရားကိုးပါးအမွေကို ရှေးဦးစွာရတော်မူသော အရှင်ကောဏ္ဍညမထေရ်ကြီးသည် လူနတ်ဆရာမြတ်စွာဘုရား၏ ခြေတော်ကို ဖျပ်တုတ်ရိုကျိုးရှိခိုးတော်မူနေပြီတကား" ဟု သုံးဂါထာဖြင့်လျှောက်ထားလေသည်။

ပရိသတ်အားလုံးတို့သည်လည်း အရှင်ဝင်္ဂီသ၏ ချီးမွမ်းလျှောက်ထားချက်တို့ကို အလွန်တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြသည်၊ အရှင်ဝင်္ဂီသမထေရ်ချီးကျူးပြီးသောအခါ အရှင်ကောဏ္ဍညမထေရ်ကြီးက-

"မြတ်စွာဘုရား. . . တပည့်တော်၏ အာယုသင်္ခါရတို့ကား ကုန်ခဲ့ပါပြီဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်စံပါတော့မည်ဘုရား"

"ချစ်သား ကောဏ္ဍည. . . သင်ချစ်သားသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံဝင်ပါမည်နည်း"

"မြတ်စွာဘုရား. . တပည့်တော်အား(၁၂)နှစ်ကြာ ပြုစုလုပ်ကျွေးခဲ့ကြသော ဆင်အပေါင်းတို့သည်ပြုနိုင်ခဲ့သည်တို့ကို ပြုအပ်ခဲ့ကြပါပြီ၊ တပည့်တော်သည် ထိုဆင်အပေါင်းတို့၏ နေရာ၌ပင် ပရိနိဗ္ဗာန်ပြုပါမည်"

ဟု လျှောက်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ခွင့်ပြုတော်မူသည်။

"မြတ်စွာဘုရား. . . ရှေးအခါ ဒုက္ကရစရိယာကျင့်တော်မူစဉ် အရှင်ဘုရားအားပြုစုလုပ်ကျွေးရန် ပထမဖူးမြော်ခြင်းသည်ရှိပါ၏၊ ထိုဖူးမြော်ရခြင်းသည် ရှေးဦးစွာဖူးမြော်ရခြင်းဖြစ်ပါသည်၊ ဘုရား၊ ယခုဖူးမြော်ရခြင်းသည် နောက်ဆုံးဖူးမြော်ရခြင်း ဖြစ်ပါသည်ဘုရား"

ဟု လျှောက်ထားသည်။

ထိုအခါ အနားရှိရဟန်း၊ လူပရိသတ်တို့သည် ငိုကြွေးကြလေသည်၊ အရှင်ကောဏ္ဍညမထေရ်သည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် ဗုံရှေ့ေ...မှထွက်ခဲ့၍ တံခါးမုဒ်၌ရပ်တည်ပြီးသော်-

"မစိုးရိမ်ကြလင့်၊ မငိုကြွေးကြလင့်၊ မြတ်စွာဘုရားပင်ဖြစ်စေ၊ သာဝကပင်ဖြစ်စေ၊ ဖြစ်တိုင်း-ဖြစ်တိုင်းသော သင်္ခါရတို့သည် မပျက်စီးသည် မည်သည်မရှိကြပါချေ"

ဟု လူအပေါင်းတို့အားဆုံးမတော်မူပြီး လူအပေါင်းမြင်စဉ်ပင်ကောင်းကင်သို့ပျံတက်ကာ မန္ဒာကိနီရေကန်သို့သက်ဆင်းသည်။

ထို့နောက် ရေကန်၌ ရေချိုးပြီးနောက် သင်္ကန်းတို့ကိုကောင်းစွာဝတ်ရုံတော်မူလျက် ကျောင်းအိပ်ရာနေရာတို့ကို သိမ်းဆည်းပြီးလျှင် ညဉ့်သုံးယံပတ်လုံး ဖလသမာပတ်ဝင်စားနေပြီး မိုးသောက်အားကြီး လင်းကာနီးအချိန်ဝယ် အနုပါဒိသေသနိဗ္ဗာန်စံဝင်တော်မူလေသည်။



## အရှင်သာရိပုတ္တရာ၏ဘဝတွေ့အကြုံ

မြတ်စွာဘုရားရှင်သည် နောက်ဆုံး(၄၅)ဝါမြောက်လို့ဝေသာလီပြည်အနီး ဝေဠုဝန်ရွာ၌ဝါကပ်ခဲ့သည်၊ ဝါကျွတ်သော်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူသည်။

ထိုအချိန်ဝယ် တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည် ဘုရားရှင်အားဝတ်ပြုနေ၍ နေသန့်ရာအရပ်သို့ကြွတော်မူသည်၊ ထိုနေရာ၌ တပည့်ရဟန်းတို့၏ဝတ်ပြုမှုကိုခံယူသည်၊ တပည့်များပြန်ကြွသွားသောအခါ မိမိ၏စမ္ပခဏ်(သာရေပိုင်း)ကိုခင်းပြီး အရဟတ္တဖိုလ်သမာပတ်ကိုဝင်စားတော်မူသည်။

ပိုင်းခြားအပ်သောအချိန်ကာလမှာပင် ဖလသမာပတ်မှထတော်မူပြီးလျှင် မထေရ်မြတ်၏စိတ်သန္တာန်၌-

"မြတ်စွာဘုရားရှင်တို့ကပင် ရှေးဦးစွာ ပရိနိဗ္ဗာန်စံဝင်တော်မူကြပါကုန်သလော၊ သို့မဟုတ် အဂ္ဂသာဝကနှစ်ပါးတို့ပင်ရှေးဦးစွာ ပရိနိဗ္ဗာန်စံဝင်တော်မူကြပါကုန်သလော"

ဟု ကြံစည်ဆင်ခြင်တော်မူမိလေသည်။

"အဂ္ဂသာဝကနှစ်ပါးကသာ ရှေးဦးစွာ ပရိနိဗ္ဗာန်စံဝင်ကြစမြဲဖြစ်သည်" ဟု သိမြင်တော်မူသည်။

ထို့နောက် မိမိ၏အာယုသင်္ခါရကို တစ်ဖန်ဆက်လက်၍စူးစမ်းဆင်ခြင်မိပြန်သော်-

www.burmeseclassic.com

www.burmeseclassic.com



"ငါ၏အာယုသင်္ခါရတို့သည် ခုနှစ်ရက်မျှသာကျန်ရှိတော့သည် " ဟုသိတော်မူသည်။

"ငါသည် အဘယ်အရပ်၌ပရိနိဗ္ဗာန်စံဝင်ရမည်နည်း၊ ရာဟုလာမထေရ်သည် တာဝတိံသာနတ်ပြည်၌ ပရိနိဗ္ဗာန်စံလေပြီး အညာသိကောဏ္ဍညမထေရ်သည် ဆဒ္ဒန်အိုင်၌ပရိနိဗ္ဗာန်စံလေပြီး ငါသည်ကား အဘယ်အရပ်၌ပရိနိဗ္ဗာန်စံရပါမည်နည်း" ဟု အဖန်ဖန်ဆင်ခြင်စဉ်းစားတော်မူရာ မယ်တော်ရူပသာရီပုဏ္ဏေးမကို အာရုံပြုမိသတိရရှိလာသည်။

"သြော်. . . ငါ၏မယ်တော်သည် ရဟန္တာခုနှစ်ပါးတို့၏ မိခင်ကြီးစစ်စစ်ဖြစ်ပါလျက် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ မကြည်ညိုသူဖြစ်ချေသည်၊ ငါ၏မယ်တော်သည် မဂ်ဖိုလ်၏ ဥပနိဿယရှိလေသလော၊ မရှိလေသလော"

ဟု ဆင်ခြင်ရာ သောတာပတ္တိမဂ်ကိုရကြောင်း ရေးကောင်းမှု ဥပနိဿယပစ္စည်းရှိသည်ကိုသိမြင်တော်မူသည်။

"အဘယ်သူ၏တရားဒေသနာဖြင့် သစ္စာလေးပါးကို သိမြင်ခြင်းဖြစ်မည်နည်း"

ဟ ဆက်လက်ဆင်ခြင်ပြန်သည်။

"ငါ၏တရားဒေသနာဖြင့်ပင် ငါ၏မယ်တော်သည် သစ္စာလေးပါးတရားကိုသိမြင်ကျွတ်တမ်းဝင်ခြင်းဖြစ်ပေလိမ့်မည်၊ တစ်ပါးသောပုဂ္ဂိုလ်၏တရားဒေသနာဖြင့် သစ္စာလေးပါးတရားကို သိမြင်ခြင်းဖြစ်လိမ့်မည်မဟုတ်၊ အကယ်၍များ ငါသည် မယ်တော်ကိုချေချွတ်ဖို့ရန် ကြောင့်ကြစိုက်ထုတ်ခြင်းမပြု လျစ်လျူရှုလိုက်မည်ဆိုလျှင် သာရိပုတ္တရာထေရ်သည် အခြားသူတို့၏ကားမှီခိုအားထားရာဖြစ်ပါပေ၏၊ ယခုတော့မူ မိမိမယ်တော်၏မိစ္ဆာအယူကိုမျှပင် ပယ်ဖျောက်ခြင်းငှာမတတ်နိုင်ရှာပေ ဟုကဲ့ရဲ့အပြစ်တင်စကားပြောကြားကြမည့်သူများထင်ရှားပေါ်ထွက်လာလိမ့်မည်၊ ထို့ဖြစ်၍ ငါသည် မယ်တော်ကို မိစ္ဆာအယူမှချွတ်ပြီးနောက် ငါ၏ဖွားရာတိုက်ခန်းမှာပင် ပရိနိဗ္ဗာန်စံဝင်အံ့"



ဟု ဆုံးဖြတ်ချက်ချတော်မူသည်။

(အရှင်သာရိပုတ္တရာမထေရ်၏ သမစိတ္တသုတ္တန်(အံ-၁-၆၄)ဟောတော်မူသောသောနေ့၌ နတ်ပြဟ္မာကုဋေတစ်သိန်း အရဟတ္တဖိုလ်သို့ဆိုက်ရောက်သည်၊ အောက်မဂ်သုံးပါးဆိုက်ရောက်သူတို့ကားမရေတွက်နိုင်၊ အခြားသစ္စာလေးပါးကိုသိမြင်သူများ များစွာရှိသည်။ မထေရ်မြတ်ကို သဒ္ဓါကြည်ညို၍ နတ်ပြည်၌ဖြစ်ကြသော အမျိုးအိမ်ထောင်စုသည်ပင် (၈၀၀၀၀)ကျော်ရှိလေသည် )

ထို့နောက် မထေရ်သည် မြတ်စွာဘုရားရှင်ထံဝင်ရောက်ခွင့်ပန်ရန်ဆုံးဖြတ်ပြီး ညီတော်စုန္ဒမထေရ်ကို မိမိ၏တပည့်ရဟန်းငါးရာကို မထေရ်၏ဖွားရာဇာတိဖြစ်သော နာလကရွာသို့သွားမည့်အကြောင်းပြောကြားစေပြီး သပိတ် ပရိက္ခရာတို့ကို အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားစေသည်၊ မိမိတို့၏ကျောင်းအိပ်ရာနေရာတို့ကို သိုမှီးသိမ်းဆည်းစေသည်။

တပည့်မထေရ်(၅၀၀)တို့သည် ညီတော်စုန္ဒမထေရ်၏ နှိုးဆော်မှုဖြင့် မကြာခင် ရှင်သာရိပုတ္တရာထံ စုရုံးမိကြသည်။

အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏ကျောင်းအိပ်ရာ နေရာတို့ကို သိုမှီးသိမ်းဆည်းတော်မူပြီးလျှင် နေ့သန့်စင်ရာဌာနကိုတံမြက်စည်းလှည်း၍ ထိုနေရာတံခါးဝ၌ ရပ်တော်မူလျက် နေ့သန့်စင်ရာကျောင်းကိုကြည့်တော်မူသည်။

"ယခုအခါ ဤကြည့်ခြင်းကားနောက်ဆုံးကြည့်ခြင်းဖြစ်သည်၊ နောက်ထပ်တစ်ဖန်ပြန်လာခြင်း မရှိတော့ပြီ"

ဟုအောက်မေ့တော်မူလျက် တပည့်ငါးရာခြံရံပြီးလျှင် ဘုရားရှင်ထံသို့သွားရောက်ရှိခိုးလေသည်။

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အရှင်ဘုရားသည်တပည့်တော်အား ခွင့်ပြုတော်မူပါဘုရား။ တပည့်တော်အဖို့ ပရိနိဗ္ဗာန်စံဝင်ရန်အချိန်သို့ကျရောက်ပါပြီ၊ တပည့်တော်သည် အာယုသင်္ခါရကိုလွှတ်အပ်ပြီးပါပြီ"

ဟုခွင့်ပန်လျှောက်ထားလေသည်။

"ချစ်သား သာရိပုတ္တရာ. . . သင်သည် အဘယ်အရပ်၌ ပရိနိဗ္ဗာန်စံဝင်မည်နည်း"



"မြတ်စွာဘုရား. . . မာဂဓတိုင်း၊ နာလကရွာ၌ တပည့်တော်၏မွေးဖွားရာတိုက်ခန်းရှိပါသည်၊ ထိုတိုက်ခန်း၌ တပည့်တော်စံဝင်ပါမည်ဘုရား"

"ချစ်သား သာရိပုတ္တရာ. . . သင် ချစ်သားသည်ပင် ယခုအခါ၌ မိမိ၏ပရိနိဗ္ဗာန်စံရာကာလကိုသိပေ၏၊ အထူးအားဖြင့် ယခုအခါ သင်ချစ်သား၏နောင်တော်ညီတော်ဖြစ်ကြသောရဟန်းများအဖို့ရာ သင်ချစ်သားကဲ့သို့သောရဟန်းကို နောက်ထပ်ဖူးမြော်ရန်ရခဲသည်ကောန်ဖြစ်ပေလိမ့်မည်၊ သို့ဖြစ်၍ သင်ချစ်သားသည် မိမိ၏နောင်တော် ညီတော်ဖြစ်ကြသောရဟန်းတို့ကို တရားဟောကြားပါဦး"

ဟု ဘုရားရှင်ကမိန့်ကြားသည်။

"မြတ်စွာဘုရားရှင်သည် ငါ၏တံခိုးထူးဖန်ဆင်းခြင်းလျှင် ရှေးသွားရှိသောတရားဟောခြင်းကိုလိုလားတော်မူသည်" ဟု ဘုရားရှင်၏အလိုတော်ကိုသိရှိ၍ ဘုရားရှင်ကိုရှိခိုးကာ ထန်းတစ်ဆင့်ပမာဏရှိသောကောင်းကင်သို့ပျံတက်ပြီးလျှင် ကောင်းကင်မှသက်ဆင်း၍ ဘုရားရှင်၏ခြေတော်ကိုရှိခိုးသည်၊ တစ်ဖန် ထန်းနှစ်ဆင့်၊ သုံးဆင့်၊ လေးဆင့်၊ ငါးဆင့်၊ ခြောက်ဆင့်၊ ခုနစ်ဆင့် အဆင့်ဆင့်ပျံတက်လိုက် ဘုရားရှင်အားရှိခိုးလိုက်ပြုလုပ်၍ တံခိုးပြာဋိဟာရပေါင်းများစွာကိုပြလျက် တရားကိုဟောတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားဟောပုံမှာ-

-ကိုယ်တော်ထင်ရှားပြလျက်

-ကိုယ်တော်ကွယ်လျက်

-ကိုယ်တော်၏အထက်ပိုင်းကိုထင်ရှားပြလျက်-

ကွယ်လျက်

-ကိုယ်တော်၏အောက်ပိုင်းကိုထင်ရှားပြလျက်-

ကွယ်လျက်

စသည်ဖြင့် တရားတို့ကိုဟောတော်မူသည်။

ရံခါ လဗိမာန့်ဖန်ဆင်း၍၊ ရံခါ နေဗိမာန်ဖန်ဆင်း၍၊ ရံခါ တောင်ကြီးအတန်ဖန်ဆင်း၍၊ ရံခါ သမုဒ္ဒရာဟန်ဖန်ဆင်း၍ ရံခါ စကြဝတေးမင်း၊ ရံခါ ဝေဿဝဏ်၊ ရံခါ သိကြားမင်း၊ ရံခါ ဗြဟ္မာမင်းဖြစ်လိုက်ဖြင့် ဖန်ဆင်းပြီး ပြာဋိဟာအမျိုးမျိုးပြပြီး တရားဟောလေသည်။

သာဝတ္ထိတစ်မြို့လုံးသည်လည်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့်ကြားကြကာ စုရုံးရောက်ရှိလာကြသည်။

မထေရ်မြတ်သည် တန်ခိုးပြာဋိဟာပြခြင်းကိုရှေ့သွားပြုကာ တရားတော်ကိုအားရလောက်အောင် ဟောကြားပြီးသောအခါ ကောင်းကင်မှသက်ဆင်း၍ ဘုရားရှင်ကိုရိုသေစွာရှိခိုးပြီးလျှင် ရွှေတုရိုက်ပမာ မတ်မတ်ကိုယ်ကိုရပ်တည်၍နေလေသည်။



"ချစ်သား သာရိပုတ္တရာ. . . ယခု ဤတရားဟောခြင်းသည် အဘယ်မည်သောတရားဟောခြင်းဖြစ်ပါသနည်း"

"မြတ်စွာဘုရား. . . ခြင်္သေ့မင်း၏ မြူးကွန့်စံပါယ်ခြင်းနှင့် အလားတူသော(သီဟဝိကီဠိတ)တရားဟောခြင်းဖြစ်ပါသည်ဘုရား"

"ချစ်သား သာရိပုတ္တရာ. . . အမှန်စင်စစ်ပင် ခြင်္သေ့မင်း၏ မြူးကွန့်စံပါယ်ခြင်းနှင့်တူသောတရားဟောခြင်းဖြစ်ပါပေ၏" ဟု ဘုရားရှင်က ကောင်းချီးထောပနာပြုလေသည်။

ထို့နောက် အရှင်သာရိပုတ္တရာသည် ချိပ်ရည်အသွေး တွေးတွေးနီသောလက်တို့ကိုဖြန့်လျက် ဘုရားရှင်၏ခြေတော်အစုံ ဖမျက်ကို မြဲစွာဆွဲကိုင်ပြီးလျှင်-

"မြတ်စွာဘုရား. . . တပည့်တော်သည် အရှင်ဘုရားတို့၏ ဤခြေတော်အစုံတို့ကိုဖူးမြော်နိုင်ရန် တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းကြားပါရမီတို့ကိုဖြည့်အပ်ခဲ့ကုန်ပါပြီ၊ တပည့်တော်၏နှလုံး အလိုတို့သည် ယခုအခါ အထွဋ်အထိပ်သို့ရောက်အောင် ပြီးမြောက်ခဲ့ပါပြီ၊ ယခုအခါ ဤအချိန်မှစ၍ နောက်ထပ်တစ်ဖန် တစ်နေရာရာဘဝတစ်ခုခု၌ အရှင်ဘုရားတို့နှင့်တွေ့ကြုံပေါင်းဆုံခွင့်ကားမရှိတော့ပါဘုရား"

ဤသည့်ဘဝနှင့်ဆက်စပ်သော အကျွမ်းဝင်ရင်းနှီးမှုတို့ကို အကြွင်းမဲ့ဖြတ်အပ်ပြီးပါပြီ၊ ယခုအခါ တပည့်တော်သည် အဆူရေသိန်းပေါင်းများစွာသောဘုရားတကာတို့ဝင်စံရာ မအို-

www.burmeseclassic.com

www.burmeseclassic.com



မနာ-မသေရာ၊ ရန်ကင်းရာ၊ ချမ်းသာ-အေးမြ-ဘေးမခသော မြတ်သောနိဗ္ဗာန်သို့ဝင်စံပါတော့မည်ဘုရား"

တပည့်တော်အပေါ်၌ ရှင်တော်ဘုရား မနှစ်သက်သော တစ်စုံတစ်ရာကာယကံမှု၊ ဝစီကံမှုထင်ရှားရှိခဲ့ပါလျှင် ထိုအပြစ်များကိုသည်းခံတော်မူကြပါဘုရား၊ တပည့်တော်အဖို့ရာသွားရောက်ရန်အချိန်တန်ပါပြီဘုရား" ဟု တောင်းပန်လျှောက်ထားသည်။

"ချစ်သား သာရိပုတ္တရာ. . . ချစ်သား၏အပေါ်မှာ ငါဘုရားသည်းခံပါ၏၊ ငါဘုရားစိတ်တော်မှာ မနှစ်သက်လောက်သည့် သင်ချစ်သားပြုမှားပြောမှားသော ကာယကံမှု၊ ဝစီကံမှု၊ တစ်စုံတစ်ရာမျှမရှိချေ၊ ချစ်သား သာရိပုတ္တရာ သင်ချစ်သားသည်ပင် ယခုအခါ သွားရမည့်အချိန်ကာလကိုသိပေ၏၊ သင် ချစ်သား၏အလိုဆန္ဒအတိုင်းပင်ဖြစ်ပါစေ"

အရှင်သာရိပုတ္တရာမထေရ်မြတ်က ဘုရားရှင်၏ခြေတော်တို့ကို တအားကုန်ဆုတ်နယ်ကာရှိခိုး၍ ထိုနေရာမှထလျှင်ပင်-

"မြင့်မိုရ်တောင်၊ စကြာဝဠာ၊ ဟိမဝန္တာနှင့်တကွ သတ္တရဘန်တောင်ရံ (၇)လုံးတို့ကိုထမ်းဆောင်၍ထားနိုင်ပါသော်လည်း ယနေ့ ဤဂုဏ်ကျေးဇူးအစုကိုကား ငါထမ်းဆောင်ခြင်းငှာ မစွမ်းနိုင်တော့ပါ"

ဟုပြောဆိုဘိသကဲ့သို့ မဟာပထဝီမြေကြီးသည် ပဲ့တင်ရိုက်ဟီးလျက် ရေဆုံးတိုင်အောင်ပြင်းစွာတုန်လှုပ်လေသည်၊ မိုးတိမ်များ



တစ်ခဏချင်းဖြစ်ပေါ်လာပြီး ပေါက္ခရဝဿမိုး ဖြိုးဖြိုးရွာသွန်းလေသည်။

"သာရိပုတ္တရာကား ထိုင်နေသောငါဘုရား၏ရူပကာယကိုရှိခိုးပြီးပြီ၊ ယခုအခါ ရပ်တည်နေသော ငါဘုရား၏ရူပကာယကို သာရိပုတ္တရာတစ်ဖန်ရှိခိုးစေဦးအံ့"

မြတ်စွာဘုရားရှင်သည် ဤသို့ကြံစည်ပြီး တရားဟောပလ္လင်မှထ၍ ဂန္ဓကုဋိတိုက်သို့ရှေ့ရှုကြွသွားတော်မူ ကျောက်မျက်ရတနာစီခြယ်ထားသောဖျည်ပြားချပ်၌ ရပ်တည်နေတော်မူသည်။

ရှင်သာရိပုတ္တရာသည် ဘုရားရှင်ကို လကျာ်ရစ်သုံးပတ်လှည့်လှည်၍ ရှေ့နောက်ဝဲယာလေးမျက်နှာအရပ်တို့၌ရှိခိုးပြီးသော်-

"မြတ်စွာဘုရား. . . တပည့်တော်သည် လွန်ခဲ့သောအသင်္ချေကမ္ဘာတစ်သိန်းထက်က အနောမဒဿီဘုရားရှင်၏ခြေတော်ရင်း၌ဝတ်စင်းတုပ်ကွ၍ အရှင်ဘုရားတို့ကိုဖူးမြော်ရန်ဆုပန်တောင်းခဲ့ပါပြီ၊ တပည့်တော်၏ ထိုတောင်းဆုသည် ယခုပြည့်စုံပါပြီ၊ အရှင်ဘုရားကိုနှစ်သက်အားရစွာ ဖူးမြော်ရပါကုန်ပြီ၊ ထိုဆုတောင်းစဉ်က အနောမဒဿီဘုရားရှင်၏ ဗျာဒိတ်တော်စကားကိုအစဉ်လျှောက်၍ကြားနာကာ ဉာဏ်ပညာဖြင့် အရှင်ဘုရားတို့ကိုရည်ရော်ဖူးမြော်ရခြင်းသည် ပထမဖူးမြော်ရခြင်းဖြစ်ပါသည်၊ ယခုဖူးမြော်ရခြင်းသည် နောက်ဆုံးဖူးမြော်ရခြင်းဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ နောက်ထပ်တစ်ဖန် အရှင်ဘုရားတို့ကို ဖူးမြော်ခွင့်ရတော့မည်မဟုတ်တော့ပါဘုရား"

ဟုလျှောက်ထားပြီး ဘုရားရှင်ကိုရှိခိုးကာ ဘုရားရှင်မြင်လောက်သည့်အဆုံးအထိနောက်ဆုတ်သွားပြီး ရှိခိုးလျက်ဖယ်ခွာသွားလေသည်။

"ချစ်သားတို့. . . သင်တို့၏နောင်တော်ကြီးကိုလိုက်ပို့ကြလော့"

ဟု ဘုရားရှင်က ဝိုင်းရံလျက်နေကြသော ရဟန်းတော်များကို မိန့်ကြားသည်။

ပရိသတ်တို့သည် ဂန္ဓကုဋိတိုက်၌ ဘုရားရှင်တစ်ပါးသာ ချန်ထားပြီး အားလုံးလိုက်ပို့ကြသည်။

သာဝတ္ထိပြည်သူပြည်သားတို့သည်-

"အရှင်သာရိပုတ္တရာမထေရ်မြတ်သည် မြတ်စွာဘုရားအားပန်ကြား၍ ပရိနိဗ္ဗာန်စံတော်မူရကား ဇေတဝန်ကျောင်းမှထွက်ခွာကြွတော်မူပြီးတဲ့မထေရ်မြတ်ကို ငါတို့နောက်ဆုံးဖူးမြော်ကုန်အံ့"

ဟု မြို့တံခါးမှသူထက်ငါ အလုအယက်လာစောင့်နေကြသည်။ နံ့သာပန်းစသည်တို့ကိုလက်ဆွဲကြလျက် ဆံပင်တို့ကို ဖရိုဖရဲကြဲချကြပြီးသော်-



"အရှင်ဘုရား. . . ယခုအခါ တပည့်တော်တို့သည် မဟာပညာရှိ သာရိပုတ္တရာသည် အဘယ်အရပ်မှာနေပါသနည်း၊ ဓမ္မသေနာပတိအရှင်သာရိပုတ္တရာ ယခုအခါ အဘယ်အရပ်မှာနေပါသနည်း၊ မေးမြန်းကြကာ အဘယ်မထေရ်ထံသို့သွားကြပါမည်နည်း၊ အဘယ်သူလက်၌ ဘုရားရှင်ကိုအပ်ထားခဲ့၍ မထေရ်မြတ်ဘုရား ဖယ်ခွာကြွသွားပါသနည်း"

ဟု အစချီရွတ်ဆိုကာ ငိုကြွေးမြည်တမ်းကြလေသည်၊ မထေရ်မြတ်နောက်သို့လည်းလိုက်ကြလေသည်။

"ဤဖြစ်တိုင်း-ဖြစ်တိုင်းသော သတ္တဝါတို့၏ သေခြင်းအဆုံးရှိသောလမ်းသည်ကား ခပ်သိမ်းသောသတ္တဝါတို့မလွန်မြောက်နိုင်သောလမ်းဖြစ်သည်"

ဟု လူတို့အားတရားဟော၍ ပြန်လွှတ်သည်။

"ငါ့ရှင်တို့. . . သင်တို့သည်လည်းနေရစ်ကြလော့၊ မြတ်စွာဘုရား၌ မမေ့မလျော့ကြလင့်"

ဟုဆုံးမကာ ရဟန်းအပေါင်းကိုပြန်စေသည်။

"ရှေးအခါက အရှင်မြတ်သည် တစ်ဖန်ပြန်လာမည်ဖြစ်သောဒေသစာရီကိုကြွချီ၏၊ ယခုမူကား နောက်ထပ်တစ်ဖန်ပြန်လာရန်မဟုတ်ပါချေ"

ဟု ငိုကြွေးမြည်တမ်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါယကာ-ဒါယိကာမအပေါင်းတို့. . . သင်တို့သည် အပ္ပမာဒတရားလက်ကိုင်ထားသူများဖြစ်ကြလော့၊ ရုပ်-နာမ်ဓမ္မသင်္ခါရတို့မည်သည် ဤသို့ဖြစ်လေ့ရှိကုန်၏၊ ဖြစ်ပြီးလျှင် သေခြင်းလျှင်အဆုံးရှိကုန်၏"

ဟူ၍အဆုံးအမပေးပြီး နာလကရွာသို့ဆက်လက်ထွက်ခွာခဲ့သည်။

ထို့နောက် အရှင်သာရိပုတ္တရာသည် လမ်းခရီးအကြား ခပ်သိမ်းသောအရပ်တို့၌ အချိန်မဆွဲ တစ်ညဉ့်စီနေခြင်းဖြင့် လူတို့အား တရားဟောပြီးကြွလာခဲ့ရာ နာလကရွာသို့ ညနေချမ်းအချိန်ရောက်ရှိလာပြီး ရွာထိပ်ပင် ညောင်ပင်ရင်း၌ရပ်နားနေသည်။

ထိုအချိန်ဝယ် မထေရ်မြတ်၏တူအရင်းဖြစ်သော ဥပရေဝတမည်သောလူငယ်သည် ရွာပြင်သို့ထွက်လာသည်နှင့်ကြုံ၍ မထေရ်ကိုမြင်သော် အနီးသို့ရောက်လာပြီး ရှိခိုးရပ်တည်နေလေသည်။

"ဥပရေဝတ. . . သင်၏အဖွားရှိပါသလော"

"ရှိပါသည် အရှင်ဘုရား"

"သင်သွားချေ. . . ငါတို့ရွာရောက်လာကြောင်း ပြောပါလော့၊ အကယ်၍ သင့်အဖွားက အဘယ်ကြောင့်လာသနည်းမေးလျှင် ယနေ့တစ်ရက်ပတ်လုံး ရွာတွင်း၌နေလိမ့်မည်၊ ဦးကြီး၏မွေးဖွားရာတိုက်ခန်းကိုရှင်းလင်းသုတ်သင်ပြင်ဆင်ထားပေးပါ၊ ရဟန်းငါးရာအတွက်လည်း နေရာပြင်ဆင်ထားရန် သင်ပြောကြားဖါလေ"



ဟုမှာလိုက်သည်။

ဥပရေဝတသည် အိမ်သို့ပြန်ပြီး အဖွားကို အလုံးစုံအကြောင်းစုံ မှာကြားသည်တို့ကိုပြောပြသည်။

"သြော်. . . ငါ၏သားကြီးသည် အဘယ့်ကြောင့် ဤမျှများစွာသောရဟန်းတို့အတွက်နေရာကို သုတ်သင်ပြင်ဆင်စေပါသနည်း၊ ငယ်စဉ်အခါက ရဟန်းပြုပြီးလျှင် ကြီးပြင်းလာသောအခါမှ လူပြန်လုပ်လို၍ထင်ပါ၏"

ဟု ကြံစည်အောက်မေ့၍ ဖွားရာတိုက်ခန်းကိုပြင်ဆင်သုတ်သင်စေသည်၊ ရဟန်းငါးရာအတွက်လည်း နေရာထိုင်ခင်းများခင်းစေသည်၊ ဆီမီးတို့ကိုထွန်းစေပြီး မထေရ်မြတ်ကိုအပင့်ခိုင်းလိုက်သည်။

မထေရ်မြတ်သည် အိမ်သို့ကြွလာပြီး ရဟန်းငါးရာနှင့်အတူ ပြသာဒ်ထက်သို့တက်ပြီး ဖွားရာတိုက်ခန်း၌သီတင်းသုံးသည်၊ ရဟန်းငါးရာကိုလည်းနေရာအသီးသီး၌နေစေသည်။

ရဟန်းတို့ထွက်ခွာသွားလျှင် မထေရ်၌ ပြင်းထန်ကြမ်းတမ်းသော သေခြင်းလျှင်အဆုံးရှိသော သွေးအန်ရောဂါသည် မရပ်မနားဖြစ်ပွားလာလေသည်၊ ခွက်တစ်ခုဝင် တစ်ခုထွက်ဖြင့် အလဲအလှယ်ပြုစုကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားကြီး၏ဖြစ်ပုံကို ငါမနှစ်သက်နိုင်ပါချေတကား" ဟုမယ်တော်ကြီးသည် အောက်မေ့ကာ တိုက်ခန်းတံခါးဝ၌ မှီ၍ ရပ်တန့်နေလေသည်။

ထိုအချိန်ဝယ် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် မထေရ်မြတ်ကိုဖူးမြော်ရန်ရောက်လာပြီး ရှိခိုးကာရပ်နေကြသည်။

"သင်တို့အဘယ်သူများနည်း"

"စတုမဟာရာဇ်နတ်မင်းကြီးဖြစ်ကြပါသည်ဘုရား"

"အဘယ့်ကြောင့်လာကြပါသနည်း"

"သူနာပြုစုရန်လာကြပါသည်ဘုရား"

"ရှိပါ... ...ါမှာ သူနာပြုရဟန်းရှိပါသည်၊ သင်တို့ပြန်ကြပါလော့"

စတုမဟာရာဇ်နတ်မင်းကြီးများပြန်သွားအခါ သိကြားမင်းရောက်လာသည်၊ သိကြားမင်းပြန်သွားသောအခါ မဟာဗြဟ္မာမင်းရောက်လာသည်၊ မယ်တော်ကြီးသည် နတ်၊ ဗြဟ္မာတို့လာကြ ပြန်ကြသည်ကိုမြင်၍-

"ငါ့သားကြီးကို ရှိခိုး၍ပြန်သွားကြသော ထိုသူများက အဘယ်နည်း"

ဟုသိလိုသဖြင့် မထေရ်၏တိုက်ခန်းအနီးသို့သွားရောက်ပြီးလျှင်-

"ချစ်သား စုန္ဒ... ဘာဖြစ်နေကြတာလဲ"

ဟုမေးသည်၊ စုန္ဒမထေရ်က မထေရ်မြတ်မကျန်းမာကြောင်း



ရှင်းလင်းပြောကြားပြီးလျှင် နောင်တော်မထေရ်ကို မယ်တော်ကြီး လာကြောင်းလျှောက်ထားသည်။

"ဒါယကာမကြီး... အဘယ်ကြောင့် အခါမဟုတ်ဘဲ လာရောက်ပါသနည်း"

"ချစ်သား... သင်ချစ်သားကိုဖူးမြော်ရန်လာရောက်ပါသည်၊ ချစ်သားကိုမေးပါရစေ၊ သင်ချစ်သားထံ ရှေးဦးစွာလာ ရောက်သူများကားအဘယ်နည်း"

"ဒါယိကာမကြီး... ပထမဦးဆုံးလာရောက်သူတို့ကား စတုမဟာရာဇ်နတ်မင်းကြီးများဖြစ်ကြပါသည်"

"ချစ်သား... သင်ချစ်သားက စတုမဟာရာဇ်နတ်မင်းကြီးတို့ထက် သာလွန်မြင့်မြတ်ပါသလော"

"ဒါယိကာမကြီး... ထိုစတုမဟာရာဇ်နတ်မင်းကြီးတို့မှာ သားတော်တို့၏အရာမ်စောင့်များနှင့်တူပါသည်၊ သားတော်တို့ဆရာမြတ်စွာဘုရားပဋိသန္ဓေတည်နေသောအချိန်မှစ၍ သန်လျက်စွဲကာစောင့်ရှောက်မှုပြုခဲ့ကြပါသည်"

"ချစ်သား... စတုမဟာရာဇ်နတ်မင်းရောက်လာသူကား မည်သူနည်း"

"ဒါယိကာမကြီး... သိကြားနတ်မင်းဖြစ်ပါသည်"

"ချစ်သား... သင်ချစ်သားက သိကြားနတ်မင်းထက် သာလွန်မြင့်မြတ်ပါသလော"

www.burmeseclassic.com

www.burmeseclassic.com



"ဒါယိကာမကြီး ထိုသိကြားနတ်မင်းမှာ သားတော်တို့၏ သက်န်းပရိက္ခရာဘဏ္ဍာကိုင်သာမဏေငယ်များကလေးနှင့်တူပါသည်၊ သားတို့ဆရာမြတ်စွာဘုရား အဘိဓမ္မာတရားဟောကြားတော်မူပြီး၍ တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့သက်ဆင်းသောအခါ ဘုရားရှင်၏သပိတ်ကိုယူ၍ သိကြားမင်းသက်ဆင်းလိုက်ခဲ့ရပါသည်။

"ချစ်သား. . . သိကြားမင်းပြန်သွားပြီး ကိုယ်ရောင်ကိုယ်ဝါတောက်ပလျက် လာရောက်သူကား မည်သူနည်း"

"ဒါယိကာမကြီး. . . ထိုနောက်ဆုံးလာသူများကား ဒါယိကာမကြီးတို့၏ ဘုရားလည်းဖြစ်၊ ဆရာလည်းဖြစ်သော မဟာဗြဟ္မာကြီးဆိုသူပင်ဖြစ်ပါသည်"

"ချစ်သား. . . သင်ချစ်သားက ငါ၏ဘုရားဖြစ်သူ မဟာဗြဟ္မာကြီးထက် သာလွန်မြင့်မြတ်ပါသလော"

"ဒါယိကာမကြီး. . . ဟုတ်ပါသည်၊ ဤဗြဟ္မာကြီးတို့မည်သည် ငါတို့ဆရာဘုရားဖွားစဉ်က တစ်ယောက်မက လေးယောက်ပင် အလောင်းတော်မြတ်ကို ရွှေဇာကွန်ယက်ဖြင့် ခံလာကြရကုန်၏"

"ဪ. . . ယခု ငါမြင်ရသောအာနုဘော်ကား ငါ့သား၏အာနုဘော်သာဖြစ်သေး၏၊ ငါ့သား၏ ဆရာဖြစ်သောမြတ်စွာ



ဘုရား၏အာနုဘော်ကား ဘယ်လိုများဖြစ်လိမ့်မည်နည်း၊ မမှန်းဆနိုင်အောင်ပင် ရှိလေတော့မည်တကား"

ဟု ကြံစည်စဉ်းစားလျက် လျှင်မြန်စွာ ပီတိငါးမျိုး တဖြိုးဖြိုးဖြစ်ပွားလျက် တစ်ကိုယ်လုံးပြန့်နှံ့လေသည်။

"ယခု ငါ၏မယ်တော်သန္တာန်၌ပီတိသောမနဿဖြစ်ပွားလေပြီ၊ မယ်တော်အား တရားဟောရန်အလွန်သင့်လျော်သောအခါတည်း" ဟု ကြံစည်စဉ်းစားပြီးလျှင်-

"ဒါယိကာမကြီး. . . အဘယ်အရာကိုကြံစည်စဉ်းစားနေပါသနည်း"

"ချစ်သား. . . ယခု ငါမြင်ရသောအာနုဘော်မှာ ငါ့သား၏အာနုဘော်သာဖြစ်သေး၏၊ ငါ့သား၏ဆရာဖြစ်သောမြတ်စွာဘုရား၏အာနုဘော်ကား ဘယ်လိုများဖြစ်လိမ့်မည်နည်း၊ မမှန်းဆနိုင်အောင်ပင် ရှိလေတော့မည်တကား-ဟုစဉ်းစားနေပါသည်"

"ဒါယိကာမကြီး. . . ငါတို့ဆရာမြတ်စွာဘုရားဖွားတော်မူသောအခါ၊ တောထွက်တော်မူသောအခါ ဘုရားဖြစ်သောအခါ၊ ဓမ္မစကြာတရားဟောသောအခါ၌ စကြဝဠာအပေါင်း တိုက်တစ်သောင်းမှ ရိုက်ခတ်တုန်လှုပ်လေပြီ၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနကျေးဇူးဂုဏ်အားဖြင့် ငါတို့၏မြတ်စွာဘုရားနှင့်တူသောသူမည်သည့်လောက၌ တစ်စုံတစ်ယောက်မျှမရှိဖြစ်ချေသည်၊ ငါတို့၏ဆရာမြတ်စွာဘုရားသည်

www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းများကြောင့် အရဟံစသောဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသူဖြစ်ပေ၏”

ဟူ၍ မထေရ်က အကျယ်တဝင့်ဟောပြောပြရာ မထေရ်ကြီး၏ တရားစကားအဆုံးဝယ် မယ်တော်ကြီးသည် သောတာပတ္တိဖိုလ် ၌တည်လေသည်။

“ချစ်သား ဥပတိဿ. . . ဤသို့စဉ်မှန်မြတ်လှသော အမြိုက်ချမ်းသာကို ငါ မယ်တော်အား သင်ချစ်သားသည် ဤမျှကာလကြာရှည်အောင် မပေးဘဲနေမိ၏၊ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရက်ဘိသနည်း”

ဟု မယ်တော်က အပြစ်တင်စကားပြောကြားလေသည်။

“ငါကား မယ်တော်ကြီးအားမွေးကျေးဇူးမြတ်ဆပ်အပ် လေပြီ၊ ဤသောတာပတ္တိဖိုလ်မျှဖြင့်ပင် ငါ မယ်တော်အဖို့ရာ သင့်ပေလိမ့်မည် ” ဟု ကြံစည်အောက်မေ့ပြီး-

“ဒါယိကာမကြီး. . . သွားပါလော့”

ဟု မိန့်ဆိုပြီး မယ်တော်ကိုသွားခိုင်းသည်။

“ညီတော် စုန္ဒ. . . ဘယ်အချိန်ရောက်ပြီလဲ”

ဟု ညီတော်ကိုမေးသည်။

“မိုးသောက်အားကြီးလင်းလုနီးအချိန်ပါဘုရား”

“ရဟန်းအပေါင်းတို့ကိုစုဝေးပါလော့”



စုန္ဒမထေရ်သည် ရဟန်းအပေါင်းတို့ကိုစုဝေးစေပြီး စုဝေး ကြောင်းလျှောက်ထားဘည်၊ ထိုအခါ ရှင်သာရိပုတ္တရာက မိမိတို့ ထူပေးရန်မိန့်ကြား၍ စုန္ဒမထေရ်ကထူပြီး ထိုင်နိုင်အောင်လုပ်ပေး သည်။

“ငါ့ရှင်တို့. . . (၄၄)ဝါကာလပတ်လုံး ငါနှင့်အတူတကွ လှည့်လှည်ကျက်စားသွားလာနေထိုင်ကြရသော ငါရှင်တို့၏အဖို့ ငါ၏အပေါ်၌မနှစ်သက်ဖွယ်သောကာယကံမှု၊ ဝစီကံမှုများရှိခဲ့ လျှင် ထိုအမှုများမှသည်းခံကြပါကုန်လော့”

ဟု မထေရ်ကတောင်းပန်စကားမိန့်ကြားလေသည်။

“အရှင်ဘုရား. . ဤမျှသောကာလပတ်လုံး အရိပ်ပမာ အရှင်ဘုရားတို့ကိုမစွန့်ခွာဘဲ လှည့်လှည်ကျက်စားသွားလာနေ သောတပည့်တော်အဖို့ အရှင်ဘုရားအပေါ်၌မနှစ်သက်ဖွယ်သော ကာယကံမှု၊ ဝစီကံမှုတစ်ခုသော်မျှမရှိပါဘုရား၊ စင်စစ်သော်မူ အရှင်ဘုရားတို့ကသာ တပည့်တော်တို့အား သည်းခံတော်မူပါ ဘုရား”

တောင်းပန်ကန်တော့စကားလျှောက်ထားကြသည်။

ထို့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် သင်္ကန်းကြီးကိုရုံးစု၍ မျက်နှာတော်ကိုအုပ်ပြီးလျှင် လက်ျာနံ တောင်ဖြင့်လျောင်းတော်မူလျက် ဘုရားရှင်ကဲ့သို့အစဉ်အတိုင်း ဝင်ပေးရသောသမာပတ်ကိုးပါးတို့ကို အနုလုံ၊ ပဋိလုံအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတော်မူပြီးနောက် တစ်ဖန် ပထမဈာန်မှ စတုတ္ထဈာန်တိုင်အောင် ဝင်စားတော်မူပြန်သည်။

ထိုစတုတ္ထဈာန်မှထ၍ အခြားမဲ့မှာပင် မဟာပထဝီမြေကြီးပွဲ့တင်ထပ်စေလျက် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းတော်မူလေသည်။

မယ်တော်ရူပသာရီပုဏ္ဏေးမကြီးသည်-

"ငါ့သားသည် အဘယ်သို့ဖြစ်ပါလိမ့်၊ တစ်စုံတစ်ရာမျှ မပြောဆိုတော့ပါကလား"

ဟုအောက်မေ့ကာ နေရာမှထပြီး မထေရ်မြတ်၏ခြေမဖိုတို့ကို ပွတ်သပ်စုံစမ်းလတ်သော် ပရိနိဗ္ဗာန်စံဝင်ကြောင်း နကောင်းစွာ သိ၍-

"ချစ်သား. . . မယ်တော်သည် ရှေးကာလက သင်ချစ်သား၏ဂုဏ်ကျေးဇူးကိုမသိခဲ့ရပါ၊ ယခုအခါ၌မူကား သင်ချစ်သားကိုအမှူးထား၍ ရာပေါင်း၊ ထောင်ပေါင်း၊ သိန်းပေါင်းများစွာသောရဟန်းတို့ကို မယ်တော်နေအိမ်၌ ပင့်ဖိတ်နေထိုင်စေကာ ဆွမ်းကျွေးခွင့်ကိုမရတော့လေပြီတကား၊ ကျောင်းပေါင်းအရာ၊ အထောင်ကိုဆောက်လုပ်၍လှူဒါန်းခွင့်မရတော့လေပြီတကား"

ဟု ရေရွတ်ဆိုပြီး အာရုဏ်တက်သည်အထိ သည်းစွာအော်ဟစ်ငိုကြွေးနေမိလေသည်။

ထို့နောက် ဘဏ္ဍာတိုက်ကိုဖွင့်ပြီး သားကြီးကိုသဂြိုဟ်ရန် စီမံလေတော့သည်။



## ရှင်အာနန္ဒာမထေရ်၏ဘဝတွေ့အကြုံ

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်နှင့်ဖွားဖက်တော်ဖြစ်သောကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာနှစ်၊ ပထမသံဂါယနာတင်ရာနှစ်ဖြစ်သော မဟာသက္ကရာဇ် ၁၄၈-ခုနှစ်၌ သက်တော်(၈၀)ရှိလေပြီးဖြစ်သည်။

မထေရ်မြတ်သည် ဘုရားရှင်၏ညီတော်ဖြစ်သလို ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်သည်အထိ ဘုရားရှင်၏အလုပ်ကျွေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်၊ ဧတဒဂ်(၅)တန်ရခဲ့သည်၊ မြတ်စွာဘုရားဟောသမျှတရားတော်တို့ကို အကုန်အစင်ပြန်လည်ပြောပြခဲ့ရသောမထေရ်ဖြစ်၍ ပထမသံဂါယနာတင်တွင် ဦးစီးဦးဆောင်နေရာ၌ပါဝင်ဆောင်ရွက်ခဲ့ရပြီး အဖြေ (ဝိသဇ္ဇန)အရာ၌နေခဲ့ရ တာဝန်ယူခဲ့ရသည်။

ထိုမှနောက် သက်တော်(၁၂၀)နှစ်သို့ရောက်သော် မိမိ၏ အာယုသင်္ခါရခေါ် အသက်၏အစဉ်တည်ရှိမှုကိုကြည့်ရှုဆင်ခြင်မိလေသည်-

"ငါ၏အသက်သည်(၇)ရက်မျှသာကျန်ရှိတော့သည်၊ ယနေ့မှနောက် (၇)ရက်မြောက်၌ ပရိနိဗ္ဗာန်စံဝင်ရတော့မည်"

မထေရ်သည် ဤသို့ဆင်ခြင်ပြီးသော် တပည့်ဖြစ်သူ[illegible] လူတို့အား နောက်(၇)ရက်ပြည့်ပါက ပရိနိဗ္ဗာန်စံဝင်တော့မည့် အကြောင်းမိန့်ကြားတော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းသည် ပြန့်နှံ့သွားလေရာ ရောဟိဏီမြစ် (သာကိယ)ကောလိယသကျမင်းတို့ ရေပြဿနာဖြစ်ရာမြစ်၏ တစ်ဘက်တစ်ချက်၌ နေထိုင်ကြသောသူတို့သည်-

“ငါတို့ကား မထေရ်မြတ်အပေါ်၌ကျေးဇူးများသူများဖြစ်ကြ၍ မထေရ်မြတ်သည် ငါတို့ထံ၌ ပရိနိဗ္ဗာန်စံဝင်လိမ့်မည်” ဟူ၍ ပြောဆိုထင်မြင်ကြလေသည်။

မထေရ်မြတ်သည် ကမ်းနှစ်ဘက်၌နေသူလူတို့၏စကားကိုကြားသိတော်မူ၍-

“ကမ်းနှစ်ဖက်၌နေသောသူ လူအားလုံးတို့ပင် ငါ့အပေါ်၌ ကျေးဇူးအထူးများသူတို့ဖြစ်ကြသည်၊ ဤမည်သောသူတို့က ကျေးဇူးမပြုကြကုန်ဟူ၍မပြောဆိုနိုင်ကုန်၊ အကယ်၍ ငါသည် ဤမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်စံဝင်ခဲ့လျှင် ဟိုမှာဘက်ကမ်းနေသူတို့သည် ငါ၏သာရီရိကဓာတ်တော်တို့ကိုရယူရန်အတွက် ဤမှာဘက်ကမ်းနေသူတို့နှင့်ခိုက်ရန်မှုပြုကြပေလိမ့်မည်၊ အကယ်၍ ဟိုမှာဘက်ကမ်း၌ ပရိနိဗ္ဗာန်စံဝင်ခဲ့လျှင် ဤမှာဘက်ကမ်းနေသူတို့သည်လည်း ထို့အတူပင်ခိုက်ရန်ပြုကြပေလိမ့်မည်၊ ထိုသို့ ခိုက်ရန်မှုဖြစ်ပေါ်မှုသည် ငါ့ကိုအမှီပြု၍သာလျှင်ဖြစ်ပေါ်လိမ့်မည်၊ ငြိမ်းအေးလျှင်လည်း ငါ့ကိုအမှီပြုရမှသာ ငြိမ်းအေးပေလိမ့်မည်” ဟုကြံစည်ဆင်ခြင်တော်မူသည်။



ပရိနိဗ္ဗာန်စံဝင်မည့် (၇)ရက်မြောက်နေ့တွင် မထေရ်ကြီးသည်-

“ဒါယကာ၊ ဒါယိကာမအပေါင်းတို့. . . ဤမှာဘက်ကမ်းနေသောလူတို့သည်လည်း ငါ့အပေါ်မှာကျေးဇူးများကြသည် ဟိုမှာဘက်ကမ်းနေသောလူတို့သည်လည်း ငါ့အပေါ်မှာကျေးဇူးများကြသူများဖြစ်ကြသည်၊ ကျေးဇူးမများသူဟူ၍မရှိကြကုန်၊ သို့အတွက် ဤမှာဘက်ကမ်းနေသူတို့က ဤမှာဘက်ကမ်း၌နေကြပါ၊ ဟိုမှာဘက်ကမ်းနေသူတို့က ဟိုမှာဘက်ကမ်း၌နေကြပြီး စုဝေးကြပါ”

ဟု မိန့်တော်မူပြီးလျှင် ရောဟိဏီမြစ်၏အလယ်ဗဟိုအထက် ထန်းခုနစ်ပြန်ခန့်အမြင့်၌ တင်ပလ္လင်ခွေထိုင်လျက် ရှေးဦးစွာ လူအများကိုတရားဟောတော်မူသည်။

ထိုသို့တရားဟောတော်မူပြီးနောက်-

“ငါ၏ကိုယ်သည် အလယ်မှထက်ခြမ်းကွဲ၍ တစ်ခြမ်းသည် ဤမှာဘက်ကမ်း၌ကျစေသတည်း၊ တစ်ခြမ်းသည် ဟိုမှာဘက်ကမ်း၌ကျစေတသည်း” ဟု အဓိဋ္ဌာန်တော်မူလေသည်။

ထို့နောက် အဘိညာစက်၏အခြေပါဒဖြစ်သော တေဇောကသိုဏ်းကိုဝင်စားတော်မူလေသည်၊ ထိုစျာန်မှထ၍အဘိညာဏ်စိတ်ဖြစ်ပေါ်လာသောအခါ အဘိညာဏ်ဇောနှင့်ပြိုင်လျက်ကိုယ်တော်မှမီးအလျှံများတဟုန်းဟုန်းထဖြစ်ပွား၍လာပြီးလျှင် ထို

www.burmeseclassic.com

www.burmeseclassic.com



အဘိဥာဏ်ဝီထိ၏အခြားမဲ့၌မထေရ်မြတ်သည် ပစ္ဆိမစုတိစိတ်ကျ တော်မူကာ ပရိနိဗ္ဗာန်စံဝင်ချုပ်ငြိမ်းဘုံဇာတ်သိမ်းတော်မူသည်။

အမိန့်ခံမှူချက်အတိုင်း ကိုယ်တော်သည် အလယ်မှ ထက်ခြမ်းကွဲ၍တစ်ခြမ်းသည် ဤမှာဘက်ကမ်း၌ကျ၍ ကျန်တစ် ခြမ်းသည် ဟိုမှာဘက်ကမ်း၌ကျလေသည်။

ထိုအခါ ကမ်းနှစ်ဘက်၌နေသူလူအပေါင်းသည် သည်း စွာငိုကြွေးကြလေသည်၊ ထိုလူတို့ငိုကြွေးသောအသံသည် မြေပြို အံ့သောအသံကဲ့သို့ဖြစ်လေသည်။

"ဆရာဒါယကာ၊ မိတ်သဟာ၊ ဆွေညာရင်းနှီး၊ သားသမီး ဇနီးမောင်နှံ၊ ဆက်ဆံကြုံကြိုက်ပေါင်းဆုံခြင်းဟူသမျှတို့သည် သေကွဲ-ရှင်ကွဲ ကွဲရခြင်းသဘောရှိနေကြပါသည်။

ကာ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းလေးပါးတို့ ပေါင်းစုံ စီရင်အပ်သော သင်္ခတတရားအစုတို့သည် အစိုင်အခဲအမြဲ မတည်ကြပါ။

ဖြစ်ပေါ်ခြင်းရှိကြသော မြင်သမျှအလုံးစုံ အဖုံဖုံတို့သည် လည်း ပြိုဖျက်ခြင်းသဘောရှိကြပါသည်။

ရုပ်-နာမ်ဓမ္မသင်္ခါရတို့၏ မမြဲ-ဆင်းရဲ-အစိုးမရလမ်း ဓမ္မ တာသာရှိပါသည်။



ထိုတရားတို့သည် သောက၊ ပရိဒေဝ၊ ဒုက္ခသမုဒ် ဝဲဇ လုပ်ဝယ်နစ်မြုပ်ရသောအကြောင်းရင်းသာဖြစ်၍ ကြောက်လန့် ဖွယ်ကောင်းလှပါသည်။

ဟု သံဝေဂတရားပွားများကြကုန်သည်။

## မိထွေးတော်ဂေါတမီ၏ဘဝတွေ့အကြုံ

မိထွေးတော်ဂေါတမီ ထေရီမသည် မြတ်စွာဘုရားရှင် ထံမှ ရဟန်းမ, ပြုခွင့်ရပြီးနောက် သံခိတ္တသုတ်ဒေသနာတော်ကို ကြားနာရသဖြင့် အရဟတ္တဖိုလ်ဆိုက်ရောက်ခဲ့သည်။

အလားတူ ရဟန်းမ,ပြုခွင့်ရသောသာကီဝင်မင်းသမီး ရဟန်းမငါးရာတို့သည်လည်း နန္ဒကောဝါဒသုတ်ကိုကြားနာရပြီး နောက် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ခဲ့ကြသည်။

နောင်တစ်ချိန်တွင် ဘုရားရှင်က မိထွေးတော်ဂေါတမီ ထေရီမသည် ညဉ့်အပိုင်းအခြားကိုသိသောအရာ၌ ရတ္တညူ ဧတဒဂ်ကိုချီးမြှင့်ခံခဲ့ရသည်။

မိထွေးတော်ဂေါတမီ ထေရ်မကြီးသည် အသက်(၁၂၀) ရှိသောအခါ တစ်နေ့တွင် နံနက်အခါ ဝေသာလီပြည်တွင်းဆွမ်းခံ လှည့်လှည်ကာဆွမ်းစားပြီးနောက် မိမိနေ့သန့်စဉ်ရာနေရာ၌ မိမိ ၏အာယုသင်္ခါရ အသက်အစဉ်ကိုဆင်ခြင်ကြည့်မိသည်၊ မိမိ၏ အာယုသင်္ခါရကုန်နေပြီကိုသိတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါသည် မဟာဝုန်တောရကျောင်းတိုက်သို့သွားရောက်ကာ ဘုရားရှင်ကို ပရိနိဗ္ဗာန်စံဝင်ခွင့်တောင်းပြီး အဂ္ဂသာဝကစသောမထေရ်မြတ်များနှင့်အရိယာသံဃာတော်များကိုပန်ကြားပြီးမှ မိမိ၏ဘိက္ခုနီမကျောင်း၌ ပရိနိဗ္ဗာန်စံရမှုကားကောင်းလေစွ" ဟု ကြံစည်မိလေသည်။

(မိထွေးတော်ဂေါတမီ၏သန္တာန်မှာ အာယုသင်္ခါရကြည့်သောအစဉ်ဖြစ်သလို သာကီဝင်မင်းသမီးဘိက္ခုနီမငါးရာတို့မှာလည်း အလားတူအကြံအစည်ဖြစ်ကြလေသည်)

"ငါသည် သားတော်ဘုရား၏ အဂ္ဂသာဝကနှစ်ပါး၊ မြေးတော်ရာဟုလာမထေရ်၊ တူတော်အာနန္ဒာမထေရ်၊ သားတော်နန္ဒမထေရ်တို့၏ ပရိနိဗ္ဗာန်စံဝင်ခြင်းကို ဖူးမြင်ခွင့်ရတော့မည်မဟုတ်" ဟု ထပ်မံအကြံဖြစ်လေသည်။

ထိုအကြံဖြစ်စဉ် မြေလျှင်ပြင်းစွာတုန်လှုပ်လေသည်၊ ကောင်းကင်မှ အခါမဟုတ် မိုးသည်ထစ်ချုန်း၍ရွာချလေသည်၊ ကျောင်းစောင့်နတ်တို့သည်လည်း ငိုကြွေးကြလေသည်။

သာကီဝင်မင်းသမီးရဟန်းမငါးရာတို့ကလည်း မိထွေးတော်ဂေါတမီထံသို့စုရုံးလာကြကာ မိမိတို့၌ဖြစ်ပေါ်လာကြသောအကြံအစည်တို့ကိုလျှောက်ထားကြသည်။

ထို့နောက် ဘိက္ခုနီမအားလုံးတို့က ကျောင်းစောင့်နတ်တို့ကိုအပြစ်ရှိကသည်းခံကြပါရန် တောင်းပန်ကြသည်။



"ငါသည် အိုခြင်းကင်းရာ၊ သေခြင်းကင်းရာ၊ မနှစ်သက်သတ္တဝါသင်္ခါရတို့နှင့်တွေ့ဆုံရခြင်း၊ ဆင်းရဲခြင်းကင်းရာ၊ နှစ်သက်အပ်သောသတ္တဝါ၊ သင်္ခါရတို့နှင့်ကွေကွင်းရခြင်း ဆင်းရဲကင်းရာ အသင်္ခတဓာတ်နိဗ္ဗာန်ရွှေပြည်မြတ်သို့သွားရောက်ပါတော့အံ့" ဟု ထေရီမကြီးကိုမိန့်ကြားလိုက်သောအခါ ကြားကြားသမျှ ရာဂမကင်းကြသေးသောသူတို့သည် ဖွဲ့နွဲ့၍သည်းစွာငိုကြလေသည်။

ဝေသာလီမြို့လယ်လမ်းမအတိုင်း ဘိက္ခုနီမများထွက်လာကြသောအခါ၌လည်း သဒ္ဓါတရားအားကြီးကြသော ဥပါသကာအိမ်တို့မှလူတို့သည်ထွက်၍ ဂေါတမီ၏ခြေရင်း၌တုပ်ဝပ်ကာငိုကြွေးကြသည်။

ထေရီမကြီးသည် ထိုဥပါသကာတို့၏သောကကိုဖြေသိမ့်ပယ်ဖျောက်နိုင်ရန် (၉)ဂါထာဖြင့်တရားဟောပြနှစ်သိမ့်ခဲ့သည်။

မြတ်စွာဘုရားထံသို့ရောက်သောအခါ ဘုရားရှင်ကို (၁၆) ဂါထာတို့ဖြင့်လျှောက်ထားပြီး ပရိနိဗ္ဗာန်စံဝင်မည်ဖြစ်ကြောင်း ခွင့်တောင်းပန်သည်၊ ထို့နောက် ဘုရားရှင်ကခွင့်ပြုစကားမိန့်ကြားသောအခါ ဘုရားရှင်ကို(၅)ဂါထာဖြင့် ချီးကျူးပူဇော်လေသည်။

ထို့နောက် ရဟန်းသံဃာ၊ အရှင်ရာဟုလာ၊ အရှင်အာနန္ဒာ၊ အရှင်နန္ဒတို့ကိုရိုသေစွာရှိခိုးပြီး (၂)ဂါထာဖြင့် အမှား အပြစ်ကိုဖော်ပြကာ ပရိနိဗ္ဗာန်စံဝင်မည်ဖြစ်ကြောင်းခွင့်တောင်းလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်နန္ဒမထေရ်၊ အရှင်ရာဟုလာမထေရ်တို့မှာ ရဟန္တာဖြစ်ကြ၍ ဓမ္မသံဝေဂဖြစ်ကြသော်လည်း အရှင်အာနန္ဒာမူကား သေက္ခပုဂ္ဂိုလ်မျှသာဖြစ်၍ ဂါထာရွတ်ဆိုပြီး သည်းစွာငိုကြွေးလေသည်။

ထေရီမကြီးသည် တူတော်ရှင်အာနန္ဒာကိုမျက်ရည်သိမ်းတရားဟောကြားပေးတော်မူသည်။

ထို့နောက် ဘုရားရှင်က-

"မိထွေးတော်ဂေါတမီ . . . မင်း၊ မိန်းမတို့ ငါဘုရားသာသနာဝယ် သစ္စာလေးပါးတရားသိမြင်ကျွတ်တမ်းဝင်ခြင်း၌ သို့လော-သို့လောတွေးတောယုံမှားကြသောဉာဏ်ပညာနည်းပါးသောသူတို့၏အယူမှားကိုဖယ်ရှားဖို့ရန် တန်ခိုးကုဒ္ဓိပါဒ်ကိုပြဦးလော့"

ဟုတိုက်တွန်းတော်မူသဖြင့် ထေရီမကြီးသည် ကုဒ္ဓိဝိဇ္ဇာဘိညာဉ်ဖြင့် တစ်ပါးတည်းကအများဖြစ်ခြင်း၊ အများကြီးက တစ်ပါးဖြစ်ခြင်း၊ ပေါ်ခြင်းပျောက်ကွယ်ခြင်း၊ နံရံတစ်ဘက် တောင်တစ်ဘက်သို့ မငြိမကပ်သွားခြင်းစသော တန်ခိုးတို့ကိုပြသည်။

မြင့်မိုရ်တောင်ကိုထီးရိုး၊ မြေကြီးကိုထီးရွက်ပြုကာ အထက်အောက်ပြန်လှန်ကာ ကောင်းကင်၌ထီးသဖွယ်ဆောင်၍ စင်္ကြံန်လျှောက်ပြလေသည်။



နေ(၆)စင်းထွက်သောအခါကဲ့သို့ ဩကာသလောကတစ်ခုလုံး အခိုးများဖုံးလွှမ်းနေသည်ကို ဖန်ဆင်းပြသလေသည်။

ဤသို့တန်ခိုးအမျိုးမျိုးပြပြီးမှ ကောင်းကင်မှဆင်းသက်ပြီး ဘုရားရှင်ကိုရှိခိုးကာ-

"မြတ်စွာဘုရား. . . တပည့်တော်သည် အသက်(၁၂၀)ရှိပါပြီ၊ အိုမင်းလှပါပြီ၊ ဤမျှဖြင့်သင့်တော်လောက်ပါပြီ၊ တပည့်တော် ပရိနိဗ္ဗာန်စံဝင်ပါတော့မည်ဘုရား"

ဟုလျှောက်ထားလေသည်။

ထိုအခါ စည်းဝေးရောက်လာကြသော ပရိသတ်က အလွန်အံ့သြကြပြီး-

"ဂေါတမီ ထေရီအရှင်မကြီးဘုရား. . . အဘယ်ကဲ့သို့ ကောင်းမှုပြုခဲ့၍ ဤမျှတုမရသော တန်ခိုးလွန်လှနှင့်ပြည့်စုံရပါသနည်းဘုရား"

ဟုမေးလျှောက်ကြပြန်သဖြင့် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်ကစ၍ခဲ့သော မိမိ၏ကျင့်စဉ်နှင့်ဆုတောင်းကို အကျယ်တဝင့်ဟောပြောပြလေသည်။ (အပါဒါန်ပါဠိတော်ရှုပါ)

ထို့နောက် ဘိက္ခုနီမငါးရာတို့သည်လည်း ကောင်းကင်သို့ပျံတက်ကြကာ ကြယ်တာရာတို့စုရုံးသီကုံး၍ထားသကဲ့သို့ အလွန်တင့်တယ်လှပစွာ တန်ခိုးအမျိုးမျိုးတို့ကိုပြ၍ ကောင်းကင်မှဆင်းသက်ကြပြီး ဘုရားရှင်ကိုရှိခိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော်ဂေါတမီ၏ကျေးဇူးတရားများ မိမိတို့အပေါ်၌များပြားလှပုံတို့ကို ဘုရားရှင်အား လျှောက်ထားပြီး ဘုရားရှင်ထံ၌ မိမိတို့၏ပရိနိဗ္ဗာန်စံဝင်ခွင့်ကိုလျှောက်ထားကြသည်။

"ဘိက္ခုနီမတို့ . . . သင်တို့၏ပရိနိဗ္ဗာန်စံရာအချိန်ကို သင်တို့ပင်သိကြကုန်လော" ဟု ဘုရားရှင်ကမိန့်ကြားသည်။

မြတ်စွာဘုရားရှင်သည် ပရိသတ်များစွာခြံရံလျက် မိထွေးတော်ဂေါတမီကိုတောရကျောင်းတိုက်၊ တံခါးမုခ်အရောက်လိုက်၍ ပို့ဆောင်ပေးလေသည်။

တံခါးမုခ်သို့ရောက်သောအခါ မိထွေးတော်ထေရီမကြီးသည် ဘုရားရှင်၏ခြေတော်ကိုဝပ်စင်းရှိခိုး၍ ဘိက္ခုနီမငါးရာနှင့်အတူနောက်ဆုတ်ရှိခိုးကာ ဝေသာလီပြည်အတွင်း ဘိက္ခုနီမကျောင်းတိုက်သို့သွားလေသည်၊ ဘိက္ခုနီမအသီးသီးလည်း မိမိတို့၏ကျောင်းအသီးသီး၌ဝင်ကာ တင်ပလ္လင်ခွေထိုင်ကာနေကြသည်။

သာသနာတော်ကိုကြည်ညိုကြသော ဥပါသိကာမတို့သည် ထေရီမကြီးထံသို့စုရုံးလာကြကာ ရှိခိုးပူဇော်ကြပြီး ရင်ဘတ်ကိုစည်တီးကာ လူးလိမ့်ငိုကြွေးကြသည်။

မိထွေးတော်ဂေါတမီထေရီမကြီးက အကြီးဆုံးဥပါသိကာမကြီး၏ ဦးခေါင်းကိုယုယစွာကိုင်လျက်-



"သမီးတို့ . . . မာရ်မင်းကျော့ကွင်းသို့လိုက်ပါခြင်းဖြစ်သော ငိုယိုမြည်တမ်းပင်ပန်းခြင်းဖြင့် အကျိုးမရှိပါ၊ အကြောင်းပြုမှုဖြစ်ခွင့်ရသောသင်္ခါရဥဿုံအလုံးစုံသည်အမြဲမရှိ၊ ကျော့ကွင်းရခြင်းအဆုံးရှိ၏၊ တလျှပ်လျှပ်တုန်လှုပ်ဖောက်ပြန်တတ်၏" ဟု ဟောပြောဆုံးမပြီး အိမ်အသီးသီးသို့ပြန်ကြရန် စေလွှတ်လေသည်။

ထို့နောက် ပထမဈာန်မှစတုတ္ထဈာန်ဝင်စားပြီး ထိုစတုတ္ထဈာန်မှထကာ ဆီနှင့်ဆီမီးဇာကုန်၍ ဆီမီးတောက်မီးလျှံငြိမ်းသကဲ့သို့ အနုပါဒိသေသနိဗ္ဗာနဓာတ်ပြုကြလေကုန်သည်။

ထိုခဏမှာပင် ပြင်းစွာမြေလှုပ်ခြင်း၊ ကောင်းကင်မှဥက္ကာကျခြင်း၊ နတ်မိုးနတ်စည်ချုန်းမြည်းခြင်း၊ ပန်းမိုးရွာခြင်းတို့သည် ဖြစ်ပေါ်လေသည်၊ နဂါး၊ အသုရာ၊ နတ်၊ ဗြဟ္မာတို့သည် သံဝေဂစကားကိုရွတ်ဆိုကြသည်။

နတ်ဗြဟ္မာတို့က မိထွေးတော်ဂေါတမီနှင့်ဘိက္ခုနီမငါးရာ ပရိနိဗ္ဗာန်စံဝင်ပြီးဖြစ်ကြောင်း ဘုရားရှင်ကိုလာရောက်လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်သည် ရဟန်းများခြံရံပြီး ကိုယ်တော်တိုင်ကြွကာ မိထွေးတော်ကို နတ်တို့၏အကူအညီဖြင့် နံ့သာထင်းမီးသင်္ဂြိုဟ်လေသည်၊ ထို့နောက် အရှင်အာနန္ဒာသည် ဂေါတမီထေရီ၏အရိုးဓာတ်တော်တို့ကိုယူလျက်-

www.burmeseclassic.com

www.burmeseclassic.com



"ဂေါတမီသည် နိဗ္ဗာန်ဝင်ခြင်းသို့ရောက်ပေပြီ၊ ဥတုဇရုပ်ကလာပ်ကိုလည်း မီးလောင်ကျွမ်းခဲ့ပြီ၊ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်စံဝင်ခြင်းသည်လည်း မကြာမြင့်မီဖြစ်ပါလိမ့်မည်" ဟု မိန့်ကြားလေသည်။

ထို့နောက် မိထွေးတော်၏အရိုးဓာတ်ကို ဘုရားရှင်အား အပ်နှံလေသည်၊ ဘုရားရှင်ကလက်ခံပြီး ပရိသတ်ကို-

"အနှစ်သာရပြည့်ဝသော မြဲမြံခိုင်ခံ့သောပင်စည်ကြီးသည် အလွန်ပြန့်ပွားစည်ပင်ပါ၏၊ ထိုပင်စည်ကြီးသည် မမြဲလေသောကြောင့် ယိမ်းယိုင်ပြိုလဲသကဲ့သို့ ပင်စည်နှင့်အလားတူသော ဘိက္ခုနီမဂေါတမီ၏ခန္ဓာကိုယ်သည် နိဗ္ဗာန်ဇာတ်သိမ်းငြိမ်းလေပြီ" ဟူ၍ (၁၀)ဂါထာတို့ဖြင့် မိန့်ကြားတော်မူလေသည်။

*(ထိုဂါထာများကို ဆိဒ္ဓပိဓာနနိက္ခာမိ၌ရှုပါ)*

## သုပြဟ္မာနတ်သားနှင့်နတ်သမီးငါးရာ၏ဘဝတွေ့အကြုံ

တာဝတိံသာနတ်ပြည်၌ သုပြဟ္မာအမည်ရှိသောနတ်သားသည် နတ်သမီး(၁၀၀၀)ခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့သွားရောက်၍ ပန်းခူးပန်းဆင်ယင်ကစားကြသည်။

နတ်သမီး(၅၀၀)က ပန်းပင်ပေါ်တက်၍ ပန်းများချွေချကြသည်၊ ကျန်နတ်သမီး(၅၀၀)က ပန်းသီကုံး၍ နတ်သားကိုပန်ဆင်ပေးကြသည်၊ နတ်သီချင်းတူရိယာတို့ဖြင့် တီးမှုတ်သီဆိုဖျော်ဖြေကြသည်။

ထိုအခိုက်မှာပင် ပန်းပင်ပေါ်တက်၍ ပန်းခူးချွေချသော နတ်သမီး(၅၀၀)သည် ကပ်၍ဖြတ်တတ်သောဉပစ္ဆေဒကအကုသိုလ်ကံကြောင့် နတ်သက်ကြွေကျကာ အဝီစိငရဲသို့ကျရောက်ခံကြရလေသည်။

သုပြဟ္မာနတ်သားသည် ပန်းပင်ပေါ်မှ နတ်သမီး(၅၀၀) ရုတ်တရက်ပျောက်သွား၍ ထိုနတ်သမီးတို့၏ဖြစ်ရာလားရာကို ရှုကြည့်သည်ရှိသော် အဝီစိငရဲသို့ကျရောက်သွားကြသည်ကို အံ့သြတုန်လှုပ်ကြောက်ရွံ့စွာဖြင့် တွေ့မြင်ရလေသည်။

ထိုသို့ထိတ်လန့်ကြောက်ရွံ့သွားပြီး မိမိ၏ဘဝနှင့်ကျန်နတ်သမီး(၅၀၀)၏ဘဝကို သုံးသပ်ဆင်ခြင်မိသည်။

မိမိနှင့်တကွ နတ်သမီး (၅၀၀) သည်လည်း ဤနေ့မှနောက်(၇)ရက်မြောက်တွင် နတ်သက်ကြွေ၍ ထိုအဝီစိငရဲ၌ခံရမည်ကို တွေ့မြင်ရလေသည်။

သို့အတွက် သုပြဟ္မာနတ်သားသည် အလွန်ပင်ထိတ်လန့်တုန်လှုပ်မှုပြင်းစွာခံစားရလေသည်။

ထိတ်လန့်မှုဖြစ်လာ၍ အားကိုးရာကိုရှာကြည့်သည်၊ ထိုအခါ မြတ်စွာဘုရားကိုမြင်မိသည်၊ ချက်ချင်းပင် နတ်သမီး(၅၀၀)နှင့်အတူ မြတ်စွာဘုရားထံသို့လာကြကာ ဘုရားကိုရှိခိုး၍-



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား... တပည့်တော်စိတ်ထဲမှာ မီးဟုန်းဟုန်း ကောက်နေပါသည်၊ တပည့်တော်စိတ်တွေမှာ အလွန်ပူလောင် နေရပါသည်ဘုရား၊ ဖြစ်ပြီးသားကိစ္စတွေကြောင့်လည်း ပူခြင်း၊ လောင်ခြင်းဖြစ်ရသလို ဖြစ်လတ္တံ့ကိစ္စတွေကြောင့်လည်း တပည့် တော်မှာပူလောင်ခြင်းခံရနေရပါသည်ဘုရား၊ ဖြစ်ပြီးသားကိစ္စ လွန်တာမတတ်နိုင်၍ ဖြစ်လတ္တံ့ကိစ္စအတွက် တပည့်တော်ကို ကယ်ယူဆောင်ပေးတော်မူပါဘုရား၊ တပည့်တော်နှင့်အခြံအရံ နတ်သမီး(၅၀၀)သည် ယခုပင် အဝီစိကျရောက်ခံရပါပြီဘုရား၊ နောက်(၇)ရက်ဆိုက တပည့်တော်နှင့်တကွ ကျန်နတ်သမီး(၅၀၀) တို့သည်လည်း အဝီစိငရဲခံကြရပါမည်ဘုရား၊ ဤအတွက် ကယ် ပေးတော်မူပါဘုရား"

ထိုအခါ ဘုရားရှင်က နတ်သားကို မိမိမကယ်နိုင်၊ ကယ် နည်းကိုမူပေးမည် ဟူသောမဟာကရုဏာတော်ဖြင့်-

နာညတြ ဗောဇ္ဈာ တပသာ
နာညတြိန္ဒြိယသံဝရာ
နာညတြသဗ္ဗနိဿဂ္ဂါ
သောတ္ထိံ န ပဿာမိ ပါဏိနံ

"ဣန္ဒြေခြောက်ပါးစောင့်ထိန်းခြင်းဦးဆောင်သော သီလ လေးပါးသုစရိုက်တရားမှတစ်ပါး၊ ဗောဇ္ဈင်တရားခုနစ်ပါးကျင့်စဉ် မှတစ်ပါး၊ ကောင်းမြတ်သောမဂ္ဂင်အကျင့်တရားမှတစ်ပါး၊ အလုံး



စုံသောသင်္ခါရတရားတို့ချုပ်ငြိမ်းရာနိဗ္ဗာန်မှတစ်ပါး အခြားသော သတ္တဝါတို့ချမ်းသာခြင်းကို ငါဘုရားမြင်တော်မမူပါ" ဟူ၍ ဟောကြားနည်းပေးလေသည်။

ထိုခဏဝယ် သုပြဟ္မာနတ်သားနှင့်နတ်သမီး(၅၀၀)တို့ သည် ဖြစ်-ပျက်ရုပ်နာမ်ကိုရှုမိပြီး တခဏချင်းမှာပင် သောတာ ပန်တည်သွားကြလေသည်။

သုပြဟ္မာနတ်သားနှင့်နတ်သမီး(၅၀၀)တို့သည် သော တာပန်တည်သွားကြသဖြင့် အဝီစိငရဲဘေးမှလွတ်ကင်းကြပြီးလျှင် ဤနတ်ဘဝသို့ပင်ပြန်လည်ရရှိခံစားကြရလေတော့သည်။

သေနေ့ကိုကြိုသိသော သုပြဟ္မာနတ်သားသည် အချိန်မီ ဘုရားထံသွားရောက်ဆည်းကပ်ပြီး ဖြစ်-ပျက်တရားကို ရှုမှတ်ရ သဖြင့် သောတာပတ္တိမဂ်တည်ပြီး ဆင်းရဲအပေါင်းမှကင်းလွတ်ရ လေသည်သာ။

*(သံယုတ်အဋ္ဌကထာ(ပ)-၁၀၄)*

www.burmeseclassic.com

www.burmeseclassic.com



## ယောမင်းကြီးဦးဘိုးလှိုင်၏ဘဝတွေ့အကြုံ

ယောမင်းကြီးဦးဘိုးလှိုင်သည် သာယာဝတီမင်း၊ မင်းတုန်းမင်းတို့ထံတွင်အမှုထမ်းခဲ့သော ပညာရှိအမတ်ကြီးတစ်ဦး ဖြစ်သည်။

သူသည် အသက်ငယ်စဉ် ကျန်းမာသန်စွမ်းစဉ်အခါက မကောင်းမှုအကုသိုလ်များကိုလည်း အနည်းနှင့်များဆိုသလို ပြုလုပ်ကောင်းပြုလုပ်မိခဲ့ပေမည်။

အုပ်ချုပ်ရေးလမ်းကြောင်းပေါ်မှ တရားစီရင်ထုံးများအရ အပြစ်ရှိသူများကိုလည်း အပြစ်အလျောက်စီရင်ရပေလိမ့်မည်၊ ထိုအတွက် အကုသိုလ်စိတ်များဖြစ်ပေါ်မိသလောက် ဖြစ်ပေမည်။

ကုသိုလ်ကောင်းမှုများကိုလည်း မိမိဘဝနှင့်ထိုက်တန်သလောက်ပြုလုပ်ခဲ့ပေမည်။

ဘဝခရီးတစ်လျှောက်၌ပြုလုပ်ခဲ့သောကုသိုလ်-အကုသိုလ်များသည်အလွန်များလှသဖြင့် မိမိဘာလုပ်ခဲ့သည်ကိုအမှတ်ရဖို့ရန် အလွန်ခဲယဉ်းပေလိမ့်မည်။

သို့သော် သေကာနီးကာလ၌ကား အသေးအဖွဲကလေးပင်ဖြစ်စေကာမူ ကုသိုလ်(သို့မဟုတ်)အကုသိုလ်ကံတစ်ခုခုက နိမိတ်အာရုံထင်လာတတ်သည်၊ ကုသိုလ်အာရုံထင်လာလျှင်



ကောင်းပါသည်၊ သုဂတိဘုံဘဝရောက်ပါမည်၊ အကုသိုလ်အာရုံထင်လာခဲ့သော် အပါယ်သို့မုချကျရောက်ပါမည်။

ဤသဘောတရားကိုသိသော ယောမင်းကြီးဦးဘိုးလှိုင်သည် မိမိဘဝသေကာနီးအခြေအနေကို တစ်လကြိုတင်ခန့်မှန်းပြီး ပြင်ဆင်ခဲ့သည်။

အသက်အရွယ်ကြီးရင့်ပြီး သတိပဋ္ဌာန်တရားအားထုတ်နေလေ့ရှိသောသူတို့သည် မိမိတို့သေရမည်ကို ခန့်မှန်းသိရှိနိုင်ကြဟန်ရှိပါသည်။

ယောမင်းကြီးဦးဘိုးလှိုင်သည် ထိုသို့သိသဖြင့် သေရမည်ကိုမကြောက်ဘဲ အသေကောင်းဖြင့် ဘဝကူးကောင်းရန်ပြင်ဆင်ခဲ့သည်။

သူသည် ငယ်စဉ်က သူနှင့်အလွန်တရာရင်းနှီးချစ်ခင်ပြီး ကျောင်းနေဘက်ဖြစ်သော စစ်ကိုင်းတွင်နေထိုင်လျက်ရှိသည့် ဦးတူကိုမိမိအိမ်သို့ခေါ်ပြီးတိုင်ပင်သည်၊ မိမိလိုချင်သောဆန္ဒကို ပြောကြသည်။

"မောင်တူရေ. . . မင်းနှင့်ငါဟာ ငယ်သူငယ်ချင်းတွေဖြစ်တယ်၊ များစွာချစ်ကျွမ်းဝင်သူတွေလည်းဖြစ်ခဲ့ကြတယ်၊ မင်းငါ့ကို မင်းကြီးလိုစိတ်ကစွဲပြီး ရှိသေခြင်း၊ ဘုရားထူးခြင်းမပြုနဲ့၊ ကျောင်းမှာနေတုန်းကလိုဘဲ ဘိုးလှိုင်လို့ဘဲခေါ်၊ မင်းကိုလည်း ငါက မောင်တူလို့ဘဲ ငယ်စဉ်ကခေါ်သလို ခေါ်မယ်သူငယ်ချင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားစိတ်မျိုးနှင့်စကားပြောပြီး ငါ့အနားမှာ တစ်လ လောက်နေပေးပါကွ၊ မင်းသားမယားစားဖို့လည်း ငွေဒင်္ဂါး ၂၀၀ ကိုလူကြုံနှင့်ပေးလိုက်ပါ၊ မင်း ငါ့ကိုကျွေးချင်တာနဲ့ကျွေး၊ ငါ့ကို ဘာစားမလဲမမေးနဲ့ မင်းကျွေးတာကိုဘဲ ငါစားမယ်၊ မင်းပြောတာ ကို ငါနားထောင်မယ်၊ ဒီအခန်းထဲကို ဝန်ကတော်မှအစ ဘယ်သူ မှမဝင်စေနဲ့ " ဟု မှာကြားသည်။

ဦးဘိုးလှိုင်နှင့်ဦးတူတို့ သူငယ်ချင်းနှစ်ယောက်သည် ဘုန်းကြီးကျောင်းမှာနေစဉ်သကဲ့သို့ပင် ဘုရားစာများကို တစ် ယောက်တစ်လှည့်ရွတ်အံကြသည်၊ ရံခါ ရယ်စရာများပြောကြ သည်။

နေ့စဉ် ညအိပ်ခါနီး၌ ဘုန်းကြီးကျောင်းမှာတုန်းကလို အပြိုင်ဆို၍ ဘုရားဝတ်တက်ကြသည်။

ဦးတူအား မဟာသတိပဋ္ဌာန်သုတ်ကိုရွတ်ခိုင်းပြီး မိမိက နာယူသည်၊ ပြီးလျှင် သာဓုခေါ်ပြီးတရားမှတ်ကာအိပ်စက်သည်။

ဤကဲ့သို့နေလာခဲ့ရာ ဦးဘိုးလှိုင်ပြောသောတစ်လပြည့် မြောက်သောည ကျရောက်သောအခါ မြန်မာနာရီ(၄)ချက်တီး ကျော်အချိန်တွင်-

"မောင်တူရေ့. . . ယနေ့ ငါစောစောအိပ်မယ်ကွယ်၊ မင်း ငါ့ကို သတိပဋ္ဌာန်တရားတော်နှင့်ရွတ်ဆိုသိပ်ပါကွယ်၊ ငါ တရားနာရင်းအိပ်ပါရစေ၊ ည(၃)ချက်တီးကျော်တော့ ငါ့ကို နှိုး ပေါ့ကွယ်"



ဟုမှာကြားပြီး အိပ်ယာပေါ် မျက်စိမှိတ်ပြီး ဦးတူရွတ်ဆိုနေသော သတိပဋ္ဌာန်တရားကိုနာယူနေသေည်၊ ဦးတူက ဦးဘိုးလှိုင်ကို သတိပဋ္ဌာန်မပြတ်ရွတ်ဖတ်ပေးပြီး သူမှာသော(၃)ချက်တီးကျော် အချိန်တွင် နိုးကြည့်သည်။

ဦးဘိုးလှိုင်ကား မနိုးတော့ပြီ၊ လက်နှင့်စမ်းသပ်ကြည့်ရာ ဦးဘိုးလှိုင်ကိုယ်မှာ စိညာဉ်ချုပ်နေသည်ကိုတွေ့ရတော့သည်။

## တပ်မှူးဟောင်းဖိုးသာချမ်း၏ဘဝတွေ့အကြုံ

ဖိုးသာချမ်းသည် တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲ၌ တောင်ငူစစ်ကြောင်းတာဝန်ခံ ရွှေလုံဗိုလ်၏တပ်မတွင် တပ်စုမှူး တာဝန်ထမ်းဆောင်ခဲ့သော စစ်ဗိုလ်တစ်ဦးဖြစ်ပါသည်။

၁၈၈၅-ခုနှစ်၊ နိုဝင်ဘာလတွင်ဖြစ်ပွားခဲ့သော တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် သီပေါမင်းပါတော်မူ၍ ကင်းဝန်မင်း ကြီး၏အမိန့်ဖြင့် တောင်ငူခံစစ်ကြောင်းတာဝန်ခံရွှေလုံဗိုလ်နှင့် သူ၏တပ်မကြီးသည် နေပြည်တော်မန္တလေးသို့ ပြန်ခေါ်ခံခဲ့ရ သည်။

ထိုအချိန်တွင် မြန်မာတို့စစ်ရှုံးသည်ကို တောင်ငူစစ် ကြောင်းတာဝန်ခံရွှေလုံဗိုလ်သည် သေချာကျနစွာမသိရပေ၊ သို့အတွက် နယ်ခြားကင်းတပ်ဗိုလ်၊ ဗိုလ်ရဲကျော်နှင့်တပ်မျူးတစ်

www.burmeseclassic.com

www.burmeseclassic.com



ဝက်ကိုတပ်ဖျောက်ပြီး နယ်ခြားကျောက်တိုင်စိုက်ရာနေရာတွင် ရွာတည်၍နေခဲ့စေသည်။

ဖိုးသာချမ်းသည် ထိုအစုတွင်ပါဝင်ခဲ့၍ သူ၏တပ်မင်းဖြစ်သောဗိုလ်ရဲကျော်စွာနှင့်အတူ နယ်ခြားကျောက်တိုင်စိုက်ရာနေရာ၌ ကျောက်တိုင်ရွာကိုတည်ထောင်ပြီး တပ်ဖျောက်နေခဲ့ကြသည်။

နောက်တွင် မိမိတို့ဇာတိရပ်ရွာဖြစ်သော ရွှေဆိုဩောင်ပင်နှံ့သာမှရေကြည်ရာမြက်နုရာသို့ဆင်းပြီး အလုပ်လုပ်လိုကြသော ဆွေမျိုးအုပ်စုအသီးသီးကိုခေါ်ဆောင်လာကြပြီး ရွာ၌ စနစ်တကျ နေရာချပေးသည်၊ လယ်ယာမြေများဖြစ်ရန် မြေရိုင်းများချထားပေးပြီး တီထွင်လုပ်ကိုင်စေသည်။

ဖိုးသာချမ်းသည် ရွှေဘိုမှပါလာသောအုပ်စုထဲမှ မမှန်နှင့်အိမ်ထောင်ပြုပြီး အလုပ်ကိုရိုးသားကြိုးစားအားထုတ်လုပ်ကိုင်ခဲ့သည်၊ ခြောက်နှစ်၊ ခုနစ်နှစ်အတွင်းဝယ် ဖိုးသာချမ်း၏ကြိုးစားအားထုတ်မှုကြောင့် သားသမီးရတနာများထွန်းကားလာသလို မြေပိုင်ယာပိုင်ရှင်ချမ်းသာကြွယ်ဝလာသူဖြစ်ခဲ့ရလေသည်။

မိမိ၏တပ်မင်း ဗိုလ်ရဲကျော်စွာက မျက်နှာဖြူတော်လှန်ရေးတပ်များနှင့်သွားရောက်ပူးပေါင်းပြီး တော်လှန်ရေးစစ်ပွဲဆင်နွှဲရာသို့ပါသွားသောအခါ ဖိုးသာချမ်းသည် ဤကျောက်တိုင်ရွာလေးတွင် အကြီးအကဲဖြစ်လာသည်၊ မိမိ အကြီးအကဲဖြစ်လာ



သောအခါ ဥစ္စာစီးပွားများလည်းပြည့်စုံသူဖြစ်လာသဖြင့် မိမိ၏ရပ်ရွာတွင်ဘုန်းကြီးကျောင်းဆောက်သည်၊ ဘုန်းကြီးပင့်ကာ ကိုးကွယ်သည်၊ သိမ်၊ ရေတွင်းရေကန်တူးလေသည်၊ ရပ်ရွာအတွက်လည်း ရေတွင်းရေကန်တူးလှူသည်။

အလှူရေစက်လက်နှင့်မပြတ်သလို သားများရှင်ပြုသည်၊ ရဟန်းခံပေးခဲ့သည်၊ ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဥပုသ်သီတင်း စောင့်သုံးသည်၊ လယ်တီဆရာတော်ဘုရားကြီးက အမဲသားမစားရန် ရှောင်ကြဉ်လှူဆော်လာသောအခါ မိမိအပါအဝင် ရွာသူရွာသားများအား အမဲသားကိုရှောင်ကြဉ်စေခဲ့သည်။

ဤသို့ဖြင့် နှစ်တွေလတွေပြောင်းခဲ့သလို ဖိုးသာချမ်း၏ ဘဝအရွယ်သည်လည်း ဇရာဘက်သို့ချဉ်းကပ်လာသည်၊ ဇရာဘက်သို့ရောက်လာ၍ သားသမီးများ အိုးခွဲ-အိမ်ခွဲရှိလာသောအခါ ဖိုးသာချမ်းသည် လယ်တီဆရာတော်၏တရားမွှေကို အထူးဂရုပြုပြီး ကြိုးစားအားထုတ်ခဲ့သည်။

ဤသို့ဖြင့် ဇရာသည်ရင့်သထက်ရင့်လာသည်၊ အတိတ်ဘဝ ဒါန၊ သီလကောင်း၍လားတော့မသိ၊ ဗျာဓိဆိုသောနာခြင်းကား အလွန်နည်းလှသည်၊ အသက်(၇၀)ကျော်၊ (၈၀)အထိ ကျန်းမာလှသည်၊ မိမိ၏ခန္ဓာဝန်ကို မိမိဆောင်နိုင်ခဲ့သည်၊ အထွေအထူးဆေးစားနေရခြင်း၊ ရောဂါကုသနေရခြင်းဟူ၍ မရှိခဲ့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ရုပ်မိရုပ်ဖအနေဖြင့် ရုပ်ကျိုးရှာကျိုး သည်ပိုး ဆောင်ရွက်ပေးသလို တစ်ဘက်မှလည်းတရားဓမ္မကို မမေ့မလျော့ကြိုးစားအားထုတ်သည်။

ဤသို့ဖြင့် ဖိုးသာချမ်းအသက်(၈၅)နှစ်အရွယ်ရောက်လာသည်၊ ဗျာဓိသဘောကိုမခံစားရသော်လည်း မရဏသဘောကိုတော့မလွန်ဆန်နိုင်တော့သောအခြေအနေသို့ ရောက်ရှိလာခဲ့သည်ကို ဖိုးသာချမ်းသတိပြုမိလာဟန်တူပါသည်။

မိမိ၏မြေးများတွင် မြေးမငယ်နှစ်ဦးသည် ဘာသာရေးသာသနာရေးကိုစိတ်ဝင်စားသည်၊ ပရိတ်ဓမ္မစကြာတို့ကို သင်ယူစေပြီး ညစဉ်ဘုရားရှိခိုးရွတ်ဖတ်သရဇ္ဈာယ်မှုပြုခိုင်းသည်။

ဖိုးသာချမ်းသည် မိမိ၏ဘဝနေဝင်ကာနီး တစ်လအလိုအချိန်တွင် ညစဉ်ညတိုင်း မြေးမ(၂)ဦးကို ပရိတ်ဓမ္မစကြာရွတ်စေ၍ တရားနာလေ့ရှိသည်။

တစ်နေ့သောညချမ်းအချိန်တွင် မိသားစုများကို စုံစုံညီညီစုရုံးခေါ်စေကာ ဥစ္စာပစ္စည်းတို့ကိုစာရင်းမှတ်စေပြီး သားသမီးတို့ကိုခွဲဝေပေးသည်၊ သားကြီးကိုရစရာရှိသောအကြွေးနှင့် ပေးစရာရှိသောအကြွေးတို့ကိုပြောပြသည်။

ထို့နောက် ရစရာရှိသောသူများကိုခေါ်ယူစေပြီး-

"မောင်ဘမြင့်က ဘဘကိုပေးစရာမည်မျှရှိသည်၊ ယင်းကို မပေးတော့နှင့်၊ ငါက မင်းကိုကူညီသည်ဟုမှတ်ပါ"



စသည်ဖြင့် ရစရာရှိသူများကို တစ်ဦးစီခေါ်ပြီး ပေးရန်မလိုတော့ကြောင်းပြောပြရာ အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ဖိုးသာချမ်းကို ရှိခိုးကန်တော့ကြသည်။

ပေးစရာရှိသည်များကိုလည်း သံသရာကြွေးမပါရလေအောင် ဟုဆိုကာပေးစေသည်။

အားလုံးပေးစရာ-ရစရာရှိသည်များကိုပေးခြင်း၊ ချေခြင်းများကိုပြုလုပ်ပြီးနောက် မိမိ၏သားသမီးများကို ကျန်ပစ္စည်းများကိုပြောပြပြီး-

"ဤငွေအပိုင်းအခြားကို ရွာဦးကျောင်းဆရာတော်အားလှူပါ"

"ဤငွေအပိုင်းအခြားကို တရားပြဆရာတော် ဦးသြဃကို လှူပါ"

"ဤငွေအပိုင်းအခြားကို အကယ်၍ငါသေခဲ့လျှင် ငါ့ရဲ့အသုဘစရိတ်ပြုလုပ်ပါ"

"ငါသေလျှင် (၃)ရက်သာဆွေပြုမျိုးပြုထားပြီး မီးသဂြိုဟ်ပါ။ အသုဘရက်မှာ ထမင်းမကျွေးပါနဲ့၊ အသုဘအပုပ်ကောင်နှင့်လူသတ်ဘဝအရထမင်းမစားလိုကြဘူး၊ ရက်လည်ဆွမ်းသွတ်အမျှဝေပွဲကျမှ ထမင်းဖြစ်စေ၊ မုန့်ဟင်းခါးဖြစ်စေ ကြိုက်ရာလှူဒါနပြုပြီးအမျှဝေပါ"

စသည်ဖြင့် စုံလင်စွာမှာကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသာချမ်းကျန်းမာ ပကတိချမ်းသာစွာရှိနေပါလျက် ဤသို့မှာကြားသည်ကို သားသမီးတို့က-

"အဖေကလည်း နိမိတ်မရှိ နမာမရှိတာတွေလုပ်နေသည်" ဟုထင်မှတ်ပြီး ပွစိ-ပွစိပြောကြသည်။

အချို့ကလည်း သာမန်လောက်သဘောထားပြီး အဖေသူစိတ်ထင်ရာလျှောက်လုပ်နေသည် ဟု ထင်မှတ်ကြသည်။

ထိုနေ့ည အိပ်ခါနီးတွင် မြေးမ(၂)ယောက်ရွတ်ဖတ်နေကြ ဓမ္မစကြာမနာခင် အကျီသစ်၊ ပုဆိုးသစ်လဲလှယ်ဝတ်ပြီးမှ ဓမ္မစကြာကိုသေချာစွာနားစိုက်ပြီးနာသည်၊ ဓမ္မစကြာရွတ်ဖတ်ပြီးသောအခါ-

"ငါ့မြေးတို့. . . အဖိုးလို ကောင်းရာမွန်ရာဘုံဘဝသို့ရောက်လိုလျှင် ဒါန၊ သီလမပြတ်ပြုကြနော်၊ မမေ့ကြနဲ့၊ ရတနာသုံးပါးကိုလည်း မမေ့ကြနဲ့၊ မြဲကြ အန္တရာယ်မကျရောက်နိုင်ဘူး" ဟုမှာကြားပြီး ခေါင်းများကိုပွတ်သပ်ကာ ပြန်လွှတ်လိုက်လေသည်၊ ပြီးလျှင် အေးဆေးစွာအိပ်ရာဝင်သွားသည်။

ဖိုးသာချမ်းသည် ယခင်က နံနက်အရုဏ်တက်ဘုရားဝတ်တက်နေကြ၊ အမျှပေးဝေနေကြဖြစ်သည်။

ယနေ့နံနက် အရုဏ်တက်ဖိုးသာချမ်းဘုရားဝတ်တက်သံမကြား၍ အဖွားမှန်က ဖိုးသာချမ်းအခန်းကိုဝင်ကြည့်သည်။



ဖိုးသာချမ်းသည် ပက်လက်အိပ်ပျော်နေသကဲ့သို့ အနေအထားနှင့်အသက်ပျောက်နေသည်ကို တွေ့ရသည်။

အဖွားမှန်၏အော်ဟစ်သံကြောင့် တစ်အိမ်သားလုံးနိုးကြပြီး အုတ်အော်သောင်းနင်းဖြစ်ကြပြီး ဝိုင်းလာကာ ငိုယိုကြသည်။

ဖိုးသာချမ်းသည် သားသမီးမြေးတို့၏ ပူဆွေးငိုကြွေးသံကိုမကြားနိုင်တော့ပါ။အာရုံလည်း စွဲလမ်းမှားစရာမရှိတော့ပါ။

တရားဓမ္မကျင့်ကြံခဲ့သောအကျိုးကြောင့် မိမိ၏ဘဝနောက်ဆုံးနေ့ဝင်ချိန်ကို ဤသို့စီမံသွားသော ဖိုးသာချမ်းကိုအားလုံးကတအံ့တသြဖြစ်ကြသည်၊ ဆရာတော်များကလည်း ဒါယကာကြီးတရားရထားသည် ဟုမိန့်ကြားကြသည်။

မြေးမနှစ်ယောက်ကမူ သူတို့၏ဓမ္မစကြာတရားနာပြီး သူတို့အဖိုးအေးချမ်းစွာဘဝကူးသွားသည့်အတွက် ဝမ်းမြောက်ကြည်နူးနေမိကြသည်။

ဖိုးသာချမ်းသည် ဒါန၊ သီလ၊ ဘာဝနာအဖော်ကောင်းကိုမှီဝဲပြီး မြေးမနှစ်ယောက်ဟူသော ဓမ္မစကြာရွတ်ပေးသော မိတ်ဆွေကောင်းအဖော်ရခဲ့သဖြင့် သူ၏လားရာဘဝသည် ဘယ်ဆီရောက်မည်ကို အထူးပြောစရာမလိုတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



## ဒွေးလေးသင်၏ဘဝတွေ့အကြုံ

ဒွေးလေးသင်ကို တစ်ရွာလုံးက ဒွေးလေးသင် ဟူ၍သာ ချစ်စနိုးခေါ်ဆိုကြပါသည်၊ နာမည်ရင်းမှာ ဒေါ်သင်ဖြစ်ပါသည်။

မသင်သည် ရုပ်ရည်ဥပမိသမွတ္တိပြည့်စုံလှပသူဖြစ်သည်။ အပြောအဆိုအပြုအမူ နူးညံ့သိမ်မွေ့သည်၊ ဘာသာတရားကိုင်းရှိုင်းရိုသေမှုနှင့်မိဘအပေါ်ပြုစုမှုသည် ကျောက်တိုင်ရွာတစ်ရွာလုံးက လေးစားကြည်ညိုရသည့်အထိ ရှိခဲ့ပါသည်။

ငယ်စဉ်က မသင်ကိုကြိုက်နှစ်သက်၍လက်ထပ်လိုသူ အလွန်ပေါလှပါသည်၊ မသင်က မိဘနှစ်ပါးကို သေသည်အထိ လွတ်လပ်သောဘဝနှင့်ပြုစုလုပ်ကျွေးသွားမည်ဟု သန္နိဋ္ဌာန်ချထားကာ လာတောင်းသမျှ၊ စေ့စပ်သမျှတို့ကို ငြင်းပယ်ခဲ့သည်။

အစ်ကိုနှင့်အစ်မအိမ်ထောင်ပြုသွားသော်လည်း မိမိကမူ မိမိ၏ဆုံးဖြတ်ချက်အတိုင်း သက်ကြီးရွယ်အိုမိဘနှစ်ပါးကို သေတပန်သက်တစ်ဆုံးလုပ်ကျွေးရန်နှင့် မိဘများချွေးမမျက်နှာကြည့်ရ၊ သမက်မျက်နှာကြည့်ရအဖြစ်မျိုးရောက်ပြီး၊ စားချင်တာမစားရ၊ သောက်ချင်တာမသောက်ရ၊ ဝတ်ချင်တာမဝတ်ရမှာကို မသင်ကစိုးရိမ်သည်၊ သို့အတွက် အိမ်ထောင်ပြုမှုကိုမသင်က ငြင်းပယ်ပြီး မိဘတို့ကိုသာ ပြုစုလုပ်ကျွေးနေခဲ့သည်။



မသင်၏မိဘများကား ဦးဘိုးမြ+ဒေါ်တင်တို့ဖြစ်သည်၊ မိဘတို့ကလယ်ယာကိုင်းနှင့်ကျောက်တိုင်ရွာတွင် ဥစ္စာပစ္စည်းပြည့်စုံသောသူတို့ဖြစ်ကြသည်၊ မွေးချင်း(၃)ဦးအနက် မသင်ကား အငယ်ဆုံးဖြစ်သည်။

မသင်သည် မိဘများပြည့်စုံသော်လည်း အငြိမ့်သားမနေပါ၊ အလုပ်ဟူသမျှကို ဒိုးတူပေါင်းဖက်လုပ်ကိုင်သည်၊ ရပ်ရွာအမှုအသင်းတွင် ဦးဆောင်သည်၊ ရွာဦးကျောင်းတွင် တတ်နိုင်သရွေ့လှူသည်။

ဤသို့ဖြင့် မသင်ဘဝမှ ဒွေးလေးသင်ဘဝသို့ရောက်လာခဲ့သည်၊ ဒွေးလေးသင်သည် မိဘနှစ်ပါးကို ရတနာသုံးပါး၌တည်စေသလို မိမိကလည်း ရတနာသုံးပါး၌တည်သည်။

ဝိပဿနာစခန်းများ ပေါ်လာသောအခါ မိဘများကသက်ကြီးရွယ်အိုအချိန်ရောက်၍ ဝိပဿနာစခန်းသို့မသွားနိုင်သော် မိမိကသွားရောက်တရားနာသည်၊ ဝိပဿနာတရားကိုအားထုတ်သည်၊ မိဘတို့ကိုပြန်လည်ပြောပြ၍ တရားကိုရှုမှတ်စေခဲ့သည်။

ဤသို့ဖြင့် ဒွေးလေးသင်၏မိအို-ဖအိုများသည် ဘဝကိုငြိမ်းချမ်းသက်သာစွာဖြင့် ပြင်းထန်သောရောဂါဝေဒနာမရှိကြဘဲ လောကမှထွက်ခွာသွားခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒွေးလေးသင်သည် မိဘများမရှိသောအခါ မိပိကိုယ်တိုင် အိမ်ထောင်၏လယ်ယာစီးပွားကိုဦးဆောင်သည်၊ အကို၊ အမတို့ကမွေးသော တူ၊ တူမလေး(၂)ဦးကို အကူအညီခေါ်ထားသည်။

လယ်ယာလုပ်ငန်းအားလပ်ချိန်များတွင် ဖြူးမြို့သို့တက်ပြီး တရားရိပ်သာစခန်းဝင်သည်၊ မိမိကြည်ညိုလေးစားခဲ့သောဖြူးမြို့၊ ဒက္ခိဏာရုံစာသင်တိုက်မှ စာချဆရာတော် ဦးဥတ္တမကို ရဟန်းအမခံယူ၍ သိမ်ထပ်ပေးခဲ့သည်၊ ရပ်ရွာကျောင်းဆရာတော်၏လိုအပ်သမျှကိုလည်း ကူညီပံ့ပိုးလှူဒါန်းခဲ့သည်။

ဤသို့ဖြင့် ဒွေးလေးသင်ဘဝမှ အဖွားသင်ဘဝသို့ ချဉ်းကပ်လာခဲ့သည်၊ အဖွားသင်ဘဝသို့ချဉ်းကပ်သောအသက်(၆၀)ကျော်အချိန်တွင်လည်း အဖွားသင်ကိုတစ်ရွာလုံးက နှုတ်ကျိုးနေသည့်အတိုင်း ဒွေးလေးသင်ဟူ၍သာခေါ်ဆိုလာခဲ့ကြသည်။

တစ်နေ့ ဒွေးလေးသင်တရားစခန်းကပြန်လာပြီး (၇)ရက်အကြာတွင်ဖြစ်သည်၊ ဒွေးလေးသင်သည် အကိုနှင့်အမများကွယ်လွန်ပြီးဖြစ်၍ အရင်းချာဆုံးသောတူ၊ တူမများကိုခေါ်သည်၊ ချမ်းသာဆင်းရဲအလိုက် မိမိပိုင်ဥစ္စာပစ္စည်းများကို ဝေငှပေးသည်။

ဒုတိယနေ့တွင် ကြွေးပေးထားသူများ၊ မိမိကပေးရမည့်သူများကိုခေါ်ယူတွေ့ဆုံပြီး မိမိကပေးရန်ရှိသောလုပ်ခကြွေးများကိုအပြတ်ပေးသည်၊ မိမိကရရန်ရှိသောကြွေးခများကို စာရင်းစာအုပ်ထုတ်ပြီး ဆပ်နိုင်သမျှယူခုဆပ်ရန်ပြောပြသည်၊ မဆပ်နိုင်သည်များကို လျှော်ပစ်ပေးသည်။



တတိယနေ့တွင် ဒွေးလေးသင်သည် သူမွေးစားထားသောတူနှင့်တူမကိုခေါ်ကာ ထူးဆန်းသောမှာကြားမှုကိုမှာကြားသည်။

"ဟောဒါက ငါ့တူအတွက်၊ ဟောဒါက ငါ့တူမအတွက် ဟောဒါက ငါရဟန်းခံထားသောဆရာတော်ဦးဥတ္တမအတွက် လှူပါ။ ဟောဒါက အကယ်၍ငါသေခဲ့လျှင် အသုဘစရိတ်လုပ်ပါ။ ကူငွေလက်မခံပါနှင့်၊ ရွာမလေ့အရထည့်ဝင်လာတာကို ရွာဦးကျောင်းကိုလှူပေးပါ " ဟု အသီးသီးမှာကြားသည်။

တူ၊ တူမများက စိတ်မကောင်းကြ၊ လူကြည့်တော့လည်း ကျန်းမာနေသည့်အသွင်ရှိနေသည်၊ ဒွေးလေးရှေ့ရေးကြည့် စိစဉ်တာဘဲ ဟု သာမန်စိတ်ထဲမှတ်ထားလိုက်ကြသည်။

သေဆုံးမည့်နေ့တွင် မိမိရဟန်းခံထားသောဆရာတော် ဦးဥတ္တမဗုဒ္ဓိကိုသွားရောက်ကန်တော့သည်၊ သူမဘက်က ရဟန်းဒါယကာမတာဝန်၊ ပစ္စည်းလေးပါးတာဝန်မကျေပွန်သည်များရှိပါက ခွင့်လွှတ်ပေးပါရန်တောင်းပန်လျှောက်ထားသည်၊ ဆရာတော်က "ကျေပွန်ပါသည်၊ ဘာမျှမလိုပါ" ဟုမိန့်ကြားသည်၊ ဒါယကာမကြီး ထူးထူးခြားခြားလာလျှောက်သဖြင့် ဆရာတော်ကလည်း စိတ်ထဲဇဝေဇဝါခံစားမိသည်။

သေမည့်နေ့ နေ့လည်တွင် မိမိနှင့်ငယ်စဉ်ကသူငယ်ချင်းဖြစ်သောဘုန်းကြီးအမေဒေါ်စိန်တင်ကို သွားရောက်နှုတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



စကားပြောသည်၊ ထိုအချိန်က ဒွေးလေးသင်၏အချစ်ဆုံးသူငယ်ချင်းဒေါ်စိန်တင်မှာ ညောင်ပင်သာရွာ၊ သားကြီးကျောင်းထိုင်ရာအရှေ့ကျောင်းကြီး၌ တရားအားထုတ်နေသည်။

ညနေပြန်ရောက်လာသောအခါ တူမလေးကို ထမင်းနူးခပ်ခိုင်းထားသည်၊ ရေမိုးချိုးပြီး သနပ်ခါးမလိမ်းတော့သောဒွေးလေးသင်သည် ထိုနေ့ညနေတွင် သနပ်ခါးလိမ်းသည်။

ထူးဆန်းသော ဒွေးလေးသင်ကိုကြည့်ပြီး တူမက-

"အောင်မယ် ဒွေးလေးက ဒီနေ့မှထူးထူးဆန်းဆန်းသနပ်ခါးတွေဘာ့တွေလိမ်းလို့" ဟုပြောမိသည်။

"အေးလေ အပုပ်ကောင်ဆိုတော့လည်း အပုပ်နံ့မထွက်အောင် သနပ်ခါးအမွှေးလေးနဲ့ ကာထားရတာပေါ့ကွဲ့တူမရဲ့" ဟုချိုပြုံးသောမျက်နှာဖြင့်ပြောပြသည်။

ညပိုင်း ဘုရားရှိခိုးကာနီးတွင် ထူးထူးခြားခြားအဝတ်အစားအသစ်ချပ်ချွတ်ကိုဝတ်ဆင်ပြီး ဘုရားရှိခိုးသည်၊ တရားအနည်းငယ်ထိုင်သည်၊ တရားထိုင်ပြီးသောအခါ မိမိနှင့်အတူနေသော တူ၊ တူမကိုခေါ်ကာ မိမိကို ကန်တော့စေသည်။

"ငါ့ဘက်က ဝတ္တရားမကျေတာရှိရင်လည်း ခွင့်လွှတ်ကြနော်၊ ငါကလည်း တူ၊ တူမတို့ဝတ္တရားမကျေတာရှိတာကိုလည်းခွင့်လွှတ်တယ်၊ ဘဝတစ်သက်တာဆိုတာ ခဏလေးနော်၊ ရတနာ



သုံးပါးကိုမမေ့ကြနဲ့၊ စိတ်ကောင်းမွေး၊ ကုသိုလ်ပြုကြ၊ နိုင်သလောက်သီလဆောက်တည်ကြ " ဟု မှာကြားသည်။

တူ၊ တူမတို့က ဒွေးလေးသင်၏ထူးခြားသောပြုမူဆောင်ရွက်ချက်တို့ကို သတိထားမိကြသည်၊ အကောင်းပကတိရှိနေ၍မစိုးရိမ်မိကြချေ။

တူ၊ တူမများကိုဆုံးမပြီး ဒွေးလေးသင်အိပ်ရာဝင်သွားပါသည်၊ တူမသည် ဒွေးလေးသင်အခန်းတွင် အတူတူအိပ်နေကျဖြစ်သည်၊ ဒွေးလေးသင်အိပ်သွားပြီးထင်၍ သူမလည်းတိတ်တဆိတ်ဝင်အိပ်သည်။

နံနက်တွင် ယခင်က ဒွေးလေးသင် (၄)နာရီခွဲ (၅)နာရီထပြီး ဘုရားသောက်တော်ရေကပ်၊ ဘုရားရှိခိုးနေကြ၊ တူမကိုလည်း ဆွမ်းတော်ကပ်ရန်အတွက်ဆွမ်းချက်ရန်နိုးနေကြ၊ ယနေ့နံနက်အရုဏ်တက်တွင် ဒွေးလေးသင်၏ ဘုရားဝတ်တက်သံ၊ တူမကိုနိုးသံကိုမကြားရတော့-

တူမငယ်ကအိပ်ရာကလန့်နိုးပြီး ကပျာကယာ ဒွေးလေးသင်၏ခြင်ထောင်ကိုဖွင့်ကြည့်သည်၊ ပကတိအိပ်ပျော်နေသကဲ့သို့ရှိနေသည်။

'ဒွေးလေး-ဒွေးလေး"ဟု နှုတ်ကခေါ် လက်ကလှုပ်၍နိုးကြည့်သည်၊ ဒွေးလေးသင်ကား လုံးဝမနိုးတော့ပါ၊ လူ့လောက

www.burmeseclassic.com

www.burmeseclassic.com



မှုအပြီးအပိုင်ထွက်သွားပါပြီ၊ ထိုအခါကျမှ တူမသည် အထိတ်တလန့်ဖြစ်ပြီး ပတ်ဝန်းကျင်ကိုအော်ပြော-အော်နိုးရတော့သည်။

ပတ်ဝန်းကျင်ကစုရုံးရောက်လာကြပါသည်၊ ဒွေးလေးသင်ကား အသက်မရှိတော့ပါ၊ မနေ့ကပင် အကောင်းစကားပြောနေသေးသည်၊ ညကပင် တူ၊ တူမများကိုကန်တော့စေပြီး ဆုံးမသွားသည်၊ ယခုကွယ်လွန်လေပြီ။

ထိုအခါကျမှ ရွာသူရွာသားတွေ အံ့အားသင့်ကြသည်၊ ဒွေးလေးသင်သည် သူမ၏သေနေ့ကိုကြိုသိ၍ ဤသို့ဝေစရာ၊ ပေးစရာရှိသည်တို့ကိုဝေပေးသည်၊ လှူစရာရှိသည်တို့ကိုလှူသည်၊ စီမံစရာရှိသည်တို့ကိုစီမံသွားသည် ဟုယုံကြည်သွားကြသည်။

ဒွေးလေးသင် ရဟန်းခံပေးထားသော ဆရာတော် ဦးဥတ္တမဗုဒ္ဓိကမူ ဒါယိကာမကြီး တရားရသွားပြီဖြစ်သည် ဟု မိန့်ကြားသည်။

ဤသည်မှာ တစ်ရွာလုံးအံ့သြပြီး အတုယူစရာဖြစ်လာခဲ့ရသော ဒွေးလေးသင်၏ဘဝနေဝင်ပုံဖြစ်ပါတော့သည်။



## သေမည့်နေ့ကိုကြိုတင်သိပြီးပြင်ဆင်ခဲ့သော အဖိုးဦးမောင်ကြီး (ခ) ဦးနု

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် မိမိ၏ဘဝနေဝင်မှုအတွက် (ဝါ) တစ်ဘဝခရီးပြီးဆုံးဖို့အတွက် အဘိုး၊ အဖေတို့ကဲ့သို့ အေးချမ်းသာယာစွာဘဝကူးနိုင်ရေး၊ နောက်ဆုံး သံသရာမှလွတ်မြောက်ရေးတို့အတွက် တတ်နိုင်သမျှ၊ အချိန်ရသမျှ ကြိုးစားတရားကျင့်ခဲ့ပါသည်။

ကျွန်တော့်ဖေဖေသည် သူတတ်နိုင်သမျှသော ဒါန၊ သီလ၊ ဘာဝနာတို့ကို ကြိုးစားဆောင်ရွက်သွားပါသည်၊ ကွယ်လွန်ကာနီး(၁)လအလိုတွင် သူ့ဇာတိကျောက်ပန်းတောင်း၊ အိုးဆိုင်ရွာမှနေပြီး ကျွန်တော့်အိမ်သို့ရောက်လာပါသည်၊ ကျန်းမာရေးလည်း အနည်းငယ်ချွတ်ယွင်းနေပါသည်။

“ငါက မင်းအိမ်လာချင်လို့လာတာမဟုတ်ဘူး၊ ငါ့သချိုင်းကဒီမှာရှိလို့လာတာ”

ဟု ကျွန်တော့်ကိုအမှတ်မထင်ပြောပါသည်၊ ကျွန်တော်ကလည်း ဖခင်ကြီး၏စကားကို အလေးအနက်မထားမိပါ၊ လိုအပ်သော ဆေးဝါးကုသမှုကိုသာ သူ့ဆန္ဒအတိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ကျွန်တော့်အိမ်ရောက်ပြီး တစ်လအကြာတွင် ဖခင်ကြီးသည် ကျွန်တော့်အိမ်မှာပင် အေးချမ်းတည်ငြိမ်စွာ အိပ်ပျော်သကဲ့သို့သေဆုံးသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ကြီး၏ သေဆုံးမှုကိုမြင်ရသောအခါ ကျွန်တော် ငယ်စဉ်က အမေ၏ဖခင်အဖိုးသေဆုံးမှုကိုပြန်လည်သတိရမိခဲ့ပါသည်၊ သို့သော် အဖိုး၏မသေခင် ကြိုတင်ပြုလုပ်သွားပုံတို့ကို အမှတ်ထင်ထင်ကျန်ရစ်ခဲ့ပြီး ကျွန်တော်၏ဘဝနိဂုံးချုပ်လျှင်လည်း အဖိုး၊ အဖေတို့ကဲ့သို့ငြိမ်သက်တည်ငြိမ်စွာနိဂုံးချုပ်လို၍ မိမိသိသမျှ၊ လေ့လာသမျှနှင့် တရားအလုပ်ကိုလုပ်ခဲ့ပါသည်။

ဤသို့တရားကျင့်ရင်းပင် မယ်လမုဘုရား၌ အဘိဓမ္မာ **သင်**တန်းဖွင့်သောအခါ အဘိဓမ္မာသင်တန်းတက်ပြီး အဘိဓမ္မာကို**သင်**ကြားခဲ့ပါသည်၊ နိုင်ငံတော်မှကြီးမှူးကျင်းပသော အဘိဓ**မ္မာစာ**မေးပွဲကိုလည်းဝင်ရောက်ဖြေဆိုခဲ့ရာ (၃)ဆင့်၊ (၉)ပိုင်းလုံး **အောင်**မြင်ပြီး ဋီကာကျော်သင်တန်းကိုဆက်လက်တက်နေခဲ့ပါသည်၊ ထိုသို့တက်နေစဉ် သင်တန်းနည်းပြဆရာကြီး ဦးကိုကိုမြို့င်မှ ဝီထိမုတ်ပိုင်းလာ မရဏာသန္ဓေဇောစောပုံ၊ စုတိစိတ်ကျပုံအကြောင်းတို့ကို ဆွေးနွေး သင်ကြားပြသပါသည်။

ဆရာကြီးက ထိုသို့ဆွေးနွေးပြသောအခါ သတ္တဝါတို့၏ သေခြင်းသဘောနှင့် သေကာနီးအာရုံထင်ပုံအကြောင်းစုံကို သိရှိခဲ့ပါသည်၊ ဆရာကြီးက သေနေ့ကိုကြိုသိလိုလျှင် ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်ရန်တိုက်တွန်းရင်း ဆွေးနွေးသွားခဲ့ပြီး ဝိပဿနာ အားထုတ်သူသည် -



ညည်းသူမရှိ၊ ချိန်နေ့သိပြန်၊ မျက်လုန်ကြောဆွဲ၊
မရှိဘဲနှင့်၊ သေလည်းမတောင့်တင်း၊ ပုပ်နံ့ကင်းသည်၊
ကျိုးရင်းဝိပဿနာတန်ခိုးတည်း

ဟူသော လင်္ကာအတိုင်း သေမည့်အချိန်ကိုကြိုသိရသည်၊ သေသောအခါ ညည်းညူမရှိသေရသည်၊ သေသော် ခန္ဓာကိုယ် မတောင့်တင်း၊ အပုပ်နံ့ကင်းသည် ဟုရှင်းပြသောအခါ ကျွန်တော်သည် ကျွန်တော့်အဖိုး၏သေနေ့ကြိုသိပုံ၊ ပြုလုပ်ဆောင်ရွက်သွားပုံတို့ကို ပြန်လည်သတိရရှင်းလင်းသွားမိပါသည်။

သို့အတွက် ကျွန်တော့်အဖိုး၏သေပုံသေနည်းနှင့် သေနေ့ကြိုသိပုံအကြောင်းစုံကို စာဖတ်ဓမ္မမိတ်ဆွေများသိရန်နှင့် အတုယူနိုင်ရန်အတွက် ပြောပြလိုစိတ်ပေါ်ပြီး အဖြစ်အပျက်ကို ဆရာကြီးမှတစ်ဆင့် တင်ပြပြောပြအပ်ပါသည်-

××××××××

ကျွန်တော့်အဖိုး၏အမည်ရင်းမှာ ဦးမောင်ကြီးဖြစ်သည်၊ ရဟန်းဖတ်ပြီး စာပေပရိယတ်သင်ခဲ့ပြီး စာတတ်ပေတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်၊ ရဟန်းဘွဲ့အမည်မှာဦးဇဝနဖြစ်၍ထိုဘွဲ့ကို အစွဲပြုပြီး ရွာမှလူအများက ကိုန-ဦးန ဟူ၍ ခေါ်ခဲ့ကြပါသည်။

အဖိုးဦးနအိမ်ထောင်ကျပြီး သားတစ်ဦးနှင့် သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်၊ ကျွန်တော်၏မိခင်မှာ ဦးန၏ သမီး အကြီး ဒေါ်ဖွားကြည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖိုးဦးနသည် သားသမီးများအရွယ်ရောက်၍ ကိုယ့်တာဝန်ကိုယ်တမ်း ကိုယ့်လမ်းကိုယ်လျှောက်ကြသောအချိန်မှစ၍ ဝိပဿနာလမ်းသို့လှမ်းခဲ့ပါသည်။

ဝါတွင်းကာလတစ်လျှောက်လုံး ရွာနှင့်(၂)မိုင်ခန့် ကွာဝေးသောတောင်နီတောင်ပေါ်ရှိ တောရကျောင်း၏မြေလိုဏ်ဂူအတွင်းဝယ် ဝိပဿနာတရားအားထုတ်နေပါသည်၊ တစ်ဝါတွင်းလုံး မိသားစုနှင့်တွေ့ဆုံခြင်းမရှိတော့ပါ၊ လိုအပ်သောစားနပ်ရိက္ခာများကို သမီးကြီးဖြစ်သော ကျွန်တော်၏မိခင်က တောင်ပေါ်သို့ပို့ပေးရပါသည်။

အဖိုးသည် ဝါပကာလတွင် ရွာသို့ပြန်လာပြီး ခြံဝင်းအတွင်း၌ (၁၆×၁၀)ပေပတ်လည်ရှိ သီးသန့်ဆောက်လုပ်ထားသော အိမ်ငယ်တွင်နေထိုင်ပြီး ဝိပဿနာတရားကိုဆက်လက်အားထုတ်သည်။

ထမင်းစား၊ ရေချိုး၊ ကိုယ်လက်သုတ်သင်၊ အပေါ့အပါးကိစ္စရှိမှသာ နေအိမ်အပြင်သို့ထွက်လေ့ရှိပါသည်၊ ကျန်အချိန်များတွင်ထွက်လေ့မရှိပါ။

ဥပုသ်နေ့များတွင် ရွာဦးကျောင်းသွားပြီး သီလဆောက်တည်ပါသည်၊ နေ့လည်ပိုင်းတွင် ကျောင်းရှိသီလယူထားသူ ဥပုသ်သည်များကို တရားဓမ္မများဟောကြားပေးလေ့ရှိပါသည်။



ရွာနီးချုပ်စပ်မှရဟန်းသံဃာတော်များကိုလည်း ဗုဒ္ဓဘာသာစာပေများကိုသင်ကြားပေးခြင်း၊ မေးမြန်းသမျှတို့ကို ဖြေကြားပေးခြင်းတို့အားပြုလုပ်ပေးခဲ့ပါသည်။

ကျွန်တော့်အသက်(၁၀)နှစ်ကျော် အဖိုးဦးနီ(၈၆)နှစ်အရောက် တစ်နေ့သောနံနက်အချိန်တွင် အဖိုးက ကျွန်တော့်ကိုခေါ်၍ သူရေချိုးလိုကြောင်း ရေကို ထွင်းကရေအသစ်သီးသန့်ထည့်ပေးရန်စေခိုင်းပါသည်၊ ကျွန်တော်ကလည်း အဖိုးအလိုကျအားလုံးစီမံလုပ်ဆောင်ပေးပါသည်။

အဖိုးသည် ရေချိုးပြီးသောအခါ အဝတ်များကိုအသစ်ချပ်ချွတ်ဝတ်ပါသည်၊ အိပ်ရာ၊ ခေါင်းအုံး၊ သင်ဖျာတို့ကိုလည်းအသစ်လဲလှယ်ခိုင်းပါသည်၊ ကျွန်တော့်အမေက အဖိုးစိတ်ကြိုက်အားလုံးစီမံပေးပါသည်၊ ကိစ္စအားလုံးပြီးသောအခါ ကျွန်တော့်ကိုရွာဦးကျောင်းဆရာတော်ဦးကုဗ္ဗြိယကိုသွားရောက်ပင့်ခိုင်းပါသည်။

ဆရာတော်ရောက်လာသောအခါ အဖိုးက ဆရာတော်ကို- "အရှင်ဘုရား တပည့်တော်ယနေ့ပင် ကိစ္စပြီးတော့မည် ထင်ပါသည်၊ တပည့်တော်၏ခန္ဓာအကြွင်းကို ယနေ့ပင်ကိစ္စပြီးအောင်ဆောင်ရွက်ပေးစေလိုပါသည်၊ ရက်လည်သောအခါတွင် ဗုဒ္ဓဘာသာထုံးစံအတိုင်း မိသားစုများစိတ်ကျေနပ်မှုရှိစေရန် ဆွမ်းသွတ်မှုကိုဦးဆောင်ပြုလုပ်ပေးပါဘုရား၊ ယခု တပည့်တော် ဆရာတော်အား နဝကမ္မငွေ (၉၁၀)ကို အပ်နှံပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဟုလျှောက်ထားပြီး ဆရာတော်ထံတွင် သီလခံယူလေသည်။

"အရှင်ဘုရား . . . ကျောင်းပြန်ကြွပါတော့ဘုရား၊ အရှင်ဘုရား နေ့ဆွမ်းမစားမီ တပည့်တော်၏ကိစ္စပြီးမည်ထင်ပါသည် ဘုရား"

ဆရာတော်ကျောင်းသို့ပြန်ကြွသွားပြီးနောက် သားသမီးများကိုခေါ်ယူပါသည်၊ သားသမီးများစုံလင်သောအခါ-

"နင်တို့တစ်တွေ လုပ်ကိုင်စားသောက်နေထိုင်မှုများ လောက်ငှမှုရှိကြရဲ့လား"

ဟုမေးသည်၊ သမီးငယ်ဖြစ်သူ ဒေါ်လေးဆွေသိန်းက-

"ဖေဖေ . . . သမီးတို့တစ်တွေအားလုံး လောက်ငှလုံလောက်ပါတယ်" ဟုအဖြေပေးပြီး ငိုယိုနေပါတော့သည်။

"မင်းတို့တစ်တွေ လုံလောက်မှုရှိကြရင် ငါ့ကိုအမွေကိစ္စတွေမပြောကြနဲ့တော့၊ ကိုယ့်ညီအစ်ကို-မောင်နှမအချင်းချင်း မိသားစုအချင်းချင်း သင့်တင့်ငြိမ်းချမ်းစွာနေကြ"

ဟု ဆုံးမစကားပြောပါသည်။

သားသမီးများအား လိုအပ်သည်များကိုမှာကြားပြီးလျှင် ဒေါ်လေးဒေါ်ဆွေသိန်း၏ခင်ပွန်းဦးအောင်ယကို အခန်းတွင်စောင့်နေစေပြီး ကျန်လူများမည်သူမျှမဝင်စေရန်ပြောပါသည်။



ဤသို့မှာကြားပြီး (၁)နာရီခန့်အကြာတွင် အဖိုးသည် သူပြောသည့်အတိုင်း အေးချမ်းငြိမ်သက်စွာကွယ်လွန်သွားပါတော့သည်။

အဖိုးပြောခဲ့သည့်အတိုင်း ရွာဦးကျောင်းဆရာတော် နေ့ဆွမ်း မစားမီ(၁၀)နာရီအချိန်တွင်ကွယ်လွန်ခဲ့ပါသည်။

အဖိုးကွယ်လွန်ကြောင်း ရွာဦးကျောင်းဆရာတော်ကို သွားလျှောက်ရပါသည်၊ ဆရာတော်ကလည်း အဖိုးမှာထားသည့်အတိုင်း အဖိုးအလောင်းကို နေ့လည်တွင်အပြီးသဂြိုဟ်ခဲ့ပါသည်။

ကျွန်တော့်အဖိုးသည် ဝိပဿနာတရားအားထုတ်မှု အကျိုးကြောင့် သတိအမြဲရှိပြီး မိမိသေမည့်နေ့-သေမည့်အချိန်ကိုကြိုတင်သိခဲ့ခြင်းဖြစ်သည် ဟု ကျွန်တော်ယုံကြည်မိပါသည်။

ကျွန်တော်အပါအဝင် ဗုဒ္ဓဘာသာဝင် ဓမ္မမိတ်ဆွေများသည် သေမင်းကိုအသင့်ရင်ဆိုင်ဖြေရှင်းနိုင်ရေး၊ အေးချမ်းစွာ မိသားစုကိုနှုတ်ဆက်သွားနိုင်ပြီး မိမိဘဝ၏သေနေ့-သေချိန်ကို သိနိုင်ရန် ဝိပဿနာကိုကြိုးစားအားထုတ်ကြပါ ဟုတိုက်တွန်းလိုက်ရပါသည်။

ဦးအောင်သန်း
လ/ထညွှန်မှူး (ငြိမ်း)
နိုင်ငံတော်ကောင်စီရုံး
(ယခု မယ်လမုငှိုကာကျော်သင်တန်းသား)

www.burmeseclassic.com

www.burmeseclassic.com



## ( ၁ ) သူတစ်ပါးပယောဂဖြင့် သေနေ့ကိုကြိုသိသူများ၏ဘ၀

### သုပ္ပဗုဒ္ဓဘုရင်

ဒေ၀ဒတ်ပြည်ရှင်ဘုရင် သုပ္ပဗုဒ္ဓသည် ဘုရားရှင်၏ ဘထွေးတော်လည်းဖြစ်၊ ယသော်ဓရာမိဖုရား၏ခမည်းတော်ဖြစ်၍ ဘုရားရှင်၏သိဒ္ဓတ္ထမင်းသားဘ၀က ယောက္ခမတော်သူလည်း ဖြစ်ပါသည်။

သို့သော် သုပ္ပဗုဒ္ဓသည် တူတော်သမက်တော်ဖြစ်သော သိဒ္ဓတ္ထကို အချက်(၂)ချက်ကြောင့် လုံး၀မကျေနပ်ခဲ့ပါချေ။

ပထမအချက်က သမီးတော်ယသော်ဓရာကို အကြင်နာမဖက်ရက်ရက်စက်စက်ပစ်ထားပြီး တောထွက်သွား၍မကျေနပ်ခြင်းဖြစ်သည်။

ဒုတိယအချက်မှာ မိမိ၏အရိုက်အရာကို ဆက်ခံ၍ ဘုန်းတန်ခိုးကြီးမားမည့်သားတော်ဒေ၀ဒတ်ကို လူ့ဘောင်မှခေါ်ဆောင်သွားရဟန်းပြုစေပြီး မိမိ၏ရန်သူအရာ၌ထားသည့်အတွက်မကျေနပ်ခြင်းဖြစ်သည်။

ဤနှစ်ချက်ကြောင့် သုပ္ပဗုဒ္ဓဘုရင်ကြီးသည် တူတော်ဖြစ်သော ဘုရားအပေါ်တွင်လုံး၀မကျေနပ်၊ မနှစ်သက်နိုင်၊ အမြဲသာရန်လိုပြီး ဘုရားရှင်ကိုစော်ကားမော်ကားပြုလျက်နေပါသည်။



တစ်နေ့သောအချိန်တွင် ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ဒေ၀ဒဟသို့ကြွသည်၊ ဘုရားရှင်သည် ပင့်ဖိတ်သော အလှူရှင်အိမ်သို့ကြွတော်မူရန် စီစဉ်သည်။

ဘုရားရှင်ကြွမည်ဟူသောသတင်းကိုကြားသော သုပ္ပဗုဒ္ဓဘုရင်သည် ဘုရားရှင်ကို ထိုဆွမ်းဖိတ်သောနေရာသို့မကြွနိုင်အောင် မိမိကိုယ်တိုင်ပိတ်ပင်တားဆီးမည်ဟူသောဆန္ဒဖြင့် ဘုရားရှင်ကြွလာမည့်လမ်းကိုပိတ်ဆို့ကာ အရက်သောက်လျက် ထိုင်နေတော့သည်။

ဘုရားရှင်ကလည်း ရဟန်းသံဃာအပေါင်းခြံရံလျက် ကြွလာတော်မူသည်၊ မင်းချင်းတို့က ဘုရားရှင်ကြွလာကြောင်း ဘုရင်ထံလျှောက်ထားတင်ကြသည်။

"အချင်းတို့. . . သိဒ္ဓတ္ထကို ငါ့ဘေးမှရှောင်သွားလို့ပြောလိုက်ကြ၊ ငါသည် သိဒ္ဓတ္ထထက်အသက်အရွယ်ကြီးရန်သူဖြစ်သည်၊ သို့အတွက် ငါဟာ သိဒ္ဓတ္ထကိုမဖယ်ပေးနိုင်ဘူး"
ဟု ပြောလိုက်ကြလို့မှာလိုက်သည်။

မင်းချင်းတို့ကလည်း မင်းကြီးကိုအမျိုးမျိုးနားချကြ၊ အတန်တန်တောင်းပန်ပြီး ပြောဆိုလျှောက်ထားကြလေသည်။ ဒါပေမယ့် သုပ္ပဗုဒ္ဓကမူးမြဲမူးပြီး မဟုတ်တမ်းတရားပြောကာ လမ်းကိုပိတ်ပင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကလည်း ဘဖွေးတော်ထံမှသွားရန်လမ်းခရီး မရသဖြင့် ထိုအရပ်မှဘဲပြန်လည်ဆုတ်နစ်ကြွတော်မူသည်။

သုဗ္ဗဗုဒ္ဓမင်းကြီးက မင်းချင်းတစ်ယောက်ကိုခေါ်ပြီး ဘုရားရှင်နောက်ကလိုက်ခိုင်းသည်၊ ဘုရားရှင်က ဘာပြောသလဲ ဆိုသည်ကိုမှတ်သားလာခဲ့ဟုလည်း မှာလိုက်သည်။

ဘုရားရှင်သည် ပြန်လာရင်းပြုံးတော်မူသည်၊ ဘုရားရှင် ၏ပြုံးတော်မူခြင်းကို ရှင်အာနန္ဒာကမြင်တော်မူ၍ ပြုံးတော်မူခြင်း အကြောင်းကိုမေးလျှောက်သည်-

"ချစ်သား အာနန္ဒာ. . . သုဗ္ဗဗုဒ္ဓမင်းကြီးကိုမြင်ရဲ့လား" ဟုမေးရာ ရှင်အာနန္ဒာကလည်းမြင်ကြောင်းလျှောက်ထားသည်။

"ချစ်သား အာနန္ဒာ. . . ထိုသုဗ္ဗဗုဒ္ဓမင်းကြီးသည် အလွန် ဝန်လေးသောအမှုကိုပြုလေသည်၊ ငါကဲ့သို့သဘောရှိသော ဘုရားရှင်ကြွသွားရာခရီးကို မပေးဘဲ တားမြစ်ပိတ်ပင်သော ကြောင့် ယနေ့မှစ၍ ခုနှစ်ရက်မြောက်သောနေ့ဝယ် ပြဿာဒ်၏ အောက်ဖြစ်သောစောင်းတန်းလှေကားရင်း၌ မြေမျိုခံရလတ္တံ့" ဟု ဘုရားရှင်က မိန့်ကြားတော်မူသည်။

သုဗ္ဗဗုဒ္ဓမင်းကြီးလွှတ်လိုက်သောမင်းချင်းယောကျ်ား သည် ထိုစကားကိုကြားရပြီး မင်းကြီးထံ ဘုရားရှင်မိန့်ကြားသော စကားကိုပြန်လည်လျှောက်ထားပြသည်-



"ယခုအခါ၌ ငါတူတော်၏စကားသည်ချွတ်ယွင်းသည် မရှိ၊ စင်စစ် သိဒ္ဓတ္ထပြောသည့်အတိုင်းမှန်ချည်သည်သာဖြစ်သည်၊ ထိုသိဒ္ဓတ္ထမင်းသားကို ယခုအခါ ငါမုသာဝါဒဖြင့်နှိပ်စက်အံ့၊ သိဒ္ဓတ္ထမင်းသားသည် ငါ့ကို ခုနှစ်ရက်မြောက်သောနေ့၌ မြေကြီး သို့ဝင်ရလတ္တံ့ ဟုမမှတ်မသား သာမညအားဖြင့်မပြောမဆိုမူ၍ ပြဿာဒ်၏အောက်ဖြစ်သော စောင်းတန်းလှေကားရင်း၌သာ လျှင် မြေကြီးသို့ဝင်လတ္တံ့ဟုပြောဆိုသည်၊ ထိုအခါမှစ၍ ငါသည် ထိုအရပ်သို့မသွားဘဲနေအံ့၊ ထိုသို့နေသည်ရှိသော် ထိုအရပ်၌ ငါသည် မြေကြီးသို့မဝင်လတ္တံ့၊ ထိုသို့မဝင်ရသောအခါ သိဒ္ဓတ္ထ မင်းသားကို မုသားဖြင့်နှိပ်အံ့"

ဟု ကြံစည်စိတ်ကူးပြီး မိမိ၏အသုံးအဆောင်ပစ္စည်းများကို ပြဿာဒ်ဘုံခုနှစ်ဆင့်တင်စေသည်၊ စောင်းတန်းလှေကားများကို ဖြုတ်စေသည်၊ တံခါးများကိုပိတ်စေပြီး တံခါးပေါက်တစ်ပေါက် စီ၌ လက်ဝှေ့လက်ပန်းသည်နှစ်ယောက်စီကို ချထားသည်။

"အကယ်၍ ငါသည်မေ့လျော့ပြီး ပြဿာဒ်အောက်သို့ ဆင်းလာလျှင် ငါ့ကိုတားမြစ်ကြလော့၊ အတင်းမွေ့ချီပြီး အပေါ် သို့တင်ကြလော့"

ဟု မှာထားပြီး ခုနှစ်ဆင့်မြောက်သောပြဿာဒ်အထက်ရှိ ကျက် သရေခန်း၌နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်က ထိုအကြောင်းကိုကြားလျှင်-

ရဟန်းတို့. . . သုဗ္ဗဗုဒ္ဓမင်းကြီးသည် ပြဿာဒ်ဘုံနှစ်ဆင့်တက်နေရုံမကလို့ ကောင်းကင်သို့ပျံတက်နေသည်ဖြစ်စေ၊ လှေဖြင့် သမုဒ္ဒရာပြင်သို့ပြေးဝင်၍နေသည်ဖြစ်စေ၊ တောင်ကြားလိုဏ်ခေါင်းခိုအောင်းနေသည်ဖြစ်စေ၊ ငါဘုရား မိန့်ကြားသောစကားသည် စကားနှစ်ခွမရှိ၊ မှန်သည်သာဖြစ်၏၊ ငါဘုရားရှင်မိန့်ကြားသောနေရာ၌သာ သုဗ္ဗဗုဒ္ဓမင်းကြီးသည်မြေသို့ဝင်ရလတံ့” ဟု ဘုရားရှင်ကထပ်မံမိန့်ကြားပြီး-

“ဤလောက၌ သတ္တဝါဟူသမျှတို့သည် ကောင်းကင်၌နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေ၍သော်လည်းကောင်း၊ တောင်လိုဏ်ခေါင်း၌ ဝင်နေ၍သော်လည်းကောင်း၊ သေမင်းလက်မှမလွတ်နိုင်၊ သေမင်းမနှိပ်စက်နိုင်သောနေရာဟူ၍မရှိချေ”

ဟု ရဟန်းများအား ဆက်လက်တရားဟောကြားခဲ့ပါသည်။

ခုနှစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားကို လမ်းခရီးပိတ်သောအချိန်အခါသို့ရောက်လျှင် ပြဿာဒ်အောက်ဝယ် သုဗ္ဗဗုဒ္ဓမင်းကြီး၏မင်္ဂလာမြင်းတော်သည်မြည်ဟီးလျက် နံရံတို့ကိုတိုက်ခိုက်တိုးဝှေ့နေပါသည်။

ထိုမြည်ဟီးသံကို သုဗ္ဗဗုဒ္ဓမင်းကြီး ပြဿာဒ်ထက်ကကြား၍ အကျိုးအကြောင်းမေးသောအခါ မင်္ဂလာမြင်းဟီးကြောင်း



လျှောက်ကြသည်၊ ထိုမင်္ဂလာမြင်းသည့် မင်းကြီးကိုမြင်မှသာ ငြိမ်သက်ကောင်းမွန်စွာနေလေ့ရှိသည်။

ထိုအခါ သုဗ္ဗဗုဒ္ဓမင်းကြီးသည် မင်္ဂလာမြင်းကိုဖမ်းလိုသောစိတ်ဆန္ဒဇောများဝင်လာပြီး ထိုင်ရာမှထပြီးလျှင် တံခါးဝသို့သွားသည်၊ တံခါးတို့သည် အလိုလိုပွင့်ပေးလာပြီး လှေကားများကလည်း အလိုလိုရောက်ရှိလာသည်။

တံခါးစောင့်တို့ကလည်း မင်းကြီး၏လည်ကုပ်ကိုကိုင်ပြီး အောက်သို့သာတွန်းပို့ကြသည်။

ဤသို့သောနည်းဖြင့် ပြဿာဒ်ခုနှစ်ဆင့်ကနေ အဆင့်ဆင့်ရွှေ့လျောကျလာပြီး ပြဿာဒ်အောက်ဖြစ်သော စောင်းတန်းလှေကားရင်း၌သာလျှင်ကျရောက်ပြီး မြေကြီးက ဟင်းလင်းပွင့်ကာအဝီစိငရဲသို့ကျရောက်ရတော့သည်။

မပြစ်မှားသင့်သောဘုရားရှင်ကို ပြစ်မှားခဲ့သည့်အတွက် ချက်ချင်းလက်ငင်းပင် ခုနှစ်ရက်အတွင်းမြေမျိုခံရသော သုဗ္ဗဗုဒ္ဓမင်းကြီး၏ကံကြမ္မာဖြစ်ရပ်ဆန်းဘဝဇာတ်လမ်းသည် အလွန်ပင်သံဝေဂရစရာကောင်းသောဖြစ်ရပ်ဆန်းတစ်ခုဖြစ်ပါသည်။

မထားသင့်သောမာန၊ အာဃာတတို့ကြောင့် ပြုမိသောကာယကံ၊ ဝစီကံ၊ မနောကံအပြစ်သည် သတ္တဝါတို့အား အပါယ်ငရဲကျစေသည်ကို သတိပြုဆင်ခြင်ပြီး မေတ္တာတရားလက်ကိုင်ထားသင့်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သုဇာတမင်းသား

ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အရှင်မဟာကစ္စည်းမထေရ်ကြီးသည် အဿကတိုင်းတောအုပ်တစ်နေရာ၌ သီတင်းသုံးနေထိုင်စဉ်ဖြစ်သည်။

အဿကမင်းကြီး၌ သုဇာတမည်သော သားတော်ကြီးတစ်ပါးရှိသည်။

တစ်နေ့တွင် သုဇာတမင်းသား၏မယ်တော်မိဖုရားကြီးနတ်ရွာစံသောအခါ အဿကမင်းကြီးသည် မိဖုရားငယ်တစ်ပါးကို မိဖုရားအရာ၌ထားလေသည်။

ထိုမိဖုရားမှ မကြာခင် သားတစ်ယောက်မွေးဖွားခဲ့ရာ ဘုရင်ကြီးက နှစ်သက်မြတ်နိုးသဖြင့် လိုသောဆုကိုတောင်းစေရာ မိဖုရားကနောက်မှတောင်းမည် ဟုဆိုခဲ့သည်။

သုဇာတသားကြီး(၁၆)နှစ်အရွယ်သို့ရောက်သော် မိဖုရားက မိမိ၏သားငယ်အတွက် အိမ်ရှေ့မင်းအရာကိုတောင်းဆိုလေသည်။ မင်းကြီးက သားကြီးသုဇာတရှိနေ၍ ထိုဆုကိုမတောင်းရန်တားမြစ်သော်လည်း မိဖုရားက မင်းမှာသစ္စာ-လူမှာကတိနှင့်အကြပ်ကိုင်လာသဖြင့် မင်းကြီးသည်မတတ်သာတော့သဖြင့် သားကြီးကိုအကျိုးအကြောင်းပြောပြပြီး အခြားတစ်နိုင်ငံ၌သွားရောက်နေထိုင်ရန်ပြောကြားသည်။



သုဇာတမင်းသားက ထိုနိုင်ငံများသို့သွားရောက်မနေလိုတောမှာပင်သွားရောက်နေလိုကြောင့်ခွင့်ပန်ပြီး တောအရပ်တွင်မုဆိုးများနှင့်အတူနေလေသည်။

တစ်နေ့တွင် သုဇာတမင်းသားသည် တစ်ယောက်တည်းတောကောင်ပစ်ရန်ထွက်ခဲ့စဉ် ကဿပဘုရားရှင်လက်ထက်က ရဟန်းအတူတူဝတ်ခဲ့ဖူးပြီး မိတ်ဆွေဖြစ်ခဲ့ဖူးသောနတ်သားတစ်ပါးက သုဇာတမင်းသားအကျိုးကိုလိုလားသဖြင့် သမင်ယောင်ဆောင်ပြီး သုဇာတမင်းသားကို ရှင်မဟာကစ္စည်းသီတင်းသုံးရာတောရကျောင်းသို့လှည့်ဖြားခေါ်ခဲ့သည်။

သုဇာတမင်းသားသည် သမင်နောက်လိုက်ရင်း တောရကျောင်းအနီးသို့ရောက်သွားသည်၊ ထိုနေရာအရောက်တွင် သမင်သည်ပျောက်ကွယ်သွားသည်။

သုဇာတမင်းသားသည် ကျောင်းဝင်းထဲသို့ဝင်လာပြီး မထေရ်မြတ်ကိုတွေ့သောအခါ ပါလာသောလေးမြှားကိုချပြီး ရပ်ကြည့်နေလေသည်။

ရှင်မဟာကစ္စည်းမထေရ်မြတ်သည် မိမိ၏တန်ခိုးဖြင့် သုဇာတမင်းသား၏ဘဝကိုသိ၍ ချီးမြှင့်လိုသောစိတ်ဖြစ်ပေါ်မိသည်။

"လေး၊ မြှားစွဲလာသောသင်သည် ပြည်ရှင်မင်းလော၊ မင်းသားလော၊ မုဆိုးလော"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား. . . တပည့်တော်သည် အဿကမင်းကြီး၏သားတော် သုဇာတဖြစ်ပါသည်၊ ဤတောဌ် မုဆိုးတို့နှင့်အတူ သမင်ဖမ်းသောအလုပ်ကိုလုပ်နေပါသည်၊ ယခု သမင်ပျောက်၍ ရှာရင်း အရှင်ဘုရားထံရောက်ရှိလာခြင်းဖြစ်ပါသည်"

"ဘုန်းကံကြီးသောသင်ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်းဖြစ်ပါသည်၊ မကောင်းသောရောက်လာခြင်း မဟုတ်ပါ၊ ဤရေအိုးမှရေကိုယူ၍ ခြေ၊ လက်ဆေးကြောပါ၊ သောက်လည်းသောက်ပါ "

"ရဟန်းတော်အရှင်မြတ်. . . သင်၏စကားသည် နှစ်လိုဖွယ်ရှိပါ၏၊ အပြစ်ကင်းစင်ပါ၏၊ အကျိုးစီးပွားနှင့်စပ်ပါ၏၊ အရှင်ဘုရား တောတောင်၌မွေ့လျော်နေခြင်းသည် အဘယ်အကျိုးနည်း၊ တပည့်တော်သည် ပစ္စုပ္ပန်တမလွန်နှစ်တန်အကျိုးရှိသောတရားကိုကျင့်လိုပါသည်"

"ငါ၏တရားကိုကျင့်ကြံလိုသော မင်းသား၊ သတ္တဝါအားလုံးကို ရိုက်ပုတ်ပစ်ခတ်၊ သတ်ဖြတ်ညှင်းဆဲခြင်းမရှိသည်ကို ငါနှစ်သက်ပါသည်၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ သူ့သားအိမ်ယာပြစ်မှားခြင်း၊ မူးယစ်သုံးစွဲခြင်းတို့မှရှောင်ကြဉ်ခြင်း၊ ကိုယ်နှုတ်နှလုံးညီညွတ်စွာကျင့်ခြင်း၊ တရား၌အကြားအမြင်များခြင်း၊ သူတစ်ထူးကျေးဇူးကိုသိခြင်း၊ ဤတရားတို့သည် ယခု ပစ္စက္ခမျက်မှောက်ဘဝ၌ ချီးမွမ်းအပ်သောတရားများဖြစ်ကြပါသည်။



အရှင်မဟာကစ္စည်းသည် မင်းသားအား ဤတရားဟောပြီးလျှင် မင်းသား၏အသက်အပိုင်းအခြားကို အနာဂတံသဉာဏ်ဖြင့်ကြည့်သော် မင်းသားသည် နောက်ငါးလသာအသက်ရှင်မည်ကိုသိတော်မူသည်။

"မင်းသား. . . သေခြင်းသဘောသည် သင်၏အနီး၌တည်လေသည်၊ ငါးလအတွင်းသာ သင်၏အသက်သည် တည်မြဲမည်၊ သင်မင်းသားသည် အပါယ်ဆင်းရဲမှလွတ်ပါစေလော့"

ထိုအခါ မင်းသားသည် များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

"အရှင်ဘုရား. . . တပည့်တော်သည် အဘယ်ဇနပုဒ်သို့သွား၍ အဘယ်သို့သောအမှုကိုပြု၍ အဘယ်သို့သောအတတ်ဖြင့် မအိုမသေရာကိုပြုရပါအံ့နည်းဘုရား"

"မင်းသား. . . သတ္တဝါမှန်သမျှ မအိုမသေရာမည်သည်မရှိ၊ မအိုမသေရာအတတ်ကိုမည်သူမျှပြုလုပ်၍မရ၊ စည်းစိမ်ပေါကြွယ်သောမင်းမြတ်သော်မှ သေဘေးမှမလွတ်နိုင်၊ ဘဏ္ဍာကကဏ္ဍတ်သားတို့သည် ရဲရင့်သတ္တိရှိကုန်၏ လုံ့လရှိကုန်၏၊ ရန်သူအားနှိမ်နင်းသတ်ပုတ်နိုင်ကုန်၏-ဟူ မင်းသား ကြားဖူးသည် မဟုတ်ပါလော၊ မျိုးရိုးစဉ်ဆက်နေမင်းကဲ့သို့ထင်ရှားသောသူတို့ ပင်သေရမည်ဖြစ်သည်၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဒွန်းစဏ္ဍားမျိုးတို့ဟူသောဇာတ်ရှိသောသူတို့သည်လည်း သေရသည်

www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်၊ ဗေဒင်တတ်သူ၊ အတတ်ပညာရှိသူအားလုံးလည်း သေရမည်သာဖြစ်သည်၊ ကိလေသာရှိသောပုထုဇဉ်၊ ကိလေသာကင်းကုန်သောဘုရားရဟန္တာတို့သည်လည်း ကံစွမ်းအလျောက် အချိန်ရောက်က သေကြရမည်သာဖြစ်သည်။

"အရှင်ဘုရား. . . . အရှင်သည် အကျိုးစီးပွားရှိသော တရားတော်တို့ကို ကောင်းစွာဟောကြားပေးခဲ့ပါသည်၊ အရှင်ဘုရားသည် တပည့်တော်တို့၏ကိုးကွယ်အားထားရာဖြစ်ပါစေဘုရား"

"မင်းသား. . . သင်သည် ငါ့ကိုကိုးကွယ်ရာဟူ၍မဆည်းကပ်နှင့် ငါသည် ဘုရားရှင်ကိုသာကိုးကွယ်ရာဟူ၍ဆည်းကပ်ခဲ့ပါ၏၊ သင်သည် ဘုရားရှင်ကိုသာ ကိုးကွယ်ဆည်းကပ်ပါလော့"

"အရှင်ဘုရား. . . အရှင်ဘုရား၏ဆရာ ဘုရားသခင်အဘယ်မှာရှိပါသနည်း၊ တပည့်တော်ဘုရားရှင်ကိုဖူးမြင်ရန် ကိုးကွယ်ရန်သွားပါမည်"

'မင်းသား. . . ဘုရားရှင်က မရှိတော့ပါပြီ၊ ပရိနိဗ္ဗာန်စံဝင်သွားပါပြီ"

ထိုအခါ သုဇာတမင်းသားသည် အရှင်မဟာကစ္စည်းကိုပင် ဆရာတင်ရှိခိုးကိုးကွယ်ပြီး သရဏဂုံသုံးပါးနှင့်ငါးပါးသီလကို ဆောက်တည်လေသည်။



အရှင်မြတ်က မင်းသားကို ဖခမည်းတော်ထံပြန်၍ ဒါနသီလတို့ကိုဆောက်တည်ကာ နတ်ရွာသို့ရောက်အောင်ကြိုးစားအားထုတ်ပါ ဟုမှာကြားပြီး မင်းနေပြည်တော်သို့ပြန်ခိုင်းသည်။

သုဇာတမင်းသားသည် အရှင်မဟာကစ္စည်းကိုပါ မိမိနေရပ်အဿကပြည်သို့ကြွရောက်ပါရန်ပန်ကြားပြီး တိုင်းပြည်သို့ပြန်ခဲ့သည်။

တိုင်းပြည်သို့ရောက်လျှင် ဥယျာဉ်ထဲဝင်ရောက်နားပြီး ဖခင်မင်းကြီးထံ မိမိပြန်ရောက်ကြောင်းအကြောင်းကြားသည်။

မင်းကြီးသည် အားရဝမ်းသာစွာဖြစ်လျက် အခြံအရံများဖြင့်ဥယျာဉ်သို့လာကာ သားကိုပွေ့ဖက်နှုတ်ဆက်ပြီး ချက်ချင်းနန်းတင်ရန်စီမံသည်။

"ခမည်းတော်မင်းမြတ်. . . ကျွန်ုပ်သည် ထီးနန်းကိုအလိုမရှိပါ၊ ကျွန်ုပ်၏အသက်အပိုင်းအခြားသည် ငါးလမျှသာရှိပါတော့သည်၊ ထိုကာလအတွင်း ကုသိုလ်ကောင်းမှုတို့သာပြုပါရစေ"

မင်းသားသည် မိမိနှင့်အရှင်မဟာကစ္စည်းတို့ တွေ့ပုံအကြောင်းစုံကိုလျှောက်ထားပြသည်၊ ရတနာသုံးပါးဂုဏ်ကျေးဇူးကိုလည်းပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အဿကမင်းကြီးသည် သားထံမှအကြောင်းစုံကိုကြားရသောအခါ အလွန်အံ့ဩတိတ်လန့်တုန်လှုပ်မိသည်၊ အရှင်မဟာကစ္စည်းကိုလည်း အလွန်ပင်ကြည်ညိုလေးစားမိသည်။

ကြီးကျယ်ခမ်းနားသောကျောင်းကြီးကိုဆောက်လုပ်ပြီး အရှင်မဟာကစ္စည်းကိုပင့်ကာ သီတင်းသုံးစေသည်။

အရှင်မဟာကစ္စည်းသည် မင်းကြီးနှင့်ပြည်သူပြည်သားတို့ကို ချီးမြှင့်လိုသဖြင့် ကြွလာကာ သီတင်းသုံးပြီး သရဏဂုံနှင့် ငါးပါးသီလကိုဆောက်တည်စေသည်။

သုဇာတမင်းသားသည် မိမိ၏သေနေ့ကိုသိထားသဖြင့် သီလဆောက်တည်ခြင်း၊ ဒါနပြုခြင်း၊ တရားတော်ကိုကောင်းစွာနာယူခြင်းတို့ကို အချိန်ရသရွေ့ဆောင်ရွက်ကျင့်သုံးဆောက်တည်ခဲ့လေသည်။

ငါးလလွန်မြောက်သော် သုဇာတမင်းသားသည် တည်ငြိမ်အေးချမ်းစွာသေမင်းကိုရင်ဆိုင်၍သေဆုံးခဲ့ပြီး တာဝတိံသာနတ်ပြည်ဝယ် ခုနှစ်ယူဇနာရှိသောနတ်ရထားကြီးဖြစ်ပေါ်ခံစားရပြီး အထောင်မကသောနတ်သမီးအခြံအရံများလည်း ရှိလေသည်။

မိမိအာဝနေဝင်ကာနီးအချိန်တိုကာလကို အရှင်မဟာကစ္စည်း၏ကျေးဇူးကြောင့် ကြိုတင်သိခဲ့ရသောသုဇာတမင်းသားသည် ကုသိုလ်ကောင်းမှုတို့ကိုကြိုတင်ပြင်ဆင်လုပ်ကိုင်ခွင့်ရသဖြင့် နတ်စည်းစိမ်ခံစားရသည်။



သေနေ့ကိုကြိုတင်မသိကြသေးသော သူတို့သည်လည်း တစ်နေ့နေ့သေရမည်ကိုသိကြသဖြင့် ဒါန၊ သီလ၊ ဘာဝနာတို့ကို မအိုခင်၊ မနာခင်က ကြိုတင်ပြုကြရမည်သာဖြစ်သည်။

## မိဖုရားစောလုံ

သက္ကရာဇ်(၆၁၇)ခုနှစ်တွင် ပုဂံပြည်၌ မင်းခွေးချေး ခေါ် နရသီဟပတေ့မင်း မင်းပြုသည်၊ ထိုမင်းသည် ပုဂံမင်း၏နောက်ဆုံးမင်းဆက်ဖြစ်သည်၊ သူ့ကို တရုပ်ပြေးမင်းဟူ၍ အသိများကြသည်။

ထိုမင်းသည် လွန်စွာအစားကြူးသည်၊ ကစားလည်းကြူးသည်၊ အကျည်စားလည်းသန်သည်။

တစ်နေ့နွေရာသီသကြိန်ကာလ ဧရာဝတီမြစ်ကမ်းတွင် စံနန်းတည်၍မိဖုရားမောင်းမမိဿံအခြံအရံများနှင့်ရေပက်ဖျန်းကစားသည်။

ထိုမင်းတွင် အပြစ်ကင်း၍ ကောင်းခြင်းလက္ခဏာအသွင်အပြင်နှင့်ပြည့်စုံနေသော စောလုံအမည်ရှိသောမိဖုရားတစ်ပါးရှိသည်၊ ထိုမိဖုရားကား အရှက်အကြောက်ကြီးသည်၊ အနေအထိုင်သိမ်မွေ့သည်၊ ရတနာသုံးပါး၌ မပြတ်ယုံကြည်ကိုးကွယ်သည်၊ သူမကို ဘုရင်ကလည်းအလွန်ချစ်မြတ်နိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေကစားစဉ်ဝယ် မိဖုရားစောလုံကို ကျီစယ်လိုသဖြင့် မောင်းမငယ်များအားစကားထည့်၍ မျက်နှာ၊ ဆံပင်ပါမကျန် တစ်ကိုယ်လုံးရွှဲရွှဲစိုအောင် ရေဖြင့်ပက်စေသည်၊ မင်းကြီးကိုယ်တိုင်ကလည်းပက်သည်။

မိဖုရားစောလုံသည် ကျီစယ်သည်ကိုသည်းမခံနိုင်ဘဲ အရှက်ကြီးသူပိပိ အမျက်ကြီးဝင်ကာ မိမိ၏စားတော်အုပ်ကို ဆက်သရသောအလှည့်တွင် နာကျည်းချက်ရန်ငြိုးဖြင့်စားတော်ပွဲ၌ အဆိပ်ခတ်၍ ဘုရင်ကိုဆက်သလေသည်။

ဘုရင်စားမည့်ဆဲဆဲတွင် အောက်ကခွေးချေးသဖြင့် ထိုပွဲတော်အုပ်အစာကို ခွေးကိုချကျွေးခဲ့ရာ တစ်ခဏချင်းပင် ခွေးသည်သေလေသည်။

ထိုကိစ္စအတွက်စုံစမ်းစစ်ဆေးရာ မိဖုရားစောလုံက-

"ပရိသတ်အလယ်တွင် မိမိအားတစ်ကိုယ်လုံးရွှဲရွှဲစိုအောင် ရေပက်အရှက်ခွဲသောကြောင့် မကျေနပ်သည့်အတွက် အသက်ကိုလုပ်ကြံကြောင်း ပေးသောအပြစ်ကိုခံယူမည်ဖြစ်ကြောင်း" ပြတ်ပြတ်တောင်းတောင်း ခပ်မာမာနှင့်ပမာမခန့်ပြီး ဝန်ခံသံတော်ဦးတင်လေသည်။

ထိုအခါ မင်းကြီးသည် ဒေါသအမျက်စောင်းကြီးသူပိပိ ဆိုင်းငံ့စဉ်းစားမထောက်တော့ဘဲ သံဖိုကျင်းထိုးပြီး စောလုံကို



မီးရဲရဲညီးသော သံကျပ်စင်ပေါ်တင်၍ ဖိုကျင်ထိုးသတ်စေ ဟု အမိန့်ချမှတ်လိုက်လေသည်။

မိဖုရားစောလုံသည် မိမိ၏သေရမည့်နေ့-အချိန်ကို သိခဲ့ပြီး ပန်းပဲသမားများကို ရွှေ၊ ငွေများစွာပေးပြီး ခုနစ်ရက်ကြာအောင် သံကျပ်စင်ကိုပြုလုပ်စေပြီး မိမိသည်နေ့ရောညဉ့်ပါ ဘုရား၌ ပန်း၊ ရေချမ်းကပ်၍ သရဏဂုံနှင့်သီလတို့ကို ဆောက်တည်နေခဲ့သည်။

ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တော်များကိုလည်း နှလုံးသွင်းဆင်ခြင်ပွားများ၍နေလေသည်။

ခုနစ်ရက်ပြည့်သောအခါ ရဲရဲညီးတောက်လောင်နေသောသံကျပ်စင်ပေါ်သို့ မကြောက်မရွံ့တက်လေရာ အလွန်အေးမြမွှေးကြိုင်သော ဂေါ်သီတစန္ဒကူးကို ထည့်ခတ်လိုက်သကဲ့သို့ မီးများတစ်ခါတည်းငြိမ်းသွားလေသည်။

လူသတ်တို့က မီးကိုမွှေး၍ပြန်တင်သည်၊ စောလုံက ရတနာသုံးပါးဂုဏ်ကိုအာရုံပြု၍တက်သည်၊ (၃)ကြိမ်တိုင်တိုင် မီးများငြိမ်းလေသည်၊ နောက်တစ်ကြိမ်တွင်-

"ငါသည် ဤမီးဘေးဖြင့်ချမ်းသာခွင့်မရသည်မှန်ပါလျှင် ငါ၏ခန္ဓာကိုယ်သည် တစ်ခဏချင်းလောင်ကျွမ်းပါစေသား" ဟု စိတ်ကိုလျှော့ချ၍ အဓိဋ္ဌာန်လိုက်သောအခါ တစ်ခဏချင်းပင် စောလုံ၏ခန္ဓာကိုယ်သည် ပြာကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကိုမင်းကြီးသိရသောအခါ ယူကျုံးမရ နောင်တကြီးစွာဖြစ်ပြီး ခံစားရလေသည်။

## ဇေတုရန်ဇေသီရိပွန်

## ( JATURUN JAY SIRIPONGS )

ဇေသီရိပွန်သည် ထိုင်းလူမျိုးတစ်ဦးဖြစ်သည်၊ အမေရိကန်ပြည်လော့အိန်ဂျလိမြို့သို့ အမတရိယာနှင့်အတူ အလုပ်သွားလုပ်နေခဲ့သည်။

သူသည် လောအိန်ဂျလိမြို့ ဆင်ခြေဖုံးရှိစတိုးဆိုင်ပိုင်ရှင်နှင့် အရောင်းစာရေးမကလေးကိုသတ်မှုဖြင့် ၁၉၈၃-ခုနှစ်တွင် စွဲချက်တင်ပြီး သေဒဏ်ပေးခံခဲ့ရသည်။

ထိုသတ်မှုနှင့်ပတ်သက်၍ သူက သူမသတ်ကြောင်းငြင်းဆိုခဲ့သလို သူနှင့်မည်သူတွေပူးပေါင်းပါဝင်ခဲ့သည်ကိုလည်း ဖြေရန်ငြင်းဆိုခဲ့သည်။

ဇေသည် ငယ်စဉ်ထိုင်းမှာနေစဉ်က ထိုင်းဗုဒ္ဓဘာသာဝင်တို့၏ယုံကြည်လက်ခံမှုအရ သာသနာ့ဘောင်ဝင်ခဲ့ပြီး ရဟန်းပြုခဲ့ဖူးသည်၊ ဝိပဿနာဘာဝနာပွားများနည်းကိုလည်း ကျင့်ခဲ့ဖူး၍ တရားရုံး၌ရင်ဆိုင်၍ ထောင်ထဲ၌နေရစဉ်အတွင်း ငယ်ငယ်က မိမိအားထုတ်ခဲ့ဖူးသောဝိပဿနာကျင့်စဉ်ကိုသာကြိုးစားအားထုတ်နေခဲ့သည်။



ထိုသို့ငြိမ်သက်စွာနေသဖြင့် ထောင်ဝန်ထမ်းများနှင့် အခြားအကျဉ်းသားများက သူ၏ငြိမ်းချမ်းစွာနေထိုင်မှုကိုနှစ်သက်လက်ခံကြသည်၊ ထို့အတွက် သူ့ကို သေဒဏ်အမိန့်ချမှတ်ပြီးသောအခါ ထောင်ဝန်ထမ်းများစွာက သူ့အပေါ်များစွာကရုဏာသက်ရောက်ကြပြီး သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်ပေးရန် အသနားခံတင်ခဲ့ကြသည်။

ပထမ သူ့ကို ၁၉၉၈-ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့တွင် သေဒဏ်ပေးလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်၊ ထိုအချိန်တွင် သူ့ကို ခရာဇ်ယံတရားဟောဆရာမတစ်ဦးနှင့်တွဲပေးထားသည်၊ သူမက ဤအကျဉ်းထောင်တွင် သေဒဏ်ပေးခံရသူများကို တရားဟောပေးနေရသူဖြစ်သည်။

ဇေက သူမကို ယခင်ကထဲကသိထားပြီးဖြစ်၍ သူမ၏တရားချမှုကိုနှစ်သက်မှုရှိခဲ့သော်လည်း ဇေကမူ သူသေဖို့အတွက် ဘာလုပ်ရမည်ကိုသိထား၍ သူမက သေကာနီးစိုးရိမ်ကြောင့်ကြမှုနှင့်မသေရန်အာရုံပြောင်းရန်နည်းပေးလမ်းပြလုပ်ပေးခဲ့သော်လည်း ဇေအဖို့မှာ မထူးခြားပါချေ၊ သူ့အတွက် သူ၏သေနည်းကို ရှင်းရှင်းလင်းလင်းကြီးသိထားပြီးဖြစ်နေ၍ဖြစ်ပါသည်။

သို့သော် ဇေကိုနိုဝင်ဘာလတွင်သေဒဏ်မပေးဘဲ ဖက်ဒရယ်တရားရုံးက နောက်ဆုံးလအထိ သေဒဏ်မပေးရန် ဆိုင်းငံ့ထားပေးခဲ့ပါသည်။

နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)လပြည့်၍ သူ့အားသေဒဏ်မပေးမီ(၆)ရက်အလိုတွင် သူ၏မိတ်ဆွေဖြစ်သူ ရှေ့နေကင်ဒေါ်ရို့ ( Ken a!gah ) က ဇေတစ်ယောက်စိတ်ငြိမ်စွာနှင့်သေနိုင်ရန်အတွက် ကာလီဖိုးနီးယားပြည်နယ် သစ်တောနီ ( Redwood) အရပ်ရှိ ထိုင်းဗုဒ္ဓဘာသာဘုန်းကြီးကျောင်းဖြစ်သော အဘယဂီရိကျောင်းရှိဆရာတော် အာဂျာပစန်နို ( AJahn Pasano) နှင့်ဆက်သွယ်ပြီး ဇေအတွက်တရားဟောပေးရန် မေတ္တာရပ်ခံပေးသလို ထောင်ထဲသို့ဆရာတော်ဝင်ခွင့်ရအောင်လည်း ဆောင်ရွက်ပေးခဲ့သည်။

ဤထောင်မျိုးတွင် ဗုဒ္ဓဘာသာဘုန်းကြီးတစ်ပါး ဝင်ရောက်ခွင့်ရဖို့၊ တရားဟောခွင့်ရဖို့ အလွန်ခဲယဉ်းလှပါသည်၊ ထောင်အာဏာပိုင်များနှင့်အစောင့်များက သေဒဏ်ကျသူကို အထူးဂရုတစိုက်ရှိကြပြီး ပြင်ပတွေ့ဆုံသူများကိုလည်း သာမန်နှင့်တွေ့ဆုံခွင့်ပေးကြလေ့မရှိပါ။

ဇေ၏အနေအထိုင်ငြိမ်သက်မှု၊ ထောင်အာဏာပိုင်တို့၏ဂရုတစိုက်ထားမှု၊ မေတ္တာထားမှုကြောင့် ယခုကဲ့သို့ဗုဒ္ဓဘာသာဘုန်းကြီးနှင့်တွေ့ဆုံခွင့်၊ တရားနာခွင့်ရခြင်းဖြစ်ပါသည်။

ဆရာတော်သည် ဇေထံသို့ တရားဟောခွင့်ရသောအခါ ဇေအသက်ရှင်ခွင့်ရမည့်ရက်သည် (၃)ရက်မျှသာကျန်ရှိတော့သည်။



ဆရာတော်သည် ပထမတွင် သေဒဏ်ကျခံရတော့မည့်အကျဉ်းသားကိုကူညီရမည်ဖြစ်၍ အလွန်ပင်ဝမ်းမြောက်မိသည်၊ ထို့နောက် မိမိသွားရမည့်နေရာသည် ငရဲပြည်ကြီးလိုပါလား၊ အတိုင်းအတာတစ်ခုအထိ ဒုက္ခခံစားနေရခြင်းပါကလား ဟု တွေးမိ၍စိတ်ပျက်မိသည်။

ဂိတ်တံခါးကြီးများ၊ သံကြိုးသံဇကာများ၊ အစောင့်များ၊ ဒုတိယအဆင့်ဂိတ်တံခါးများ၊ အစောင့်များ၊ ပြီးလျှင်လက်ဗွေနှိပ်ရဦးမည်၊ အစောင့်များက ဧည့်သည်များကိုသူတို့သိသောနှာမည်ကိုသာခေါ် ပေးသည် ဟုကြားဖူးထား၍ ထောင်ထဲသွားရမည်ကိုဝန်လေးနေမိသည်။

သို့သော် မဟာကရုဏာထားပြီး နောက်ဆုံးဘဝနေ့ဝင်ရောက်နေသူအတွက် စိတ်အာရုံငြိမ်သက်စွာနှင့် ဘဝကူးနိုင်ရန် သွားရောက်တွေ့ဆုံသင့်သည် ဟုဆုံးဖြတ်ပြီးသွားတွေ့ဆုံခဲ့သည်။

ဆရာတော်နှင့်ဇေတို့စကင်တွေ့ကာစတွင် သေကာနီးလူမမာနှင့်မတူပါ။ ကျန်းမာနုပျိုနေသည်၊ တွေဝေထိုင်းမှိုင်းမှုလည်း မရှိပါ။ တည်ငြိမ်အေးဆေးစွာ စိတ်ကိုထိန်းချုပ်ထားနိုင်သူအဖြစ်တွေ့ရသည်။

ဇေသည် ထက်မြက်သည်၊ ဖြတ်ထိုးဉာဏ်ရှိသည်၊ ဆံမွှားပါးနပ်သည်၊ ဤသည်မှာ သူ၏နှစ်ပေါင်းအတော်ကြာ တရားမှတ်ခြင်းနှင့်နေခဲ့သည်ဆိုသည်မှာ သိသာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် လက်ထိပ်ခတ်ထားပေမယ့် ထိုအရာများမရှိသလိုနေသည်၊ မိမိထံလာရောက်တွေ့ဆုံသူများကို စိတ်မကောင်းမဖြစ်ရလေအောင်နေပြသည်၊ တစ်ခါတစ်ရံတွေ့ရာလေးပါးပြောပြီး ရယ်မောချပင်နေသေးသည်၊ ဇေကိုကြည့်ရသည်မှာ သေဒဏ်ခံရမည့်သူတစ်ယောက်မဟုတ်သလိုပင်နေပြသည်။

ဆရာတော်နှင့် ပထမဆုံးတွေ့သောနေ့တွင်မူ ဇေသည် တကယ်ပင် ကျက်သရေရှိသူတစ်ယောက်လိုပင်ဖြစ်သည်၊ ဆရာတော်ထိုင်ရန်ခုံစီစဉ်ထားသည်၊ ဆရာတော်ကိုဆွမ်းကပ်သည်။

"အနှစ်(၂၀)အတွင်းမှာ ဘုန်းကြီးကိုဆွမ်းကပ်ခွင့်ရတာဒါဟာ ပထမဦးဆုံးပါဘဲ " ဟု ဇေက လျှောက်ထားသည်။

ဆရာတော်သည် ဇေကို ဗုဒ္ဓဘာသာဝင်များ၏သဘောတရားဖြစ်သော သတိကို ကြာပန်းသာဓကပေးပြီး ဟောကြားသည်၊ ရတနာသုံးပါးကိုပူဇော်ရသောအကျိုး၊ သစ္စာ၊ သမာဓိ၊ ပညာတို့၏ကောင်းကျိုးချမ်းသာများကိုလည်း ဟောကြားခဲ့သည်။

ဇေသည် မိတ်ဆွေများတွေ့ဆုံသောအခါတွင် စိတ်သောကမဖြစ်စေရန် အထူးသတိထားဆက်ဆံပြောဆိုပြီး မိတ်ဆွေများပြန်သောအခါ တရားကိုသာရှုမှတ်နေသည်။

ဆရာတော်ကလည်း ဇေကို စိတ်အာရုံမပြောင်းအောင် မိတ်ဆွေများ၊ အစ်မဖြစ်သူ ထရိယာ၏စိတ်သောကတွေဖြစ်ပေါ်မှုများအပေါ် အာရုံပြန့်မသွားအောင် တရားကိုသာရှုမှတ်ပွားများရန် သတိပေးခဲ့ပါသည်။

BURMESE CLASSIC .com



ဇေသည် မိတ်ဆွေသူငယ်ချင်းအလွန်ပေါပါသည်၊ ပေါရသည့်အကြောင်းမှာလည်း သူသည်ပန်းချီပညာရှင်တစ်ဦးဖြစ်ပြီး မီဒီယာအမျိုးမျိုးကိုကျွမ်းကျင်မှုရှိခဲ့သည်၊ ထိုအတွက်လည်း ထင်ရှားကျော်ကြားခဲ့သည်၊ မိတ်ဆွေအပေါင်းအသင်းများကိုလည်း ပန်းချီကား(၆၀၀)ကျော်ပေးခဲ့သည်။

ထောင်ထဲမှာသူနေခဲ့ရသည့် (၈)နှစ်အတွင်း သူ့ဘဝသည် ထောင်ထဲမှာဘဲအဆုံးသတ်ရတော့မည်ကို သူလက်ခံထားပြီး မိမိနှင့်သူတစ်ပါးအပေါ်မှာ အမုန်းမပွားသင့်ဟု သူလက်ခံယုံကြည်ထားပြီး စိတ်ကိုဖြူစင်စွာထားနိုင်ရန် ဇေ ကြိုးစားခဲ့ပါသည်။

သေဒဏ်ပေးမည့်ရက်နီးလာသောအခါ သူ့ကိုသေဒဏ်ပေးမည့်အခန်းသို့ပြောင်းရွှေ့ထားသည်၊ သူသေဒဏ်အဆောင်ပြောင်းရမည့်နေ့မှာ ဆရာတော်က သူသည် ပန်းချီဆရာတစ်ယောက်ဖြစ်ခဲ့၍ အလင်းရောင်အကြောင်းကိုသိမည်ဖြစ်၍ သူ့ကိုအာနပါနနှင့်အလင်းဓာတ်ကိုရှုသောကမ္မဋ္ဌာန်းနည်းကိုပေးခဲ့သည်။

ထိုညတွင် ဆရာတော်သည် ဇေနှင့် တယ်လီဖုံးစကားပြောခွင့်ရ၍ အခြေအနေမေးကြည့်သည်၊ သူက အေးချမ်းပါသည်၊ သေဖို့ကိုလည်းလက်ခံထားပြီးပါပြီ၊ သူ့ဘဝအချိန်ရှိသရွေ့တရားဓမ္မနှင့်နေဖို့ဆုံးဖြတ်ထားပြီးပါပြီ ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက တောင်းဆိုချက်တစ်ခုဆိုသည်၊ "သူသေပြီးလျှင် သူ့အလောင်းကိုမီးသင်္ဂြိုဟ်ပြီး ပြာကိုပင်လယ်ထဲမှာစွန့်ပစ်စေလိုသည်၊ ပြာတွေကို ငါးများကစားမည်၊ ထိုငါးများကို လူတွေက စားလျှင် သူ့ဘဝလူပြန်ဖြစ်နိုင်မည်၊ သူလူ့ဘဝပြန်ရောက်ပါက အလုပ်ကို ဆက်လုပ်ပါမည်၊ လူ့ဘဝဆိုသည်မှာ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်း၊ မှန်ခြင်း၊ မှားခြင်းဆိုသော အရာများရှိသောနေရာဆိုတာ သူနားလည်ထားပါသည်၊ တိုးတက်ကြီးပွားခြင်းနှင့်နားလည်ခြင်းတို့သည် ပြုသူ၏ရွေးချယ်မှုရလာဒ်၊ ကံ-ကံ၏အကျိုးတို့ဖြစ်ပါသည်၊သူသည် နှစ်ပေါင်းများစွာ မကောင်းတာများကိုလည်းလုပ်ခဲ့မိပြီ၊ ယခု ကောင်းတာတစ်ခုကို ရွေးချယ်၍လုပ်ပြီးပြီ၊ ဤဘဝမှာ မှန်ကန်သောသင်ခန်းစာတွေ ခဲ့ရပြီးပါပြီ၊ နားလည်းလည်ခဲ့ပါပြီ၊ နောက်ဘဝမှာ တရားဓမ္မနှင့် နေပြီး ဒီသံသရာကလွတ်အောင်ကြိုးစားလိုပါသည်၊ သို့အတွက် သူ့ဘဝကို လူ့ဘဝပြန်ရောက်အောင်လုပ်ပေးပါ ဟု မေတ္တာရပ်ခံပါတယ်"

ဟု တောင်းဆိုသွားပါသည်။

ဇေကို သေဒဏ်မပေးမီ (၆)နာရီအလိုတွင် သူသည် မိသားစုများ၊ မိတ်ဆွေများကိုထားခဲ့ရပြီး သေဒဏ်ပေးမည့်အခန်း ဘေးကတိုက်ခန်းကျဉ်းထဲသို့သွားရပါသည်၊ သူ၏ဘာသာရေး ဆရာတစ်ဦးသာလိုက်ပါခွင့်ပြုပါသည်၊ ထိုအချိန်တွင် သေဒဏ်



ပေးမည့်အဖွဲ့ဟုခေါ်သော အစောင့်(၆)ယောက်ရှိသည်၊ အလွန်ပင်ယုံကြည်မှုရယူထားကြပါသည်၊ ထိုအချိန်တွင် စိတ်ရောဂါကုဆရာဝန်နှင့်ထောင်မှူးလိုပုဂ္ဂိုလ်များလည်း ဝင်ချည်ထွက်ချည် လုပ်နေကြပါသည်။

သေဒဏ်မပေးမီ ထောင်ဝန်ထမ်းများက သေချာစွာ အသေးစိတ်စစ်ဆေးကြပါသည်၊ သေဒဏ်ပေးခံရမည့်သူနှင့် (၃)ပေအကွာလောက်ကနေ စောင့်ကြည့်နေကြပါသည်၊ ဇေကို သေဒဏ်ပေးမည့်နေ့တွင် ပုတီးတစ်တုံးကိုင်ဆောင်ခွင့်ပေးသည်၊ ဒါပေမယ့် ထောင်ဝန်ထမ်းတစ်ယောက်က ထိုပုတီးကိုယူပြီး ကြမ်းပြင်ပေါ်မှာလွှင့်ပစ်ပါသည်။

ဆရာတော်က ထိုပုတီးကိုရှာပြီး ပုတီးစေ့တစ်စေ့ကို ကောက်ယူခဲ့ပါသည်။

ဆရာတော်နှင့်ဇေသည် တစ်ယောက်စီခွဲနေရသည်၊ ဆရာတော်ကိုယ်တိုင် ဇေကိုကြည့်ပြီး သနားကရုဏာဖြစ်ကာ ဇေ အတွက် သရဏဂုံနှင့်ပရိတ်ရွတ်ပေးရန်အားမရှိသလိုခံစားနေမိရသည်၊ ဇေကတော့ တည်ငြိမ်စွာဘဲရှိပါသည်၊ နောက်ဆုံး ဆရာတော်က ထောင်အစောင့်များနှင့်ဇေကို တိုးညင်းသောအသံဖြင့် တရားဟောခဲ့ပါသည်။

ဇေကို ဆရာတော်နောက်ဆုံးဟောကြားခဲ့သောတရား ကတော့ မြတ်စွာဘုရားဟာ ဘုရားအဖြစ်ကိုရောက်တော်မူပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် မိမိသိသောတရားများကိုဟောကြားသည့်အတိုင်း သတ္တဝါတွေနားလည်မှာမဟုတ်သည့်အတွက် တရားမဟောချင်တဲ့အကြောင်း၊ လောကလူသားတွေဟာ မောဟတွေဖုံးလွှမ်းနေပြီး တရားဓမ္မအစစ်ကိုမသိနိုင်ကြောင်း၊ တရားဓမ္မသည်သာအမှန်ကို သိရှိနိုင်ပြီး သံသရာမှလွတ်မြောက်ရာတရားဖြစ်ကြောင်း၊

သစ္စာလေးပါးတရားတော်ဟာ ဘဝသံသရာကူးဖို့အတွက် အမှန်ကန်ဆုံးတရားဖြစ်ကြောင်း ဟောကြားခဲ့ပြီး စိတ်ကိုအာရုံဖြစ်ပေါ်လာသည့်နေရာတွင်ထားရှိရန်၊ မည်သို့ဖြစ်လာမည်ကို မတွေးတောရန်၊ မည်သို့သောစိတ်အစွဲအလမ်းသည် မည်သည့်ဒုက္ခ၊ မည်သည့်ဇာတိကိုဖြစ်စေဖို့၊ အရာရာမှာအစိုးမရသည့် အနတ္တ၊ လက္ခဏာဖြစ်ပုံ မည်သူ့ကိုမျှအစွဲအလမ်းမထားသင့်ပုံ တို့ကို ဟောကြားခဲ့ပါသည်။

ဆရာတော်က မိဘ၊ ဆွေမျိုး၊ အပေါင်းအသင်း ဘယ်သူ့ကိုခွင့်မလွှတ်နိုင်တာရှိပါသလဲ ဟုမေးသောအခါ-

"တပည့်တော် ကိုယ်တိုင်ဘဲခွင့်မလွှတ်တာပါ"
ဟု ယတိပြတ်ဖြေပါသည်။

အတိတ်ကအများအတွက် မည်သူတွေပါဝင်ခဲ့တယ်ဆိုတာ သူသိနိုင်ပါတယ်၊ ဒါပေမယ့် လက်ရှိမှာသူဟာ အခြားသူများနှင့်မတူတော့ဘူး၊ အခြားသူများနှင့်ခြားနားနေရပြီး အတိတ်ကဖြစ်မှုအတွက် သူ့ကိုယ်သူခွင့်မလွှတ်နိုင်တာဖြစ်ပုံရပါသည်။

BURMESE CLASSIC .com



တစ်မနက်လုံးအစောင့်များသည် ဇေနှင့်ဆရာတော်တို့၏ ပြောဆိုလှုပ်ရှားပုံများကို စိတ်ဝင်တစားအာရုံစိုက်နားထောင်နေကြပါသည်။

သေဒဏ်ပေးကာနီးတွင် ဇေက တပည့်တော်မှာခန္ဓာကိုယ်မရှိဘူး၊ ဝေဒနာမရှိဘူး၊ စိတ်မရှိဘူးဆိုရင် လွတ်မြောက်စေတဲ့အရာက ဘာလဲ လို့မေးတယ်။

"မင်းဒီလိုမေးတာဟာ သံသယတွေဖြစ်ပေါ်လာတာရှင်း နေတယ်" လို့ဆရာတော်ကမိန့်ကြားသည်၊ ဆက်လက်ပြီး-

"မင်း အရာရာကိုခွင့်လွှတ်ပေးတုန်းက အေးချမ်းမှုအတွေ့အကြုံတွေ စိတ်ရဲ့ဖြူစင်မှုတွေမှာဖြစ်လာတာတွေကို မင်းအမည်မတပ်ခဲ့ပါဘူး" ဟု မိန့်ကြားပေးသည်။

"တပည့်တော်ရဲ့စိတ်ထဲမှာ တပည့်တော်ရယ် အရှင်ဘုရားရယ် နှစ်ယောက်ဘဲရှိပါတော့တယ်"
ဟု ဆက်လျှောက်သည်။

"မင်းဟာ ငါ့ဆီကကင်းလွတ်သွားပါပြီ၊ ငါဟာ မင်းနဲ့အတူ အဲဒီကိုသွားမှာမဟုတ်ဘူး၊ ဒီအချိန်ကစပြီး မင်းလမ်းကိုမင်းလျှောက်တော့"

အမှန်အားဖြင့် ဆရာတော်ကသေဒဏ်ပေးတဲ့အချိန်မှာထားရှိရမည့်စိတ်အာရုံကိုပြောင်းလဲပြုပြင်ပေးလိုက်ခြင်းသာဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူတွေက မင်းကိုရစ်ပတ်ဆွဲချလိမ့်မယ်၊ အရာရာဟာ မင်းရဲ့ပတ်ဝန်းကျင်မှာ ဖြစ်လာလိမ့်မယ်၊ မင်းရဲ့စိတ်ကိုအပြင်ထွက်မသွားအောင် ထိန်းထားဖို့လိုတယ်၊ မင်း စိတ်ကိုမင်းအာရုံထဲမှာထားပါ" ဟုနောက်ဆုံးမိန့်ကြားခဲ့သည်။

ဇေကာ နောက်ဆုံး သူ့အမှုအတွက်လိုက်ပေးသောရှေ့နေကို ပရိတ်မေတ္တာပို့ပေးပါရန် တောင်းပန်လျှောက်ထားသွားသည်။

ဇေသည် သေဒဏ်ပေးမည့်အချိန်ရောက်သော် သေဆေးထိုးပေးမည့်အခန်းထဲတွင် အလွန်တည်ငြိမ်စွာလဲလျောင်းနေပြီး မျက်လွှာချထားပါသည်၊ ခံစားမှုမရှိသောအသွင်ဖြင့်နေပါသည်၊ ဆေးထိုးပြီးနောက် တည်ငြိမ်စွာနှင့်ပင်သေဆုံးသွားပါသည်။

ဇေသေဆုံးပြီးနောက်နေ့မနက်စောစောမှာ ဆရာတော်နှင့်ဇေ၏အစ်မ ထရိယာတို့ဟာ ထောင်အတွင်းမှာမီးသင်္ဂြိုဟ်မည့်နေရာကိုရောက်ခဲ့ကြသည်။

အစ်မ ထရိယာက သူ့မောင်မီးမသင်္ဂြိုဟ်ခင်မျက်နှာလေးကိုကြည့်ခွင့်တောင်းသည်၊ သချိုင်းကြီးကြပ်သူက ခွင့်မပြုပါ၊ ဆရာတော်က ဆက်လက်မေတ္တာရပ်ခံတော့ ခေတ္တခဏကြည့်ခွင့်ပြုတယ်။

ဇေ၏အစ်မ ထရိယာဟာ အလောင်းကို ပလပ်စတစ်အိတ်မဲထဲမှာထည့်ထားတော့ ဘယ်လိုဖွင့်ကြည့်ရမှန်းမသိဖြစ်နေ



သည်၊ ဆရာတော်က ခြေထောက်နားမှ ဇစ်ရှိကြောင်းပြောပြသည်။

ထရိယာသည် ပလတ်စတစ်အိတ်ဇစ်ကိုဆွဲဖွင့်ပြီး သူ့မောင်ရဲ့ဦးခေါင်းကိုမ,ပြီးကြည့်ပါသည်၊ ထရိယာသည် စိတ်မထိန်းနိုင်ဘဲ မောင်၏ဦးခေါင်းကိုပွေ့ဖက်ထားကာ သည်းစွာငိုကြွေးပါသည်၊ ဆရာတော်က တရားနှင့်ယှဉ်စပ်ရှုပါသည်။

ဇေရဲ့မျက်နှာဟာ တည်ငြိမ်အေးချမ်းမှုအရှိဆုံးဖြစ်နေတာကိုတွေ့ရသည်၊ သူ၏အသားအရေသည် ကြည်လင်တောက်ပနေသည်၊ မျက်နှာတွင် စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ဟန်လုံးဝမတွေ့ရပါ၊ တည်ငြိမ်အေးချမ်းပြီးမျက်နှာသည် ပြုံးယောင်သန်းနေပါသည်။

အေးချမ်းစွာနှင့်သေဆုံးသွားသောမျက်နှာကို အလွန်ပင်မင်္ဂလာရှိလှပါသည်။

အားလုံးပြီးဆုံးခဲ့ပြီးနောက် ဇေ၏သေဆုံးခြင်းသည် စိတ်ချမ်းမြေ့မှုကိုပေးခဲ့ပါသည်။

ကျွန်ုပ်တို့တတွေကော နောက်ဆုံးထွက်သက်တိုင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သေတတ်သူဖြစ်အောင်-

(ဇေအတွက် ဆရာတော်အကျဉ်းထောင်ကြွရောက်ကြောင်း၊ သတင်းစာများက ရေးသားဖော်ပြသည်၊ ထိုအကြောင်းကို သတင်းစဉ်ဆရာများဖြစ်ကြသော ကက်သလစ်ဂုဏ္ဍာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



(Kathayn Guta) နှင့်ဒင်းနစ်ကရင်(Dennis Cream) ကို့က ဇေကို ၁၉၉၉-ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်နေ့တွင် သေဒဏ်ပေးပြီးနောက် ဆရာတော်ထံသို့သွားရောက်ပြီးအင်တာဗျူးပြုလုပ်ကြသည်၊ ထိုအင်တာဗျူးပြုလုပ်သောအချက်များကို (Bangkok Post)တွင် (29-1-2006 )တွင် (The Last Breath by Pasomno Bhikkhm) အမည်ဖြင့် ဖော်ပြထားပါသည်၊ ဤသည်ကို ဆီလျော်စွာဘာသာပြန်၍ ထည့်ပေးထားခြင်းဖြစ်ပါသည်)

BURMESE CLASSIC .com

www.burmeseclassic.com